www.burmeseclassic.com

အုပ်(၁၀၀)ပြည့် အမှတ်တရ

ပုညခင်

# ကျွန်မက နှင်းဆီပါ မောင်...



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com








၉ တန်းအောင်စဉ်က

၁၀ တန်းအောင်စဉ်က



၁၉၉၃ ခုနှစ်



၂၀၀၆ ခုနှစ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"...ကညာရီ" ဇာတ်ကားရိုက်ကူးရန်သွားခဲ့စဉ်က
၂၀၀၃ ခုနှစ်၊ ကလော့မြို့
...ခင်ရိုးရာဝတ်စုံဖြင့်အမှတ်တရ





၂၀၀၄ ခုနှစ်၊ အင်းလေးကန်ရေပေါ်ဈေး
"ချစ်သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်" ဇာတ်ကားရိုက်ကူး...



၂၀၀၆ ခုနှစ်၊ ကျွန်မချစ်သောရာဝတီ၏အင...
မေခ-မလိခ ဆုံရာမြစ်ဆုံမှာ. . .





...ကျွန်မချစ်သောပုဂံ၏ဆောင်းအရုဏ်နံနက်ခင်း ("အချစ်ဖြင့်နိုးထလာသောပထမနံနက်ခင်း" ဇာတ်ကားရိုက်...



www.burmeseclassic.com

www.burmeseclassic.com



၂၀၀၇ခုနှစ် မြင်ဦးလှိုင် ဟန်နီးမွန်းထွက်ခဲ့စဉ်က
(ထိုခရီးမှရသောစိတ်ကူးဖြင့် "ယုံကြည်ခြင်းနှင်းဆီ" ဝတ္ထုကိုရေးခဲ့သည်)





BURMESE CLASSIC .com







၂၀၁၀ ခုနှစ် ၊ ချောင်းသာ

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၁ ခုနှစ်၊စီလိုဆိုကမ်းခြေ၊စန်တိုဆာကျွန်း၊စင်ကာပူ။



၂၀၁၁ ခုနှစ်၊ဆန်တိုဆာကျွန်း၊စင်ကာပူ။





၂၀၀၉ ခုနှစ်၊ပုဂံမှာမင်္ဂလာဆောင်အပြီး နန်းဦးဘုရားပေါ်မှာ.....




www.burmeseclassic.com

www.burmeseclassic.com




၂၀၁၁ ခုနှစ်စင်ကာပ…

Science Center ရှေ…




၂၀၁၁ခုနှစ်စင်ကာပူ

…yang Technological University

သို့သွားရောက်လေ့လာစဉ်။



၂၀၁၁ ခုနှစ်စန်တိုဆာကျွန်းစင်ကာပူ။



www.burmeseclassic.com

www.burmeseclassic.com



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ ဝိုင်းဝန်းဖယ်ရှား။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | - | ၅၀၀၈၁၄၀၇၁၁ |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၅၀၀၈၄၇၀၈၁၁ |
| ထုတ်ဝေခြင်း | - | ၂၀၁၁ ခု၊ အောက်တိုဘာလ<br>ပထမအကြိမ် |
| မျက်နှာဖုံးပန်းချီ | - | မောင်နိုး |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၅၀ ကျပ် |
| ထုတ်ဝေသူ | - | ဒေါ်သင်းသင်းမာ<br>ပုညခင်စာပေ၊ (ယာယီ - ၈၅၆)<br>တိုက်(၆၁)၊ အခန်း(၁၁)၊<br>ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်။ |
| အတွင်းပုံနှိပ် | - | ဒေါ်ခင်ခင်ဝင်း<br>ကလျာ ပုံနှိပ်တိုက်၊ (မြ-၀၂၆၇၀)<br>အမှတ်(၄၂)၊ (၄၂)လမ်း၊<br>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ် | - | ဦးမြသိန်း၊ သိန်းမြင့်ဝင်း ပုံနှိပ်တိုက်၊<br>အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်။ |

၈၉၅. ၈၃

ပုညခင်

ကျွန်မက နှင်းဆီပါမောင် ပုညခင်/ရန်ကုန်

ပုညခင်စာပေ၊ ၂၀၁၁။

၂၈၈-စာ၊ ၁၃ × ၂၀. ၅ စင်တီ။

(၁) ကျွန်မက နှင်းဆီပါမောင်


အုပ် ၁၀၀ ပြည့် အမှတ်တရ

# ပုညခင်

# ကျွန်မက နှင်းဆီပါ မောင်

www.burmeseclassic.com

www.burmeseclassic.com

## အုပ်(၁၀၀)ပြည့်အမှတ်တရ

### ပုညခင်၏ ရေးသားထုတ်ဝေပြီးသော စာအုပ်များ

၁။ ရင်ခုန်ရဲတိုက် (ဗီဒီယို ၂-ကြိမ်)
၂။ ပန်းအဆိပ် (ဗီဒီယို)
၃။ မာနပြတိုက်
၄။ ချစ်သူများရဲ့ည (ဗီဒီယို)
၅။ ဆန့်ကျင်ဘက် မြားနစ်စင်း၏ ချစ်ခြင်းဆုံမှတ် (ဗီဒီယို ၂-ကြိမ်)
၆။ သမုဒ္ဒရာနှင့်တူသော အချစ်များအကြောင်း (ဗီဒီယို ၂-ကြိမ်)
၇။ ညို့ချက်ပြင်းသော ချစ်ခြင်း၏ခြေရင်း၌ (ဗီဒီယို ၂-ကြိမ်)
၈။ ကောင်းကင်အနမ်း (ဗီဒီယို ၂-ကြိမ်)
၉။ အဆိပ်ခကောင်းကင်
၁၀။ နှင်းဆီဖြူပုံပြင် (ဗီဒီယို ၂-ကြိမ်)
၁၁။ ပုံပြင်ထဲက အချစ်အကြောင်း (ဗီဒီယို ၂-ကြိမ်)
၁၂။ ချစ်ခြင်းရဲ့ လှည့်ကွက် (ဗီဒီယို)
၁၃။ အစိမ်းချုပ် (ဒီဗီဒီ)
၁၄။ လှို့ဝှက်ရင်ခုန်သံ (ရုပ်ရှင်)
၁၅။ အချစ်ကိုပေးခဲ့သည်
၁၆။ ပင်လယ်ကဗျာ
၁၇။ တံတိုင်းကြီးခြား
၁၈။ ကာရန်အလွဲ (ရုပ်ရှင်-၁၊ ဗီဒီယို-၁)
၁၉။ အချစ်ရဲ့ တန်ခိုးများ
၂၀။ မာယာအပြင်းစား (ဗီဒီယို)
၂၁။ လှတဲ့တေး (ဗီဒီယို)
၂၂။ တိမ်တစ်စနှင့် နွယ်တစ်မျှင် (ဗီဒီယို)
၂၃။ လျှပ်ရောင်အလင်း ချစ်ခြင်းမီးအိမ် (ဗီဒီယို)
၂၄။ မျှားရည်မြစ်ထဲမှာ (ဗီဒီယို)

www.burmeseclassic.com

www.burmeseclassic.com


၂၅။ အနီရောင်မိုးတိမ် (ဗိဒီယို)
၂၆။ ချစ်ခြင်းကို ဖွင့်ဆိုကြသူများ
၂၇။ ချစ်သူရှိတဲ့ မိန်းမ (ဗိဒီယို)
၂၈။ ချစ်ခြင်းတရား၏ အလိုတော်အတိုင်း (ဗိဒီယို)
၂၉။ အချစ်သစ်ရှာဖွေခြင်း (ဗိဒီယို)
၃၀။ အချစ်နှင့် ကကြိုး (ဗိဒီယို)
၃၁။ လျှို့ဝှက်တိတ်ဆိတ်သော ...
၃၂။ ကြယ်တစ်ပွင့်နဲ့ စံပယ်ဖြူ (ဗိဒီယို)
၃၃။ ဧဒင်ရဲ့ သစ်သီး (ဗိဒီယို)
၃၄။ နှင်းဒဏ္ဍာရီ (ဗိဒီယို)
၃၅။ အိပ်မက်ကို ထုဆစ်သူများ (ဗိဒီယို)
၃၆။ ဗီးနပ်(စ်)ကြယ်နှင့် လုလင်ပျို (ဗိဒီယို)
၃၇။ အမည်ခံချစ်သူ
၃၈။ ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်
၃၉။ ငြိတွယ် (ဗိဒီယို)
၄၀။ သစ္စာကြိုး
၄၁။ အချစ်ကိုစိတ်ထဲမှတ် လက်ဆယ်ချောင်းထောင် (ဗိဒီယို)
၄၂။ အချစ်သက်သက်အချစ်
၄၃။ ကဗျာမဒီ (ဗိဒီယို)
၄၄။ နှစ်ပင်လိမ် (ဗိဒီယို)
၄၅။ ကွဲအက်သွားသော မှန်ချပ်များ

❧ **အချစ်စစ်မရသူများ (ဝတ္ထုတိုစုစည်းမှု)**

၄၆။ ပုံပြောသူများ
၄၇။ ညခင်းရဲ့လမင်း (ဗိဒီယို)
၄၈။ အချစ်ကပေးတဲ့ တစ်စုံတစ်ရာ
၄၉။ အချစ်သည် ထိုကဲ့သို့လည်း...(ဗိဒီယို)
၅၀။ မိန်းမတစ်ယောက်ရဲ့ အတ္ထုပ္ပတ္တိ
၅၁။ မင်္ဂလာစစ်စစ် (ဗိဒီယို)
၅၂။ ကျွန်တော်နှင့် အချစ်၊ အနစ်၊ အသစ် (ဗိဒီယို)
၅၃။ နှစ်ကိုယ်တူ (ဗိဒီယို)
၅၄။ စွန့်စားကြသူများ (ဗိဒီယို)
၅၅။ တစ်နေ့မှာ အချစ်ကိုတွေ့ရင် (ဗိဒီယို)
၅၆။ ကျွန်မရဲ့ ပခုံးပေါ်မှာ လိပ်ပြာလေးတွေနားဖူးတယ် (ဗိဒီယို)
၅၇။ မြားနတ်မောင်ရဲ့ ပဉ္စလက်

❧ **မိန်းကလေးတွေအကြောင်း ပြောတတ်သူ (ဝတ္ထုတိုစုစည်းမှု)**

၅၈။ အချစ်ချို အချစ်ခါး
၅၉။ မေတ္တာဖြင့် ဝယ်ယူသည်
၆၀။ မောင့်ကို ပြောမပြချင်ဘူး (ဗိဒီယို)
၆၁။ ဖွဲ့နှောင်ခြင်းအကြောင်း
၆၂။ ပန်းသုံးပွင့်၏ ချစ်အိပ်မက် (ဒီဗီဒီ)
၆၃။ ချစ်သူ၏တခြားအခြမ်း (ဗိဒီယို)
၆၄။ အချစ်ကိုစောင့်ဆိုင်းခြင်း (ဗိဒီယို)
၆၅။ ချစ်ကြိုးရှုပ် (ဗိဒီယို)
၆၆။ ပျော်ရွှင်ခြင်းလက်ဆောင် (ဗိဒီယို)
၆၇။ အက်ဆစ်နှင်းဆီ (ဗိဒီယို)
၆၈။ ကျွန်မတို့အားလုံး အချစ်ကိုယုံကြသည် (ဗိဒီယို)

❧ **သေစေနိုင်သော အနမ်း (ဝတ္ထုတိုစုစည်းမှု)**

၆၉။ အဆိပ်ဖြင့်ထုံမွှန်းသော နှုတ်ခမ်း ပန်းကဲ့သို့နူးညံ့သောကဗျာ
၇၀။ အချစ်ဖြင့် နိုးထလာသော ပထမနံနက်ခင်း (ဗိဒီယို)
၇၁။ ပိုပြီးချစ်မယ့် မနက်ဖြန် (ဒီဗီဒီ)
၇၂။ အချစ် (သို့မဟုတ်) ဝက်ပါ (ရုပ်ရှင်)
၇၃။ နှလုံးသားရဲ့ တောင်ပံခတ်သံ
၇၄။ နတ်ဖက်တဲ့ စုံတွဲများ (ရုပ်ရှင်)
၇၅။ သတို့သမီးရဲ့ ဒဏ္ဍာရီ (ဗိဒီယို)
၇၆။ ချစ်ခြင်းနှင့် လက်တစ်ကမ်းအလို (ဗိဒီယို)
၇၇။ တစ်နွယ်ငင် (ဒီဗီဒီ)


www.burmeseclassic.com

www.burmeseclassic.com


၇၈။ တိမ်တွေပေါ်မှာ နှင်းနဲ့ ငါ (ဗီဒီယို)
၇၉။ တစ္ဆေချစ်သူ (ဗီဒီယို)
၈၀။ မဒူးဖြစ်ခဲ့သော နှင်းဆီဖြူ
၈၁။ ဇာတ်လမ်းဟောင်းတွေ ရှိခဲ့ရင် (ရုပ်ရှင်)
၂။ အမုန်းဓါး ဆွဲငင်အား (ရုပ်ရှင်) စေတန်ရဲ့ ကချေသည်
သစ္စာစောင့် နတ်သမီး (ဗီဒီယို)
ချစ် စိတ် တံခါး (စိတ်ဝတ္ထုတို စုစည်းမှု)
ဓမ္မလာဆောင် မောင်မလာချင် (ဗီဒီယို)
သူညို့ခေါ်ရာဆီ (ဗီဒီယို)
၆။ စ်တမ်းကစားသူများ (ရုပ်ရှင်)
၈၇။ (ဗီဒီယို)
၈၈။ ပ ချည်ခြင်း နှင်းဆီ (ဗီဒီယို)
၈၉။ အချ ့ ထူးခြားဖြစ်စဉ် (ဗီဒီယို)
၉၀။ အဆိပ်သင့် ပျိုမေ (ဗီဒီယို)
၉၁။ မမုန်းနိုင် (ရုပ်ရှင်)
၉၂။ ဒေင်သို့ ၂၅ နာရီအလို...(ဗီဒီယို)
၉၃။ ဆံခြည်တစ်မျှင် မဝေးချင် (ဗီဒီယို)
၉၄။ ကမ္ဘာဦးပြဿနာ (ဗီဒီယို)
ယောက်ျားတစ်ယောက်ရဲ့ အချစ် (ဝတ္ထုတိုစုစည်းမှု)
၉၅။ ကောင်းကင်ထက်က ဆင်းသက်သူ
၉၆။ ရူးလောက်တယ် (ဗီဒီယို)
၉၇။ အိပ်မက်ခြည်တဲ့ ကြိုး (ဗီဒီယို)
၉၈။ ကျွန်တော့်ချစ်သူ နတ်ဖျားက စကားပွင့်ကလေးများ (ဗီဒီယို)
အချစ်(သို့မဟုတ်) ဝက်ပါ (အာဒမ်ရယ် ဝေရယ် ဒသရယ်)
ရုပ်ရှင်အမှတ်တရ [ဒုတိယအကြိမ်]
၉၉။ လိပ်ပြာကလေး အပျံသင် ပန်းကိုချစ်မို့ပြင်
၁၀၀။ ယခုလ - ကျွန်မက နှင်းဆီပါ မောင် (ရုပ်ရှင်)


# အမှာစာ

'နှင်းဆီ' သည် ကျွန်မ စွဲလမ်းရသော ပန်းတစ်မျိုးဖြစ်ပါသည်။ အနီရောင်သည်လည်း ကျွန်မ ကြိုက်နှစ်သက်သော အရောင်ပင်ဖြစ်သည်။ 'အနီရောင်' ကို ဖွင့်ဆိုသော အဓိပ္ပာယ်များစွာ ရှိနိုင်သော်လည်း ကျွန်မကတော့ 'ရဲရင့်ခြင်း' ဟူသော ကိုယ်ပိုင် အဓိပ္ပာယ်တစ်မျိုးတည်းဖြင့်သာ ဖွင့်ဆိုချင်ပါသည်။ နှင်းဆီကတော့ နူးညံ့မွေးပျံ့သလောက် ဆူးများဖြင့် ဝန်းရံထားသော ပန်းမျိုးဖြစ်သည်။

ကျွန်မသည် အနီရောင် နှင်းဆီတစ်ပွင့်ကို မြင်ရတိုင်း အပျိုဦးအရွယ်ကလေးမှသည် ရင့်ကျက်သော အမျိုးသမီး အရွယ်အထိ တစ်ယောက်တည်း ရှင်သန်ရပ်တည်ကြိုးစားခဲ့ရသော ကျွန်မဘဝကို ပြန်ပြောင်း သတိရမိတတ်၏။

ကျွန်မသည် နူးညံ့သော မိန်းကလေး အသွင်ဖြင့်လည်း နေထိုင်ရင်း ဆူးများဖြင့် ကိုယ့်ကိုကိုယ် ဝန်းရံ ကာဆီးလျက် လောက၏ ရုပ်ထွေးသော မာယာပရိယာယ်များ၊ အချိုးအကွေ့များ၊ လိမ်ညာ ဖြည့်

www.burmeseclassic.com

www.burmeseclassic.com



စားခြင်းများကိုလည်း တစ်ခါတစ်ရံ ရဲရင့်စွာ၊ တစ်ခါ တစ်ရံ ပင်ပန်းလွန်းစွာ ကျော်လွှားဖြတ်သန်းခဲ့ရသူဖြစ်သည်။ ဘယ်လိုပင် ခက်ခဲသည့် ခရောင်း လမ်းများ မာယာဝက်ပါများကို ဖြတ်သန်းခဲ့ရသော်လည်း ရန့်မပြယ် မျှော်မှန်းသော ယနေ့တိုင် မွေးမြူခဲ့ဖြစ်သည်ဟု ကိုယ့်ကိုကိုယ် ယုံကြည်သိမြင်သည့်နိုင်ခြင်းကလည်း ရှေ့ဆက်ရမည့် ဘဝခရီးအတွက် ခိုင်မာသော အင်အားကို ဖြစ်ပေါ်စေခဲ့ပါသည်။

အမျိုးဦး အရွယ် ၁၆နှစ် သမီးတုန်းကတည်းကပင် လောက၏ နိမ့်မြင့်ပြောင်းလဲတတ်သော သဘာဝကို ထိုအရွယ် ကလေးဖြင့် မမှုအောင် ကျွန်မ နားလည်ခဲ့ရ၏။ လောကဓံ၏ အပြောင်းအလဲကို ထောင် ခံစားခဲ့ရသော ကျွန်မ ၁၆နှစ်အရွယ်၊ တောကျောင်း ဆရာမလေး အဖြစ် ရပ်တည်ရုန်းကန်ခဲ့ရသော ကျွန်မ ၁၇နှစ် အရွယ်။ စာရေး ဆရာမ ဖြစ်ဖို့ ကြိုးစားရင်း စိတ်ခေတ်တွေ ပြိုယိုင်လဲကျခဲ့ရသော ကျွန်မ အသက် ၂၀ ဝန်းကျင် ကာလများ၊ လူနည်းနည်း၊ အိမ်နည်းနည်း၊ ကိစ္စနည်းနည်း ဇာတိမြို့ကလေးကနေ လူထူထပ်များပြား၍ ကိစ္စများမြောင် မွေလီ ရှုပ်ထွေးမှုများ၊ ဘဝ တိုးတက်မှု လမ်းကြောင်းများရှိရာ ရန်ကုန်မြို့သို့ တစ်ယောက်တည်း ထွက်ခွာလာခဲ့ရသော ကျွန်မ အသက် ၂၅နှစ် အရွယ်၊ ရိုးသားခြင်းများ၊ မသိနားမလည်ခြင်းများဖြင့် တစ်ယောက်တည်း ရပ်တည်ရုန်းကန်ရင်း ကိုယ့် ကိုယ်ကို စောင့်ရှောက်ခဲ့ရသော နေ့ရက်များစွာ၊ အားလုံးဟာ ပြန်တွေးတိုင်း စိတ်လှုပ်ရှားဖွယ် ရသမျိုးစုံကို ခံစားရမြဲ ဖြစ်သည်။

သို့သော်...ထိုသို့ ခက်ခဲခဲ့သော ခရောင်း လမ်းခရီးသည်ပင် ကျွန်မ၏ စာရေးသားခြင်းအတွက် အဖိုးမဖြတ်နိုင်သော ကုန်ကြမ်းများ ဖြစ်ခဲ့ရလေသည်။





လူမျိုးစုံ၊ စိတ်မျိုးစုံ၊ အလုပ်မျိုးစုံ...ထိုအရာအားလုံးကို သိလေ မြင်လေ ကြုံတွေ့လေ...ဝတ္ထုများကို အဆက်မပြတ် ရေးဖွဲ့နိုင်လေ ဖြစ်ခဲ့သည်။ ထို့ကြောင့်ပင် မပြောင့်ဖြူးခဲ့လေသော ကံကြမ္မာကို ကျွန်မက ကျေးဇူးတင်ရလေသည်။

ယခုကာလကတော့ မုန်တိုင်းပြီးသောအခါ လေပြည် လာသော ကာလပင် ဖြစ်တော့သည်။ ကျွန်မ ဝန်းကျင်မှ မုန်တိုင်းလည်း စဲခဲ့ပြီ...။ လေပြေလေညှင်းကလည်း တသုန်သုန် တိုက်ခိုက်လျက်ရှိသည်။

ကျွန်မသည် မိဘနှစ်ပါး၏ ယိုင်လဲခဲ့လေသော အင်ပါယာကို ကိုယ်ပိုင်အစွမ်းဖြင့် ပြန်လည်ထူမတ် ပေးနိုင်ခဲ့ပြီ။ ကျွန်မ ရေးဖွဲ့သော စာပေများကို နှစ်ခြိုက်စွာ ဖတ်ရှုအားပေးနေကြသော ပရိသတ်များစွာလည်း ရှိနေခဲ့ပြီ။ လူဟူသည် အမှားမကင်းဟု ဆိုရိုးရှိသော်လည်း သူတစ်ပါးကို ထိခိုက်နစ်မွန်းစေသည့် အမှားမျိုးကို မလုပ်ခဲ့ဖူးသည့်အတွက် ကိုယ့်ကိုကိုယ်လည်း တစ်သက်လုံး လိပ်ပြာ လုံနိုင်ပြီ...။

ကျွန်မသည် အုပ် ၁၀၀-ပြည့် ဝတ္ထုကို ရေးသောအခါ အမှတ်တရအဖြစ် ကျွန်မနှစ်သက်သော နှင်းဆီနီ နိမိတ်ပုံကို သုံး၍ ရေးသားခဲ့ပါသည်။ အတတ်နိုင်ဆုံး ကြိုးစားရေးသားခဲ့ပါသော်လည်း ပရိသတ်များ စိတ်ကျေနပ်မှုမရခဲ့လျှင် ကျွန်မကို အားမနာတမ်း အပြစ်ဆိုနိုင်ပါသည်။

ကျွန်မအထင် ကျွန်မ၌ ပရိသတ် နှစ်မျိုးရှိမည်ထင်၏။ တချို့က ကျွန်မဝတ္ထုသက်သက်ကိုသာ ဖတ်ကြပြီး...တချို့ကတော့ ကျွန်မ ဝတ္ထုကို ပြန်လည် ရိုက်ကူးသော ရုပ်ရှင်၊ ဗီဒီယိုများကိုပါ ကြည့်ရှုအားပေးကြ၏။ တချို့ကတော့ ရုပ်ရှင်သာ ကြည့်ပြီး စာအုပ်မဖတ်၊ စာအုပ်သာဖတ်ပြီး ရုပ်ရှင်မကြည့်ကြချေ။ ရုပ်ရှင်ဖြစ်စေ...စာအုပ်ဖြစ်စေ... အနုပညာ ပစ္စည်းဟုတော့ ခေါင်းစဉ်တပ်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်ထိ ကျွန်မ၏ အနုပညာပစ္စည်းများကို လက်ခံအားပေးကြသော ပရိသတ်များကိုတော့ ကျွန်မ ရင်နှင့်အမျှ မြတ်နိုးလိုက်လှဲစွာ ကျေးဇူးတင်ရလေသည်။ ပရိသတ်သာ မရှိခဲ့လျှင် ပုညခင်ဆိုတာ ဖြစ်လာမှာမဟုတ်ဘူးဟူသော စကားကို ဆိုလျှင် အနုပညာသမားများ၏ သမားရိုးကျ သုံးစွဲနေကျစကားဟု ထင်ကောင်း ထင်နိုင်သော်လည်း ကျွန်မကတော့ ထိုသမားရိုးကျ စကားကို ရိုးသားစွာပြောရင်း မြူစင်သန့်ရှင်းသော စေတနာမေတ္တာ ဖြင့် ကျွန်မ၏ ပရိသတ်အတွက် ထာဝရ ရှင်သန်ခွင့် ရချင်လေသည်။

ချစ်မေတ္တာဖြင့် ...

(ပုညခင်)



## အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

"ထားထား အပြင်ကိုကြည့်ချင်တယ်၊ ကားမှန်ချပေးပါ"

ပြင်ဦးလွင်သို့ တက်စပြုပြီဖြစ်သော ကားပေါ်မှ 'ထားသခင်' ရဲ့ အသံကလေး ထွက်ပေါ်လာသည်နှင့် ကားပေါ်မှာ ပါလာသူ အားလုံးမှာ ရှုပ်လှုပ်ရှုရှု ဖြစ်သွားကြပါသည်။

ဟိုက်အေ့ကားပေါ်မှာ စုစုပေါင်း လူခြောက်ယောက် ပါလာပါသည်။ ကားရှေ့ခန်းမှာက ဒရိုင်ဘာဦးတင့်နှင့် အိမ်ထောင်ထိန်း ဒေါ်ညိုမြ။ ဒေါ်ညိုမြက ထားသခင်တို့ အိမ်ရဲ့ စားဖိုမှူးဖြစ်ရုံမျှမက ထားသခင်ရဲ့ အထိန်းတော်ဟုလည်း ပြော၍ရပါသည်။ ထားသခင်ဟာ ဘွားဘွားရဲ့ သွပ်ကဲကြီးကြပ်မှုအောက်မှာ နေရပြီး ထားသခင်ရဲ့ ဝေယျာဝစ္စတွေကိုတော့ ဒေါ်ညိုမြကသာ လုပ်ပေးပါသည်။ ထားသခင်ဟာ ဒေါ်ညိုမြ လက်ပေါ်၌ ကြီးရသူဟုလည်း ဆိုလို့ရသည်။

ဒေါ်ညိုမြ လက်ရာကလွဲရင် ဘယ်သူ့လက်ရာကိုမှ ခံတွင်း တွေ့သော ထားသခင်ကြောင့် ဒေါ်ညိုမြက ထားသခင် သွားလိုရာသို့ ခွဲမခွာလိုက်ပါ၍ ထားသခင်အလိုကျ ချက်ပြုတ်ပေးရပါသည်။ အထူး သဖြင့် ခုလို နွေရာသီ ကျောင်းပိတ်ချိန် ပြင်ဦးလွင်သို့ တက်သည့်အခါ များမှာ ဒေါ်ညိုမြ မပါလို့ကို မဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



နွေရာသီမှာ သွားနေဖို့ ဝယ်ထားသည့် ပြင်ဦးလွင်က အိမ်ကြီးမှာ ခြံစောင့်ရှော၊ ထမင်းချက် ဒေါ်နန်းပါ ရှိသည်ဆိုပေမယ့် ထားသခင်က ဒေါ်နန်းချက်သည့် ရှမ်းစာတွေကို ခံတွင်းတွေ့သူမဟုတ် ...။ တရုတ်စာ၊ ယိုးဒယားစာနှင့် ဗမာထမင်းဟင်းကိုသာ ထားသခင်က နှစ်သက်တော်မူသည်။ ဗမာဟင်းတစ်မျိုးတည်းကိုသာ ခပ်ရိုးရိုးချက်တတ်ခဲ့သော ဒေါ်ညိုမြက ထားသခင်အလိုကျ ချက်ပြုတ်ကျွေးနိုင်ဖို့အတွက် စားဖိုမှူးသင်တန်း တက်ထားရသူလည်း ဖြစ်ပါသည်။

မြေးကို ရွှေမင်းသမီးလေးလို အမြင့်တစ်နေရာမှာ 'ဉ' ထားချင်သော ဒေါ်ထားခင်ကြီးက ဒီမြေးမလေးအတွက်ဆို ဘာမဆို ဖြည့်ပေးဖို့ အဆင်သင့်ရှိသူပေမို့ ဒေါ်ညိုမြ သင်တန်း တကာတက်ဖို့ သင်တန်းကြေးတွေကိုလည်း မငြိုမငြင် ထုတ်ပေးခဲ့ပါသည်။

နယ်ကနေ ရောက်လာကာစတုန်းကတော့ နော်ညိုမြ ဆိုတာ ရိုးရိုးတုံးတုံး တောသူမကြီးပင်။ သမားရိုးကျ ဗမာဟင်းတွေကိုသာ ချက်တတ်သူပင်။ ခုတော့ ... ဒေါ်ညိုမြဟာ ဟိုတယ် စားဖိုမှူးပုံစံ ပေါက်နေပြီ ...။ ပင်ကို အသားဖြူသူ ကရင်မကြီးမို့ နေရိပ်ထဲမှာ သပ်သပ်ရပ်ရပ် နေချိန်ကြာလာတာနဲ့အမျှ လူရည်က သန့်ထွက်လာသည်။ စားဖိုမှူးကြီး နော်ညိုမြဟာ အလုပ်ချိန်ဆို ဖွေးဆွတ်နေသည့် ဘောင်းဘီရှည်ပွပွ၊ ယူနီဖောင်း ရှပ်ပုံစံအင်္ကျီဖြူနှင့် အေပရွန် အဖြူဆွတ်ဆွတ်ကိုဝတ်ကာ ဆံပင်ပခုံးသာသာကို နမူးအပြောင်သိမ်း၍ နောက်မှာ စုစည်းလျက် ဆံပင်တစ်စမထွက်အောင် ပိုက်ဖြင့်အုပ်၍ ထုံးထားရသည်။

ထားသခင် တစ်ဦးတည်းအတွက် စပါယ်ရှယ် တာဝန်ကို ဒေါ်ညိုမြက ယူထားရသည်။ မုန့်ဖုတ်သင်တန်းတွေလည်း တက်ထားရကာ ထားသခင် စားချင်သည့် မုန့်ဆို ချက်ချင်းလုပ်၍ ကျွေးရသည်။ ညကြီးသန်းခေါင်မှာ မုန့်လုံးရေပေါ် စားချင်သည်ဟု ပူဆာလျှင်လည်း မရမရှိစေရ...။ တရေးနိုး ထပြီး 'ပီဇာ' ဆိုလည်း ဟပ်ချလောင်းဟု မျက်လှည့်ပြလိုက်သည့်သဖွယ် နာရီဝက်အတွင်း အဆင်သင့် ...။ စားဖိုခန်းကျယ်ကြီး





ထဲမှာ မုန့်လုပ်ကိရိယာ အစုံအလင် ...။ ဂျုံ၊ ဆန်၊ ပြောင်း စသဖြင့် ကုန်ကြမ်းအစုံအလင်။ ဒေါ်ညိုမြက မုန့်လက်ဆောင်းဖတ် ညှစ်တတ်အောင်ပင် သင်ထားသူမို့ ပူအိုက်သည့် ရာသီမျိုးရဲ့ ညဥ့်သန်းခေါင်မှာ 'မုန့်လက်ဆောင်း' သောက်ချင်သည်ဟု ပူဆာလျှင်တောင် ရအောင် ဖန်တီးပေးတတ်သူပင် ...။

ခုမှ ၁၀ နှစ် သမီးအရွယ်ကလေးသာ ရှိသေးတဲ့ ထားသခင်ဆိုတာ ဤအိမ်ကြီးရဲ့ အထွဋ်အခေါင် အဖူးအညွန့် ရွှေမင်းသမီးကလေးပါပဲ ...။

ထားသခင် သွားလိုရာကို စားဖိုမှူး ဒေါ်ညိုမြသာမက ထားသခင် အကြိုက်လိုက်ကာ အတူတကွ ဆော့ပေးဖို့၊ တစ်နည်းအားဖြင့် လက်တိုလက်တောင်းခိုင်းဖို့ ဘော်ဒီဂတ်သဖွယ် ကလေးမလေး နှစ်ယောက်လည်း အမြဲအတူပါရသည်။ အေးလှနှင့် မိနှောင်းက ၁၁ နှစ်အရွယ်လောက်ရှိပြီ။ သို့သော် ... သူတို့က ထားသခင်ကို မမထားဟုသာ ခေါ်ကြရပါသည်။

ဟိုက်အော့ကားရဲ့ နောက်ဆုံးတန်းမှာ ငိုက်မြည်း၍ ပါလာကြသော အေးလှနှင့် မိနှောင်းက ထားသခင်ရဲ့အသံကလေးကြောင့် မျက်လုံးလေးတွေ ပြူးလာကာ ခပ်မတ်မတ်ပြင်ထိုင်ရင်း ထားသခင်ကို လှမ်းကြည့်လိုက်ကြသည်။ ဒေါ်ညိုမြကလည်း ထားသခင်ကို လှည့်ကြည့်လာသည်။ ဘွားဘွားကြီး ဒေါ်ထားခင်ကြီးကတော့ နှစ်နှစ်မြိုက်မြိုက် အိပ်ပျော်နေတုန်းပင် ...။

"ကားမှန် ချပေးဖို့ ထားထား ပြောနေတယ်လေ ..."

ထားသခင်ရဲ့ အသံက အမိန့်သံ ...။ ဘွားဘွားကြီးကလွဲလို့ ဒီအိမ်ကလူတွေအားလုံးကို ဒီလိုပဲ ပြောဖို့ အဘွား ဒေါ်ထားခင်ကြီးက သွန်သင်ထားခဲ့တာပင် ...။

"သူတို့နဲ့ မြေးက အဆင့်အတန်းချင်း မတူဘူး မြေးရဲ့၊ မြေးက ဒီအိမ်ရဲ့ အရှင်သခင်မလေး၊ သူတို့တွေက မြေးနားမှာ ခစား



www.burmeseclassic.com

www.burmeseclassic.com



ဝပ်တွားပြီး မြေး ခိုင်းသမျှလုပ်ရမယ့် သူတွေ၊ ရှင်းရှင်းပြောရရင် မြေးက သခင်၊ သူတို့က ကျွန်ပေါ့ကွယ်၊ သူတို့ကို မြေး ခိုင်းချင်တာ သာခိုင်း၊ အားမနာနဲ့၊ မြေးက သခင်မလေးမို့လို့ ဘွားဘွားက မြေးနာမည်ကိုတောင် ထားသခင်လို့ ပေးထားရတာ၊ သူတို့က မြေးလောက် အသိဉာဏ်ရှိတဲ့သူတွေ မဟုတ်ဘူး၊ သူတို့ကို နည်းနည်းမှ မျက်နှာသာမပေးမိစေနဲ့ ... ကြားလား ...”

ဘွားဘွား ဒေါ်ထားခင်ကြီးရဲ့ ဆုံးမစကားက ထားသခင်ရဲ့ နားထဲမှာ စွဲနေခဲ့သည်။

ခုတော့ ထားသခင်ဟာ အရွယ်ကလေးနှင့် မလိုက်အောင် မောက်မာဝံ့ကြွားတတ်သူကလေး ဖြစ်နေခဲ့ပြီ ...။ ထိုင်ပုံကိုက ခြေကလေးချိုင်ကာ ခါးလေးမတ်၍ မျက်နှာလေးက မော့်နေသည်။ ကြည့်ပုံကိုက အပေါ်စီးကနေ မျက်ကြောစင်း၍ ကြည့်သလိုမျိုး။

ထားသခင်က အနီရောင် လေဒီရှူးစ်လေး ဝတ်ထားသည့် ခြေထောက် သေးသေးသွယ်သွယ်လေးနှစ်ဖက်ကို ထပ်ချိတ်ထားကာ ဒူးပေါ်မှာ လက်ဖဝါးနှစ်ဖက်ကိုထပ်တင်လျက် လည်ပင်းလေးကို စန့်ကာ အပြင်ဘက်သို့ လှမ်းကြည့်နေရင်းက ဒေါ်ညိုမြဘက်သို့ ဆတ်ခနဲ ပြန်လှည့်ကြည့်ရင်း ...

“ထားထား စကားကို ဘယ်သူမှ အရေးမလုပ်ကြဘူးလား”

ဟု အသံကိုမြှင့်၍ ခပ်ဆတ်ဆတ် မေးလိုက်ပါသည်။ ဒေါ်ထားခင်ကြီးကလည်း နိုးမလာသေးတာမို့ ဒေါ်ညိုမြက ချော့မော့ပြောရသည်။

“တောင်တက်လမ်းမှာ တံခါးဖွင့်ရင် အန္တရာယ်များတယ် ထားထားရဲ့ ...၊ မှန်ချည်းပဲ ဖွင့်ရုံဆိုရင်တော့ ဖွင့်ပေးမယ်လေ ...”

“ဟင့်အင်း ... ထားထားက မှန်ချည်းပဲ ဖွင့်ချင်တာမဟုတ်ဘူး ထားထားဘက်က ဘေးတံခါးချပ်ကြီးကို ဘေးဆွဲဖွင့်ပြီး ကြည့်ချင်တာ”





“တံခါးယောင်းလောင်းနဲ့ ဘယ်မောင်းလို့ဖြစ်ပါ့မလဲ ...၊ ထားထား ကြည့်ချင်ရင် ဗျူးပွိုင့်ကျမှ ကားရပ်ပေးမယ်”

“ထားထားက တောင်တက်လမ်းတစ်လျှောက်လုံး တံခါး ဖွင့်ပြီး မောင်းတာပဲ ကြိုက်တယ်”

ထားသခင်က သူလိုချင်တာကိုသာ အမိန့်ပေး၍နေပါသည်။ ဒီလမ်းကို ဒီကားဖြင့် နှစ်စဉ်လာတိုင်း ဒီပြဿနာမျိုး ကြုံရသည်ပင် ...။ ထားသခင်က ကားဘေးတံခါးချပ်ကြီးကို ဆွဲဖွင့်ထားပေးစေလိုသည်။ ကားပေါ်ကလူတွေအားလုံးကလည်း ထားသခင်ရဲ့ ဆန္ဒကို ဖျောင်းဖျချော့မော့ တားမြစ်ရသည်။ ထားသခင်ကိုဆို ဘုရား မထူးရရုံတမည် ဝပ်တွားဆက်ဆံရတဲ့လူတွေ အားလုံးဟာ ဒီလိုအချိန်မျိုးမှာ ထိုင်မရှိခိုးကြရုံတမည် တောင်းပန် တားမြစ်ပိတ်ပင်ရတာပင်။

“ကားက ကွေ့တွေတက်နေရတာ၊ ကားနည်းနည်းရမ်းသွားတာနဲ့ လူပါ ပြုတ်ကျသွားနိုင်လို့ပါကွယ်၊ အန္တရာယ်ကြီး လှပါတယ်၊ တောင်ပေါ်ကနေ ပြုတ်ကျသွားမှာ ထားထား မကြောက်ဘူးလား”

“မကြောက်ပါဘူး ...”

“ထားထား မကြောက်ပေမယ့် ဒေါ်ညိုကတော့ ကြောက်တယ်၊ ထားထား ပြုတ်ကျသွားမှာလည်း ကြောက်ရတယ်၊ ဘွားဘွား ဆူမှာလည်း ကြောက်ရတယ်”

“ဘွားဘွား မဆူအောင် ထားထား တာဝန်ယူတယ်”

“တာဝန်ယူလည်း တံခါးတော့ ဖွင့်မပေးရဲပါဘူး ထားသခင်ရယ်”

“ဘွားဘွားက ထားထား အလိုရှိတာ ဖြည့်ဆည်းပေးပါလို့ ဒေါ်ညိုကို မှာထားတယ် မဟုတ်လား”

“အန္တရာယ်ရှိမယ့် ကိစ္စမျိုးကို အလိုမလိုက်ဖို့လည်း မှာထားပါတယ် ထားထားရယ်”

“ကဲ ... ဒါဆိုလည်း ဘွားဘွားကို နှိုးပြီးတော့ပဲ ပြောလိုက်တော့မယ်”



www.burmeseclassic.com

www.burmeseclassic.com



ထားသခင်က တင်းတင်းမာမာလေး ပြောပြီး ဘွားဘွား ပေါင်ပေါ်ကို လက်ကလေးတစ်ဖက် လှမ်းတင်လှုပ်ယမ်းလိုက်ရင်း ...

"ဘွားဘွားကြီး ... ဘွားဘွားကြီး"

ဟု ခေါ်၍ နှိုးလိုက်သည်။

"အင်း ... အင်း ... ရောက်ပြီလား"

ဒေါ်ထားခင်ကြီးက တအင်အင် အသံပြု၍ နိုးထ လှုပ်ရှား လာသည်။

"ဘွားဘွားကြီး ... ထားထား ခိုင်းတာကို သူတို့မလုပ်ကြဘူး ..."

"ဟင် ... ဟုတ်လား၊ ဟဲ့ ... နင်တို့ ထားသခင်ခိုင်းတာ မလုပ်ဘဲ နေဖွံ့ကြသလား၊ အေးလှ ... မိနှောင်း ... လာခဲ့စမ်း၊ ကဲဟယ် ... ကဲဟယ် ..."

အိပ်ချင်မူးတူးဖြစ်နေသော ဒေါ်ထားခင်ကြီးသည် ဘာမှ မမေးမစမ်းဘဲ ပျာယာခတ်သွားကာ နောက်ဘက်သို့ လှည့်၍ မိနှောင်းတို့ နှစ်ယောက်ရဲ့ ခေါင်းနှစ်လုံးကို ခေါက်ခနဲ ခေါက်ခနဲ ခေါက်ပစ်လိုက်ပါ သည်။

ကလေးမလေးတွေခမျာမှာ ဘာမသိဘာမသိ အခေါက်ခံလိုက် ရသော်လည်း ဘာမှပြန်မပြောရဲကြဘဲ ကိုယ့်ခေါင်းလေး ကိုယ်ပွတ်၍ မျက်ရည်လေးတွေ လည်လာသည်။

ဒေါ်ထားခင်ကြီးက တစ်ဖန် ဆတ်ခနဲ ပြန်လှည့် လာကာ ဒေါ်ညိုမြကို လှမ်းကြည့်လိုက်ရင်း ...

"ဟဲ့ ... မညို ... ညည်းကရော ထားသခင်ခိုင်းတာ မလုပ်ဘူးလား၊ ဟိုကလေးတွေ နားမထောင်တာကို ညည်းက ဘာမှမပြောဘဲ နေသလား ..."

"ထားသခင်က ကားတံခါးဖွင့်ပြီး မောင်းဖို့ ပူဆာလို့ပါ မေမေကြီး"

"ဟော ... ဟုတ်လား၊ ဒါတော့ ဘယ်ဖြစ်မလဲ ထားသခင်လေးရဲ့၊ ကားတံခါးကို ဘေးဆွဲဖွင့်ထားလိုက်ရင် ကား ဗိုက်ကြီး ဟောင်း





လောင်းပွင့်ပြီး ကားဗိုက်ထဲက ဘွားဘွားကြီးရော ထားထားရော ပြုတ်ကျသွားမှာပေါ့ ..."

"ပြုတ်မကျအောင် ကားလက်ကိုင်ကွင်းကို သေချာကိုင်ထားမှာ ပေါ့"

"အန္တရာယ်ကြီးလို့ပါ မြေးလေးရယ်၊ တခြားဟာ ပြောင်း ပူဆာ ပါလားကွယ်"

"ဒါဆိုလည်း ကားမှန်တော့ ဖွင့်ပေး ..."

"အေး ... အေး ... ဖွင့်ပေးမှာပေါ့၊ ကဲဟေ့ ... မောင်တင့်ရေ ရှေ့က ကားမှန်တွေ ချပေးပါဟေ့ ..."

ဒေါ်ထားခင်ကြီး၏ အမိန့်ပေးသံကြောင့် ဒရိုင်ဘာ ဦးတင့် က ရှေ့ခန်းရဲ့ ဘေးနှစ်ဖက်က ကားမှန်တွေကို ချလိုက်ပါသည်။ ဟိုက်အော့ ထားမို့ နောက်ခန်းရဲ့ ဘေးဘက် မှန်တွေက အသေဖြစ်ရာ ထားသခင်ရဲ့ ဘေးက မှန်တွေကိုတော့ ချလို့မရ။

"ထားထား ဘေးက မှန်တွေကိုလည်း ချပေးဦးလေ ..."

"နောက်ခန်းမှန်တွေက ချလို့မှမရတာ မြေးရယ်၊ မြေးလည်း သိသားနဲ့ ..."

"အဲ့ဒါကြောင့် တံခါးဖွင့်ပေးဖို့ ပြောတာပေါ့ ဘွားဘွား ကြီးရဲ့ ..."

"တံခါးက မောင်းနေရင်း ဖွင့်လို့မရလို့ပါ မြေးရယ်၊ ဟိုး ရှေ့နား ကျမှ ကားခဏရပ်ပြီး ဖွင့်ထားပေးမယ်နော်"

"ရပ်ပြီး ဖွင့်ထားတာကို ထားထား မကြိုက်ဘူး၊ ကား မောင်းရင်းနဲ့ ဖွင့်ထားမှ လေတိုးမှာပေါ့"

"ကားထဲမှာ အဲကွန်း ဖွင့်ထားတယ်လေ"

"ပြင်ဦးလွင်နားနီးရင် ပူမှမပူတော့တာ၊ အဲကွန်းပိတ်ပြီး တံခါးဖွင့် မောင်းချင်တာ၊ ဒီကားကြီးနဲ့ဆို ဘယ်သွားသွား တံခါးအသေပိတ် ပြီး မောင်းနေရတာ ထားထား မစီးချင်တော့ဘူး၊ ပျင်းလာပြီ ... ၊ ထားထားက အပြင်ကအသံတွေကို ကြားချင်တာ၊ လေတိုးတာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ခံချင်တာ၊ မိုးရွာပြီ ဆို မိုးရေစက်တွေ ထားထား မျက်နှာကို စင်လာတာ ထားထား သိပ်ကြိုက်တာ"

"ကားမှန်တွေ ဖွင့်မောင်းတော့ အပြင်က ဖုန်တွေ၊ အမှုန်တွေ ကားထဲဝင်လာမှပေါ့ မြေးရယ် ..."

"သူများတကာတွေလည်း ဖွင့်မောင်းနေတာပဲ"

"သူများတကာနဲ့ မြေးနဲ့ တူမှမတူတာ"

"ဘယ်လိုမတူတာလဲ ..."

"သူများတကာက သာမန်လူ၊ မြေးလေးက ရွှေဘုံနန်းက ရွှေ မင်းသမီးလေး ..."

"ရွှေမင်းသမီးလေးဆိုတာ ဘယ်လိုမျိုးလဲ"

"မြေးက အရမ်းချမ်းသာပြည့်စုံတယ်လေ၊ ငယ်ငယ်လေး ကတည်း က ပိုးမွေးသလို တယုတယလေး မွေးပြီး လိုလေသေးမရှိ စော ရှောက်ထားခဲ့တာ၊ မြေးလေးက အထက်တန်းစားမိန်းကလေး ..."

"ဒါဆို မိနှောင်းတို့ အေးလှတို့ကရော ..."

"သူတို့က အောက်တန်းစား၊ မြေးရဲ့ အောက်မှာ အလယ် အလတ် တန်းစားတို့ အောက်တန်းစားတို့ ရှိသေးတာပေါ့၊ သူတို့က ဘာမှ မထူးခြားတဲ့ သာမန်လူတွေပေါ့၊ သူတို့လို လူတွေနဲ့ မြေးနဲ့ မတူ မတန်ဘူးဆိုတော့ ရောရောထွေးထွေးနေလို့လည်း မဖြစ်ဘူးပေါ့ ကွယ်"

ဒေါ်ထားခင်ကြီး၏ စကားကို ထားသခင်က စူးစူး စိုက်စိုက် လေး နားထောင်နေသည်။

ဒရိုင်ဘာ ဦးတင့်နှင့် ဒေါ်ညိုမြကတော့ တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်ကာ မသိမသာလေး နှာခေါင်းရှုံ့ မိကြပါသည်။

ဒေါ်ထားခင်ကြီးရဲ့ စကားကို အေးလှတို့ကသာ နာရ ကောင်းမှန်း မသိကြပေမယ့် ဒေါ်ညိုမြတို့ကတော့ အကြိမ်ကြိမ် ကြားရ လွန်းလို့ နားဝမှာ ခါးလှပါပြီ။





မက်လောက်စရာ လခငွေကြေးနှင့် ထားသခင် အပေါ် သံယောဇဉ် နည်းနည်းပါးပါးကြောင့်သာ ဒေါ်ထားခင်ကြီး အိမ်မှာ နေကြ ရပေမယ့် အဆင့်အတန်း ခွဲခြားလှသော ဒေါ်ထားခင်ကြီးကို ချစ်ခင် လေးစားလို့ကို မရခဲ့ပါ ...။

ပြီးတော့ ... ဒေါ်ထားခင်ကြီးဆိုတာ မျိုးရိုးစဉ်ဆက် ချမ်းသာ လာသည့် ဆွေကြီးမျိုးကြီး အဆင့်မြင့်မြင့် သူဌေးမကြီး မဟုတ်တာကို လည်း ဒေါ်ညိုမြက အစင်းသိပင်။ နိုင်ငံခြားမှာ ကြွယ်ဝချမ်းသာနေသည် ဆိုသော ထားသခင်ရဲ့ ဖခင်က လိုလေသေးမရှိ ဖြည့်ဆည်းပေးလို့သာ ခုလို အနေအထားနှင့် နေကြရတာပင်။

တကယ်တော့ ဒေါ်ထားခင်ကြီးရဲ့ နာမည်အရင်းက ဒေါ်ထားရီ ...။ သူ့သား ထောက်ပံ့စာဖြင့် ကြွယ်ဝလာတော့မှသာ သူ့ ကိုယ်သူ ထားခင်ကြီး လုပ်ပစ်လိုက်တော့တာပင် ...။ သူကိုယ်တိုင်က ဆင်းရဲသည့်ဘဝက လာပါရက်နဲ့ မွေးကတည်းက မြေကြီးပေါ် ခြေမကျ အနေခဲ့ရသူလို ဟိတ်ကြီးဟန်ကြီးလုပ်လွန်းတာက အမြင်ကတ်စရာ ...။

"ဘွားဘွားကြီး ... ဒီကားကို ထားထား မကြိုက်တော့ဘူး၊ ကားမှန် ချလို့ရတဲ့ ကားမျိုး လဲပေးဖို့ ဒက်ဒီ့ကို ပြောပေးပါ"

"အေးပါ ... အေးပါ၊ ပြောပေးပါ့မယ်ကွယ်၊ မြေးအကြိုက် ဖြစ်စေ ရပါမယ် ..."

"အဲကွန်းက အေးလိုက်တာ၊ လျှော့ပေးပါဦး ဦးတင့်၊ ထားထား ချမ်းလာပြီ၊ မိနှောင်း ငါချမ်းနေပြီ၊ အနွေးထည် ထုတ်ပေးပါ၊ အေးလှ နင်က ခေါင်းစွပ်ရှာလိုက် ..."

"ဟဲ့ ... ဟဲ့ ... ကြားကြလား ကောင်မလေးတွေ၊ နင်တို့ မမထား ချမ်းနေပြီ၊ အမြန်လုပ်ကြစမ်း ..."

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဒီမှာ ရပါပြီ"

ကောင်မလေးတွေ လှမ်းပေးသည့် မွေးပွ အနွေးထည်အနီနှင့် ဦးထုပ်နီလေးကို ဒေါ်ထားခင်ကြီးက လှမ်းယူလိုက်သည်နှင့် ထားသခင်က ခါးလေးကိုကော့စန့်ကာ လက်တစ်ဖက်ကို ဆန့်တန်းပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထားခင်ကြီးက ထားသခင်ကို အင်္ကျီဝတ်ပေးနေရင်းကပင် ...

"မြေး ... ဖျူးပွိုင့်ကျရင် ကားရပ်ပေးရမလား၊ ရှခင်းကြည့်ဦးမယ် မဟုတ်လား"

"ကြည့်မယ်လေ ..."

"ကဲ ... မောင်တင့်ရေ ... ရှေ့ဖျူးပွိုင့်ကျရင် ကား ခဏရပ်မယ်ဟေ့ ..."

"ဟုတ်ကဲ့ မေမေကြီး ..."

ဒေါ်ထားခင်ကြီးက မြေးမကိုယ်ပေါ်က အနွေးအင်္ကျီလေးကို သပ်ရပ်သွားအောင် သေချာ ဆွဲဆန့်ပေးပြီးသည်နှင့် မြေးပုံစံလေးကို သဘောတကျ ပြုံးကြည့်နေလိုက်မိပါသည်။

ထားသခင်ဆိုတဲ့ ဒီမြေးမလေးဟာ ဒီအရွယ်ကလေးနဲ့ စမတ်ကျကျ၊ စတိုင်လ်ရှိရှိလေး နေတတ်ပါပေရဲ့ ...။ သူ့ ကြည့်လိုက်ရင် အရွယ်ကလေးနဲ့ မမျှအောင် သခင်မလေးပုံစံ ပေါက်နေသည်။ မျက်နှာထားကိုက ကလေးပီပီ မသိနားမလည်သည့် မျက်နှာထားမျိုးမဟုတ်။ အရာရာကို ငါသိ ငါတတ်ပုံစံမျိုး။ စကားပြောသည့် အသံကအစ ကလေးအထာမျိုးမဟုတ်၊ ဩဇာပေး၊ ဆရာလုပ်သည့် အမိန့်သံမျိုးဖြင့် အပေါ်စီးဆန်ဆန် ပြောတတ်ပုံကို ဘယ်သူ သဘောကျကျ မကျကျ ဒေါ်ထားခင်ကြီးကတော့ သဘောကျသည်။ ဒါ ... ကိုယ်ပုံသွင်းထားတဲ့ ပုံစံပေပဲ။

ဒေါ်ထားခင်ကြီးရဲ့ ဘဝမှာ ဒီလိုဘဝမျိုးကို ရောက်ရလိမ့်မယ်ဆိုတာ အိပ်မက်တောင် မမက်ခဲ့ဖူးပါ ...။

သူမ အသက် ၂၀ မှာ အိမ်ထောင်ကျသည်။ ရပ်ကွက်ထိပ်မှာ ခေါက်ဆွဲသုပ်ရောင်းတဲ့ ထားရီရဲ့ဖူးစာဖက်က ဘတ်စ်ကား ဒရိုင်ဘာ၊ သူမအိမ်ထောင်ကျပြီး တစ်နှစ်အကြာမှာ သားတစ်ယောက်ရသည်။ သား အသက် ငါးနှစ်မှာ သူ့အဖေ ကားအက်ဆီး ဒင့်ဖြစ်ပြီး ဆုံးတာမို့ သူမ အသက် ၂၆ နှစ်မှာ မုဆိုးမဖြစ်သွားပါသည်။





မုဆိုးမငယ်ငယ်လေး ဆိုပေမယ့် ရုပ်ရည်မလှရုံမက တလေးမွေးပြီးကတည်းက ဝသွားကာ တစ်ရစ်ပြီးတစ်ရစ် ဆက်ဝနေတဲ့ သူမကို ချချင်သူတွေ ဝိုင်းဝိုင်းမလည်ခဲ့တာတော့ အမှန်ပင်။ အဲဒီတော့ သားတစ်ယောက်ကို လက်ဆွဲကာ ခက်ခက်ခဲခဲ ရုန်းကန်ရပါသည်။ ပင်ပန်းလွန်းတာမို့ သားအပေါ် ငြိုငြင်မိတဲ့အခါတွေလည်း ရှိခဲ့ဖူးပါသည်။

ကံကောင်းတာ တစ်ခုကတော့ သူမရဲ့ သားဟာ ရုပ်ရည်လေး သန့်ပြန့်ချောမွေ့ပေတာပင် ...။ ဒီရုပ်ရည်ကလေးနဲ့ဆို သူဌေးသမီးကလေးနဲ့များ ညားရင် သိပ်ကောင်းမှာပဲရယ်လို့ စိတ်ကူးယဉ်မိပေမယ့် သားက အရွယ်ရောက်တော့ ရုပ်လှတာက လွဲရင် ဘာမှသုံးစားလို့မရတဲ့ ရပ်ကွက်ထဲက ဆတ်ကော့လတ်ကော့ မိန်းကလေး တစ်ယောက်နှင့် ချစ်ကြိုက်ခဲ့ပါသည်။ သူမ ဘယ်လို ဖျက်ဖျက် သားက လက်မခံ ...။

သားက အလုပ်ကိုတော့ ကြိုးစားလုပ်တတ်သည်။ ၈ တန်းအတည်းက စလို့ ရပ်ကွက်ထိပ်က လက်ဖက်ရည်ဆိုင်မှာ မနက်ပိုင်း၊ ညနေပိုင်းနှင့် ကျောင်းပိတ်ရက်တွေမှာ အလုပ်လုပ်ပြီး သူ့ကျောင်းစရိတ်သူ ရှာနိုင်ခဲ့သူပင် ...။ ဒီလိုနဲ့ပဲ ဆယ်တန်း အောင်ကာ တက္ကသိုလ်ကိုတော့ အဝေးသင်ပဲတက်ရင်း အလုပ်လုပ်ခဲ့သည်။ အချိန်လုကာ သင်တန်းလေးတွေလည်း ပြေးပြေးတက်တတ်ပါသေးသည်။

သား ကျောင်းပြီးသည့်နှစ်မှာပင် ရပ်ကွက်ထဲက သူ့ရည်းစား ဆတ်ကော့လတ်ကော့မကလေးကို လက်ထပ်လိုက်သည်။ ထိုဟာမကလေးနှင့် ကလေးတစ်ယောက် ရသည်။ ထိုကလေးဟာ 'ထားသခင်'။ အဖေကလည်း ချော၊ အမေကလည်း ခပ်ချောချောမို့ ထားသခင်ရဲ့ ရုပ်ကလည်း ချော။ ဒီရုပ်ကလေးကို 'ထားထားအေး' ဟု သူ့မိဘများက နာမည်ပေးကြပေမယ့် ဒေါ်ထားခင်ကြီးက 'ထားသခင်' ဟုသာ အမည်ပေးစေခဲ့တာပင်။

သားကပင် ...

"အမေ့နာမည်ကြီးက မတင်စီးလွန်းဘူးလား ..."



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ကန့်ကွက်ခဲ့သော်လည်း ဒေါ်ထားခင်ကြီး က …

"ငါ့မြေးမက တစ်နေ့ကျရင် အရှင်သခင်မလေး နေရာမှာ နေရမှာ ဆိုတော့ ထားသခင်ဆိုတဲ့ နာမည်နဲ့မှ လိုက်မှာပေါ့"

ဟု ဆင်ခြေပေးပြီး ရွတ်မှည့်စေခဲ့တာပင် …။

သို့သော် ခုလို တကယ့် သခင်မလေးပုံစံ ပေါက်မလာခင်မှာပဲ ထားသခင်ရဲ့ ဘဝက မိတစ်ကွဲ ဖတစ်ကွဲ ဖြစ်ခဲ့ရပါသည်။

ထားသခင် ၆ လ သမီးအရွယ်မှာ ထားသခင် အမေရဲ့ အရင်းစာတ်ရှုပ်တွေပေါ်ကာ သားနှင့် ပြဿနာ အကြီးအကျယ် တက်ကြသည်။ သားနဲ့ မညားခင်က ယောကျ်ားတကာနဲ့ ပွေရှုပ်ခဲ့တဲ့အပြင် အိမ်ထောင်ကျပြီး နောက်ပိုင်းမှာပင် ရည်းစားဟောင်းနဲ့ တွေ့သည့်ကိစ္စကို သမီးအဖေ သိကာ လင်မယားချင်း ကွဲကြပါသည်။

ထားသခင်ကို သူ့အမေက ထားခဲ့တာမို့ ထားသခင်ဟာ ဒေါ်ထားခင်ကြီး၏ လက်ပေါ်မှာ ကြီးရသည်။ သားကတော့ စိတ်တွေလေချင်တိုင်းလေကာ အရက်သမားကြီးတစ်ပိုင်း ဖြစ်သွားခဲ့ရပါသည်။

သို့သော် … ကံကြမ္မာဟာ အလွန်တရာမှ အံ့သြဖွယ် ကောင်းလှပါသည်။ ထားသခင်တစ်နှစ်ခွဲအရွယ်ကလေးမှာ အလုပ်လုပ်ဖို့ စင်ကာပူထွက်သွားသော သားဟာ ဟိုရောက်ပြီး တစ်နှစ်အကြာမှာ အလွန်ချမ်းသာသော အသက်ကြီးကြီး ဗီယက်နမ်မ တစ်ယောက်နှင့် အိမ်ထောင်ကျကာ ကျိုကျိုတက် ချမ်းသာကြွယ်ဝသွားခဲ့ပါသည်။

သားက ဒီကို ပြန်မလာနိုင်ပေမယ့် ဒေါ်ထားခင်ကြီးတို့ မြေးအဘွားနှစ်ယောက်အတွက် လိုလေသေးမရှိအောင် ဖန်တီးပေးခဲ့ပါသည်။ အဆင့်မြင့် ကား၊ ခမ်းနားသော အိမ်၊ အလျှံပယ် များပြားသော အသုံးစရိတ်များ၊ အားလုံးဟာ ဒေါ်ထားခင်ကြီးအတွက်တော့ အိပ်မက်ပမာပင် …။

သားဟာ ကိုယ့်တစ်ယောက်အတွက်သာဆို ဒီလောက်ထိ





ဖြည့်ဆည်းပေးစရာ အကြောင်းမရှိပါ။ တော်ရုံ အိမ်သေးသေးနှင့် ပုံမှန် အသုံးစရိတ်ကလေးသာ ပို့မှာအမှန်ပင် …။ ဒီအမယ်ကြီးအတွက် အထွေအထူး ဘာမှမလိုဟု ယူဆမှာပင် …။ 'တရားရိပ်သာမှာ အေးအေးလူလူ သွားနေပါ အမေရယ်' ဟု မပြောတာတောင် ကံကောင်း …။

ထားသခင်ကလေး ရှိနေသေးလို့သာ သားက ဒီလောက် အသေးစိတ် လိုလေသေးမရှိ ဖြည့်ဆည်းပေးနေတယ် ဆိုတာကိုတော့ ဒေါ်ထားခင်ကြီးက သိပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် မြေးကိုမှီပြီး ကိုယ်ကပါ ချမ်းသာကြွယ်ဝလာသည်ဟု ဆိုရမှာမို့ ဒေါ်ထားခင်ကြီးက ဒီမြေးမကို အမြင့်တစ်နေရာမှာ ဖူးဖူးမှုတ်ထားရပါသည်။

တစ်ချိန်က ဆင်းရဲလှတဲ့ ဘဝကို ပြောင်းပြန်လှန်ပစ်ကာ ခုချိန်မှာတော့ အတက်တန်းစားပီပီ နေချင်သည်။ ဒါ့ကြောင့်ပဲ မြေးမကို အထက်တန်းစားစိတ်ပေါက်ပြီး စိတ်ကြီးဝင်နေအောင် သွန်သင်ထားရပါသည်။ ပေဖြစ်တုန်းခံ၊ တူဖြစ်ရင်နှံ ဆိုသော စကားလို ကိုယ်နိမ့်ကျတုန်းက ခေါင်းငုံ့ခံခဲ့ရဖူးပြီမို့ ခုလို ကိုယ်က ဆယ်ပေါင်တူလောက် ဖြစ်လာချိန်မှာ ကိုယ့်အောက်လူတွေကို နာနာလေးနှံ့ပြီး ကိုယ်က အပေါ်စီး အထက်စီးက ငုံ့ကြွားကြွားကြီးကို နေပစ်လိုက်ရတာ တော်တော်ပဲ အရသာရှိလှပါပေသည်။

မြေးက စိတ်ကြီးဝင် ဘဝင်တွေမြင့်ကာ ဟိုဟာဒီဟာ အကောင်းစားတွေ ပူဆာတတ်လေ၊ ကိုယ်ကလည်း အကောင်းစားတွေ သုံးစွဲရလေ၊ မြေးက အရွယ်မရောက်သေးသူမို့ ငွေရေးကြေး ရေးမှန်သမျှဟာလည်း ကိုယ့်လက်ထဲမှာပင်။

ထားသခင်ရဲ့ အဘွားနေရာမှာသာ နေရပေမယ့် ဒေါ်ထားခင်ကြီးက အဘွားကြီးအရွယ်တော့လည်း မဟုတ်သေးပါ။ အသက်ကလေးက ခုမှ ၅၅ ရယ်။ ခန္ဓာကိုယ်အပေါ်ပိုင်းကြီးပြီး ဖင်ရှူးလာတာကလွဲရင် ခန္ဓာကိုယ်က အလတ်ကြီးရှိသေးတာ။ ခုလို ခရီးသွားသည့်အချိန်တွေမှာ ကောင်းဘီရှည်နှင့် အင်္ကျီပွပွ အဆင်ကြောင်ကျား အရောင်တောက်တောက်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဝတ်ကာ နေကာမျက်မှန်အဝိုင်းကြီးတပ်၊ ဦးထုပ်လှလှကြီး ဆောင်းလိုက် ပြီမျှားဆို နိုင်ငံခြားသူနဲ့တောင် တူသွားသေး။

ဒေါ်ထားခင်ကြီးဟာ ထားသခင်ကို ဖက်ရှင်ကျကျ ဆင်မြန်းပေးပြီး ကိုယ်တိုင်လည်း ဖက်ရှင်ကျကျ ဝတ်စားဆင်ယင် နေထိုင်သည်။ ပိုက်ဆံရှိပြီး အားနေတဲ့ တချို့မိန်းမတွေရဲ့ ဖက်ရှင်တစ်မျိုးဖြစ်တဲ့ ဖရိုက်တဲ့ အလုပ်ကိုလည်း လုပ်သည်။ ရှော်ပင်ထွက်တဲ့အလုပ်ကိုလည်းလုပ်သည်။

ပြင်ဦးလွင်က အိမ်ကြီးကိုလည်း 'ထားသခင်က နွေရာသီဆို ပူလွန်းလို့ ရန်ကုန်မှာ မနေနိုင်ဘူး၊ ရာသီဥတု ပူလွန်းရင် သူ့ပါးနုနုကလေးတွေ ရဲတွတ်လာရော' ဟု တစ်ချက်ကလေး ပြောလိုက်ရုံနှင့် ထားသခင်အဖေက 'ဝယ်စေ' ဟု ခွင့်ပြုခဲ့တာပင်။ နွေရာသီမှာ သွားနေဖို့ ပြင်ဦးလွင်မှာ အိမ်တစ်လုံးရှိတယ်ဆိုတာဟာလည်း ပိုက်ဆံရှိသူတွေရဲ့ ဖက်ရှင်တစ်မျိုးပေပေါ့ ...။

ထားသခင်ရဲ့ နွေကျောင်းပိတ်ရက် နီးပြီဆို ဒေါ်ထားခင်ကြီးမှာ ရှော်ပင်ထွက်ရတာ အမော။ ခရီးသွားရင် ဝတ်ဖို့ ဖက်ရှင်ကျကျ အရောင်တောက်တောက်ပပ အဝတ်တွေကို အလျှံပယ်ဝယ်သည်။ ပြင်ဦးလွင်က မိတ်ဆွေတွေအတွက် လက်ဆောင်တွေလည်း ဝယ်ရသည်။ နှစ်စဉ်သွားနေကျမို့ ပြင်ဦးလွင်မှာ ပိုကာ ဒေါင်းဖော်၊ လမ်းလျှောက်ဖော် ဘော်ဒါတွေလည်း ရနေခဲ့ပြီ။

"မေမေကြီး ဗျူးပွိုင့် ရောက်ပါပြီ ..."

"အေး ... အေး ... ကားရပ်လိုက်တော့ဟေ့ ..."

ဒရိုင်ဘာ ဦးတင့် အသံကြားမှ ဒေါ်ထားခင်ကြီးက ပတ်ဝန်းကျင်ကို လှမ်းမျှော်ကြည့်ရင်း ကားရပ်ဖို့ အမိန့်ပေးလိုက်ပါသည်။

ဦးတင့်က ကားရပ်ပေးတာနှင့် ဒေါ်ညိုမြက ကားပေါ်မှ ဆင်းကာ ဒေါ်ထားခင်ကြီးဘက်က ကားတံခါးကို ဆေးသို့ တွန်း၍ဖွင့်ပေးလိုက်သည်။

ဘာဘာရီတံဆိပ် ဂါဝန်အနီရဲရဲလေးပေါ်မှာ မွေးပွ အနွေး





အင်္ကျီ ခါးတိုတိုလေး ဝတ်ထားသော ထားသခင်က သခင်မ လေးတင်ဝါး လို စတိုင်လ်ဖြင့် မျက်နှာကလေး မော့ချီကာ ကားပေါ်မှ ဆင်းလာသည်။

ဒေါ်ထားခင်ကြီးက နောက်မှလိုက်ဆင်းလာကာ ထားသခင် လက်ကို လှမ်းတွဲလိုက်သည်။

မြေးအဘွားနှစ်ယောက် ဗျူးပွိုင့်နေရာလေးမှာ ရပ်နေဆဲ၊ လူအပြည့်တင်ထားသော ဟိုင်းလက်ကားတစ်စီး ဖြတ်သွားတာကို ထားသခင်က လှည့်ကြည့်ရင်း ...

"ဘွားဘွား ... သူတို့တွေက ဘာဖြစ်လို့ ကားသေးသေးလေးထဲမှာ လူတွေအများကြီး စုပြုံစီးသွားကြတာလဲဟင်"

"သူတို့က မြေးလို မချမ်းသာလို့၊ ဆင်းရဲကြလို့ ကားစုတ်ကလေးထဲမှာ စုပြုံစီးရတာပေါ့ မြေးရဲ့ ..."

"ထားထားဆို အဲ့ဒီလိုမျိုး ဘယ်တော့မှ မစီးဘူး"

"ဒါပေါ့ မြေးရဲ့၊ မြေးက သူဌေးမလေးပဲဟာ၊ ဒါမျိုး ဘယ်စီးရပါ့မလဲ ..."

"တစ်သက်လုံး မစီးဘူး ..."

"စိတ်ချ ...၊ မြေးက အဘွားကြီးဖြစ်တဲ့အထိ ချမ်းချမ်း သာသာနေရမှာ၊ ဒါမျိုး ဘယ်တော့မှ မစီးရဘူး၊ ဘွား မြေးက သူဌေးမကလေးပဲဟာ ..."

ဒေါ်ညိုမြက ဒေါ်ထားခင်ကြီး၏ စကားတွေကို ကြားရတာ အသည်းယားလာပြီမို့ သူတို့မြေးအဘွားနှင့် ခပ်ဝေးဝေးနေရာမှာ ရပ်နေသည့် ဒရိုင်ဘာ ဦးတင့်နားသို့ လျှောက်လာခဲ့ပါသည်။

ဒေါ်ညိုမြက ဦးတင့်အနားမှာ ရပ်လိုက်ရင်းက ထားသခင်တို့ဘက်သို့ လှမ်းမျှော်ကြည့်လိုက်ရင်း ...

"ဒီအဘွားတစ်ယောက်နဲ့တော့ ထားသခင်အစား ရင်လေးပါတယ် ဦးတင့်ရယ် ..."

"ဟုတ်ပါ့ မညိုရယ်၊ ကလေးကို သူပဲ ဖျက်ဆီးနေတာ၊ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ကလေးက သူသွင်းတဲ့ပုံစံအတိုင်း ဝင်ပြီး လူအမြင် ကတ်စရာပုံစံမျိုး ပေါက်နေပြီ”

“အဆင့်အတန်း ခွဲခြားလိုက်တာလည်း လွန်ပါရော၊ သူ့ အဘွားနဲ့ တစ်ပုံစံတည်း ဖြစ်နေပြီ”

“ဒေါ်ထားခင်ကြီးတို့ကတော့ မရစဖူး စည်းစိမ်တွေ ရကတည်းက အောက်ခြေလွတ်ပြီး ဘဝင်မြင့်သွားတော့တာပါပဲ မညိုရယ်၊ သူ ကိုယ်တိုင်က နိမ့်နိမ့်ကျကျ ဘဝမျိုးမှာ နေခဲ့ရတော့ သူ ပိုက်ဆံရှိလာချိန်မှာ ဆင်းရဲတဲ့သူတွေကို စာနာမယ်ပဲထင်ခဲ့တာ၊ သူက မစာနာတဲ့အပြင် ပိုတောင် နှိမ်နေသေးတယ်”

“ထားသခင် အဖေ ပို့တဲ့ ပိုက်ဆံတွေကိုလည်း ထားသခင် အတွက်က နည်းနည်း၊ သူ့အတွက်က များများ သုံးနေလိုက်တာများ ...”

“သုံးရုံတင်ဘယ်ဟုတ်မလဲ၊ ဖဲရိုက်၊ ချဲထိုးပြီး ဖြုန်းသေးတာလေ”

“ထားထားအဖေက ဒါတွေမသိဘူးလား ဦးတင့်ရယ်”

“အဘေးစိတ်တော့ ဘယ်သိပါ့မလဲ၊ သိလည်း သူ့အတွက်ကတော့ ဒီကိုပို့ရတဲ့ ပိုက်ဆံဆိုတာ အပရိကပဲ နေမှာပေါ့၊ သူ့မိန်းမက အရမ်းချမ်းသာတာ ...”

“သူ့ထက်လည်း အသက်ကြီးဆို ...”

“အင်း ... ဆယ်နှစ်လောက်တော့ ကြီးမယ်ထင်တာပဲ၊ သူ့ မိန်းမဘက်က သားတွေ သမီးတွေလည်း ပါလာတာဆိုတော့ ထားသခင်ကို ဟိုဒေါ်ထားလို့လည်း အဆင်မပြေတော့၊ ဒီမှာပဲ သူ့အဘွားနဲ့ ထားရတော့တာပေါ့ ...”

“ဒေါ်ထားခင်ကြီး သွန်သင်ပုံမျိုးနဲ့တော့ ဒီကလေးမလေးလည်း ပိုက်ဆံထောက်ပံ့မယ့် အုပ်ထိန်းသူသာ မရှိတော့ရင် ကုဋေရှစ်ဆယ် သူဌေးသားလို ဆင်းရဲဒုက္ခတွေ ရောက်သွားတော့မှာ ...”

“မညိုက စိတ်ပူတယ်ပေါ့”

“ပူရတာပေါ့ ဦးတင့်ရယ်၊ သူ ဘယ်လောက်ဆိုးဆိုး သူ ငယ်ငယ်





လေးကတည်းက ကျွန်မပဲ စောင့်ရှောက်ရတာဆိုတော့ သံယောဇဉ်ကလေးတော့လည်း ရှိတာပေါ့၊ ဦးတင့်ရော မရှိလို့လား”

“ခင်ဗျားလောက်တော့ သံယောဇဉ် မထားနိုင်ပေါင်ဗျာ၊ လူကလေး လက်တောက်လောက်နဲ့ သခင်မပုံစံ အချိုးချိုးပြီး သူ့အဖေလောက် ရှိတဲ့ ကျုပ်ကို အပေါ်စီးက သဟောက် သဟလုပ်ရင် စိတ်တော့ ကုန်သဗျ ...”

“ဒါဆိုလည်း အလုပ်ထွက်ပြီး တခြားမှာ သွားလုပ်ပါလား”

“ကျုပ် အလုပ်ထွက်သွားတော့ ကျုပ်နေရာမှာ ရောက်လာမယ့်သူက ကောင်းမှန်းမသိ ဆိုးမှန်းမသိ ဒီဦးနှောက်မရှိတဲ့ အမယ်ကြီးနဲ့ ဘာမှမသိနားမလည်တဲ့ ကလေးတစ်ယောက်ကို အနုကြမ်းစီးသွားတော့ ဘယ့်နှယ့်လုပ်မတုန်း ...”

“အဟင်းဟင်း ... ရှင်လည်း ထားသခင်ကို စိတ်ပူတာပါပဲ ဦးတင့်ရယ် ...”

“အမေတစ်ကွဲ အဖေတစ်ကွဲ နေရတာလေးကို သနားစာနာလို့ပါဗျာ ...”

ဒေါ်ညိုမြနှင့် ဦးတင့်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးဖြစ်သွားပါသည်။

ဦးတင့်ဆိုတာက ဒေါ်ထားခင်ကြီးကို ဒေါ်ထားရဲ့ ဘဝကတည်းက သိခဲ့သူ ...။ ရပ်ကွက်ထဲမှာ အိမ်ချင်းကပ်လျက် နေခဲ့ဖူးသူမို့ ဒေါ်ထားခင်ကြီးတို့အကြောင်းကို အတွင်းသိ အစင်းသိထဲကပင် ...။ ဒေါ်ထားရဲ့ ဘဝကနေ ဒေါ်ထားခင်ကြီးဘဝကို ရောက်ရှိချမ်းသာလာချိန်မှာ ဒေါ်ထားခင်ကြီးက ဦးတင့်ကို အလုပ်ခန့်ခဲ့ပါသည်။

မျက်နှာပြောင်လှတဲ့ ဒေါ်ထားခင်ကြီးဟာ ချက်ချင်းကြီး အချိုးအချိုင်တွေ ပြောင်းသွားကာ မျက်နှာထား ခပ်မော်မော်နှင့် ...

“ဒီမယ် ... မောင်တင့်၊ မင်းနဲ့ ငါဟာ ခုချိန်မှာ ဘဝခြားသွားပြီ၊ အဆင့်အတန်းချင်း မတူတော့ဘူး၊ မင်း ငါ့ကို အရင်လို သိမ်မကြီး



www.burmeseclassic.com

www.burmeseclassic.com



လို့ ခေါ်လို့မရတော့ဘူး၊ မျက်နှာစပ်ဖြဲဖြဲနဲ့ ငါ့ကိုမြင်တိုင်း ခဏခဏ ရယ်ပြစရာလည်း မလိုတော့ဘူး၊ ငါ့ကို ခုချိန်ကစပြီး မေမေကြီးလို့ ခေါ်၊ ရိုရိုသေသေ လေးလေးစားစား ဆက်ဆံ၊ အကြောင်းမရှိဘဲ စကားလာမပြောနဲ့၊ ရယ်လည်းမပြနဲ့ ...”

ဟု ပြောခဲ့တာမို့ ဦးတင့်မှာ ရယ်လည်းရယ်ချင်၊ အမြင်လည်း ကတ်ရတာ တော်တော် မျက်နှာပြောင်ပေတာပဲဟု တွေးမိခဲ့ပါသည်။ ဒေါ်ထားခင်ကြီးက တစ်ဖန် ...

“ငါပြောတဲ့အတိုင်းနေပြီး ငါ့ကို လေးစားရင် လခများများပေးမယ် ... ကြားလား”

ဟု ထပ်ပြောကာ တကယ်လည်း ပုံမှန်လစာရဲ့ နှစ်ဆကို ပေးထားခဲ့တာမို့ သိပ်ကြည့်မရသော်လည်း ‘မေမေကြီး’ ဟု ခေါ်ခဲ့ရကာ အပိုးကျိုးကျိုး နေခဲ့ရတာပင်။ ဒီအဒေါ်ကြီးကို မေမေကြီးဟု ခေါ်ရတာ လျှာတော့အယားသား ...။

“ဒါနဲ့ ဦးတင့်က ကျွန်မထက် အရင်အလုပ်ဝင်တဲ့သူ ဆိုတော့ ထားသခင် အမေကို သိမှာပေါ့၊ သူ့အမေက အခု ဘယ်မှာနေသတဲ့လဲ၊ တစ်ခါမှလည်း လာမတွေ့ပါလား”

“ထားသခင်အမေက နောက်အိမ်ထောင်နဲ့ဗျ၊ သူ့နောက် ယောကျ်ားက သိပ်မစွံပါဘူးဗျာ၊ အရက်အိုးမှာ ချိုးကပ်နေတဲ့သူမျိုးပါ၊ ဘာအလုပ်မှလည်း လက်ကြောတင်းတင်း မလုပ်တဲ့အပြင် မိန်းမကလည်း တစ်ချီ တစ်ချီ မွေးလိုက်သေး၊ မိန်းမလုပ်စာကို အမြိန့်သားထိုင်စားချင်တဲ့ လူမျိုးပါပဲဗျာ”

“ဦးတင့်က သူတို့အိမ် ရောက်ဖူးတာလား”

“ဟိုးအရင်ကပါ၊ ဒေါ်ထားခင်ကြီးက ထားသခင်အမေကို သူ့သမီးနဲ့ လာမတွေ့ဖို့ပြောပြီး ပိုက်ဆံသွားပေးခိုင်းတာနဲ့ နှစ်ခါသုံးခါတော့ ရောက်ခဲ့ဖူးတယ်၊ ခုတော့ မရောက်တာကြာပါပြီ၊ ဘယ်နေမှန်းလည်း မသိတော့ပါဘူး”





“အင်း ... ထားသခင် အမေဘဝက နိမ့်ကျနေတော့လည်း မေမေကြီးက ထားသခင်နဲ့ မပတ်သက်စေချင်ဘူးထင်ပါတယ်လေ ...”

ဒေါ်ညိုမြက ညည်းညူသလိုပြောရင်း ထားသခင်တို့ မြေးအဘွားဘက်ကို လှမ်းမျှော်ကြည့်မိသည်။

သူတို့မြေးအဘွားက ကားဘက်သို့ ပြန်လျှောက်လာပြီ။ ထားသခင် ဘာများလိုအပ်မလဲဟု အနားမှာ အသင့်ရပ်စောင့် နေရသော အားလှနှင့် မိနှောင်းက ကားဆီ အရင်ကြိုပြေးသွားကာ ကားတံခါးကို အသင့်ဆွဲဖွင့်ထားကြသည်။

ဒေါ်ထားခင်ကြီးက ဒေါ်ညိုမြတို့ဘက်ကို လှမ်းကြည့်ရင်း ...

“ကဲဟော့ ... ခရီးဆက်ရအောင်”

ဟု လှမ်းပြောလိုက်တာမို့ ဒေါ်ညိုမြနှင့် ဦးတင့်က ကားဆီသို့ ခပ်သုတ်သုတ်လေး လျှောက်လာခဲ့ရချိန်မှာ ထားသခင်က ကားပေါ်သို့ မော့မော့ကျော့ကျော့လေး လှမ်းတက်သွားပါသည်။

O O O



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

ခွန်းသသည် ၁၀ နှစ်အရွယ် ကိုယ်ခန္ဓာကိုယ်လေးနဲ့ မမှု အောင် ကြီးမားသော အနီရဲရဲ နှင်းဆီပန်းစည်းကြီးကို လက်ပိန်ပိန်လေး နှစ်ဖက်ဖြင့် ရင်ဘတ်မှာ အပ်ပွေ့ကာ မနိုင့်တနိုင် သယ်၍ မြေနီလမ်းလေး အတိုင်း ခပ်သွက်သွက် ပြေးလာနေခဲ့ပါသည်။ ပန်းစည်းက ကြီးမားလွန်း တာမို့ လက်ကလေးဖြင့် မမိတမိ ဖက်ပွေ့ထားရကာ ခန္ဓာကိုယ်လေးက ရှေ့သို့ ကော့ကာနေသည်။ ပန်းတွေက မျက်နှာကိုပင် ကွယ်ထားတာမို့ ရှေ့လမ်းကို ကြိုးစားပမ်းစားကြည့်ရင်း ခြေလှမ်းစိပ်စိပ်လေးဖြင့် တုတ်ချက် တုတ်ချက် ပြေးနေရသည်။

ပန်းစည်းကြီး ပြုတ်ကျမှာစိုးသဖြင့် တအားပွေ့ထား မိသော အခါ နှင်းဆီဆူးတချို့က လက်ကို လာလာစူးနေသည်။ ပန်းရိုးတံတွေကို ငှက်ပျောဖက်ဖြင့်ပတ်ကာ စည်းထားသော်လည်း ဆူးတွေက ဖက်ကိုဖောက် ကာ လက်ကိုလာစူးတာပင် ...။

"အ ... အဟင့် ... စူးလိုက်တာ ..."

ပြေးနေရင်းက လက်ဖျံနှစ်ဖက်မှာ စူးသွားတာမို့ လက်ကို ဖြေလျော့လိုက်ရာ ပန်းစည်းကြီးက အောက်သို့လျှောကျသွားပါသည်။

ခွန်းသက ပန်းစည်းအောက်မကျသွားအောင် အမြန် ပြန်ဖမ်း





လိုက်ချိန်မှာ အောက်သို့ မမြင်ရတော့ဘဲ လမ်းပေါ်က ခဲလုံးကို ခလုတ် တိုက်၍ လဲလေသည်။

ပန်းစည်းကိုပွေ့ဖက်လျက် မှောက်ရက်လဲတာမို့ နှင်းဆီဆူး ဆူးက ရင်ဘတ်ကို စစ်ခနဲ စစ်ခနဲ လာစူးသည်။ ဆွယ်တာအင်္ကျီထူ ထူထားလို့သာ တော်တော့သည်။ ဒါတောင် ဆူးတချို့က ဆွယ်တာကို ဖောက်ကာ ရင်ကိုလာစူးသည်။ ဆူးဖျားကလေးတွေ စူးသဖြင့် ရင်ဘတ် တစ်ခုလုံး စပ်ကာ ပိုးကောင်လေးတွေ ကိုက်သလို စူးနေသည်။ နာလွန်း သဖြင့် ချက်ချင်း ပြန်မထနိုင်၊ ပြီးတော့ လှုပ်လိုက်ရင် ပန်းတွေ ကြွေမှာ စိုးသည်။

"ဟဲ့ ... ဟိုမှာ ကလေးတစ်ယောက် ချော်လဲသွားပြီ"

အမြင်မတော်သော လမ်းသွားလမ်းလာ အဒေါ်ကြီး တစ် ယောက်က ခွန်းသဆီ ပြေးလာကာ ဆွဲထူပေးဖို့ လက်လှမ်းလိုက်သည်နှင့် ခွန်းသက အထိတ်တလန့် အော်လိုက်သည်။

"အဒေါ် ... အဒေါ် ... မထူနဲ့ ... မထူနဲ့"

"ဟဲ့ ... ဘာဖြစ်လို့လဲ၊ ချော်လဲနေတာမဟုတ်လား"

"ပန်းတွေ ကြွေမှာစိုးလို့ အဒေါ်ရဲ့၊ ကျွန်တော့်ဘာသာ ဖြည်းဖြည်း လေး ထမယ်"

"သြော် ... ဒီကလေးနှယ် လူ့ထက်ပဲ ပန်းက အရေးကြီးနေသလား၊ ဆူးတွေ မင်းကို မစူးဘူးလား"

"စူးတော့ စူးတယ် အဒေါ်၊ ဒါပေမယ့် ဒီပန်းက အရေးပိုကြီးတယ်၊ ကျွန်တော့် ဘကြီးမိုးက မထိမခိုက်အောင် ဂရုစိုက်သယ်ဖို့ သေချာ မှာလိုက်တာ၊ ဒီနေ့ရောက်မယ့် ဧည့်သည်က နှင်းဆီနီတွေ အများ ကြီး ပန်းအိုးထိုးထားမှ ကြိုက်တာတဲ့ဗျ ..."

ခွန်းသ ပန်းတွေကို တယုတယ ကိုင်ရင်း ထဖို့ ကြိုးစားနေ တာမို့ အဒေါ်ကြီးက ခွန်းသရဲ့ လက်မောင်းရင်းကို ကိုင်ကာ ဆွဲထူပေး လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးက ခွန်းသကို သေချာငုံ့ကြည့်လိုက်ရင်း ...

"နေပါဦး ... မင်းက မဟာစံအိမ်က ဘကြီးမိုးနဲ့ ဘာတော်သလဲ"

"မြေးတော်တယ်ဗျ ..."

"မင်းကို အရင်က မမြင်မိပါဘူး"

"ကျွန်တော် ဘကြီးနဲ့ လာနေတာ မကြာသေးဘူး"

"သြော် ... ဒါကြောင့်ဖြစ်မယ်"

အဒေါ်ကြီးက ခွန်းသထံမှ ကျွတ်ထွက်သွားသော ဖိနပ်ကလေးတစ်ဖက်ကို သွားကောက်ပေးလိုက်ရင်း ...

"မင်းတို့ မဟာစံအိမ်ရဲ့ အိမ်ရှင်တွေ ဒီနေ့ရောက်မှာပေါ့ဟုတ်လား"

"ဟုတ်ကဲ့၊ ဘကြီးမိုးက ဒီနေ့ရောက်မယ် ပြောတယ်ခင်ဗျ"

"ဒါဆို မင်းတော့မလွယ်ဘူး၊ အိမ်ရှင်က အရမ်းဆိုးတာကွယ့်"

အဒေါ်ကြီး စကားကို ခွန်းသက သိပ်တော့ နားမလည်ပါ။ အိမ်ရှင် ဆိုးတယ်ဆိုတာ ဘယ်လိုမျိုးလဲလို့ သိပ်မသိပါ။

"မင့်ပန်းစည်းကြီးကို ဒီလိုပိုက်သွားရင် တစ်လမ်းလုံး စူးနေမှာပေါ့ကွယ်၊ ဘကြီးမိုးတို့ကလည်း ကလေးကို မနိုင်မနင်းတွေ ခိုင်းရ တယ်လို့၊ ကဲ ... ကဲ ... လာ ... ဒီနားကို၊ ပန်းစည်းကို မင့်ခေါင်းပေါ် တင်ပေးမယ်၊ ခေါင်းပေါ်သာ ရွက်သွားပေတော့၊ ခေါင်းမနာအောင် ခေါင်းခုတော့ ခုမှဖြစ်မယ်၊ မင်း ပုဆိုးချွတ်လိုက်"

"ခင်ဗျာ ..."

"အောက်မှာ ဘောင်းဘီပါတယ် မဟုတ်လား"

"ဟုတ်ကဲ့ ..."

"ဒါဆို ချွတ် ..."

ခွန်းသက ပုဆိုးလေးကို ချွတ်ချပေးလိုက်တော့ အဒေါ်ကြီးက ကောက်ယူကာ ခေါင်းခုဖြစ်အောင် ခွေပတ်ပြီး ခွန်းသခေါင်းပေါ်သို့ တင်ပေးသည်။ ပြီးမှ ခွန်းသ ပွေ့ထားသည့် ပန်းစည်းကို လှမ်းယူကာ ခေါင်းခုပေါ်သို့ သေချာတင်ပေးလိုက်ပါသည်။





"ကဲ ... သေချာမြဲအောင် တင်ထားပေးတယ်၊ လက်နှစ်ဖက်နဲ့ မြဲမြဲ ကိုင်ပြီး သယ်သွားတော့၊ ဘကြီးမိုးကိုလည်း ပြောလိုက်ဦး၊ ဒေါ်စော မေက မေးတယ်လို့ ..."

"ဟုတ်ကဲ့ ..."

"ကဲ ... ကဲ ... သွားတော့ ..."

ခွန်းသက ပန်းစည်းကို ခေါင်းပေါ်ရွက်ကာ အိမ်ဘက်သို့ ခပ်သွက်သွက် ဆက်ပြေးလာခဲ့ပါသည်။

ဒေါ်စောမေကတော့ ပန်းစည်းကိုရွက်ကာ သုတ်သုတ်ပြေးသွားနေသော၊ ဒူးခေါင်းလောက် ဖလန်နယ်ဘောင်းဘီပွလေး ဝတ်ထားသည့် ခွန်းသကို လှမ်းကြည့်ရင်း ခေါင်းတညိတ်ညိတ်နှင့် ပြုံးကျန်နေခဲ့သည်။ ဒီကလေးကိုကြည့်ရတာ ယဉ်ယဉ်ကျေးကျေးနှင့် ချစ်စရာ သနားစရာလေးမို့ပင်။

ခွန်းသက ပြေးနေရင်းက ခန္ဓာကိုယ်ကို တစ်ပတ် လှည့်၍ အဒေါ်ကြီးကို လှည့်ကြည့်ရင်း ပန်းစည်းကိုင်ထားရသည့် လက်တစ်ဖက်ကို ချွတ်ကာ ခပ်မြန်မြန်လေး လက်မြှောက်ပြ နှုတ်ဆက်သွားသေးသည်။

ဒီနေ့အဖို့မှာတော့ ဒီပန်းတွေကို မထိမခိုက်ဘဲ အိမ်အထိ သယ်သွားနိုင်ဖို့ကိစ္စဟာ အတော်ပဲ အရေးကြီးနေပါသည်။

ဘကြီးမိုးက ခွန်းသကို တဖွဖွမှာလိုက်သည်။

"ဒီအိမ်ပိုင်ရှင် သူဌေးမကလေးက နှင်းဆီသိပ်ကြိုက်တာ လူကလေးရဲ့၊ နှင်းဆီပန်းအရောင်ကလည်း အနီရောင်မှ၊ ဒါကြောင့် ခြံထဲမှာ နှင်းဆီနီတွေချည်း စိုက်ထားပေးရတာ၊ သူက သူလာတဲ့အခါမှာ နှင်းဆီနီတွေ ပွင့်နေတာမြင်မှ သဘောကျတာ၊ ပြီးတော့ တစ်အိမ်လုံးက ပန်းအိုးတွေထဲမှာ နှင်းဆီနီတွေ အများကြီးထိုးထားမှကြိုက်တာ၊ ခြံထဲ ဝင်လိုက်တာနဲ့ နှင်းဆီနံ့သင်းနေမှ၊ နှင်းဆီနီတွေ မြင်ရမှ၊ အိမ်ထဲဝင်လိုက်ရင်လည်း နှင်းဆီနံ့ရမှ၊ နှင်းဆီပန်းထိုးထားတဲ့ ပန်းအိုးတွေ အများကြီး ဝေဝေဆာဆာရှိနေတာကို မြင်ရမှ



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်တာ၊ အဲဒီလိုမှ သူ့အကြိုက်လုပ်မထားရင် ဒေါသူပုန်ထပြီး သောင်းကျန်းရောကွယ် ...”

ဘကြီးမိုးက အိမ်ကြီးရှင်တွေအပေါ် သစ္စာစောင့်သိကာ ရိုသေအလေးထားသူပင် ...။ ဒီအိမ်ကို အိမ်ကြီးရှင်တွေ လာမည့်အကြောင်းကို ခနေ့ကမှ အကြောင်းကြားလာခဲ့တာမို့ ဘကြီးမိုးရော ခွန်းသပါ ပျာယာခတ်အောင် အလုပ်တွေများသွားခဲ့တာပင် ...။

ပန်းအိုးထိုးဖို့ ခြံထဲက နှင်းဆီတွေနှင့် မလောက်တာမို့ အပြင်ကနေ ပြေးဝယ်ရတာပင် ...။ မနေ့ကတည်းက သွားဝယ်ထားရင် ရမေမယ့် အိမ်ကြီးရှင်မက နှင်းဆီပင်ကနေ လတ်လတ်ဆတ်ဆတ် ခူးထားသည့် နှင်းဆီကိုသာ ကြိုက်တတ်သည်ဟု ဘကြီးမိုးကဆိုပါသည်။ ထို့ကြောင့်ပင် အိမ်ကြီးရှင်မ ရောက်မည့်နေ့ကျမှ အပြေးအလွှား သွားဝယ်ရတာပင်။

တော်တော် ကြီးကျယ်တဲ့ အိမ်ကြီးရှင်မပါလားဟုတော့ ခွန်းသက တွေးမိသည်။ ထိုအိမ်ကြီးရှင်မကို တစ်ခါမှတော့ မမြင်ဖူးသေးပါ။ ခွန်းသက ဤမဟာစံအိမ်ကို ရောက်လာတာ မကြာသေးတာမို့ ဘကြီးမိုး စောင့်ရှောက်ထားရသော ဤအိမ်ကြီးကို အိမ်ရှင်တွေ ရောက်လာတာ တစ်ခါမှ မကြုံဖူးသေးပါ။

ခွန်းသသည် ပန်းစည်းကြီးကို ခေါင်းပေါ်ရွက်ရင်း မဟာစံအိမ်ခြံဝန်းကြီးထဲသို့ ပြေးဝင်လာပါသည်။ အိမ်ဆောက်ထား သောနေရာက ကုန်းမြင့်မြင့်လေးပေါ်မှာမို့ ကုန်းမြင့်ပေါ်ကို မောကြီးပမ်းကြီး ပြေးတက်လာရသည်။

ဟော ... ဟိုမှာ ဘကြီးမိုးကို မြင်ရပြီ။

အိမ်ရှေ့ မြက်ခင်းပြင်ကြီးပေါ်မှာ မြက်ရိတ်နေသော ဘကြီးမိုးကို မြင်သည်နှင့် ခွန်းသက ပြေးလာနေရင်းက အော်ပြောလာသည်။

“ဘကြီးမိုးရေ ... ဘကြီးမိုး ... ဒီမှာ ပန်းတွေ ရလာပြီဗျို့၊ ပန်းတွေကတော့ လန်းမှလန်း၊ အပွင့်တွေလည်း ကြီးမှကြီးပဲ”





“ဟေ ... တယ်ဟုတ်ပါလား လူကလေးရဲ့၊ မင်းက ဝယ်တတ်သားပဲ၊ ပန်းတွေလည်းအများကြီးပဲ၊ ဘကြီးမိုးပေးတဲ့ပိုက်ဆံနဲ့ လောက်ရဲ့လား”

“လောက်ပါတယ် ဘကြီးရဲ့၊ ကျွန်တော် မရမက အဆစ် တောင်းလာလို့ ဒီလောက်များတာ၊ အီး ... လည်ပင်းညောင်းနေပြီ ဘကြီးရဲ့၊ ပန်းစည်း ချပေးပါဦး”

“အေးပါကွယ် ... အေးပါ၊ လူကလေးလည်း ပင်ပန်းရောပေါ့၊ အနောက်အိမ်ပြန်ပြီး ရေလေးသောက်ပြီး ခဏနားလိုက်ဦး၊ အမော ပြေရင် ပြန်လာခဲ့နော်၊ အိမ်ရှင်တွေမလာခင် အလုပ်ပြီးအောင် ဘကြီးကို ကူဦး ...”

ဘကြီးမိုးက ခွန်းသ ခေါင်းပေါ်က ပန်းထုပ်ကို ယူကာ အနားက ရေကန်ဘောင်ပေါ်သို့ လှမ်းတင်ရင်း ပြောသည်။

ခွန်းသက ခေါင်းပေါ်က ခေါင်းခုအဖြစ် ခွေထားသော ပုဆိုးကိုယူကာ ဖြန့်ဖြေ၍ တစ်ချက်ခါလိုက်ပြီး ပုဆိုးအဖြစ် ပြန်ဝတ်ရင်း ...

“ဘကြီးမိုး မနေ့ကတည်းက မြက်ရိတ်ပြီးသားကို ဘာလို့ ထပ်ရိတ်နေရတာလဲ ...”

“နည်းနည်းလေး ထပ်ပြီး အချောကိုင်ရုံပါကွယ်၊ ထားသခင်က သူလာရင် ခြံထဲက မြက်ခင်းအားလုံး ကတ္တီပါ ခင်းထားသလို အိအိစက်စက် ညီညီညာညာလေး ခင်းထားမှ ကြိုက်တာ”

ခွန်းသက နှုတ်ခမ်းကို မဲ့လိုက်ရင်း ...

“တော်တော်ချေးများတဲ့ ဒေါ်ထားသခင်ပဲနော် ဘကြီး”

ခွန်းသ စကားကြောင့် ဘကြီးမိုးက ရယ်ရင်း ...

“ဒေါ်တပ်မခေါ်ရပါဘူး လူကလေးရဲ့၊ ထားသခင်က မင်းနဲ့မှ ရွယ်တူလောက်ပဲရှိတာ”

“ဟင် ... ဘကြီးပြောတော့ ထားသခင်ဆိုတာ အိမ်ကြီးရှင် သူဌေးမဆို ...”



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ..."

"ဒါဆို ဘကြီးပြောတဲ့ သူဌေးမက ကျွန်တော်နဲ့ ရွယ်တူပေါ့"

"အေးလေကွယ် ..."

"အစိပ္ပာယ်မရှိပါဘူး ဘကြီးရာ၊ ကျွန်တော်တို့အရွယ်ဆို ကလေးဆဲ၊ ကလေးက ဘယ်လိုလုပ် အိမ်ကြီးရှင်သခင်မ ဖြစ်ရမှာလဲ ..."

"နိုင်ငံခြားမှာနေတဲ့ သူ့အဖေက သူ့အတွက် အိမ်တွေ၊ ခြံတွေ၊ ကားတွေ ဝယ်ပေးထားတော့ သူက သူဌေးမကလေးပေါ့ လူကလေးရဲ့ ..."

"ထူးဆန်းလိုက်တာနော် ဘကြီး ...၊ နာမည်ကလည်း ထားသခင်တဲ့၊ တစ်မျိုးကြီးပဲ ...၊ အဲ့ဒီလို နာမည်မျိုး တစ်ခါမှ မကြားဖူးဘူး"

"သူ ရောက်လာရင် သူ ဘာပြောပြော ခေါင်းငုံ့ခံနော် လူကလေး၊ သူခိုင်းတာလုပ်၊ သူ့ကို ကလန်ကဆန်မလုပ်မိစေနဲ့၊ သူက သိပ်ဒေါသကြီးတယ်၊ သူ့အဘွားကိုလည်း ဒီအတိုင်းပဲ ဆက်ဆံရမယ်"

"သူက မဟုတ်တာပြောလည်း ခေါင်းငုံ့ခံရမှာပဲလား ဘကြီးမိုး ..."

"အေးပေါ့ကွယ် ...၊ သူတို့ကအိမ်ကြီးရှင်တွေပဲ၊ သူတို့မှာ ဒီလောက် တန်ဖိုးကြီးတဲ့ အိမ်ကြီး ဝယ်ထားပြီး တစ်နှစ်မှ တစ်ခါလာနေရတာ ဘကြီးတို့က နောက်ဘက်အိမ်ကလေးမှာ တစ်နှစ်ပတ်လုံး နေပြီး ခြံထဲက ပန်းတွေ၊ စိုက်ခင်းက အသီးအနှံတွေကို ခူးရောင်းစား ခွင့်ရတာ ဘယ်လောက် အဆင်ပြေသလဲ၊ သူတို့ လာတုန်းလား ခိုက်မှာ ကိုယ့်ဘက်က အကောင်းဆုံး ဧည့်ဝတ်ပြုမှ ကျေးဇူးဆပ်ရာ ရောက်မှာပေါ့ကွယ်၊ ကဲ ... ကဲ ... သွား ... သွား၊ ရေသွားသောက် ပြီး နားလိုက်ဦး"

"မနားတော့ပါဘူး ဘကြီးရယ်၊ ဘကြီးကိုပဲ ကူပါ့မယ်၊ ကျွန်တော် ဘာလုပ်ပေးရမလဲသာ ပြောပါ"

ရှိရှိကျိုးကျိုး ပုံစံလေးဖြင့် ပြောနေသော ခွန်းသကို ဘကြီး မိုးက ချစ်စနိုး ပြုံးကြည့်ရင်း ခေါင်းလေးကို လှမ်းပုတ်မိသည်။





ဒီကလေးဟာ အလွန်လိမ္မာပြီး အလွန်လည်း သနားစရာ ကောင်းတဲ့ ကလေး၊ အရွယ်နဲ့မလိုက်အောင် ရင့်ကျက် သိတတ်ရှာတဲ့ ကလေးမို့ သနား အချစ်ပိုရပါသည်။

လူကလေးရဲ့ အမေဟာ လူကလေး တစ်နှစ်သားလောက်မှာပဲ အအေးမိ အပြင်းဖျားကာ ဆုံးပါးသွားခဲ့သည်။ လူကလေး အဖေ ကိုယ့်တူကတော့ လွန်ခဲ့တဲ့ ၆ လလောက်ကမှ မော်ထဲသွားမည်ဆိုကာ ဆကန့်ဘက်သို့ထွက်သွားတာမို့ ဒီကလေးကို ကိုယ်ကပဲ ခေါ်မွေးထားခဲ့ ရတာပင် ...။

ခွန်းသလေးဟာ လိမ္မာအပိုးကျိုးကာ စာလည်းတော်သည်။ ချို့ချို့ငဲ့ငဲ့ ပညာသင်ရပေမယ့် နှစ်စဉ် ပထမ၊ ဒုတိယ၊ တတိယ ဝင်တာမို့ နောက်နှစ်ခါဆို လေးတန်းတက်ရမည့် ဒီ ကလေးရဲ့ ပညာရေးကိုလည်း ကိုယ်ကပဲ ဆက်လက်တာဝန်ယူ ရမည်ပင်။

"ဟိုနှင်းဆီပန်းအိုးတွေထဲက အဖူးအပွင့်မရှိတဲ့ ပန်းအိုးတွေကို သပ်သပ်ဖယ်ပြီး အိမ်နောက်ဘက်ကို ပို့ပစ်ရမယ်၊ ဒီရှေ့မှာ ပန်းရှိတဲ့ အပင်ကိုပဲ ထားရမယ်"

"ဘာလို့ အဲ့ဒီလိုလုပ်ရတာလဲဟင် ဘကြီး၊ ဟိုအပင်တွေက ဒီနေ့ မပွင့်ပေမယ့် နောက်နေ့ ပွင့်လာမှာပဲဟာ၊ ဒီရှေ့မှာပဲ ထားလို့ မဖြစ်ဘူးလား"

"မဖြစ်ဘူး မြေးရဲ့၊ ထားသခင်က အပွင့်မရှိတဲ့ နှင်းဆီပင်တွေကို မမြင်ချင်ဘူးတဲ့၊ ကဲ ... အဲ့ဒီအိုးတွေ ရွှေ့ပြီး နောက် ဘက်သယ် ပို့ပေး၊ ဘကြီးလည်း ဒါပြီးရင် လာကူရွှေ့မယ်"

"ဒါပြီးရင်ရော ဘာလုပ်ရဦးမလဲ ဘကြီး ..."

"အိမ်ထဲမှာ မင်းသယ်လာတဲ့ နှင်းဆီတွေ လိုက်ထိုးရမယ်"

ဘကြီး စကားဆုံးတာနှင့် ခွန်းသက ပုဆိုးကို ပြန်ချွတ်ပြီး အနားက သစ်ပင်ငုတ်လေးမှာ သွားချိတ်ထားလိုက်ပြီး ဘောင်းဘီတို လေးနှင့်ပင် ပန်းအိုးတွေဘက်သို့ ပြေးထွက်သွားသည်။ ပြီးတော့ ဖူးပွင့်



www.burmeseclassic.com

www.burmeseclassic.com



နေသည့် နှင်းဆီပန်းအိုးတွေကို စီတန်း၍ လှလှပပ နေရာချသည်။ အပွင့်မရှိသည့် အိုးတွေကို တစ်အိုးပြီး တစ်အိုးမကာ နောက်ဘက်သို့ အပြေးကလေး သယ်ပို့နေလေသည်။

ဘကြီးမိုးက မြက်ရိတ်ရင်းက ကြိုးစားပမ်းစား အပြေးအလွှားလုပ်နေသည့် ခွန်းသကို လှမ်းလှမ်းကြည့်ရင်း သနားလာကာ မြက်ရိတ်ခြင်းကို လက်စသတ်လိုက်ရင်း ...

"ကဲ ... ကဲ ... လူကလေး ဒါတွေထားလိုက်တော့၊ ဘကြီး ဆက်လုပ်လိုက်မယ်၊ မြေးက အိမ်ထဲသွားပြီး ဒေါ်နန်းကို ကူပြီး ပန်းအိုးတွေပဲ လိုက်ထိုးတော့"

"ပြီးရင် လုပ်ပါ့မယ် ဘကြီးရဲ့၊ ဒါလေးပြီးအောင် လုပ်လိုက်ပါဦးမယ်"

"ဒါတွေ ဘကြီး လုပ်လိုက်ပါ့မယ်ကွယ်၊ သွား ... သွား ဟိုမှာ ပန်းထုပ်ယူသွား ...၊ ဒေါ်နန်းက ပန်းတွေ မရောက်မချင်း မျှော်နေရှာမှာ၊ မင့် ဘောင်းဘီတိုလေးနဲ့ အေးနေဦးမယ်၊ ပုဆိုးထပ်ဝတ်လိုက်ဦး"

ခွန်းသက သစ်ငုတ်မှာ ချိတ်ထားသည့် ပုဆိုးလေးကို ပြေးယူဝတ်လိုက်ပြီး ပန်းစည်းကိုပွေ့ကာ မဟာစံအိမ်ကြီးထဲသို့ ဝင်လာခဲ့ပါသည်။

ဤအိမ်ကြီးရဲ့ အတွင်းပိုင်းကို တာဝန်ယူ ပြင်ဆင်ပေးနေသည့် ထမင်းချက်ကြီး ဒေါ်နန်းက ကြွေပန်းအိုးကြီးတစ်လုံးကို ဧည့်ခန်းထောင့်မှာ နေရာချနေရင်းက ခွန်းသကို လှမ်းကြည့်ရင်း ...

"အမလေး ... မင်း ရောက်လာလို့ တော်ပါသေးရဲ့ ခွန်းသရယ်၊ မင်း နောက်ကျနေလို့ ဒေါ်နန်းမှာ မျှော်လိုက်ရတာဟယ်"

"ကျွန်တော် စောစောကတည်းက ရောက်နေတာပါ အမေ နန်းရဲ့၊ ခြံထဲမှာ ပန်းအိုးတွေ ရွှေ့နေလို့ အိမ်ထဲ ချက်ချင်း ဝင်မလာတာပါ"

"ကဲ ... ကဲ ... ဒါဆို လာ၊ ပန်းတွေပေးတော့၊ ဒီမှာ ပန်းအိုးတွေ အားလုံး အသင့်နေရာချပြီးသားပဲ၊ အဆင်သင့် ပန်းတွေ လိုက်ထိုး





ရုံပဲ၊ မြန်မြန်လေးလုပ်မှ၊ တော်ကြာ ပန်းအိုးတွေ ထိုးမပြီးခင် ထားသခင် ရောက်လာရင် ပြဿနာရှာနေဦးမယ်၊ သူက သူရောက်တာနဲ့ အားလုံး အဆင်သင့်ဖြစ်နေမှ ကြိုက်တာ"

"ပန်းအိုးတွေ ကျွန်တော် ထိုးလိုက်ပါ့မယ် အမေနန်း၊ အမေနန်း သွားနားပါတော့"

"ဟဲ့ ... မင်း လက်မှာ သွေးတွေစို့နေပါလား ..."

စကားပြောရင်း ခွန်းသရဲ့ လက်ချောင်းကလေးတွေဆီ အကြည့်ရောက်သွားသော အမေနန်းက ခွန်းသကို လှမ်းမေးသည်။ ခွန်းသက သွေးစို့ရာနီနီလေးတွေ ကျန်နေသေးသော လက်ချောင်းလေးကို ပါးစပ်ဖြင့် စုပ်လိုက်ပြီး ...

"နှင်းဆီဆူး စူးတာဗျ၊ ပန်းစည်းကိုင်လာရင်း မှောက်ရက်လဲလို့ ရင်ဘတ်မှာတောင် စူးသွားသေးတယ်"

"ဖြစ်မှဖြစ်ရလေ၊ အခုကော နာသေးလား"

"နည်းနည်းလေးပဲ နာပါတော့တယ်၊ ကိစ္စမရှိပါဘူး၊ အမေနန်း သွားနားတော့လေ"

"အေး ... အေး ... ဒါဆိုလည်း အမေနန်း သွားနားလိုက်ဦးမယ်၊ မနက်ကတည်းက သန့်ရှင်းရေးလုပ်နေရတာ တစ်ခါမှကို မထိုင်ရသေးဘူး၊ ခြေသလုံးတွေ တောင့်နေပြီ၊ တကတည်း အိမ်ကြီးရှင် သခင်မတို့ကလည်း လာမယ်ဆို ကြိုကြိုတင်တင် အကြောင်းကြားတာ မဟုတ်ဘူး"

အမေနန်းက ဘွင်းဘွင်းကြီး ပြောတတ်သူပီပီ ဗျစ်တောက်ဗျစ်တောက် ပြောရင်း အိမ်နောက်ဘက်သို့ လှည့်ထွက်သွားပြီးမှ ခြေလှမ်းတုံ့ကာ ခွန်းသကို လှည့်ကြည့်ရင်း ...

"ခွန်းသရေ ... ပန်းတွေကို အပွင့်ကြီးတာ လှတာတွေချည်း ရွေးထိုးနော်၊ အပွင့်သေးသေးညှက်ညှက်လေးတွေ မထိုးမိစေနဲ့၊ အရွက် တစ်ဝက်စုတ်ပြဲနေတာ၊ အရိုးငိုက်နေတာ၊ အပွင့်ဖတ်ကြွေနေတာ၊



www.burmeseclassic.com

www.burmeseclassic.com



ခပ်ညှိုးညှိုးဖြစ်နေတာတွေကို လုံးဝ မထိုးမိစေနဲ့၊ ထိုးမိလို့များတော့ တစ်ခါတည်း ပြဿနာတက်သွားမယ်၊ အိမ်ကြီးရှင်မက လွယ်တာ မဟုတ်ဘူး"

"တုတ်ကဲ့ ... ကျွန်တော် သေသေချာချာလေး ထိုးလိုက်ပါ့မယ် ခင်ဗျ"

ခွန်းသသည် ဘကြီးမိုးရဲ့စကား၊ အမေနန်းရဲ့ စကားတွေထဲမှာ တဖွဖွပါနေသော ထားသခင်ဆိုတာ ဘယ်လို ကောင်မလေးမျိုးပါလိမ့်ဟု တွေးကြည့်ပြီးနောက် တော်တော် ကြီးကျယ် ဘဝင်မြင့်၍ ပြဿနာရှာ မောက်မာတတ်သော မိန်းကလေးဆိုတာကို ရိပ်စားမိလာပါသည်။

တော်တော် ကြောက်စရာကောင်းတဲ့ ကောင်မလေးပဲ ထင်ပါရဲ့။ ဒါပေမယ့် ၁၀နှစ်အရွယ် ကောင်မလေးတစ်ယောက်ဟာ ဘယ်လောက်များ ကြောက်စရာကောင်းနိုင်မှာမို့လို့လဲ။ သူ့ဘာသာ အိမ်ကြီးဝိုင်ပိုင် ကားကြီးပဲပိုင်ပိုင် ကလေးဟာ ကလေးပဲပေါ့ ...။ ကလေးမှန်ရင် ဖြူစင်မှုကလေးတော့ ရှိတာပဲဟု ဘကြီးမိုးက ပြောဖူးသည်။

ခွန်းသသည် ထွေရာလေးပါး လျှောက်တွေးမနေတော့ဘဲ ပန်းထုပ်ကြီးကို စည်းထားသည့် ကြိုးတွေကို ဖြည်ချကာ ရိုးတံတွေကို ပတ်ထားသည့် ဖက်တွေကိုဖယ်လိုက်သည်။ ထို့နောက် ပန်းတွေကို တစ်အိုးစာစီ ခွဲယူကာ ဧည့်ခန်းတစ်ဝိုက်က ပန်းအိုးတွေမှာ လှလှပပ လိုက်ထိုးလေသည်။

ဧည့်ခန်းသည် နှင်းဆီနီများဖြင့် ဝေဆာ သင်းပျံ့လာ၏။ ခွန်းသက အလှဆုံး ပန်းတွေကိုသာ ရွေးထိုး၏။ အောက်ထပ်ပြီးတော့ အပေါ်ထပ်သို့ အပြေးတက်လာခဲ့သည်။ အပေါ်ထပ်က ပန်းအိုးထားသည့်နေရာတွေကို ခွန်းသသိ၏။ လှေကားထိပ်မှာလည်း ပန်းအိုးရှိ၏။ ဝရန်တာသို့ ထွက်သည့် တံခါးဝလေး နားမှာလည်း ပန်းအိုးရှိ၏။ အပေါ်ထပ်အခန်းတွေရဲ့ ဝင်ဝမှာ၊ 'စောင်း'တင်ထားသည့် ခုံလေးပေါ်မှာ၊ အပေါ်ထပ် ဧည့်ခန်းစားပွဲမှာ၊ ပြီးတော့ အရှေ့ဘက်က လသာဆောင်မှာတောင် ပန်းအိုးပေါင်းများစွာ ရှိနေခဲ့သည်။





ခွန်းသက နှုတ်ခမ်းလေး စူထော်ကာ လေလေးချွန်ရင်း ပန်းအိုးတိုင်းမှာ နှင်းဆီတွေကို သွက်လက်စွာ ထိုးစိုက်နေသည်။ ရိုးတံတွေ ညီလျှင်လည်း ကပ်ကြေးပြေးယူကာ သေချာညီအောင် ညှပ်ပြီးမှ ပြန်ထိုး၏။ ပန်းတွေကိုင်ရင်း လက်ကို ဆူးရှုးသွားတော့ ကိုယ့်လက်လေးကိုယ် စုပ်ထဲထိုးထည့်ကာ သွေးတွေကို စုပ်ပစ်လိုက်ရလေသည်။

အပေါ်ထပ်က ရှိရှိသမျှ ပန်းအိုးတွေမှာ ပန်းတွေ လိုက်ထိုးပြီးတော့ ခွန်းသ လက်ထဲမှာ ပန်းနှစ်ပွင့် ကျန်နေသေးသည်။ ထိုအခိုက်မှာ ခွန်းသအကြည့်က အခန်းတံခါးတစ်ခုဆီသို့ ရောက်သွားခဲ့သည်။ တံခါးဝမှာ အရုပ်ကလေးတစ်ခု ချိတ်ထားတဲ့ အခန်းဟာ ထားသခင် နေမည့်အခန်းများလား ...။ အခန်းထဲမှာရော ပန်းအိုးရှိနေမလား။ အမေနန်းကတော့ ဘာမှမမှာလိုက်။

ခွန်းသသည် လက်ကျန် နှင်းဆီပန်း နှစ်ပွင့်ကိုကိုင်ကာ ထိုအခန်းဆီသို့ လျှောက်လာခဲ့မိပါသည်။ အခန်းဝရောက်တော့ အခန်းတံခါးကို ချက်ချင်းမဖွင့်ဘဲ ခေါင်းလေးကို တဂျစ်ဂျစ် ကုတ်ရင်း ငြိမ်ရပ်နေမိသည်။ ပြီးကျမှ စိတ်ကိုအားတင်းကာ အခန်းတံခါး လက်ကိုင်ဘုကို လှည့်၍ တံခါးကို ဟရုံကလေးဖွင့်ကာ အတွင်းဘက်သို့ ချောင်းကြည့်မိသည်။

အခန်းတွင်းက ခုတင်ဘေး စားပွဲပုလေးပေါ်မှာ သေးသွယ်ညှပ်ချောသော ပန်းအိုးကလေးတစ်လုံးကို တွေ့ရသည်။ ပန်းတော့ ထိုးထား ...။ လက်ကျန် ပန်းနှစ်ပွင့်ကို အသာကလေး သွားထိုးထားလိုက်ရင် ...။

ခွန်းသက ပြောင်လက်တောက်ပနေသော အခန်း ကြမ်းပြင်ကို ခြေရာမထင်အောင် ခြေဖျားထောက်၍နင်းရင်း အခန်းတွင်းသို့ ဝင်လိုက်သည်။ ထို့နောက် လက်ထဲက နှင်းဆီနီ နှစ်ပွင့်ကို ပန်းအိုးထဲသို့ ခပ်မြန်မြန် ထိုးစိုက်ခဲ့ပြီး အခန်းတွင်းမှ ပြန်ထွက်လာခဲ့သည်။

"ခွန်းသရေ ... မပြီးသေးဘူးလားဟေ့၊ အမြန်လုပ်နော်၊ တော်ကြာ အိမ်ရှင်တွေ ရောက်လာတော့မှာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ပြီးပါပြီ အမေနန်း ..."

အမေနန်းကို ပြန်အော်ပြောလိုက်ပြီး ခွန်းသက အပေါ်ထပ်မှ ပြေးဆင်းလာပါသည်။

ဒီအိမ်ကြီးရဲ့ အရှင်သခင်တွေ ရောက်လာတော့မည်ဟု သတင်းကြားကတည်းက ခွန်းသ ရင်ထဲမှာ ပျော်ရွှင်စိတ်လှုပ် ရှားနေခဲ့ တာပင် ...။ ကြီးမားခမ်းနားသည့် ဒီအိမ်ကြီးရဲ့ အိမ်ရှင်တွေဟာ တစ်နှစ် တစ်ခါသာ ဒီအိမ်မှာနေဖို့ ရောက်လာတတ်သည်ဟု ဘကြီးမိုးကပြောတော့ ခွန်းသက အံ့ဩရသည်။ ခွန်းသတို့မှာဖြင့် နေစရာ တစ်နေရာလေးရဖို့ တော်တော် ခက်ခဲခဲ့ရသည်။ နေစရာရတော့လည်း ကိုယ့်နေရာလေး ကိုယ် ခုံမင်ကာ မခွာတမ်း ကုပ်ကပ်နေမိသည်။ အဖေ မော်ထဲသွားကတည်းက နေစရာ ပျောက်ခဲ့သော ခွန်းသကို ဘကြီးမိုးက ခေါ်ထားလို့သာ ကျော စရာ နေရာလေးတစ်ခု ရခဲ့တာပင်။ ကိုယ်ရသည့် အိပ်ရာနေရာ ကျဉ်းကျဉ် လေးကိုပဲ အမြဲသန့်ရှင်းအောင်ထားကာ ကျေနပ်နေရသည်။ တစ်နေကုန် အလုပ်တွေ ကူလုပ်ပေးပြီး ညရောက်လို့ ကိုယ့်အိပ်ရာလေးမှာ ကျော လိုက်ရတာလောက် အရသာရှိတာ မရှိတော့ချေ။

ဘကြီးမိုး လာခေါ်သဖြင့် ဒီခြံဝန်းကြီးထဲကို ခွန်းသ ရောက် လာစဉ်က အိမ်ကြီးကို ငေးမော့ကြည့်ရင်း အံ့ဩလိုက်ရတာ မပြောပါနဲ့ တော့ ...။

"ဒါကြီးက ပုံပြင်ထဲက ရဲတိုက်ကြီးလားဟင် ဘဘကြီး"

ဟု မေးမိတော့ ဘကြီးမိုးက ရယ်၍ သူ့ခေါင်းကိုပုတ် ကာ ...

"သူဌေးတွေပိုင်တဲ့ အိမ်ဆိုတာ ဒီလို ခမ်းခမ်းနားနားတွေချည်း ကွာ၊ ဘဘကြီးတို့လို လူမျိုးတွေကတော့ ဒီလိုခြံမျိုးတွေရဲ့ နောက် ဘက်က အိမ်ကလေးတွေမှာ နေပြီး ဒီလိုအိမ်ကြီးကို တစ်နှစ်ပတ် လုံး စောင့်ရှောက်ပေးထားရတာပေါ့ လူလေးရာ၊ ဒါမှ သူတို့ရောက် လာတဲ့အချိန်မှာ ဒီခြံကြီးက နေချင့်စဖွယ် အဆင်သင့် ဖြစ်နေမှာ ပေါ့"





ကြားစမှာတော့ ဒီစကားကို မယုံနိုင်သလိုတောင် ဖြစ်ရ သည်။ အိမ်ဝယ်ထားပြီး လူမနေသည့်ကိစ္စကို ကလေးဦးနှောက်ကလေးနဲ့ တွေးအောင် မတွေးနိုင်ခဲ့။ နောက်တော့မှ ဒီနား တစ်ဝိုက်က ခြံကြီးဝန်းကြီးနဲ့ အိမ်ကြီးတော်တော်များများဟာ သူဌေးတွေ နွေရာသီမှာ အပန်းလာဖြေဖို့ ဆောက်ထားသည့် အိမ်တွေချည်းပဲဆိုတာ သိကာ တဖြည်းဖြည်း သဘော ပေါက်လာသည်။

ခွန်းသ ရောက်ခါစကဆို တစ်နေ့တစ်နေ့ ဒီအိမ်ကြီးရှေ့က မြက်ခင်းကျယ်ကြီးအလယ်မှာ ရပ်တန့်ကာ အိမ်ကြီးကို တမေ့တမော ငေးကြည့်နေတတ်ခဲ့ပါသည်။ ဒီအိမ်ကြီးမှာ နေမည့်သူတွေဟာ ဘယ်လို လူမျိုးတွေများပါလိမ့်ဟု စိတ်ဝင်စားကာ တွေ့ချင်မြင်ချင်လှပါသည်။

ခုတော့ ခွန်းသ မြင်ချင်လှသော အိမ်ကြီးရှင်တွေ ရောက်လာ တော့မည်။ အိမ်ကြီးရှင်က ခွန်းသတို့အရွယ်ကလေးဟုဆိုသဖြင့် ပို၍ပျော်မိ သည်။ သူ့ဘာသာ ဘယ်လောက် ကြီးကျယ် ကြီးကျယ် ကလေးဟာ ကလေးမို့ အကစားမက်မည်ထင်သည်။ ရွယ်တူချင်းဆိုတော့ ခွန်းသနဲ့ ကစားဖို့ အဖော်စပ်လာလေမလား။ ဒီခြံကြီးက ကျယ်လွန်းတာမို့ တူတူပုန်း တမ်း ကစားရင်တော့ ပျော်စရာကောင်းမည်။ သို့သော် ထားသခင်က သူဌေးမလေးဆိုတော့ ခွန်းသလို တောသား အစုတ်ပလုတ်လေးနဲ့ ကစား ချင်ပါ့မလားမသိ။

ခွန်းသသည် ထားသခင် အကြောင်းတွေးရင်း ပျော်သလို ကြောက်သလို ဖြစ်လာလေသည်။

ဘာပဲပြောပြော ခုလို ခြောက်ကပ်ကပ်ဖြစ်နေသည့် ခြံကြီးကို သူတွေရောက်လာရင်တော့ စိုစိုပြေပြေနှင့် ပျော်စရာကောင်းလိမ့်မည်ဟု ထင်သည်။

ခွန်းသက အတွေးနှင့်ပျော်ခွါနေဆဲမှာ အမေနန်းရဲ့ ခေါ်သံကို ကြားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခွန်းသရေ… ထားသခင်တို့ ကား ဝင်လာပြီဟေ့၊ လာဟဲ့ လာ…
အခြင်ကို ပြေးထွက်သွားရင် နင့်ကို ဆီးဟောက်လိမ့်မယ်၊ သူတို့ကို
တွေ့ရင် ခေါင်းလေးငုံ့ပြီး ရို့ရို့ကျိုးကျိုး ကြိုရတယ်ဟဲ့ …"

○ ○ ○



♠ ♠ ♠

ခွန်းသသည် လက်နှစ်ဖက်ကို နောက်မှာကပ်ကာ ခေါင်းငုံ့ထားရသော်လည်း မျက်လွှာပင့်လှန်ကာ ထားသခင်ကို ခိုးကြည့်နေမိပါသည်။ သူမရဲ့ အပြုအမူတွေက ထူးဆန်းလွန်းလို့ပင် …။

သူမက ခါးထောက်လျက် မျက်နှာကို မော့ချီကာ ခြံဝန်းထဲကို လှည့်ပတ်စစ်ဆေးနေသည်။ မျက်နှာကို မော့ထားရသဖြင့် လည်ပင်း…က ဗိုင်းလည်တံရှည်လေးလို ငေါ်းစင်းစင်း ဖြစ်နေသည်။ နှုတ်ခမ်းကို တင်းစုကာ မျက်ခုံးတွေကို ကြုတ်ထားသည်။ ခါးနှစ်ဖက်ကိုထောက်…ာ ခြံထဲက မြက်ခင်းတွေ၊ ပန်းအိုးတွေ၊ ပန်းခင်းတွေကို သေချာလိုက်လံ…ဆေးနေတာကို ခွန်းသ၊ ဘဘကြီးနှင့် အမေနန်းတို့က လက်နောက်…၍ တန်းစီခေါင်းငုံ့ရပ်ရင်း စောင့်ဆိုင်းနေကြရပါသည်။ သူမရဲ့ နောက်…း မလှမ်းမကမ်းမှာတော့ ကောင်မလေးနှစ်ယောက်က အစောင့်အရှောက်…လို ဘာလိုလို လိုက်ပါနေရသည်။ လူကလေး လက်တောက်လောက်နဲ့…ွင်ကျယ် လုပ်နေပုံက ရယ်စရာကောင်းလှပါသည်။

"အဟီ …"

"ဟဲ့ …"



www.burmeseclassic.com

www.burmeseclassic.com



အရွယ်လေးနှင့် မလိုက်အောင် သူဌေးမပုံ ဖမ်းနေသော ထားသခင်ကို ခိုးကြည့်ရင်း ခွန်းသက ရယ်ချင်လာကာ ဟီခနဲရယ်တော့ အမေနန်းက ခွန်းသကို တံတောင်နှင့် တွတ်လိုက်သည်။

"ဘာရယ်တာလဲဟဲ့၊ ဟိုက ကြားသွားမှဖြင့် ..."

"မကြားလောက်ပါဘူး အမေနန်းရဲ့ ...၊ အဟီး ... သူ့ပုံစံက ရယ်စရာ"

"ဟဲ့ ... နင့်မျက်နှာ ဘာပြုံးစိစိဖြစ်နေရတာလဲ၊ မျက်နှာကို တည်တည်ထားစမ်း၊ ခဏ ခဏ ခိုးကြည့်မနေနဲ့လေ၊ ဟိုမှာ သူ့အဘွားက ဒီဘက်ကိုကြည့်နေပြီ"

မလှမ်းမကမ်း မြက်ခင်းအလယ်က ကြိမ်ဆက်တီ ခုံကြီးပေါ်မှာ ခြေချိုပ်ထိုင်ရင်း မြေးမဖြစ်သူရဲ့ ပုံစံကို ခပ်ပြုံးပြုံး လှမ်းကြည့်ကျေနပ်နေသော ဒေါ်ထားခင်ကြီးကိုလှမ်းကြည့်ရင်း ဒေါ်နန်းက ခွန်းသကို သတိပေးရသည်။

ခဏနေတော့မှ ထားသခင်က ပန်းခင်းတွေဘက်က ပြန်လှည့်လာကာ ခွန်းသတို့ဘက်သို့ လျှောက်လာနေပါသည်။

ထို့နောက် သူမက ခွန်းသတို့ရှေ့မှာ ရပ်လိုက်ရင်း ...

"နှင်းဆီနီအိုးတွေကို ဒီနေ့ ဘယ်သူကိုင်သလဲ ..."

"ငါကိုင်တယ် ..."

"ဟဲ့ ..."

ဒေါ်နန်းက ခွန်းသ ပါးစပ်ကို လှမ်းပိတ်လိုက်ချိန်မှာ ထားသခင်ရဲ့ အကြည့်စူးစူးက ခွန်းသဆီရောက်လာသည်။ ဒေါ်နန်းက ခွန်းသနားကပ်ကာ ...

"ကျွန်တော် ကိုင်ပါတယ် မမထားလို့ ပြောရတယ်ဟဲ့"

"ဟာ ... မမထား ခေါ်ရအောင် သူ့အသက်က ကျွန်တော့် အသက်ထက်ကြီးလို့လား၊ ဘဘကြီးပြောတော့ သူနဲ့ ကျွန်တော်က ရွယ်တူပဲဆို ..."





"ဟဲ့ ... ပါးစပ် ပိတ်ထားစမ်းပါဟဲ့၊ ငါခေါ်ခိုင်းသလိုသာ ခေါ်စမ်းပါ"

"ပါးစပ်ပိတ်ထားရင် ဘယ်လို ခေါ်မလဲ အမေနန်းနဲ့"

"ဩော် ... လူကလေးနှယ်၊ ကောင်းကောင်းနေစမ်းပါကွယ်"

ဘကြီးမိုး ဝင်ပြောတော့မှ ခွန်းသ ငြိမ်သွားသည်။ ခွန်းသက တမင် အရွဲ့တိုက်ပြောတာတော့ မဟုတ်ပါ။ နားမလည်လို့ ပြန်မေးလိုက်မိတာပင်။

ထားသခင်က ခွန်းသရှေ့မှာ ရပ်ကာ ခွန်းသမျက်နှာကို မျက်မှောင်ကြုတ်၍ စိုက်ကြည့်လိုက်ရင်း ...

"နင်က ဘယ်သူလဲ ..."

"ငါက ခွန်းသ ..."

"လူကလေး ..."

ဘဘကြီးက သတိပေးသလို လှမ်းခေါ်တော့မှ ခွန်းသက သတိရကာ ...

"ကျွန်တော့်နာမည် ခွန်းသပါ"

"အေး ... အဲဒီလို စကားကို ယဉ်ယဉ်ကျေးကျေး ပြောစမ်းပါ ..."

အပေါ်စီးကနေ လူကြီးပုံဖမ်းကာ စကားပြောပုံက တော်တော် မခံချင်စရာကောင်းပါသည်။

"နင်က ဘကြီးမိုးတို့ ဒေါ်နန်းတို့နဲ့ ဘာတော်လဲ"

"ငါ ... အဲ ... ကျွန်တော့်အဖေရဲ့ဦးလေးက ဘကြီးမိုးပါ၊ ကျွန်တော်က ဘကြီးမိုးရဲ့ ..."

"လူကလေးက ဘကြီးမိုးရဲ့ မြေးလေးပါကွယ်၊ ခမျာ အမေ မရှိရှာတော့ဘူး၊ အဖေကလည်း မော်ထဲသွားတော့ စောင့်ရှောက်မယ့်သူ မရှိတာနဲ့ ဘကြီးမိုးဆီမှာ ခေါ်ထားတာပါ"

ဘကြီးမိုး ဝင်ပြောတော့ ထားသခင်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ... ဘကြီးမိုး မြေးကို အပိုးကျိုးအောင်တော့ ဆုံးမထားပေါ့ ..."

"စိတ်ချပါကွယ် ..."

ထားသခင်က ခွန်းသဘက်ကို ပြန်လှည့်လာရင်း ...

"နှင်းဆီအိုးတွေကို နင် ကိုင်တယ်ပေါ့ ... ဟုတ်လား ခွန်းသ ..."

"ဟုတ်ပါတယ် ခင်ဗျ ..."

"နင့်မျက်စိ ကန်းနေလား ..."

"ဘာ ... ၊ အဲ ... ဗျာ၊ မကန်းပါဘူး"

"မကန်းရင် နင့်မျက်စိက နှင်းဆီမပွင့်တဲ့ အိုးကို မမြင်ဘူးလား၊ ဟိုဘက်က ပန်းအိုး တစ်အိုးက အပွင့်မပွင့်တာ မြင်သားနဲ့ ဘာဖြစ်လို့ ဖယ်ထုတ်မထားတာလဲ၊ ငါ လာရင် အပွင့်မရှိတဲ့ နှင်းဆီပင် မမြင်ချင်ဘူးလို့ ပြောထားတာ ဘကြီးမိုးက ပြန်ပြောမထားဘူးလား"

"ပြောထားပါတယ် ခင်ဗျ"

"အဲ့ဒီ ပန်းအိုးတွေက ဘကြီးမိုးလည်း ကိုင်ပါတယ်ကွယ်၊ ဘကြီးမိုးက မျက်စိသိပ်မကောင်းလို့ အဲ့ဒီတစ်ပင်ကို မျက်စိလျှမ်းပြီး မမြင်မိလို့ မပယ်ဖြစ်ခဲ့တာပါ"

"ဘဘကြီးက ဟိုဘက်ကအိုးတွေ ကိုင်တာလေ၊ ဒီဘက်က အိုးတွေက ကျွန်တော်ကိုင်တာ၊ အဲ့ဒီတစ်ပင် ကျွန်တော် မြင်ပါတယ်၊ မနက်ဖြန်ဆို ပွင့်မယ့် အဖူးလေးတွေ တွေ့လို့ မဖယ်ဘဲ ထားထားလိုက်တာပါ"

ဘကြီးမိုးက ဝင်ကာကွယ်ပြောဆိုသော်လည်း ခွန်းသက အမှန်ကိုသာ ဝင်ပြောတာမို့ ဘကြီးမိုးက သက်ပြင်းချလိုက်မိပါသည်။ ဒီကလေးနဲ့ ထားသခင်နဲ့တော့ ခက်တော့မှာပါပဲဟု တွေးကာ ရင်လေးမိလို့ပင်။

"ဒီမှာ ခွန်းသ ..."





ထားသခင်က ခွန်းသရှေ့မှာရပ်လျက် ဆတ်ခနဲ ခါးထောက်ရင်း ခေါ်လိုက်သည်။

"မမထားက မနက်ဖြန် ပွင့်မယ့် ပန်းကို စိတ်မဝင်စားဘူးကွယ့်၊ ဒီနေ့ပွင့်မယ့် ပန်းကိုပဲ မြင်ချင်တာ"

ခွန်းသက ခေါင်းငုံ့၍ ငြိမ်နေရသည်။ သူ့ကိုယ်သူ မှားမထား တဲ့ ...။

"အဲ့ဒီတော့ မင်း မဖယ်ဘဲထားတဲ့ ပန်းအိုးထဲက မနက်ဖြန်ပွင့်မယ့် ပန်းကို ဒီနေ့ပွင့်အောင် မင်းက တာဝန်ယူရမယ်၊ ကဲ ... သွား၊ အဲ့ဒီအိုးကို ဒီနားယူလာခဲ့ ..."

ထားသခင်က ပန်းအိုးတွေရှိရာဘက်သို့ ဟန်ပါပါ လက်ညှိုးညွှန်ရင်း ပြောလိုက်သည်။ ခွန်းသက ပန်းအိုးတွေထားသည့်ဘက်ကို အပြေးအလွှားသွားကာ နှင်းဆီဖူးကလေးတွေသာပါသည့် ပန်းအိုးကို မ,ရွှေ့ယူလာပြီး ထားသခင်ရှေ့မှာ ချလိုက်သည်။

ထားသခင်က လက်ပိုက်လျက် ခေါင်းမော့ကာ ခွန်းသကို အပေါ်စီးဆန်ဆန် မျက်လုံးမှေးစင်း၍ ငုံ့ကြည့်လိုက်ရင်း ...

"ကဲ ... အဲ့ဒီအဖူးတွေကို အခုပွင့်အောင် လုပ်ပေးစမ်း"

ဟု ညစ်ကျယ်ကျယ် ပြောလေသည်။

ခွန်းသသည် အမေနန်းပြောတဲ့ ပြဿနာရှာတတ်တဲ့ မိန်းကလေးဆိုတာ သိပ်မှန်တာပဲဟု တွေးလိုက်ရင်း ထားသခင်ကို ပြောမပြနိုင်လောက်အောင် အမြင်ကတ်၍ သွားလေသည်။

မဖြစ်နိုင်တာကို ဘယ်လိုလုပ်ရမည်နည်း။

ဘကြီးမိုးနှင့် အမေနန်းက ရင်ထိတ်သည့် အကြည့်လေးတွေနှင့် ခွန်းသကို ကြည့်နေကြသည်။ ကောင်မလေး နှစ်ယောက်က ခွန်းသကို ငေးကြည့်နေသည်။ ထားသခင်ရဲ့ အဘွားက ခွန်းသကို လှမ်းကြည့်ရင်း ပြုံးနေသည်။ ထားသခင်က အားလုံးရှေ့မှာ ခွန်းသကို ရယ်စရာလုပ်ချင်နေသည်။ ခွန်းသက ဒီအတိုင်းတော့ အရှုံးမပေးလိုက်ချင်ပေ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … မလုပ်နိုင်တဲ့အကြောင်း ရိုရိုသေသေပြောပြီး တောင်းပန်လိုက်လေ"

ဟင့်အင်း။ ခွန်းသက အမေနန်းစကားကို ကြိတ်၍ ငြင်းလိုက်သည်။ ဒီကောင်မလေးကိုတော့ မတောင်းပန်နိုင်ပါဘူး။

"ကျွန်တော် လုပ်ပေးမယ်"

"ဟဲ့ …"

"လူကလေး …"

လူကြီးတွေ တားနေတဲ့ကြားက ခွန်းသက ဖွတ်တိုးကာ …

"ကျွန်တော် တကယ်လုပ်ပေးမယ်"

"ဟင်း … ဟင်း … လုပ်လေ၊ လုပ်နိုင်ရင်လုပ်ပေါ့၊ ဘယ်လိုလုပ်မလဲ ကြည့်စမ်းမယ် …"

"အားလုံး ခဏတော့ မျက်စိမှိတ်ထားရမယ်၊ မျက်စိဖွင့်တာနဲ့ ပန်းပွင့် မြင်စေရမယ်"

"ကောင်းပြီလေ၊ ကြည့်ကြသေးတာပေါ့၊ ကဲ … အားလုံး မျက်စိမှိတ်ထားပေးလိုက်ကြစမ်းပါ …"

ထားသခင်က မျက်စိမှိတ်ထားလိုက်သဖြင့် အားလုံးလည်း မျက်စိမှိတ်လိုက်ကြရသည်။

ခွန်းသသည် နှင်းဆီနီ များများပွင့်နေသော ပန်းအိုးဆီသို့ ပြေးသွားကာ ပန်းတစ်ပွင့်ကို ချိုးယူလာခဲ့သည်။ ထို့နောက် လက်ထဲ စွပ်ထားသည့် သားရေကွင်းကလေးကို ဖြုတ်ယူလိုက်ပြီး ပန်းပွင့်မရှိသော နှင်းဆီပင်ရဲ့ ရိုးတံနှင့် ခူးလာသည့် နှင်းဆီပွင့်၏ ရိုးတံကို သားရေကွင်းဖြင့် လျင်မြန်စွာ ပတ်ချည်လိုက်သည်။ ပြီးတာနှင့် နှင်းဆီပွင့်ကို လက်ဖဝါးဖြင့် အုပ်ထားလိုက်ပြီး …

"ကဲ … မျက်စိဖွင့်လို့ ရပြီ …"

ဟု အော်လိုက်သည်။ အားလုံး မျက်စိဖွင့်လိုက်ချိန်မှာ ခွန်းသက ကျန်လက်တစ်ဖက်ကို နှင်းဆီပင်ပေါ်မှာ ဝှေ့ယမ်းလိုက်ရင်း …





"ဟပ်ချလောင်း ပွင့်စေ … ပွင့်စေ …"

"ဟပ်ချလောင်း ပွင့်စေ … ပွင့်စေ …"

ဟု ဂါထာရွတ်သလို ရွတ်ဖတ်မန်းမှုတ်လိုက်ပြီးမှ ပန်းပွင့်ပေါ်က လက်ကို ဖယ်လိုက်လေသည်။

ထားသခင်က ရှေ့တိုးလာကာ ပန်းပွင့်ကို ငုံ့ကြည့်လိုက်ရင်း …

"ကြည့်စမ်း … သားရေပင်နဲ့ ချည်ထားတယ်"

"ဝါး … ဟား … ဟား …"

"ဟင်း ဟင်း … ခိ … ခိ …"

ကောင်မလေးနှစ်ယောက်က နှင်းဆီပွင့်ကို လက်ညှိုး ထိုးပြီး ရယ်မောလိုက်ကြသည်။ ထားသခင်က ပါးနှစ်ဖက် တွတ်တွတ်ရဲလျက် ဒေါသတကြီးဖြစ်လာကာ …

"ဒါ … နင် … ငါ့ကို လှောင်တာလား … ခွန်းသ"

"ဒီအပင်မှာ ဒီအပွင့် မြင်ချင်တယ်ဆိုလို့ မြင်ရအောင် လုပ်ပေးတာလေ၊ အခု မြင်ရပြီမဟုတ်လား"

"နင် … နင် … ဒါ … ငါ့ကို တမင်ငေါ့တာ မဟုတ်လား"

"ငေါ့တယ်ဆိုတာ ဘယ်လိုမှန်းတောင် မသိပါဘူး"

"အေး … တွေ့ကြသေးတာပေါ့ ခွန်းသ …"

ထားသခင်သည် အနားက ရေတိုင်ကီတ်လေးဘက်သို့ ဆတ်ခနဲလှည့်ကာ ရေခလုတ်ကို ဖွင့်ချလိုက်သည်။ ပန်းပင်တွေ ရေလောင်းသည့် ပိုက်အရှည်ရဲ့ထိပ်ဖျားက ရေတွေ အရှိန်ဖြင့် ပန်းထွက်လာတော့ ပိုက်ကို ကိုင်ယူလာကာ ခွန်းသရဲ့ မျက်နှာတည့်တည့်ကို ရေပိုက်ဖြင့် ထိုးလိုက်လေသည်။

"အား … ဖရူး … ဖူး …"

ခွန်းသသည် ရေမှုန်းကာ အသက်ရှုကြပ်လှသော်လည်း ဘာမပြောဘဲ အောင့်ခံနေသည်။ ဘာလို့ ထွက်ပြေးရမှာလဲ …။ ထား



www.burmeseclassic.com

www.burmeseclassic.com



သခင် ရှေ့ကနေ ကြောက်လန့်တကြား ထွက်ပြေးမယ့်အစား ရေမွှန်းပြီး သေသွားရင်တောင် အသေခံလိုက်မယ်ဟု တွေးရင်း အံတင်းတင်းကြိတ်၊ မျက်လုံးစုံမှိတ်လျက် အသက်ရှူ အောင့်ကာ ပေရပ်နေလိုက်သည်။

"တော် ... တော်ပါတော့ ထားသခင်ရယ်၊ ဒေါ်နန်း တောင်းပန်ပါတယ်နော်"

"လူကလေးကို ခွင့်လွှတ်ပေးပါကွယ် ..."

"မြေးရေ ... တော်တော့ဟေ့၊ တော်ကြာ အသက်ရှူရပ်ပြီး သေသွားမှ ငါ့မြေး တရားခံဖြစ်နေဦးမယ်"

ဒေါ်နန်းနှင့် ဘကြီးမိုး တောင်းပန်နေတာကို ဂရုမစိုက်သော ထားသခင်က ဒေါ်ထားခင်ကြီး လှမ်းပြောတော့မှ ရေပိုက်ကို လွှတ်ချလိုက်သည်။ ထို့နောက် ခွန်းသကို စိုက်ကြည့်ကာ တောက်တစ်ချက် ခေါက်လိုက်ပြီး အိမ်ထဲသို့ လှည့်ဝင်သွားသည်။

ဒေါ်ထားခင်ကြီးကလည်း ထိုင်ရာမှ ထလာကာ ...

"မနန်းရေ ... ငါရောက်တဲ့အကြောင်း ဟိုဘက်ခြံက နယ်လီတို့ကို သွားအကြောင်းကြားပေးစမ်းပါ၊ မနက်ဖြန်က စပြီး ဝိုင်းလို့ရပြီလို့၊ ဒီနေ့တော့ ခရီးပမ်းလာလို့ နှပ်လိုက်ဦးမယ်၊ ထားသခင် စားချင်တာ ရှိရင် မညိုလုပ်ပေးလိမ့်မယ်၊ လိုအပ်တဲ့ အသီးအနှံနဲ့ သားငါးဟင်းကို ညည်းက ဝယ်ပေးလိုက်၊ မီးဖိုချောင်ထဲမှာလည်း တောက်တို မည်ရ ကူလိုက်ဦး၊ ညည်းရဲ့ တောချက်တွေကိုတော့ ဝင်လက်စွမ်း မပြမိစေနဲ့၊ ထားသခင်က ညည်းလက်ရာဆို နည်းနည်းမှကြိုက်တာမဟုတ်ဘူး ..."

ဟု လူစေတနာပျက်အောင်ပြောပြီး အိမ်ထဲသို့ လိုက်ဝင်သွားသည်။

ဒေါ်ထားခင်ကြီး ဝင်သွားတော့မှ ဘကြီးမိုးက ရေစိုနစ်နေသည့် ခွန်းသကို လှမ်းဖက်လိုက်ရင်း ...

"ဘာဖြစ်လို့ ဒီလောက် ခေါင်းမာရတာလဲ မြေးရယ်၊ သူတို့နဲ့ ယှဉ်ရင် ကိုယ်က အရှုံးချည်းပဲကွယ့်၊ သူဘာပြောပြော ခေါင်းငုံ့ခံဖို့ ဘကြီး မှာထားသားနဲ့ လူကလေးက နားမထောင်ဘူးကွယ် ..."

ဟု ပြောဆိုညည်းညူရင်း ခွန်းသရဲ့ ခေါင်းကလေးကို ဆွဲကာ ရင်ခွင်မှာ အပ်ထားလိုက်သည်။

ခွန်းသက ဘကြီး ရင်ခွင်မှာ ခေါင်းမှီလျက် ငြိမ်သက်နေသည်။ ရေမွှန်းနီရဲနေသော မျက်ဝန်းများကတော့ နှင်းဆီနီခင်းဆီ ငေးစိုက်နေကြသည်။

နှင်းဆီဆူးတွေ အစူးခံထားရသော ရင်ဘတ်မှာတော့ ခုထိ သွေးစစ် စူးနေတုန်း ...။

○ ○ ○





ပုညခင် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

"လှလိုက်တာ ..."

အိမ်ထဲသို့ ဒေါသတကြီး ဝင်လာသော ထားသခင်သ[...] နှင်းဆီပန်းများဖြင့် ဝေဆာသင်းပျံ့နေသော အိမ်ထဲသို့ရောက်သည်နှ[...] မျက်နှာကလေး လန်းရွှင်လာပါသည်။

နှင်းဆီတွေ။ နှင်းဆီတွေ များလိုက်တာ ...။

ထားသခင် မှတ်မိသလောက်ဆို အရင်နှစ်တွေတုန်း[...] ဒီလောက်ကြီး မများ၊ အပွင့်တွေကလည်း ဒီလောက်မထွား။ ဒီနှစ်မှာ[...] အိမ်ထဲကို နှင်းဆီခင်းကြီး ရောက်လာသည့်အလား။

နှင်းဆီက တော်ဝင်ဆန်သည်ဟု ထားသခင်က ထင်သည်[...] ဘာ့ကြောင့်မှန်းမသိ နှင်းဆီတွေကို သိပ်ကြိုက်သည်။ သို့သော် အ[...] အဝါ၊ ပန်းရောင် နှင်းဆီတွေကိုတော့ မကြိုက်။ နှင်းဆီဆို နီမှ ... ဆူးတွေပါမှ ကြိုက်သည်။

ထားသခင်က ဘာမဆို အနီရောင်ကိုမှ နှစ်သက်တတ်[...] ပင် ...။ ထားသခင် အခုဝတ်ထားတဲ့ ဂါဝန်လေးကလည်း အနီ၊ အ[...] ရောင် သိုးမွေးစကော်လာပြားကြီးပါသည့် အနွေးထည် အင်္ကျီလေးကလည်[...] အနီ ...။ ထားသခင် ကြိုက်သည့် အနီဟာ ဖျော့ဖျော့ အနီမဟုတ်[...]





[...]ာက်ပစူးရဲသည့် အနီမျိုးမဟုတ်။ ကတ္တီပါစလို ရင့်စိုနေသည့် မဟော်ဂနီ အနီမျိုးပင် ...။ ပြီးတော့ အိတ်အနီ၊ ဖိနပ်အနီ၊ ခေါင်းမှာတပ်သည့် [...]ပြားကလေးတွေ ဘီးကုပ်ကလေးတွေကအစ အနီ ...။ အိပ်ရာခင်းနှင့် [...]ဖာတွေကိုလည်း အနီရောင်မှ ထားသခင်က သဘောကျသည်။ ဒါကိုပင် [...]ဘွားက ထားသခင်ရဲ့ 'မဟာဆန်ခြင်းတစ်မျိုး' ဟု ဆိုသည်။ ထား[...]ခင်က ကလေးမို့ မဟာဆန်တာတွေ ဘာတွေကို သိပ်နားမလည်သော်[...]ည်း မဟာဆန်တာဟာ ကောင်းသည်ဟု သိသည်။ ကြီးမြတ်ခြင်းတစ်မျိုး [...] သဘောပေါက်သည်။ သူတစ်ပါးထက် ပိုပြီးကြီးမြတ်ရသည့် ဘဝမျိုးကို [...]သခင်က ကျေနပ်နှစ်သက်လှပါသည်။

ထားသခင်သည် ပန်းတွေအများကြီး ထိုးထားသည့် ကြွေ[...]ကြီးတစ်ခုဆီသို့ အပြေးသွားကာ နှင်းဆီတွေကို ငုံ့နမ်းလိုက်သည်။ [...]တော့ နှင်းဆီပွင့်ဖတ်လေးကို လက်ညှိုးလေးနှင့် တို့ထိကြည့်သည်။ [...]ပါစလေးကို ကိုင်ရသလို နူးညံ့အိစက်လွန်းသော နှင်းဆီပွင့်လွှာရဲ့ [...]အတွေ့လေးက ထားသခင်ကို ပျော်ရွှင်ကျေနပ်စေသည်။

သူမက အောက်ထပ်က နှင်းဆီပန်းအိုးတွေကြားမှာ လိပ်ပြာ[...]လေးလို ဟိုဒီပြေးလွှားနေပြီးမှ အပေါ်ထပ်သို့ တက်လာခဲ့သည်။

အပေါ်ထပ်မှာလည်း နှင်းဆီနံ့တွေ သင်းပျံ့လို့ပင်တည်း။

ထားသခင်သည် ပျော်လွန်းသဖြင့် ကိုယ်ပေါ်က ဂါဝန်[...]လေးရော ကျောလယ်က ဆံပင်စင်းစင်းပျော့ပျော့လေးတွေပါ ခါဝဲသွား[...]ောင် ခန္ဓာကိုယ်လေးကို တစ်ပတ် လှည့်လိုက်မိသေးသည်။ ပြီးတော့မှ [...]ရှေ့ လသာဆောင်ကျယ်ကြီးဘက်သို့ ပြေးထွက်လာခဲ့သည်။

အို ... လသာဆောင်ပေါ်မှာတောင် နှင်းဆီပန်းအိုးလေးတွေ [...]ရှိနေလို့ပါလား ...။

ထားသခင်သည် နှင်းဆီနံ့တွေကို ရှိုက်၍ရှူလိုက်ပြီး အရှေ့[...] လသာဆောင် လက်ရန်းနားမှာရပ်လျက် ခြံထဲသို့ငုံ့ကြည့်လိုက်သည်။

ခြံထဲမှာ ဟိုကောင်လေး ရှိနေဖုန်း ...။



www.burmeseclassic.com

www.burmeseclassic.com



ရေစိုအဝတ်အစားတွေကိုတော့ သွားလဲထားပြီးပြီ။

ကောင်လေးက ထင်ရှူးပင်ပုလေးကို ကပ်ကြေးဖြင့် ပုံဖော် ညှပ်နေသည်။

"ထားသခင် ..."

"ဩော် ... ဒါနန်း"

နောက်ဘက်က ဒေါ်နန်းအသံကြောင့် ထားသခင်က လှည့် ကြည့်လိုက်သည်။ ဒေါ်နန်းက ထားသခင်ရှေ့မှာ ရိုရိုကျိုးကျိုး ရပ်နေ ရင်း ...

"ဒေါ်နန်းကို ဘာမှာခိုင်းစရာ ရှိသလဲလို့ပါ"

"လောလောဆယ်တော့ ဘာမှမရှိသေးဘူး၊ ဘွားဘွား သွားပြောခိုင်း တာရော ပြောပြီးပြီလား"

"ပြောပြီးပါပြီ ..."

"ဒါနဲ့ ဒီပန်းတွေ ဒေါ်နန်း ထိုးထားတာလား"

"ဒေါ်နန်းမှာ တခြားလုပ်စရာလေးတွေ ရှိတာနဲ့ ပန်းတွေကို ခွန်းသ ကထိုးပေးသွားတာပါကွယ်၊ မနက်အစောကြီးကတည်းက ဟိုဘက် ပန်းခင်းတွေဆီ သွားပြီး ပန်းတွေ ဝယ်လာတာ၊ ပန်းထုပ်ကြီး အကြီးကြီးကို သယ်လာရတော့ သူ့ခမျာ လမ်းမှာ မှောက်ရက်လဲ... လက်မှာရော ရင်ဘတ်မှာပါ ဆူးတွေတောင် စူးလို့၊ သနားစရာလေး ပါကွယ်"

"ဩော် ... ဩော် ... ဒီလို ကြိုးစားထားတယ်ဆိုတော့လည်း ဆုတွေ ဘာတွေ ပေးရတာပေါ့၊ ထားထားက ဒီနေ့ကစပြီး ဒီအိမ် က အလုပ်သမားတွေအပေါ် ဆုပေး ဒဏ်ပေး စနစ်ကို ကျင့်သုံး မယ်၊ ထားထား သဘောကျအောင်လုပ်ရင် ဆုပေးမယ်၊ ထားထား သဘောမကျအောင် လုပ်ရင် ဒဏ်ပေးမယ်၊ စောစောတုန်းက ထားထား သဘောမကျအောင် လုပ်လို့ ခွန်းသကို ဒဏ်ပေးပြီးပြီ၊ အခု သူက ပန်းတွေပြင် ဆင်ပြီး ထားထား သဘောကျအောင် လုပ်ပေးထားလို့ ဆုပေးရဦးတော့မှာပေါ့"





ထားသခင်က သူ့ဗွေမကြီး လေသံဖြင့် အပေါ်စီးက ပြောပြီး လွယ်သိုင်း၍လွယ်ထားသော Disney တံဆိပ် အနီရောင် အိတ်ကလေးကို ဖွင့်၍ ပိုက်ဆံ နှစ်ရာတန် ငါးရွက်ကို ထုတ်လိုက်ပါသည်။ ထို့နောက် အောက်ဘက်သို့ ပြန်လှည့်လိုက်ပြီး ကောင် လေးကို ငုံ့ကြည့်လိုက်ရင်း ...

"ဟေ့ ... ကောင်လေး ..."

ဟု လှမ်းအော်ခေါ်လိုက်တော့ ခွန်းသက မော့ကြည့်လာ သည်။

"ဒီမှာ ... နင် ပန်းတွေ ပြင်ထားပေးလို့ နင့်အတွက် ပိုက်ဆံတွေ ဆုချလိုက်မယ် ... ယူလိုက်"

ဟု ပြောပြီး နှစ်ရာတန် အသစ်လေးတွေကို အပေါ်ထပ်မှ ပစ်ချပေးလိုက်လေသည်။

ပိုက်ဆံတွေက ခွန်းသရဲ့ ခေါင်းပေါ်သို့ ဝဲပျံသွားသည်။ သို့သော် ခွန်းသက လိုက်မဖမ်းဘဲ ဂရုမစိုက်သည့်ဟန်ဖြင့် ထိုနေရာမှ ထွက်ခွာသွားပါသည်။

"အံမယ် ... ကြည့်စမ်း ... ဒီပိုက်ဆံလောက်ကို အရေးမလုပ်ဘူး ဆိုတဲ့ သဘောလား၊ ငမွဲကများ ... ကြီးကျယ်လို့၊ မယူနေပေါ့ ..."

ထားသခင်က မကျေမနပ်ပြောရင်း အိမ်ထဲသို့ လှည့်ဝင်လာ သည်။ အိပ်ခန်းတံခါးကို ဖွင့်လိုက်တော့ နှင်းဆီနံ့သင်းသင်းလေးက သူမကို ကြိုဆိုနေပြန်သည်။

အိပ်ရာဘေးက ပန်းအိုးလေးမှာ နှင်းဆီနှစ်ပွင့် ထိုးစိုက်ထား သည်။ သူမအထင်တော့ ဒီပန်းနှစ်ပွင့်က အလှဆုံးဟု ထင်သည်။

ထားသခင်က နှင်းဆီနီ နှစ်ပွင့်ကို ငုံ့၍နမ်းရှိုက်လိုက်ပြီး အောက် နူးညံ့အိစက်သော မဟော်ဂနီရောင် အိပ်ရာထက်သို့ လှဲချ၍ အနားယူလိုက်လေတော့သည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

"ဟဲ့ … ကောင်လေး ဒီနားလာဦး …"

ထားသခင်၏ခေါ်သံကြောင့် ပန်းပင်တွေရေလောင်းနေသော ခွန်းသက ထားသခင်ဘက်သို့ လှည့်ကြည့်လိုက်ရသည်။

အတတ်နိုင်ဆုံး ထားသခင်နဲ့ မတွေ့ရအောင် ရှောင်ပေမယ့်လည်း တစ်ခြံတည်းမှာနေတာမို့ ရှောင်လို့မရနိုင်ပါ။

"ဟဲ့ … ကောင်လေး လာဦးလို့ ပြောနေတာ မကြားဘူးလား"

လေသံက အရွယ်လေးနှင့်မလိုက်အောင် မောက်မာလွန်းသည်။ သူမ စကားကို မနာခံချင်ပေမယ့် ဘကြီးမိုး စကားကို နားထောင်ချင်တာမို့ သူမထံသို့ လျှောက်လာခဲ့ရသည်။

ထားသခင်က ခါးထောက်ရပ်ရင်း ခွန်းသကို ရပ်စောင့်နေသည်။ သူမခြေထောက်မှာတော့ မြေနီရွှံ့တွေ ပေကျံနေပါသည်။

ခွန်းသက ထားသခင်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။ ထားသခင်က ခွန်းသမျက်နှာကို စေ့စေ့ကြည့်ကာ မဲ့ရွဲ့လိုက်ရင်း …

"အံမယ် … ဒီကောင်လေးက မလွယ်ပါလား၊ မျက်နှာက ဘာကြီး ရှုပ်နေရတာလဲ"

"ငါ့ကို ကောင်လေး မခေါ်နဲ့"





"အောင်မယ် … ခေါ်တော့ဘာဖြစ်လဲ၊ ငါက သခင်၊ နင်က ကျွန်၊ ငါကြိုက်သလို ခေါ်ခွင့်ရှိတယ် …"

"ငါ နင့်ကျွန် မဟုတ်ဘူး"

"ငါ့ခြံထဲမှာနေပြီး ငါခိုင်းတဲ့အလုပ်တွေ လုပ်နေရတဲ့ သူက ငါ့ကျွန် မဟုတ်လို့ ဘာလဲ …"

"ငါက အလုပ်သမား၊ နင်က အလုပ်ရှင် …"

"အောင်မာ … တစ်ခွန်းမခံပါလား၊ ငါပေးတဲ့ ပိုက်ဆံနဲ့ ထမင်းဝ နေတဲ့သူကများ …"

"ငါ နင့်ပိုက်ဆံကို အလကား မယူဘူး၊ ငါ့လုပ်အားခ အတွက် ငါရတာ"

"ကြည့်စမ်း … ကြည့်စမ်း … ငါ့ကျွန်ကများ ကြီးကြီးကျယ်ကျယ်တွေ ပြောနေလိုက်တာ၊ ဒီလိုကျွန်မျိုး တစ်ခါမှ မတွေ့ဖူးဘူး …"

အမြဲ ကိုယ်ပြောသမျှ ခေါင်းညိတ်၊ ကိုယ်လုပ်သမျှ လက်ခံသော လူအများကြားမှာ နေလာခဲ့ရသော ထားသခင်သည် ခွန်းသရဲ့ အာခံမှုကြောင့် ဒေါသဖြစ်ကာ ပါးကလေးနှစ်ဖက်ပင် ရဲရဲနီစွေးလာပါသည်။

ခွန်းသကတော့ ဘကြီးမိုး စကားကို နားထောင်ချင်ပါသော်လည်း မဟုတ်မခံစိတ်မျိုးရှိသူမို့ ထားသခင် ပြောသမျှကို ခေါင်းငုံ့ခံမနေနိုင်ပါ။ ထားသခင်ဟာ တဆိတ်တော့ မောက်မာ အနိုင်ကျင့်လွန်းသည်ဟု ထင်သည်။

"အဟင်း … ဟင်း … ကောင်းပြီလေ …"

ထားသခင်က ခွန်းသကိုစိုက်ကြည့်နေရင်းက ရပ်ရှင်ထဲက မင်းသမီးတွေကို အတုခိုးကာ ရယ်လိုက်ပြီးမှ …

"အလုပ်သမားဆိုလည်း အလုပ်ရှင် ခိုင်းတာတော့ လုပ်ရမှာပေါ့၊ ကဲ … လာ … ဟိုရေပိုက်ကိုဆွဲပြီး ရှေ့နားတိုးခဲ့"

"ဘာလုပ်ရမှာလဲ …"



www.burmeseclassic.com

www.burmeseclassic.com



"ခိုင်းတဲ့အတိုင်းလုပ်လေ၊ ပြီးရင် လုပ်အားခ ပိုက်ဆံပေးမှာပေါ့ ငါ့အလုပ်သမားလေးရဲ့"

ခွန်းသက ရေပိုက်ကိုသွားဆွဲယူပြီး ထားသခင်ရှေ့မှာ ပြန်ရပ်လိုက်သည်။ ထားသခင်က သူမရဲ့ ရွှံ့ပေနေသော ခြေထောက်တွေကို လက်ညှိုးထိုးပြလိုက်ရင်း ...

"ကဲ ... ဆေး ..."

"ဘာ ..."

"ဆေးလေ၊ ငါ့ခြေထောက်မှာ ရွှံ့တွေမရှိတော့တဲ့အထိ စင်စင်ဆေးပေး ..."

ခွန်းသသည် တစ်ကိုယ်လုံး ဒေါသဖြင့် တုန်တက်လာကာ မျက်လုံးလေးတွေ နီရဲလျက် ...

"မဆေးနိုင်ဘူး ..."

ဟု ကတုန်ကရင် အော်လိုက်သည်။

ထားသခင်က မျက်မှောင်ကြုတ်လိုက်ရင်း ...

"ဆေးဆို ဆေး ..."

"မဆေးဘူး ..."

"နင် မဆေးရင် နင့်ဘကြီးကို အလုပ်ဖြုတ်ပစ်လိုက်မယ်၊ ဘာမှတ်လဲ"

ထားသခင်က ခွန်းသကို မျက်လုံးပြူးကြည့်ရင်း ခြိမ်းခြောက်လိုက်သောအခါ ခွန်းသ မျက်ဝန်းထဲမှာ မျက်ရည်တွေ ဝဲလာပါသည်။ ခုချိန်မှာ သူ့ခြေထောက်ကို ဆေးမပေးလို့ ခွန်းသကို ရိုက်ပုတ်ကုပ်ဆွဲရင်တောင် ခေါင်းငုံ့ခံနိုင်ပေမယ့် ဘကြီးမိုးကိုတော့ အလုပ်မပြုတ်စေချင်ပါ။ ဒီခြံကြီးကိုတွယ်တာကာ ဒီခြံကြီးထဲမှာပဲ အေးအေးလူလူနေလိုတဲ့ ဘကြီးရဲ့ ဆန္ဒကို ခွန်းသက သိထားခဲ့လို့ပင်။

"ဘယ်လိုလဲ ...၊ ဆေးမှာလား ...မဆေးဘူးလား"

ခွန်းသက မျက်တောင် တဖျပ်ဖျပ်ခပ်ရင်း မျက်ရည်တွေကို





ပယ်ထုတ်လိုက်ပြီး နှုတ်ခမ်းကို တင်းတင်းစေ့ကာ ရေဘား ခလုတ်ကို ဖြဲဖွင့်လိုက်သည်။ ထို့နောက် ရေပိုက်ကို ကိုင်ကာ ထားသခင်ရဲ့ ခြေရင်းမှာ ဒုတ်တုတ်လေး ထိုင်ချလိုက်လေသည်။

"ဒီလိုမှပေါ့ ..."

ထားသခင်၏ ကျေနပ်သွားသောအသံက မြူးနေသည်။

ခွန်းသသည် ထားသခင်ရဲ့ ခြေရင်းမှာ ထိုင်ကာ ရေပိုက်ဖြင့် ထားသခင်ရဲ့ ခြေထောက်တွေကို ရေဖြန်း၍ဆေးနေရင်း တစ်ကိုယ်လုံး တဆက်ဆက်တုန်ရင်လို့နေခဲ့သည်။ လူက သိမ်ငယ်ကျုံ့ဝင်ကာ ခန္ဓာကိုယ်လေးပင် သေးကွေးသွားသည်ဟု ထင်လိုက်ရသည်။ ကလေးပင်ဆိုသော်ငြားသည်း မောက်မာအုပ်စိုးလိုသော မိန်းကလေးတစ်ယောက်ရဲ့ ခြေရင်းမှာ ဆေးဝပ်တွား အောက်ကျသိမ်ငယ်ရသည့် အပြစ်သနစ်ကို ဝမ်းနည်းနာကျင်စွာကာ ဆို့နစ်ငိုချင်နေသည်။

"စင်စင်ဆေးလေ ... သေချာဆေးမှပေါ့၊ ဖိနပ်ရော ခြေထောက်ပါ စင်ပစေ၊ ရွှံ့တစ်စက်မှ မရှိစေနဲ့၊ သေချာလေး လက်နဲ့ ပွတ်ပြီးဆေး"

ခွန်းသက သူမခြေထောက်မှာ ကပ်နေသည့် ရွှံ့စေးတွေကို လက်ဖြင့် ပွတ်ကာ ပွတ်ကာ ဆေးရသည်။ ပြီးတော့ ဖိနပ်မှာ ပေနေသည့် ရွှံ့တွေကိုပါ လက်ဖြင့်ပွတ်ချရင်း ခွန်းသရဲ့ မျက်ရည်စက်တချို့က ရေနှင့်ရောကာ သူမခြေထောက်ပေါ်သို့ ကျသွားသည်။ ခွန်းသက အံကြိတ်ကာ မျက်လုံးကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်း ပွတ်ပစ်လိုက်သည်။

"ဟဲ့ ... နင် ငိုနေတာလား"

"မငိုဘူး ..."

ခွန်းသက အံကြိတ်၍ အော်လိုက်သည်။

"အဟက် ... ဟက် ... မငိုဘူးသာဆိုတယ်၊ ငိုသံပါကြီးနဲ့"

"မငိုဘူး၊ ငါ နင့်ရှေ့မှာ ဘယ်တော့မှ မငိုဘူး"

"သာမနေနဲ့၊ နင်ငိုတာ ငါသိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထားသခင်က ခွန်းသရဲ့ မျက်နှာဆီ လက်ကမ်းကာ ခွန်းသရဲ့ မေးစေ့ကို လက်ဖြင့် ဆွဲမော့လိုက်ပြီး ...

"ကြည့်စမ်း ... မျက်လုံးတွေ နီရဲနေလိုက်တာ၊ ငိုထားတာ အသံသာကြီး ..."

ခွန်းသက ခေါင်းကို ဆတ်ခနဲယမ်းကာ သူမလက်မှ ရုန်းထွက်ပစ်လိုက်ရင်း ...

"ငါ ယောက်ျား၊ ဘယ်တော့မှ မငိုဘူး ..."

"ယောက်ျားလည်း ငိုလို့ရပါတယ်၊ ငိုရင် ငိုတယ်ပေါ့၊ ညာမနေနဲ့တော့၊ နင့်မျက်လုံးကြီး ဒီလောက်နီနေတာ၊ ဒါလေးခိုင်းရုံနဲ့ ငိုတယ်လို့ စိတ်ကလည်း ပျော့လိုက်တာ၊ နင် အခြောက်ပဲ ..."

ထားသခင်ရဲ့စကားတွေက ခွန်းသကို မခံချင်အောင် စနေတာနှင့် တူသည်။

ခွန်းသက သူမခြေထောက်ကို စင်အောင်ဆေးပြီးသွားပြီမို့ ရေပိုက်ကို လွှတ်ချကာ မတ်တတ်ရပ်လျက် သူမမျက်နှာကို စေ့စေ့ကြည့်ရင်း ...

"ငါက မငိုဘူး၊ မျက်ရည်ကျရုံပဲ ကျတာ ..."

"အတူတူပဲဟာ ..."

"မတူဘူး၊ ငိုတာက ဝမ်းနည်းအားငယ်လို့၊ မျက်ရည်ကျတာက နင့်ကို မုန်းလို့ ..."

"ဘာ ..."

"နင့်ကို မုန်းလို့ ..."

ခွန်းသ ထပ်ပြောတော့ ထားသခင်က နှုတ်ခမ်းလေးစူမဲ့လိုက်ရင်း ...

"နင်လိုလူက မုန်းတာကို ငါက ဂရုစိုက်ရမှာလား ..."

"နင့်ဘာသာ အရေးစိုက်စိုက် မစိုက်စိုက် ငါ မုန်းလို့မုန်းတဲ့အကြောင်း ပြောတာ၊ နင့်ခြေထောက် ရွှံ့စင်ပြီမဟုတ်လား၊ ငါ သွားတော့မယ်"





ခွန်းသက ထားသခင်ရှေ့မှ လှည့်ထွက်သွားသော်လည်း ...

"ဟဲ့ကောင်လေး ... နေဦး"

ခွန်းသက ခြေလှမ်းတွေကို ရပ်လိုက်ရသည်။

"လာခဲ့ ... ဒီကိုပြန်လာခဲ့ဦး၊ နင့်ကို ဆုံးမပြုပြင်စရာ ရှိသေးတယ်"

ခွန်းသ ထားသခင်ရှေ့ကို ပြန်ရောက်လာရပြန်သည်။

ထားသခင်က ခါးထောက်ရပ်လိုက်ရင်း ...

"နင် ငါ့ခြံထဲမှာနေပြီး ငါ့အလုပ်ကို လုပ်နေသရွေ့ ငါ့ကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံပါ ခွန်းသ၊ နင် မယဉ်ကျေးရင်၊ ငါ့ကိုအာခံရင်၊ ငါခိုင်းတာမလုပ်ရင် ဘကြီးမိုးကိုအလုပ်ဖြုတ်ပြီး ငါ့ခြံထဲက ချက်ချင်း နှင်ထုတ်ပစ်မယ်ဆိုတာ နင် သေသေချာချာ မှတ်ထားပါ၊ ကဲ ... ငါဆိုတဲ့အတိုင်း လိုက်ဆို ..."

ထားသခင်က စကားပြောနေရာမှ ခဏနားလိုက်သည်။

ခွန်းသက နှုတ်ခမ်းကို တင်းတင်းစေ့ကာ ထားသခင်ရှေ့မှာ မျက်လွှာချ၍ ရပ်နေသည်။

"ကဲ ... လိုက်ဆိုတော့၊ ကျွန်တော် မောင်ခွန်းသဆိုသော ကောင်လေးသည် ..."

ခွန်းသက လိုက်မဆိုဘဲ နှုတ်ခမ်းစေ့ကာ မတုန်မလှုပ် ရပ်နေသည် ...။

"ဟဲ့ ... လိုက်ဆိုလေ"

"ကျွန်တော် မောင်ခွန်းသဆိုသော ကောင်လေးသည် ..."

"ဒီလိုမှပေါ့၊ ကဲ ... ဆက်ဆို ... ဤအိမ်ကြီး၏ အရှင်သခင် မမထားသခင်အား ..."

"ဤအိမ်ကြီး၏ အရှင်သခင် မမထားသခင်အား ..."

"သေသည်အထိ သစ္စာစောင့်သိ ရှိသေပါမည် ..."

"သေသည်အထိ သစ္စာစောင့်သိ ရှိသေပါမည် ..."

"မမထား ခိုင်းသမျှကိုလည်း ..."

"မမထား ခိုင်းသမျှကိုလည်း ..."



www.burmeseclassic.com

www.burmeseclassic.com



"မငြင်းမဆန်ဘဲ အမြဲလုပ်ပါ့မည် ..."

"မငြင်းမဆန်ဘဲ အမြဲလုပ်ပါ့မည် ..."

"အလုပ်သမားလေး ကျွန်တော် မောင်ခွန်းသ၏ဘဝကို"

"အလုပ်သမားလေး ကျွန်တော်မောင်ခွန်းသ၏ဘဝကို ..."

"ကျွန်တော့် အလုပ်ရှင် မမထားသခင်က ..."

"ကျွန်တော့်အလုပ်ရှင် မမထားသခင်က ..."

"ပိုင်ဆိုင်ပါသည် ..."

"... ... ..."

"ဟဲ့ ... လိုက်ဆိုလေ ..."

ခွန်းသက ဆက်မဆိုဘဲ ရပ်လိုက်သဖြင့် ထားသခင်က အလိုမကျ ဖြစ်သွားသည်။

"ငါ့ဘဝကို နင်မပိုင်ပါဘူး"

"ဘာလို့မပိုင်ရမှာလဲ၊ ပိုင်တယ်ဟဲ့၊ ပိုင်တယ်၊ နင့်ကို ငါ ပိုင်တယ် သေချာပြန်လိုက်ဆိုစမ်း ...၊ မဆိုရင် နင့်ဘကြီး အလုပ်ပြုတ်မှာ နော်"

"ပိုင် ... ပိုင်ဆိုင်ပါသည်"

ခွန်းသက နောက်ဆုံးသော သစ္စာစကားကို လိုက်ဆိုလိုက်ချိန်မှာ ရင်ထဲမှာ အရှယ်ကလေးနှင့်မမျှတအောင် ခံစား နာကျင်သွားပါသည်။

ခွန်းသရဲ့ဘဝကို ထားသခင်ပိုင်ရင် ခွန်းသက ထားသခင်ရဲ့ ခြေထောက်တွေကို နေ့တိုင်း ဆေးပေးရမှာလား။ ထားသခင်က ခွန်းသ အလုပ်လုပ်တာကို စိတ်တိုင်းမကျရင် ခွန်းသ ရေမွန်း အသက်ရှူကြပ်အောင် ခွန်းသရဲ့ မျက်နှာကို ရေပိုက်နဲ့ ထိုးမှာလား၊ မပွင့်တဲ့ နှင်းဆီတိုင်းကို ပွင့်အောင်လုပ်ခိုင်းဦးမှာလား။ ငါ့ဘဝကို ဘာလို့ ပိုင်ချင်ရတာလဲ ထားသခင်ရယ်။ နင်က လောဘကြီးလိုက်တာ ...။

○ ○ ○



♠ ♠ ♠

ဤမဟာစံအိမ်ကြီးတွင် ထားသခင် နေထိုင်နေသည့် ကာလတွေဟာ ခွန်းသအတွက်တော့ ငရဲခန်းထဲမှာ နေရသော ကာလများပင် ဖြစ်လေသည်။

ထားသခင်၏ နေပုံ၊ ထိုင်ပုံ၊ ပြောဆိုပြုမူပုံတွေဟာ ခွန်းသအတွက် ပါးစပ်အဟောင်းသားဖြင့် အံ့သြချင်စရာ၊ မုန်းတီးချင်စရာ၊ မဲ့ရွဲ့ကာ ခိုင်းပစ်ချင်စရာတွေချည်းသာ ဖြစ်ခဲ့သည်။

အမြဲတမ်း သခင်မလေးပုံဖမ်းနေတတ်တဲ့ ထားသခင်ကို အိမ်သားလုံးက ခယယ ဆက်ဆံကြရသည်။ အေးလှနဲ့ မိနှောင်းတို့ ကောင်မလေးတွေခမျာလည်း တစ်ခါမှကို အနားမရ၊ သူမရဲ့ နောက်ဘက်ပါးမှာ ငယ်ကျွန်ကြီးတွေလို အမြဲ ကပ်နေရသည်။ သူမပါးစပ်က အမြဲတမ်း အမိန့်ပေးစေခိုင်း သည့် စကားတွေ ထွက်နေသည်။

"ဟဲ့ ... အေးလှ ... လာခဲ့၊ ငါ့ခြေထောက်တွေ ညောင်းနေလို့ လာနှိပ်ပေး ..."

"မိနှောင်း ... ငါ့ဆံပင် လာဖြီးပေးစမ်း"

"ဒီမှာ ဖိနပ် လာစီးပေးကြဦးဟေ့ ..."



www.burmeseclassic.com

www.burmeseclassic.com



စသဖြင့် … စေခိုင်းအမိန့်ပေးနေပုံက အရွယ်လေးနှင့် တောင် မလိုက်ဖက်ဘဲ မောက်မာလွန်းလှပေသည်။

ကောင်မလေးတွေသည် တစ်ခါမှကို အနားမရ၊ အချိန်တိုင်းမှာ ထားသခင် ခိုင်းသမျှကိုလုပ်ကြရသည်။ ဒေါ်ညိုမြကြီးလည်း ဘာထူးလို့လဲ …။ အမြဲလို ဟိုဟာစားချင်သည်၊ ဒီဟာစားချင်သည် ပူဆာနေသမျှကို စီမံချက်ပြုတ်ပေးနေရသည်။ ဒေါ်နန်းကတော့ ထားသခင်ကို နည်းနည်းလေးမှ ကြည့်မရချေ။

"သူ ရောက်လာမှပဲ ငါလည်း ထမင်းချက်ရာထူးကနေ အဆင့်လျှော့ပြီး မညိုမြရဲ့ လက်တိုလက်တောင်းဘဝကို ရောက်တော့တယ်၊ သခင်မက မညိုလက်ရာကလွဲရင် မစားဘူးတဲ့တော် …"

ထားသခင် ဘယ်လိုပဲနေနေ ဘာပဲပြောပြော သူ့ အဘွား ဒေါ်ထားခင်ကြီးက မဆုံးမဘဲ လွှတ်သာထားလေသည်။ ဆုံးမဖို့လည်း အချိန်ကမပေးနိုင်။ သူ့မှာ တစ်နေကုန် ဖဲဝိုင်းချည်းထိုင်နေရတာမို့ ထမင်းစားဖို့တောင်မှ ဖဲဝိုင်းနားမှာ ထမင်းပန်းကန် သွားချပေးမှ စားတော်မူနိုင်၏။ ဒေါ်နန်းကပင် ဒေါ်ထားခင်ကြီးကို စိတ်ပျက်လာကာ …

"ဒီအသိဉာဏ် မရှိတဲ့ အဘွားကြီးနဲ့ ဒီလိုဂုဏ်မောက်နေတဲ့ မြေးလက်ထဲမှာ ဒီစည်းစိမ်တွေ ကြာကြာမှခံပါ့မလား မသိပါဘူးဟယ်"

ဟု စိတ်ပျက်လက်ပျက် ညည်းတွားနေတတ်သည်။

ခွန်းသကတော့ ဘာဆိုဘာမှမပြောဘဲ နှုတ်ပိတ် နာကြည့်နေသည်။ အတတ်နိုင်ဆုံး ထားသခင် မနိုးခင်မှာ ခြံအလုပ်တွေ ပြီးအောင်လုပ်ပြီး ထားသခင် ခြံထဲဆင်းလာမည့်အချိန်မတိုင်ခင်မှာ ဟိုးခြံနောက်ဘက်က အိမ်ကလေးထဲမှာသာ ငြိမ်ကုပ်နေမိသည်။ သို့သော် ထားသခင်က သူ့ကို အလွတ်မပေးပါ။

"ခွန်းသ … ခွန်းသရေ၊ ခွန်းသ ရှိလား …"

သူ အိမ်ထဲမှာ ရှိနေတုန်းမှာ ကောင်မလေးတစ်ယောက်၏ အော်ခေါ်သံကိုကြားရသဖြင့် သူက ပြတင်းတံခါးမှာ ခေါင်းပြူကြည့်မိတော့ အေးလှကို တွေ့ရသည်။





"ဘာကိစ္စရှိလို့လဲ အေးလှ …"

"နင့်ကို မမထားက ခေါ်ခိုင်းလိုက်လို့၊ ခုချက်ချင်း လာခဲ့ပါတဲ့၊ မြန်မြန်မလာရင် နင့်အပြစ် ပိုကြီးသွားလိမ့်မယ်တဲ့"

သူ အိမ်ကနေ ခပ်မြန်မြန် ထွက်လာခဲ့ရသည်။

သူမက မဟာစံအိမ်ရဲ့ ရှေ့ဘက် နှင်းဆီပင်တွေ ကြားမှာ ခါးထောက်ရပ်၍ သူ့ကို ကြိုစောင့်နေသည်။ နှင်းဆီနီတွေကြားမှာ ဂါဝန်အနီ၊ ဦးထုပ်အနီ၊ ဖိနပ်အနီဖြင့် ရပ်နေသော သူမပုံစံက စူးစူးရှရှ ရဲရဲ တောက်နေသည်။ ကြိုဆိုစကားကိုလည်း ကြည့်ဦး …။

"ဟဲ့ကောင်လေး …"

ခွန်းသက ပြန်မထူးဘဲ သူမရှေ့မှာရပ်၍ သူမကို ကြည့်နေလိုက်သည်။ သူမက နှင်းဆီပင်တွေကို လက်ညှိုးထိုးပြကာ …

"ဒီမှာ မြင်လား၊ နှင်းဆီတွေ ဘယ်လိုဖြစ်နေသလဲဆိုတာ"

ခွန်းသက ထားသခင် ညွှန်ပြသည့် နှင်းဆီပင်တွေကို လှမ်းကြည့်လိုက်သည်။ ခွန်းသမျက်စိထဲမှာတော့ နှင်းဆီတွေက ဘာမှဖြစ်မနေပါ။

"ဟဲ့ … မြင်လားလို့ မေးနေတယ်လေ"

"မြင်တယ်လေ …"

"ဘာမြင်တာလဲ …"

"နှင်းဆီပန်းတွေပေါ့ …"

"အဲ့ဒီ နှင်းဆီပန်းတွေ ဘာဖြစ်နေလဲလို့ မေးတာဟဲ့ …"

"ဘာဖြစ်လို့လဲ၊ ဘာမှမဖြစ်ပါဘူး …"

"ဖြေပုံကိုက အပိုးကိုမကျိုးဘူး၊ ဟဲ့ … အေးလှနဲ့ မိနှောင်း"

"ရှင် … မမထား"

"နင်တို့ နှစ်ယောက်စလုံး သူ့လက်တစ်ဖက်စီကို သေချာ ဆွဲပြီး ဒီနှင်းဆီပင်နားကို ခေါ်ခဲ့ကြ"

"ဟုတ်ကဲ့ … မမထား"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး နှစ်ယောက်က ခွန်းသနားကို ပြေးကပ်လာကာ ခွန်းသရဲ့ လက်တစ်ဖက်စီကို ချုပ်ကိုင်ဆွဲခေါ်လိုက်သည်။

"ဖယ် ... ငါ့ကို မထိနဲ့"

"အောင်မာ ... ကြီးကျယ်လို့"

ခွန်းသက လက်ကို ဆတ်ခနဲ ပြန်ရုန်းလိုက်တာမို့ အေးလှနဲ့ မိနှောင်းက သူတို့နှုတ်ခမ်းတွေကို ပုံဆိုးပန်းဆိုး ရွဲ့ပစ်လိုက်ကြသည်။

ခွန်းသက ထားသခင် ညွှန်ပြသည့် နှင်းဆီပင်နားသို့ သွားကာ နှင်းဆီပွင့်ကို ငုံ့ကြည့်လိုက်ရင်း ...

"ဒါ ... နင် မကြိုက်တဲ့ နှင်းဆီအဖူးမှ မဟုတ်တာ၊ အစွမ်းကုန် ပွင့်နေတဲ့ နှင်းဆီပွင့်ကြီးလေ၊ လှသားပဲ ..."

"ဟဲ့ ... အဲ့ဒီလို အစွမ်းကုန် ပွင့်နေလို့ မကြိုက်တာပေါ့ဟဲ့၊ အောက်ဘက်က ပွင့်ဖတ်တချို့ဆို ကြွေတောင်ကျနေပြီ၊ နှင်းဆီ ဝတ်ဆံကြီးကလည်း ပွင့်လန်ပြီး ပွင့်ဖတ်တွေ နွမ်း ရိလုလုဖြစ်နေတဲ့ ရက်လွန်ပန်းမျိုးကို အပင်ပေါ်မှာ ငါမမြင်ချင်ဘူးဆိုတာ နင်မသိဘူးလား"

အောင်မယ် ... ကြီးကျယ်လိုက်တာဗျာ၊ သူ့ဘာသာ နွမ်းချိန်တန်လို့ နွမ်းတဲ့ပန်းကို မမြင်ချင်လည်း မျက်စိမှိတ်ထားလိုက်ပေါ့။

"ဟဲ့ ... မသိဘူးလားလို့ မေးနေတယ်လေ"

"မသိဘူး ..."

"အေး ... မသိရင်လည်း ခုကစပြီး မှတ်ထားလိုက်၊ နောက်ဆို ဒီလိုပန်းမျိုးကို ငါမမြင်ခင် ခူးပြီး လွှင့်ပစ်လိုက်၊ ကြားလား ..."

"ကြားတယ် ..."

"ကဲ ... စလိုက်ရအောင်"

"ဘာကိုလဲ ..."

ခွန်းသက ထားသခင် ဘာကိုပြောသလဲဆိုတာ သဘောမပေါက်တာမို့ ပြန်မေးမိသည်။ ထားသခင်က လက်ပိုက်ကာ မေးဆတ်ပြလိုက်ရင်း ...





"နားရွက်ဆွဲပြီး ထိုင် ထ စလုပ်တော့လေ၊ တစ်ရာပြည့်အောင် လုပ် ..."

"ဘာလို့လုပ်ရမှာလဲ ..."

"နင့်ကို ဒဏ်ပေးတာလေ၊ ဒီလိုပန်းကို ငါမြင်ရတာ နင့်ကြောင့်မို့လို့ နင့်ကို ဒဏ်ပေးတာ၊ ကဲ ... စတော့၊ တစ် ... နှစ် ..."

ခွန်းသက အံကြိတ်မိသည်။ အမည်းအစက် အပျောက်လေးများရှိသော ခွန်းသရဲ့ ပါးကလေးနှစ်ဖက်က နီရဲလာသည်။

"ဟဲ့ ... လုပ်လေ၊ နင်မလုပ်ရင် နင့်ဘကြီးကို အလုပ်ဖြုတ်မှာနော် ..."

ထားသခင်က ခွန်းသ အကြောက်ဆုံး စကားလုံးကို သုံးကာ ခြိမ်းခြောက်ပြန်သည်။

"ငါ ခိုင်းသမျှ ဘာမဆိုလုပ်ပါ့မယ်လို့ ငါ့ရှေ့မှာ နင် သစ္စာဆိုထားတယ်လေ ..."

ခွန်းသက တင်းထားသော စိတ်ကို လျှော့ကာ လက်နှစ်ဖက်ကို ကြက်ခြေခတ်အနေအထားဖြင့် နားရွက်နှစ်ဖက်ကို ဆွဲ၍ ထိုင်ထလုပ်လိုက်လေသည်။

"ဒီလိုမှပေါ့၊ တစ် ... နှစ် ... သုံး ..."

ထားသခင်ရဲ့ နံပါတ်စဉ်ရေတွက်သံနှင့်အတူ ခွန်းသ ထိုင်ထနေပုံကိုကြည့်ကာ အေးလှတို့က တခီခီ တခွိခွိရယ်ကြသည်။ ခွန်းသတစ်ကိုယ်လုံး ရှက်စိတ်ဖြင့် ထူပူရှိန်းဖိန်းနေသည်။ သူ့ဒူးပိန်ပိန်ကလေးများမှာ တဖြည်းဖြည်း တဆတ်ဆတ်တုန်လာနေပါသည်။

"၅၀ ...၊ ၅၁ ...၊ ၅၂ ..."

သူ့တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက် ကျလာသည်။ ထားသခင်ကတော့ သူ့ရှေ့နားက အုတ်ခုံလေးပေါ်မှာ အကျအန ခြေချိပ်ထိုင်ရင်း ပြုံးပြုံးနပြေ ရေတွက်နေသည်။

"၈၈ ...၊ ၈၉ ...၊ ၉၀ ..."



www.burmeseclassic.com

www.burmeseclassic.com



သူ ခွေခနဲ လဲသွားသည်။ ကောင်မလေးတွေက ရယ်ကြပြန်သည်။

"ယောက်ျား မဟုတ်ဘူးလား၊ ပြန်ထ ... ပြန်ထ၊ တစ်ရာ မပြည့်သေးဘူး"

သူ ပြန်ထကာ အားတင်းပြီး လုပ်ရပြန်သည်။

"၉၉ ...၊ ၁၀၀ ...၊ အိုကေ"

"ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဝေး ... ဟေး ... ဟေး"

အေးလှတို့က လက်ခုပ်ပြိုင်တူတီးကာ ကောင်းချီး ဩဘာ ပေးလိုက်ကြသည်။

ခွန်းသက ထားသခင်ရှေ့မှ ချာခနဲ လှည့်ကာ ခြံပြင်သို့ ပြေးထွက်လာခဲ့ပါသည်။

ရက်စိတ်၊ နာကျင်စိတ်၊ မုန်းတီးစိတ်များဖြင့် ခွန်းသက သွေးရူးသွေးတန်း ပြေးရင်း ခြံနဲ့ဝေးဝေး ယာခင်းတွေဘက်သို့ ရောက်လာသည်။ လမ်းမှာ သူ့ဖိနပ်နှစ်ဖက်လုံး ကျွတ်ကျန်နေခဲ့သဖြင့် ခြေဗလာဖြစ်နေသော်လည်း ခွန်းသက ဆက်ကာ ဆက်ကာ ပြေးနေသည်။ သူ့တစ်ကိုယ်လုံး ချွေးဒီးဒီးကျလို့နေပါသည်။

ခွန်းသသည် ယာခင်းတွေရှိရာ တောင်စောင်းပေါ်သို့ ပြေးတက်လာပြီး ဂေါ်ဖီခင်းတွေကြားမှာ ထိုင်ချကာ ...

"အီး ... ဟီးဟီး ... ငါ နင့်ကိုမုန်းတယ် ထားသခင်"

"ငါ နင့်ကို အရမ်းမုန်းတယ် ထားသခင် ..."

ဟု နာနာကြည်းကြည်းအော်ရင်း အားပါးတရ ငိုကြွေးလိုက်မိလေသည်။

○ ○ ○



♠ ♠ ♠

လသာသော တစ်ညတွင် ခွန်းသသည် နှင်းဆီခင်းထောင့်က သစ်သားခုံလေးပေါ်မှာ ထိုင်ရင်း မဟာစံအိမ်ကြီးကို ရန်သူသဖွယ် စိုက်ကြည့်နေမိလေသည်။

ဟိုအရင်ကတော့ တစ်နေ့ တစ်နေ့ ဒီအိမ်ကြီးကို ငေးမောကြည့်ရင်း ရဲတိုက်ကြီးလို ခမ်းနားလှတဲ့ ဒီအိမ်ရဲ့ အရှင်သခင်မကို ချစ်ဖွယ်ကောင်းသော ရွှေမင်းသမီးလေးအဖြစ် စိတ်ကူး ပုံဖော်ကြည့်ဖူးသည်။ မင်းသမီးလေးနှင့် အတူတူ ကစားရလိမ့်မည်ဟုလည်း စိတ်ကူးယဉ်ကြည့်ဖူးသည်။ ခုတော့ ...။

"မြေးက ဒီမှာကိုး၊ ဘယ်များသွားသလဲလို့ ရှာလိုက်ရတာကွယ်"

ဘကြီးမိုးက ခွန်းသရှေ့မှာ လာရပ်ရင်း ခွန်းသ ခေါင်းလေး ဖွဖွပုတ်၍ ပြော၏။

ခွန်းသက ဘကြီးမိုးကို မော့ကြည့်ရင်း ...

"ဘဘကြီး ..."

"ဟေ ... ဘာတုန်း ... ပြောလေ"

"ကျွန်တော်ထင်တာ မှားသွားပြီ ဘဘကြီး"

"ဘာမှားလို့တုန်း မြေးရဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဒီအိမ်ကြီးရဲ့ အရှင်သခင်မကို ရွှေမင်းသမီးလေး ဖြစ်လိမ့်မယ်လို့ ထင်ထားတာ၊ ခုတော့ ... သူက ဘီလူးသရဲထက် ပိုဆိုးနေသလိုပဲ၊ ကြောက်စရာကောင်းတယ်နော် ဘဘကြီး"

ဘကြီးမိုးက ဘာမှမပြောဘဲ ခွန်းသဘေးမှာ ဝင်ထိုင်လိုက်ပြီး ခွန်းသပခုံးကို လှမ်းဖက်၍ ဖွဖွလေး ပုတ်ကာ နှစ်သိမ့်လိုက်သည်။

"သူတို့လို ပိုက်ဆံရှိတဲ့လူတွေက ကျွန်တော်တို့လို ပိုက်ဆံ မရှိတဲ့ လူတွေကို အမြဲအနိုင်ကျင့်တတ်သလားဟင် ဘဘကြီး"

သူ့စကားက အဆုံးမှာ တုန်ခါသွားသလား မသိပါ။

ဘကြီးမိုးက သူ့နဖူးပေါ်က ဆံပင်လေးတွေကို လက်ဖြင့် သပ်တင်ပေးရင်း ...

"ဆင်းရဲချမ်းသာဆိုတာ မတည်မြဲဘူး မြေးရဲ့၊ လူဆိုတာ အမြဲ ဆင်းရဲမနေသလို အမြဲလည်း ချမ်းသာမနေကြပါဘူး၊ နိမ့်ချည် တစ်ခါ မြင့်ချည်တစ်လှည့်ဆိုတာမျိုးလည်း ရှိတတ်တာပဲ၊ ချမ်းသာ တဲ့သူတွေလည်း တစ်နေ့ကျ ဆင်းရဲချင် ဆင်းရဲသွားနိုင်သလို ဆင်းရဲတဲ့လူတွေလည်း တစ်နေ့ မချမ်းသာဘူးလို့ မပြောနိုင်ဘူး လေ ..."

"ဒါဆို ... တစ်နေ့ကျ ကျွန်တော်က သူဌေးကြီးဖြစ်ပြီး ထားသခင် က ဆင်းရဲသွားတာမျိုးလည်း ဖြစ်နိုင်တာပေါ့နော် ဘဘကြီး ..."

"ဒါပေါ့ ... မြေးရဲ့"

"ဒါဆို ကျွန်တော် သူဌေးကြီးဖြစ်ရင် သူ့ကိုခေါ်ပြီး ခြေထောက် ဆေးခိုင်းရမယ်"

ဘကြီးမိုးက ခပ်သဲ့သဲ့ရယ်ရင်း ...

"မင်းက အဲ့ဒီအချိန်ရောက်ရင်တောင် ထားသခင်နဲ့ ပြန်တွေ့ချင် သေးတာလား"

"သူ့ကို ပြန်အနိုင်ယူချင်လို့ တွေ့ချင်တာပါ ဘဘကြီးရာ"

"မင်း သူ့ကို တော်တော် မုန်းသလား"





"မုန်းတာပေါ့ ဘဘကြီးရ၊ သူက အရမ်း မုန်းစရာကောင်းတာ ..."

"မင်း သူ့ကို မမုန်းပါနဲ့ မြေးရာ"

"ဘာလို့လဲဟင် ... ဘဘကြီး"

"မုန်းရင် မေ့မရဘဲ နေမှာပေါ့ကွ၊ မင်း သူ့ကိုမကြိုက်ရင် မေ့ပစ် လိုက်ပေါ့၊ သူနဲ့ပြန်မတွေ့လေ ကောင်းလေပေါ့၊ သူ့အပေါ် ဘာ ခံစားချက်မှ ထားမနေပါနဲ့ကွာ၊ ကဲ ... လာ သွားအိပ်ကြရအောင်၊ မနက်ကျ စောစောထရဦးမှာ၊ မနက်ကျ မြေးစားဖို့ ကောက်ညှင်း ပေါင်းပူပူလေး ဝယ်ကျွေးမယ်"

ဘကြီးမိုးက ခွန်းသ လက်ကိုဆွဲကာ ထိုင်ရာမှထသည်။

ထိုညက ခွန်းသ အိပ်မက်မက်သည်။

အိပ်မက်ထဲမှာ ခွန်းသက သူဌေးသားလေးဖြစ်နေပြီး ထား သခင်က အိမ်ဖော်မလေးဖြစ်နေကာ ခွန်းသရဲ့ ခြေထောက်တွေကို နှိပ်ပေး နေသည်။

တော်တော် ကျေနပ်စရာကောင်းတဲ့ အိပ်မက်ဖြစ်ပါသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

နောက်ဆုံးတော့ ခွန်းသ အရမ်းမျှော်လင့်ရသော နေ့သို့ ရောက်ရှိလာလေသည်။

ထိုနေ့ကား ထားသခင်တို့တွေ မဟာစံအိမ်မှ ပြန်ကြတော့မည့် နေ့ပင်တည်း။

ထိုနေ့ မနက်ခင်းတွင် ထားသခင်တို့ကို နှုတ်ဆက်ရန် ဘကြီးမိုး၊ ဒေါ်နန်းနှင့် ခွန်းသတို့ သုံးယောက်လုံး မဟာစံအိမ်ရဲ့ တံခါးဝမှာ တန်းစီ၍ ရို့ရို့ကျိုးကျိုး ရပ်စောင့်နေကြရသည်။

ရပ်နေရင်း ... ဒေါ်နန်းက 'ဒီတစ်နှစ်တော့ ဝင့်ကျွတ် ပြန် ပေါ့ကွယ်' ဟု တီးတိုးပြောသည်။

ခွန်းသကတော့ တားသခင် ဆင်းလာမည့် ကျွန်းပွတ်လှေ လက်ရန်းများဖြင့် ခမ်းနားလှသော လှေကားကြီးကို လှမ်းကြည့်ရင်း ရင်ထိတ်နေခဲ့သည်။

ထားသခင်နှင့် တွေ့ရမည့်အချိန်တိုင်းကို ခွန်းသက ကြောက် ရွံ့နေမိတတ်သည်။ သူမ မဟာစံအိမ်မှာ နေထိုင်သည့် ကာလတွေမှာ ခွန်းသကို အမျိုးမျိုးပညာပြ၊ ခိုင်းစေနှိပ်စက်ခဲ့သည်။ ခိုင်းစရာမရှိ ကြံဖန် ခိုင်းတာတွေကို အံကြိတ်၍ သည်းခံခဲ့ရသည်။ မနေ့ကဆို ထားသခင်





ခြံထဲရှိ ထင်းရှူးပင်ရဲ့ ပင်စည်ကို ကစားစရာ မြားကလေးနှင့် ပစ်ပေါက် ဆော့ကစားနေခဲ့သည်။ ခွန်းသကတော့ ဘကြီးမိုးနှင့်အတူ ပန်းခင်းတွေ ကြားက ပေါင်းမြက်တွေကိုနုတ်နေခဲ့သည်။ ထိုအချိန်မှာပဲ သူမက ခွန်းသ ကို လှမ်းမြင်သွားကာ ...

"ဟဲ့ ကောင်လေး ... ဒီနားလာဦး"

ဟု လှမ်းခေါ်တာမို့ ခွန်းသက မြေကြီးတွေ ပေနေသော လက်တွေကို အမြန်သွားဆေးပြီး ရေစိုလက်ကို ဘောင်းဘီမှာ တဖျပ်ဖျပ် သပ်သုတ်ရင်း သူမထံသို့ အပြေးသွားရသည်။

ထားသခင်က မြားတွေစိုက်နေသည့် ထင်းရှူးပင်စည်ကို လက်ညှိုးညွှန်ပြရင်း ...

"ဟိုက မြားတွေ သွားနှုတ်လာခဲ့"

ဟု ခိုင်းလေသည်။

ထိုနေ့က သူမပစ်သမျှ မြားတွေကို ခွန်းသက လိုက်ကောက် ပေးနေခဲ့ရသည်။ သစ်ပင်မှာစိုက်နေသည့် မြားတွေ၊ မြေပြင်ပေါ်မှာ ပြန့်ကျဲ နေသည့် မြားတွေကို ပြေးကောက်လိုက်၊ ထားသခင်ဆီ ပြန်ပြေးပြီး သွား ပေးလိုက်၊ ထားသခင်က ထပ်ပစ်လိုက်၊ သူက ပြေးကောက်ပေးလိုက်ဖြင့် ချွေးတစ်ကိုယ်လုံး ရွှဲဒီးဒီးကျလာခဲ့ရသည်။ ကောင်မလေး နှစ်ယောက် ကလည်း ထားသခင်နှင့် ထင်းရှူးပင်ကြားမှာ ယောက်ယက်ခတ် ပြေးလွှား နေရသော ခွန်းသကို ကြည့်ကာ လှောင်ပြောင် ရယ်မောကြပြန်လေသည်။

ဤသို့ နှိပ်စက်ခဲ့သော ထားသခင်သည် ခုတော့ ပြန်ပေဦး တော့မည်။ ကလေးတစ်ယောက်ရဲ့ရင်ဘတ်ထဲကို ကလေးတစ်ယောက်က ဒဏ်ရာတွေ ထည့်ပေးသွားနိုင်တာကတော့ မယုံနိုင်စရာ ဖြစ်သည်။

ကလေးအတွေး၊ ကလေးအပြုအမူ၊ ကလေးစကားများဖြင့် ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် နေထိုင်လာသော ခွန်းသသည် ထားသခင့် ကြောင့်ပင် 'အမုန်း' ဆိုတာကို စတင် ခံစားမိလာသည်။ နာကြည်းမှုကို ပထမဆုံး ငိုကြွေးတတ်လာခဲ့ရသည်။ ပိုက်ဆံရှိသူနှင့် မရှိသူ၏ ခြားနားခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



သိမြင်လာခဲ့ရသည်။ 'ငါသာ တစ်နေ့ သူဌေးကြီးဖြစ်ခဲ့ရင် ...' ဟူသော အတွေးကို စ,တွေးတတ်လာခဲ့ရကာ ချမ်းသာသော သူဌေးဘဝကို လိုချင် တော်တောမိလာရသည်။ ခွန်းသသာ ချမ်းသာလျှင် ထားသခင် သူ့ကို ဒီ ဆက်ဆံရုံမျှ မဟုတ်ဘူးဟု နားလည်လာမိလေသည်။

လှေကားကြီးကို ခွန်းသ လှမ်းမျှော်ကြည့်နေချိန်မှာပဲ ထားသခင်က လှေကားပေါ်မှ ဆင်းလာခဲ့သည်။

အနီရောင် ဂါဝန်ကားကား၊ နှင်းဆီပွင့် အနီကြီး တစ်ချို့ ကပ်ထားသော ဘီးကုပ်အနီတို့ကို ဆင်မြန်းလျက် အပေါ်ထပ်မှ ဆင်းလာသော သူမက ခွန်းသကို အရင်ငုံ့ကြည့်လိုက်သည်။ ခွန်းသကလည်း သူမကို အညှိုးကြီးရန်လိုသောအကြည့်ဖြင့် စူးစူးရှရှ ပြန်ကြည့်နေလိုက်ပြီး မျက်လွှာချကာ ခေါင်းငုံ့ထားလိုက်သည်။

ထားသခင်က လှေကားအတိုင်း ဆင်းလာပြီး ခွန်းသည် သုံးယောက်ရှေ့က ဖြတ်လျှောက်လာသည်။ ထို့နောက် အပေါက်ဝနား အစွန်ဆုံးမှာ ရပ်နေသည့် ခွန်းသရှေ့မှာရပ်လျက် ခွန်းသရဲ့ ပခုံးတစ်ဖက်ကို တဖတ်ဖတ် ပုတ်လိုက်ပါသည်။

ခွန်းသသည် ထားသခင်ရဲ့ လက်ကို ပုတ်ထုတ်ပစ်ချင်သော်လည်း ဘကြီးမိုးရှေ့မှာမို့ မလုပ်ရဲ ...။

"ခွန်းသ ..."

ထားသခင်က အထက်စီးလေသံဖြင့် ခေါ်လိုက်သည်။

ခွန်းသက သူမကို မျက်လွှာပင့်၍ ကြည့်လိုက်သော်လည်း နှုတ်ခမ်းကိုတော့ တင်းတင်းစေ့ထားသည်။

"မြေး ... ခေါ်နေတာ ထူးလိုက်လေကွယ် ..."

ဘကြီးမိုးက တိုးတိုးကပ်ပြောတော့မှ ...

"ပြောပါ ..."

"ငါ့ကို ဖိနပ်စီးပေး ..."

"ဘာ ..."





"ငါ့ကို ဖိနပ်စီးပေးစမ်းပါ ..."

ထားသခင်က သူမခြေထောက်နှင့် မလှမ်းမကမ်းမှာ အသင့်ထားသော အနီရောင် ကြိုးသိုင်းဖိနပ်လေးကို မေးငေါ့ပြလိုက်ရင်း ...

"ဟိုမှာတွေ့လား၊ ငါ့ဖိနပ်က ကြိုးသိုင်းဆိုတော့ ငါစီးရတာခက်တယ်၊ နင် စီးပေးမှ ဖြစ်မယ်"

"နင့် ကောင်မလေးတွေကို စီးပေးခိုင်းပါလား ..."

"ဆင်ခြေမပေးနဲ့လေ၊ စီးခိုင်းနေရင် စီးပေးလိုက်ပေါ့"

"နင့်ဟာနင် စီးပေါ့ ..."

"အောင်မယ် ..."

ထားသခင်က ဆတ်ခနဲ ခါးထောက်လိုက်သည်။

"မြေး၊ စီး ... စီးပေးလိုက်ပါကွယ်"

ခွန်းသသည် ခိုင်းရက်လေခြင်းဟု နာကျင်သွားကာ ဘကြီးမိုးကို ဆတ်ခနဲ မော့ကြည့်လိုက်မိသောအခါ ဘကြီးမိုးရဲ့ တောင်းပန်နေသောခံသော အကြည့်တွေကို ရင်ဆိုင်မိလေသည်။

ထိုမျက်လုံးတွေထဲက ဘကြီးမိုးရဲ့ တစ်ဝမ်းတစ်ခါး အတွက် ကြောင့်ကြတ်မှုကို အရှယ်လေးနဲ့ မမျှအောင် ခံစားနားလည်လိုက်ရသည်။

ခွန်းသက ထားသခင်ရှေ့မှာ ဒူးထောက်၍ ထိုင်ချလိုက်ရပါသည်။ အလွန်လှပသော ကြိုးသိုင်းဖိနပ် အနီရောင်လေးကို လှမ်းယူလိုက်ပြီး သူမ ခြေထောက်မှာ ကျကျနန လှလှပပ စီးပေးခဲ့ရပါသည်။

"အဟင်း ... ဟင်း၊ ထားထားနဲ့ ဖိနပ်အသစ်လေးနဲ့ လိုက်တယ် မဟုတ်လားဟင် ... ဘွားဘွား"

"လိုက်တာပေါ့ကွယ်၊ လှမှလှ ... လှမှလှ"

သူမက အဘွားဖြစ်သူကို လှမ်းပြောရင်း ပျော်မြူးစွာ တစ်ချက်လှည့်လိုက်သေးသည်။ ပြီးမှ ဆရာကြီးပုံစံဖမ်းကာ ခွန်းသ ပခုံးကို နှစ်ချက်ပုတ်လိုက်ပြီး အိမ်ပြင်ဘက်သို့ ပြေးထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... အားလုံးပဲ သွားဦးမယ်ဟော့၊ အိမ်ကို သေချာ ထိန်းသိမ်း စောင့်ရှောက်ထားကြဦးနော်"

ဒေါ်ထားခင်ကြီးက အားလုံးကို နှုတ်ဆက်ပြီး ထားသခင် လက်ကို ဆွဲကာ ကားပေါ်သို့ တက်သွားသည်။

ခွန်းသသည် တဖြည်းဖြည်း ဝေးသွားသော ကားကြီးကို မှိမ်းမှိမ်းစူစူး ရပ်ကြည့်ကျန်နေခဲ့လေသည်။

○ ○ ○



## အပိုင်း (၂)

နောက် ၅-နှစ် ကြာသောအခါ ...

www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

"မိနှောင်း ..."

မနက်စောစောတွင် အပေါ်ထပ်ရှိ ထားသခင်ရဲ့ အိပ်ခန်းကျယ်ကြီးဆီမှ ထွက်ပေါ်လာသော ခေါ်သံကြောင့် ဒေါ်ထားသခင်ကြီးမှစ၍ အိမ်ရှိ လူကုန်အားလုံး လှေကားရင်းသို့ ပျာပျာသလဲ စုဝေးရောက်ရှိလာကြကာ ...

"ဒုက္ခပဲ ... မမထား ဘာအလိုမကျသလဲ မသိဘူး"

"မိနှောင်း ... နင် ဘာအမှားလုပ်ထားလဲ ..."

"ဒီမနက် ဝတ်ဖို့ အဝတ်အစား အဆင်သင့်ထုတ်ထားပေး ဆိုလို့ ထုတ်ထားပေးတာပဲ ဒေါ်ညိုရယ်"

"သွား ... သွား ... မြန်မြန်ပြေးတက်သွားလိုက်၊ သူစိတ်ဆိုးရင် ဘာမှပြန်မပြောမိစေနဲ့၊ အသာလေးသာ ငြိမ်နားထောင်နေလိုက်၊ ဟဲ့ ... သူမေးရင်တော့ ပြန်မဖြေဘဲ မနေနဲ့နော်၊ အမလေး ... နင်တို့ မမထားနဲ့ နင်တို့နဲ့တော့ မလွယ်ပါဘူးဟယ်၊ နင်တို့ကြားထဲမှာ ငါတော်တော် ရင်မောရပါတယ်"

"မိနှောင်း ..."

"ဟဲ့ ... ဟဲ့ ... ခေါ်ပြန်ပြီဟဲ့၊ သွားတော့ ... သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



မိနှောင်းက အပေါ်ထပ်သို့ ပြေးတက်သွားပါသည်။ ငယ်စဉ်ကတည်းက ထားသခင် အနားမှာ လက်တိုလက်တောင်း ခိုင်းဖို့၊ အတူဆော့ကစားပေးဖို့ နေလာခဲ့ရတဲ့ မိနှောင်းတို့ အေးလှတို့ တစ်တွေဟာ ထားသခင် အပျိုပေါက်ကလေး ဖြစ်လာချိန်မှာ ထားသခင် ရှော်ပင်ထွက်တဲ့အခါ အထုပ်လိုက်ဆွဲပေးဖို့၊ ထားသခင် ဇျူတီဆလွန်း သွားတဲ့အခါ ထိုင်စောင့်ပေးဖို့၊ ထားသခင် ဝတ်ဖို့ အဝတ်အစားတွေကို မီးပူတိုက်ပေးဖို့၊ ထားသခင်ကို ခြေသည်း လက်သည်းဆိုးပေးဖို့ စသဖြင့် တာဝန်ယူရသည့် အလုပ်အမျိုး အစားတွေ ပြောင်းလဲလာရတာပင်။

"မိနှောင်း ..."

"လာပါပြီ မမထား၊ လာပါပြီ ... လာပါပြီ"

နောက်တစ်ကြိမ်ထပ်အခေါ်မှာ မိနှောင်းက ကြောက်ကြောက်လန့်လန့်နှင့် ထားသခင်ရဲ့အခန်းတံခါးကို ကမန်းကတန်း ဆွဲဖွင့်ကာ အခန်းထဲသို့ ပြေးအဝင် ...

"ဩော် ... ဟဲ့ ... ဟဲ့ ... ငါလည်း တိုက်မိပါဦးမယ်၊ မိနှောင်းတို့ကတော့ လုပ်လိုက်ရင် နမော်နမဲ့ချည်းပဲ ..."

မိနှောင်းက ထားသခင်ကို တိုက်မိမလို ဖြစ်သွားတာမို့ မျက်နှာချိုသွေးကာ ...

"ဟီးဟီး ... ဆောဒီးပါ မမထားရဲ့ ..."

"ဘာ ဆောဒီးလဲ၊ ငါ့စကားကို အတုခိုးခိုး မပြောစမ်းနဲ့"

"ဟုတ်ကဲ့ ... ကန်တော့နော် မမထား"

"အင်း ... အဲ့လိုပြော၊ ကဲ ... ဒီမှာ လာကြည့်စမ်း၊ ဒီအဝတ်အစားတွေ ငါဝတ်ဖို့ နင်ထုတ်ထားတာ မဟုတ်လား"

"ဟုတ် ... မမထား"

မိနှောင်းက ခုတင်ခြေရင်းမှာ တင်ထားသည့် သရီးကွာတားအဖြူရောင် ချည်သားဘောင်းဘီပွပွလေးနှင့် အနီရဲရဲ အင်္ကျီကိုယ်ကျပ်လေးကို လှမ်းကြည့်ရင်း ခေါင်းညိတ်ပြမိသည်။





အနီရောင် ကြိုက်တဲ့ မမထားဟာ ကလေးတုန်းကသာ အပေါ်အင်္ကျီအနီ၊ ဘောင်းဘီအနီ၊ ဂါဝန်အနီ စသဖြင့် ရဲရဲတောက်တွေချည်း ဝတ်တတ်ပေမယ့် ခုလို အပျိုပေါက်စလေး ဖြစ်လာချိန်မှာတော့ အနီရောင်ကို အပေါ်အောက် ဝမ်းဆက်မဝတ်ဘဲ တခြား အရောင်တစ်မျိုးမျိုးနှင့် တွဲဖက် ဝတ်တတ်ပါသည်။ ဘောင်းဘီအဖြူဆို အင်္ကျီအနီ၊ ဘောင်းဘီက နီလျှင် အင်္ကျီက အစိမ်း၊ အမည်း စသဖြင့် အရောင်ကွဲတွေဖြင့် တွဲဝတ်သည်။ မမထားရဲ့ စလင်းဘတ်အိတ်တွေ၊ လက်ကိုင်အိတ်တွေကတော့ အနီရောင် များပါသည်။ ဖိနပ်ဆိုလည်း အရံ ၅၀ ရှိလျှင် ၄၀ လောက်က အနီရောင်တွေချည်းပဲ။ သူငယ်ချင်းတွေရဲ့ မွေးနေ့ပွဲ သွားသည့်အခါတွေမှာတော့ ညနေခင်း ဝတ်စုံအဖြစ် မဟော်ဂနီရောင် ဂါဝန်လေးတွေကိုသာ ဝတ်တတ်သည်။ ဒူးခေါင်းနားအထိ ရှည်သည့် ဂါဝန်၊ ပေါင်လယ်လောက် ဂါဝန်၊ ခြေမျက်စိဖုံးအထိ ရှည်သည့် ဂါဝန် စသဖြင့် ပုံစံသာ အမျိုးမျိုး ပြောင်းချင်ပြောင်းမည်။ အရောင်ကတော့ အနီရောင် တစ်မျိုးတည်းသာပင်။ ဒါကြောင့်ပင် ရွယ်တူ ကောင်လေးတွေက မမထားကို 'မဟော်ဂနီ ဒေဝီ' ဟု ခေါ်ကြတာဖြစ်မည်။

"ဒီဝတ်စုံကို ငါ ဘယ်နှခါ ဝတ်ပြီးပြီလဲဆိုတာ နင်မှတ် မထားဘူးလား မိနှောင်း ..."

မမထား မေးတော့မှ မိနှောင်းက ရင်ထိတ်သွားကာ မျက်လုံးလေး အပေါ်လှန်၍ စဉ်းစားလိုက်ပြီး လက်နှစ်ချောင်း ထောင်ပြကာ ...

"ဟို ... နှစ် ... နှစ်ခါ ဝတ်ပြီးပါပြီ မမထား"

"နင့် ဦးနှောက်ကတော့ အီးဖြစ်နေပါပြီ မိနှောင်းရယ်၊ ငါဝတ်ထားတာ သုံးခါရှိပြီဟဲ့ ..."

"အင် ... အဲ ... ဟုတ်သားပဲ၊ မှတ်မိပြီ ... ဆောဒီး ... အဲ ကန်တော့နော် မမထား"

"အေး ... အဝတ်အစား တစ်စုံကို သုံးခါထက် ပိုမဝတ် တတ်ဘူးဆိုတာလည်း မေ့နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ မမေ့ပါဘူး မမထား၊ ဒီဥစ္စာက နှစ်ခါပဲဝတ် ရသေးတယ် ထင်လို့ ထုတ်ပေးထားမိတာပါ၊ နောက် အသစ်တစ်စုံ ထုတ်ပေးပါ့မယ်"

"မြန်မြန်ထုတ်၊ ပြီးရင် ငါ့ခြေထောက်က ခြေသည်းနီတွေကို လာဖျက်ပေးဦး၊ ဆိုင်သွားဖို့ အချိန်မရလို့ အိမ်မှာပဲ လုပ်ရတော့မှာ..."

မိနှောင်းက အဝတ်အစား အသစ်တစ်စုံ အမြန်ရွေးထုတ်ပေးပြီးတာနှင့် မမထားရဲ့ ခြေရင်းမှာ ထိုင်ချလိုက်တော့ ခုံပုလေးပေါ်မှာ ထိုင်နေသော မမထားက သူ့ခြေထောက်ကလေးတွေကို ရှေ့သို့ စင်းထုတ်ပေးလိုက်ပါသည်။ ပေါင်ရင်းလောက်ပဲ ရှည်သည့် ကြိုးတစ်လုံး ညဝတ်ဂါဝန် အနီရဲလေး ဝတ်ထားသည့် မမထားရဲ့ ခြေထောက်လေးတွေဟာ သွယ်ပျောင်းလှပလွန်းပါသည်။

မမထားရဲ့ မျက်လုံးလေးတွေဟာ စူးရဲတောက်ပလျက် အရောင်တဖျတ်ဖျတ် လက်နေတတ်သည်။ အင်္ကျီတစ်ထည်ကို သုံးခါထက်ပိုမဝတ်တတ်တဲ့ မမထားသခင်ဟာ အလှအပကို ကြိုက်နှစ်သက်သူဖြစ်ပြီး ကျောင်းစာကျတော့ စိတ်မဝင်စား တတ်သူပင်...။ အစားကောင်းကောင်းစား၊ အိပ်ရေးဝဝအိပ်၊ အဝတ်ကောင်းကောင်း ဝတ်လျက် စာကောင်းကောင်းမကျက်ဘဲ အမြဲလို သီချင်းချည်း နားထောင်နေတတ်သော မမထားရဲ့ဘဝက ပျော်စရာကောင်းလိုက်တာနော်ဟု တွေးကာ မိနှောင်းက အားကျမိရပါသည်။

"ဒေါက်... ဒေါက်..."

"ထားထားရေ... ဒေါ်ညိုပါ"

"ဝင်ခဲ့ ဒေါ်ညို..."

မိနှောင်းက ခြေသည်းနီ ဖျက်ပေးနေဆဲမှာ ဒေါ်ညိုက မနက်စာ ဗန်းကိုမကာ ထားသခင်၏ အခန်းထဲသို့ ဝင်လာပါသည်။

ဒေါ်ညို မြင်လိုက်ရသော မြင်ကွင်းက ရင်လေးစရာပင်။ ထားသခင်က ဆိုဖာဝိုင်းဝိုင်းပုပုလေးပေါ်မှာ ခြေစင်းထိုင်ကာ ကာတွန်း





စာအုပ်ဖတ်ရင်းက တခိခိ ရယ်နေသည်။ နားမှာလည်း အီးယားဖုန်းလေး တပ်ထားကာ သူ့လက်ကိုင်ဖုန်းနှင့် ဆက်၍ သီချင်းနားထောင်နေပုံရသည်။ ကာတွန်းဖတ်နေရင်းက ခေါင်းလေးကို ယမ်းကာ ယမ်းကာ စည်းချက်လိုက်ရင်း တစ်ချက်တစ်ချက်မှာ သီချင်းတစ်ပိုင်းတစ်စကို လိုက်လိုက်ဆိုရင်း စင်းထားသည့် ခြေထောက်ကို လှုပ်၍ စည်းချက်လိုက်သောအခါ မိနှောင်းက...

"ငြိမ်ငြိမ်နေပါ မမထားရဲ့၊ ဒီမှာ ခြေသည်းနီဆိုးနေတာ ပေကုန်မှာပေါ့..."

ဟု သတိပေးရင်း ထားသခင်ရဲ့ ခြေထောက်ကို သေချာဆုပ်ကိုင်ထားလိုက်ရပါသည်။

ဒေါ်ညိုမြက သက်ပြင်းချရင်း မနက်စာ ပြင်ဆင်ထည့်လာသော လင်ဗန်းကို ထားသခင်ဘေးက စားပွဲပုလေးပေါ်မှာ ချလိုက်သည်။ ထားသခင်က ကာတွန်းစာအုပ်ကနေ မျက်လုံး မလွှဲဘဲ...

"ဒေါ်ညို... ဘာစီစဉ်လာလဲ"

"မိုင်လိုရယ်၊ ပေါင်မုန့်မီးကင်ရယ်၊ ထားထား စားချင်တယ် ပြောထားတဲ့ နန်းကြီးသုပ်ရယ် လုပ်ထားပါတယ်"

"ဒေါ်ညိုက သိပ်တုံးတာပဲ၊ မနက်စာကို ဂျုံ့စ်နဲ့ သစ်သီးနဲ့ စားရင် အသားအရေလှပြီး ကျန်းမာရေးကောင်းတယ်ဆို တာ မသိဘူးလား၊ ထားထား လှအောင် အဲ့ဒီလိုမျိုး စားမှ ဖြစ်မယ်"

"ထားထားက လှပြီးသားပါကွယ်"

"အဲ့ဒါ ထားထား သိပါတယ်"

မိနှောင်းက ခြေသည်းနီ ဆိုးနေရင်းက အသံမထွက်အောင် ကျိတ်ရယ်သည်။ ဒေါ်ညိုမြကတော့ ဆုံးမရခက်သော၊ ဆုံးမမည့်သူလည်း မရှိသော ထားသခင်ကို စိတ်မကောင်းစွာ ငေးကြည့်နေသည်။

"ဒေါ်ညိုတို့က ထားထား စားဖို့ ထပ်လုပ်ပေးရမှာစိုးလို့ ထားထား သဘောကျအောင် ထားထား လှကြောင်း ပြောနေတာမဟုတ်ဘူး၊ ထားထားတို့က အမြှောက်မကြိုက်သေးဘူး..."



www.burmeseclassic.com

www.burmeseclassic.com



"ထားထား စားချင်ရင် ဒေါ်ညိုလုပ်မပေးဘဲ ဘယ်တုန်းက နေခဲ့ဖူးလို့လဲကွယ်၊ ခုလည်း ထားထား စားချင်တယ်လို့ ပြောထားတာကိုပဲ လုပ်လာတာပါ"

"အဲ့ဒါက မနေ့တုန်းက စားချင်တာကိုပဲ ပြောတာ၊ ဒီမနက်ကျတော့ အကြိုက်က တစ်မျိုးဖြစ်သွားပြီ၊ မနေ့ကနဲ့ မတူတော့ဘူး"

"အေးပါကွယ် … အေးပါ၊ သမီးစားချင်တာ ဒေါ်ညို လုပ်ပေးမယ်၊ ဘာလုပ်ရမလဲသာ ပြော …"

"မနေ့က ကျန်းမာရေးဂျာနယ်ထဲမှာ ဖတ်ထားတာ နွားနို့နဲ့ ရွှေငှက်ပျောသီး စားရင် အသားလှတယ်တဲ့၊ ထားထား အဲ့ဒါ စားချင်တယ်"

"ရွှေငှက်ပျောသီးကတော့ လမ်းထိပ်က အသီးဆိုင်မှာ သွားဝယ်ရင် ရနိုင်တယ်၊ နွားနို့ သွားဝယ်ဖို့ကတော့ နည်းနည်း ကြာမယ်နော် ထားထား"

"နွားနို့ရောင်းတဲ့ ဆိုင်မတွေ့ရင် ကြံရာ နွားခြံမှာ ဝင်ညှစ်ခဲ့ …"

"အဟိ …"

ထားသခင် အပြောကြောင့် မိနှောင်းက ကျိတ်ရယ်ပြန်သည်။

"နောက်ဆို ထားထားစားချင်တာ အသင့်ရအောင် အိမ်မှာ နို့စားနွားတစ်ကောင် မွေးထားပေးပါ ဒေါ်ညို၊ ပြီးတော့ အိမ်ဘေးနားမှာ ရွှေငှက်ပျောပင်ပါ စိုက်ထားပေး၊ နောက်တာ မဟုတ်ဘူးနော် အတည်ပြောတာ …"

ထားသခင်က ကာတွန်းစာအုပ်က မျက်နှာမခွာဘဲ လက်ညှိုးလေးတစ်ချောင်း ထောင်ကာ ထောင်ကာဖြင့် ပြောလေသည်။

ဒေါ်ညိုမြသည် ထားသခင်ကိုကြည့်ကာ သက်ပြင်းချရင်း …

"သမီး … ထားထား"

"အင်း … ပြော"

"ဒီနေ့ ဘယ်သွားဦးမလို့လဲ …"





"သူငယ်ချင်း လာခေါ်ရင် အပြင်လိုက်သွားမှာလေ"

"စာမကျက်ဘူးလား သမီးရယ်"

"ဒီနေ့ ကျောင်းပိတ်တာပဲဟာ …"

"ကျောင်းပိတ်ရက်ဆို စာကျက်ရမှာပေါ့ သမီးရဲ့ …"

"ကျောင်းဖွင့်ရက်တွေမှာ စာချည်းသင်နေရတာ ပင်ပန်းလွန်းလို့ သေတော့မယ်ဟာ၊ ကျောင်းပိတ်ရက်မှာပါ စာအုပ်နဲ့ မျက်နှာအပ်နေရရင် လူဖြစ်ရတာတောင် စိတ်ညစ်စရာ ကောင်းလွန်းလို့ နတ်ပဲဖြစ်လိုက်ချင်ပြီ၊ နတ်ဖြစ်ရင် ကျောင်းမတက်ရဘူး မဟုတ်လား မိနှောင်း …"

"အဟိ … ဟုတ်တယ် မမထား၊ နတ်တွေ လွယ်အိတ်လွယ်ပြီး ကျောင်းတက်တဲ့ ပုံမျိုး တစ်ခါမှမတွေ့ဖူးဘူး …"

"အေး … ဟုတ်တယ်၊ နတ်ဝတ်နတ်စား ထိုးထိုးထောင်ထောင် ချွန်ချွန်တက်တက်တွေနဲ့ လွယ်အိတ်လွယ်လို့လည်း ကြည့်မကောင်းပါဘူး"

ထားသခင်က ဒေါ်ညိုမြစကားကို နားမထောင်ချင်တာမို့ လုပ်ပစ်နေပါသည်။

"သမီး … အပြင်သွားချင်လည်း ခဏတစ်ဖြုတ်တော့သွား၊ ညနေတော့ စောစောပြန်ခဲ့၊ ဂိုက်ဆရာမ အချိန် ရှိတယ်လေ"

"ဟင့်အင်း … ဒီနေ့ စာကြည့်ဖို့ ထားထား စိတ်မပါဘူး၊ အဲ့ဒီဆရာမကို ပြန်လွှတ်လိုက် …"

"အဲ့ဒီလိုလုပ်လို့ ဘယ်ကောင်းပါ့မလဲ သမီးရယ်၊ သမီးက ဒီနှစ်ဆယ်တန်းလေ၊ စာကြိုးစားမှ ဖြစ်မှာပေါ့ …"

"ဘွားဘွားတောင် ဘာမှမပြောတဲ့ဟာကို ဒေါ်ညိုက ဘာဆိုင်လို့ လာဆုံးမနေရတာလဲ …"

ထားသခင် ဒီလိုပြောတာ ထားသခင် အလွန်တော့လည်း … ပါပေ …။ လောင်းကစား ဝါသနာကြီးလှတဲ့ ဒေါ်ထားခင်ကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်သရေရှိ သူဌေးကတော်များ၊ အရာရှိ ကတော်များရဲ့ ဖဲဝိုင်းများမှာသာ ကျင်လည်ကျက်စား ပျော်ကာပါးကာနေတတ်တာမို့ ထားသခင်ကို ပြန် ကြည့်ဖို့ အချိန်မရှိ။ အချိန်ရှိလည်း မြေးပညာရေး ကောင်းဖို့ စိတ်မဝင်စား။ ထားသခင် အဖေက နှစ်နှစ် တစ်ခေါက်လောက် မြန်မာနိုင်ငံကို ခဏ တဖြုတ် ပြန်လာကာ သူ့သမီးပညာရေးအတွက် ဘာလုပ်ဘာလုပ် ညွှန် ကြားသွားလို့သာ ဒေါ်ထားခင်ကြီးက ထားသခင်ရဲ့ ပညာရေးကိစ္စတွေ ကို ဒေါ်ညိုမြကို လွှဲပေးကာ စီစဉ်စေခဲ့တာပင်။

ခက်တာက ထားသခင်ဟာ ပညာရေးကို လုံးဝစိတ် မဝင် စားဘဲ ခပ်ပေါ့ပေါ့နေကာ ငွေဖြုန်းဖို့လောက်သာ စိတ်ဝင်စား သူ ဖြစ်နေ ခြင်းပင်။

ထားသခင်ဟာ အပျိုကလေး ဖြစ်လာတာမို့သာ အရင်လို အသားလွတ် မောက်မာရိုင်းစိုင်းနေတာမျိုး မရှိတော့ဘဲ နည်းနည်း ယဉ် ကျေးလာပေမယ့် လူတွေကို အပေါ်စီးဆန်ဆန် ဆက်ဆံတတ်တာကတော့ မပြောင်းလဲ ...။ ဘဝမှာ ငွေအတွက်လည်း မပူရ၊ လိုတာလည်းရကာ မိဘအဆုံးအမလည်း ကင်းလွတ်နေသူမို့ ကလေးသာသာအတွေးနှင့် ဘာမှ သိတတ်နားလည်ခြင်း မရှိပါ။

"ထားထား စိတ်ညစ်တဲ့အလုပ်က စာကျက်တဲ့အလုပ်ပဲ ဒေါ်ညို ရဲ့ ...၊ ထားထား စာမကျက်ချင်ဘူး၊ ဆယ်တန်း အောင်တော့ရော ဘာဖြစ်မှာမို့လို့၊ ထားထားက သူဌေးမပဲဟာ၊ ဆယ်တန်းမအောင် လည်း ထားထား ထမင်း မငတ်ပါဘူး၊ ထားထား ဒက်ဒီက ထားထားလိုသမျှ ဘာမဆို ပေးမှာတဲ့၊ ထားထားမှာ ပိုင်ဆိုင်မှုတွေ မှ အများကြီးပဲ၊ ဒီအိမ်ကြီးကလည်း ထားထား အိမ်ပဲ၊ ပြင်ဦးလွင်မှာ လည်း တစ်အိမ်ရှိသေးတယ်၊ ဩော် ... ဒါနဲ့ ပြင်ဦးလွင်အိမ်က တောင် ထားထား မရောက်တာ ငါးနှစ်ရှိနေပြီ၊ ကျောင်းပိတ်ရက် တိုင်း ဒက်ဒီဆီပဲ သွားသွားနေရတာ၊ ပြီးတော့ စာမေးပွဲကြီးပြီး လည်း နောက်တစ်တန်းအတွက် ကျူရှင်တွေ ကြိုတက်ရတာ





အင်္ဂလိပ်စာ သင်တန်းတွေတက်ရတာနဲ့ အားကိုမအားရဘူး၊ ဒီနှစ် စာမေးပွဲပြီးရင်တော့ ထားထား ပြင်ဦးလွင် သွားမှာပဲ ..."

"ဆယ်တန်းပြီးရင်တော့ သွားရမှာပေါ့ သမီးရယ်"

"ဒါနဲ့ ... အဲ့ဒီခြံမှာ ဟိုကောင်လေးရော ရှိသေးလား"

"ရှိသေးတယ်လေ၊ သူတို့မြေးအဘိုးက သိပ်သစ္စာရှိပြီး တာဝန် ကျေပွန်တာ သမီးရဲ့၊ သမီး မသွားဖြစ်ပေမယ့် ဒရိုင်ဘာဦးတင့်က ခြံကိုကြည့်ဖို့နဲ့ သူတို့တွေကို လခပေးဖို့ ခဏခဏ ရောက်ဖြစ်တယ် လေ၊ ခွန်းသက သမီးနဲ့ အတန်းအတူတူပဲ၊ ဒီနှစ် ဆယ်တန်း ဖြေမှာ ..."

"ထားထား ဒီနှစ်သွားရင်တော့ အဲ့ဒီကောင်လေးကို ကောင်းကောင်း ကြီး ခိုင်းစားပစ်လိုက်ဦးမယ်"

"သမီးလည်း ကလေးမဟုတ်တော့သလို ခွန်းသလေးကလည်း အရင်လို ကလေး ပိန်တာရိုးလေး မဟုတ်တော့ဘူးလေ၊ ဦးတင့် ပြောတာတော့ တော်တော် ထွားကျိုင်းလာပြီတဲ့၊ ခများ လူပျိုပေါက် ကလေးဆိုတော့ ရှက်တတ်ပြီပေါ့၊ သိပ်မခိုင်းပါနဲ့ သမီးရယ်"

"အို ... ခိုင်းမှာပဲ၊ သူက ထားထား ကျွန်ပဲဟာ ..."

ထားသခင်သည် ခွန်းသပုံစံကို ပြန်မြင်ယောင်လာကာ ညစ် ကျယ်ကျယ်လေး ပြုံးလိုက်မိသည်။ ဒီနှစ်တွေအတွင်းမှာ ထားသခင်က သကို မကြာခဏဆိုသလို သတိရမိပါသည်။ သူ့ကို ပညာပြ စေခိုင်းခဲ့ တွေကို ပြန်တွေးတိုင်း ထားသခင်က ပျော်ရွှင်ကျေနပ်လာမိတတ်သည်။ တော့ ခွန်းသဘဝကို ထားသခင် ပိုင်ဆိုင်ကြောင်း သစ္စာဆိုခဲ့ဖူးတာကို မေ့ပါ။ သူ့ကို ထားသခင်ပိုင်သည်။ ဒီကမ္ဘာမှာ ထားသခင် ဘာ ခိုင်း လုပ်ကိုလုပ်ရမည့် လူသားတစ်ယောက် ရှိနေသည့်အဖြစ်ကို သခင်က ကျေနပ်သည်။

"တိ ... တိ ... တိ ..."

"ဟော ... ယမင်းတို့ လာခေါ်ပြီထင်တယ်၊ ဒေါ်ညို ထားထား



www.burmeseclassic.com

www.burmeseclassic.com



သူတို့နဲ့ ရုပ်ရှင်သွားကြည့်မလို့ ချိန်းထားတာ၊ မိနှောင်း ... သွား ... သူတို့ကို ငါ့အခန်းထဲ လာခဲ့လို့ သွားပြောချေ၊ မလာချင်လည်း ကားပေါ်က စောင့်နေလို့ ပြောလိုက်၊ ဒါနဲ့ ဘွားဘွားရော အိပ်တုန်းလား ဒေါ်ညို"

"အိပ်တုန်းပေါ့ကွယ်၊ ညက ဝိုင်းကောင်းလို့တဲ့ ၃ နာရီထိုးမှ အိမ်ပြန်ရောက်တယ်"

"နိုင်သတဲ့လား ..."

"အခြေအနေတော့ ကောင်းပုံမရဘူး"

"ဟိုတလောကလည်း ကားတစ်စီး ပါသွားတယ်ဆိုလား၊ အင်း လေ ...ကိစ္စတော့ မရှိပါဘူး၊ ဒက်ဒီက အသစ်ဝယ်ပေးမှာပါ ဘွားဘွား နိုးလို့ ထားထားကိုမေးရင် အမှန်အတိုင်းပဲ ပြောလိုက် ဘွားဘွားက ထားထား ဘာလုပ်လုပ် ဒက်ဒီ့ကို မတိုင်ရဲဘူးသိလား သူတိုင်ရင် သူ့အကြောင်း ထားထား ပြန်တိုင်မှာ သိပ်ကြောက်တာ"

လိုက်လည်း လိုက်တဲ့ မြေးအဘွားပါပေ။

"မမထားရေ ... မယမင်းတို့ကခြံထဲကပဲ စောင့်နေမယ်တဲ့"

"အေး ... ပြီးရော"

ထားသခင်က အမြန်အဝတ်အစားလဲပြီး အိမ်ပေါ်ထပ်မှ ဆင်းလာပါသည်။ နဖူးပေါ်တွင် အုပ်အုပ်စင်းစင်းလေး ကျနေပြီး ကုပ်ပေါ်မှာ တိတိလေး ဝဲနေသည့် ဆံပင်ဖောင်းဖောင်း လုံးလုံးနှင့် ထားသခင်၏ မျက်နှာပြည့်ပြည့်လေးက လိုက်ဖက်သည်။ မျက်ဝန်းအိမ်ကြီးကြီးလေးနှင့် မျက်တောင်ရှည်ကော့ကော့လေးတွေဖြင့် အနားသတ်ထားတာမို့ မျက်ဝန်း အိမ်က ထင်းပစူးရှသည်။ အပျိုငယ်ကလေးမို့ ပါးကလေးမို့မို့ ပန်းသွေးရှိန် နှင့် နုနယ် ပျိုမြစ်စွာ လှပနေခဲ့ပါသည်။

ထားသခင်သည် အဖြူရောင်ပေါ်မှာ အနီရောင် နှင်းဆီပွင့် သေးသေးလေးတွေ ပြန့်ကျဲနေသော ဒူးအတိ ဂါဝန် ပါးပါးပွပွလေး တလွင့်လွင့်ဖြင့် အပေါ်ထပ်မှ အပြေးကလေးဆင်းလာပြီး အိမ်ရှေ့ တံခါး





အားက ဖိနပ်စင်ရှေ့မှာ ခြေစုံရပ်လိုက်သည်။ အသင့်စောင့်နေသော အေးလှက ထားသခင် ခြေရင်းမှာ မဟော်ဂနီရောင် ရှူးစ်ဖိနပ်အပါးလေးကို အသင့်ချပေးလိုက်ပြီး ထားသခင် ခြေရင်းမှာ ထိုင်ချလိုက်သည်။

ထားသခင်က သူမခြေထောက်တစ်ဖက်ကို ကြွ၍ ရှေ့သို့ ထိုးပေးလိုက်တော့ အေးလှက သူမခြေထောက်ကို ကိုင်၍ ဖိနပ်ကလေး တစ်ဖက်ကို ညင်ညင်သာသာ စွပ်ပေးလိုက်သည်။ တစ်ဖက်ပြီးတော့ နောက်တစ်ဖက် ...။

ဖိနပ်စီးပြီးသွားသည်နှင့် ထားသခင်က ယမင်းတို့ ကားရပ် ထားရာသို့ အပြေးကလေးသွားကာ ယမင်းနှင့် ပခုံးချင်း တိုက်လိုက် သည် ...

"အိုကေ ... သွားစို့ ..."

"အံမယ် ... လှလို့ ..."

"အမြဲ လှနေတာလေ ... မသိဘူးလား"

ထားသခင်က မျက်ခုံးလေးပင့်ချီကာ ချစ်စဖွယ် အမူအရာ နှင့် ပြော၏။

"ပြောမိတာ မှားပါတယ်"

"ဟဲ့ ... ကားဘယ်သူမောင်းမှာလဲ၊ ရှင်းသန့် နင် မောင်းမှာလား"

"အံမယ်လေး မြို့ထဲတော့ မမောင်းရဲပါဘူး၊ အိမ်နားမှာပဲ ခိုးမောင်း ရဲသေးတာ၊ ဆယ့်ရှစ်နှစ် မပြည့်သေးတော့ လိုင်စင်မရသေးဘူးဟဲ့"

ယမင်းချို၊ ရှင်းသန့်နှင့် ထားသခင်တို့ သုံးယောက် ဆုံတိုင်း ညည်းသွားတတ်သည်။ ထားသခင်မှာ သူငယ်ချင်းဆိုလို့ ဒီနှစ်ယောက်ပဲ ရှိသည်။ ဒီနှစ်ယောက်သာ ထားသခင်နှင့် အဆင့်အတန်းချင်း တူသည် ဆိုင်လို့ပင်။ ယမင်းချိုဆိုတာ နာမည်ကြီး သူဌေးကြီးတစ်ယောက်၏ သမီး။ ရှင်းသန့်ကလည်း နာမည်ကြီး ရတနာဆိုင်ပိုင်ရှင်ရဲ့ သမီးမို့ ပြည့်စုံ ဆင့်မြင့်စွာ နေနိုင်သည်။

ထားသခင်သည် ဒရိုင်ဘာ တံခါးအသင့်ဖွင့်ပေးထားသော



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်သို့ သူငယ်ချင်းတွေနှင့်အတူ ဝင်ထိုင်လိုက်သည်။ ရှင်းသန့်ရဲ့ ဂျာဂွာကားကြီးက ထားသခင်တို့ ခြံထဲမှ ငြိမ့်ခနဲ ထွက်လာသည်။

"ဟဲ့ ... နင်တို့ကို ပြောရဦးမယ် သိလား၊ ငါတို့ စာမေးပွဲ ဖြေပြီးရင် ပြင်ဦးလွင် သွားရအောင်"

"ပြည်တွင်းခရီးသွားရမှာ ပျင်းစရာကြီးဟာ၊ စင်ကာပူသွားပြီး Sentosa(ဆန်တိုဆာ)မှာ သွားကစားတာကမှ ပျော်စရာ ကောင်းဦးမယ်"

"စင်ကာပူက ရိုးနေပါပြီဟာ၊ ငါတို့ ခဏခဏရောက်ဖူး ပြီးသား ဟာ၊ ပြီးတော့ အဲ့ဒီမှာက ရာသီဥတု မကောင်းဘူး၊ ငါက ဆောင်း ရာသီကို အရမ်းကြိုက်တာ၊ စင်ကာပူမှာက ဆောင်းရာသီလည်း မရှိ၊ မိုးတွေပဲ ခဏခဏရွာပြီး နေရ ထိုင်ရတာ အိုက်စပ်စပ်ကြီး ပြင်ဦးလွင်မှာက အရမ်း ရာသီဥတု ကောင်းတာ၊ နွေရာသီဆိုရင် တောင် ဆောင်းတွင်းလို အေးနေတတ်တာ၊ ပြီးတော့ ပြင်ဦးလွင်မှာ ငါတို့ အိမ်ရှိတယ်ဟဲ့၊ ဟဲဟဲ ... ပြီးတော့ ငါ့ကျွန်လေးတစ်ယောက် လည်း ရှိတယ်"

"ဘယ်လို ..."

"ငါတို့ မဟာစံအိမ်မှာ ငါ ခိုင်းချင်တိုင်းခိုင်း၊ နိုင်ချင်တိုင်း နိုင်လို့ ရတဲ့ ငါတို့နဲ့ရွယ်တူ ကောင်လေးတစ်ယောက်ရှိတယ်၊ သူ့နာမည်က ခွန်းသတဲ့၊ အဲ့ဒီရောက်ရင် သူ့ကို ငါ ဘယ်လောက် နိုင်ရတယ် ဆိုတာ တွေ့ရစေမယ်၊ သူ့ဘဝကို တောင် ငါပိုင်တဲ့အကြောင်း သူ့ပါးစပ်က သစ္စာဆိုထားတာဟဲ့ ..."

"ဟိဟိ ... စိတ်ဝင်စားစရာကြီး၊ လိုက်ခဲ့မယ် ... လိုက်ခဲ့မယ်"

သူငယ်ချင်းတွေက သဘောတူလိုက်ကြသည်။ ထားသခင် ကတော့ ရုပ်ရှင်ရုံထဲရောက်လို့ ရုပ်ရှင်ကြည့်နေရင်းနဲ့တောင် ခွန်းသ အကြောင်းတွေးကာ ပျော်ရွှင်နေမိပါသည်။

○ ○ ○



♠ ♠ ♠

"ဝေးဟေး ... ဟေး ... ပျော်စရာကြီးဟေ့"

"ဟေ့ ... ဟေ့ ... ကလေးတွေ ဒီလောက် အတင့်မရဲနဲ့လေ၊ ပြုတ်ကျနေဦးမယ်"

"ဦးတင့်ကြီး အသာနေပါ၊ ထားထားတို့က ကလေးမဟုတ်တော့ ပါဘူး"

ပြင်ဦးလွင် အတက်လမ်းအတိုင်း ပြိုင်ကားအနီရဲရဲလေးက အလှစ်လှစ်ပြေးနေသည်။ ထားသခင်၊ ယမင်းနှင့်ရှင်းသန့်တို့ သုံးယောက် ကားပေါ်မှာ မတ်တတ်ရပ်၊ လက်မြှောက်ကာ အော်ဟစ်မြူးရွှင်လာ သည်။ ကားလိုက်မောင်းပေးသည့် ဦးတင့်က စိုးရိမ်တကြီး ပြောသော်လည်း မရနိုင်။ ဆယ်ကျော်သက်လေး တွေမို့ ကိုယ့်ကိုယ်ကို ယုံကြည်မှုလွန်ကဲ ကာ မြောက်ကြွကြွနှင့် မိုက်ရူးရဲလေးတွေ ဖြစ်နေကြပါသည်။

ထားသခင်အတွက်တော့ ပြင်ဦးလွင်သို့ လာသမျှ ခရီးတွေ ထဲမှာ ဒီခရီးကို အပျော်ဆုံးပင်။ ပြင်ဦးလွင်ကို ခဏခဏ ရောက်ခဲ့ဖူးပေမယ့် ခွန်းခဲ့သည့် ငါးနှစ်လောက်က ရောက်ခဲ့သည့် တစ်ခေါက်ကိုသာ သေသေ ချာချာ မှတ်မိသည်။ အဲ့ဒီတုန်းကတော့ ဘွားဘွားကြီးလည်းပါ၊ သည်သို့မြ သည်းပါတာမို့ စိတ်ထဲမှာ သိပ်မလွတ်လပ်ခဲ့။ ဒီတစ်ခေါက်ကတော့



www.burmeseclassic.com

www.burmeseclassic.com



အုပ်ထိန်းသူမပါဘဲ ပထမဦးဆုံး လာရသည့် ခရီးမို့ ပိုပြီး လွတ်လပ်သည်။ သူငယ်ချင်းတွေနှင့်အတူ လာရတာမို့ ပိုပြီးပျော်သည်။ ဒီခရီးမှာ လက်တွဲ လက် တောင်းခိုင်းဖို့ မိနှောင်းနှင့် အေးလှကိုတောင် ခေါ်မလာဘဲ သူငယ်ချင်း သုံးယောက်တည်း လွတ်လွတ်လပ်လပ် လာခဲ့ကြတာပင်။

သုံးယောက်လုံး ဆယ်တန်း စာမေးပွဲကို သိပ်မဖြေနိုင်ကြ ပေမယ့် 'ဆယ်တန်းမအောင်လည်း ဘာဖြစ်လဲ' ဟူသော စိတ်မျိုးထား ရှိနိုင်ကြပေသည်။ သို့သော်... မအောင်မချင်း ထပ်ထပ်ဖြေရမှာကို တွေးရင်တော့ စိတ်အညစ်ကြီး ညစ်ကြရသည်။ ဒီခရီး ထွက်လာတော့မှ ညစ်နွမ်းနေသော စိတ်တွေဟာလည်း ပြန်လည်လန်းဆန်းကာ အပျော်ကြီး ပျော်လာသည်။

ထားသခင်သည် ကားရှေ့ အမိုးကိုင်းကို လက်ဖြင့် ကိုင်ကာ ခေါင်းကိုမော့၍ မျက်စိမှိတ်ထားလိုက်သည်။ တောင်စွယ်၊ တောတန်း ယာတောနှင့် ပန်းခင်းတွေကို ဖြတ်၍တိုက်လာသော လေအေးအေး ရှိုက်၍ ရှူနေရင်းက သဘောကျလွန်းတာမို့ နှုတ်ခမ်းကလေးက ကွေးညွှတ်ကာ ပြုံးလာသည်။ ထို့နောက် လက်နှစ်ဖက်ကို ဆန့်တန်းထားလိုက်သော အခါ ပေါ့ပါးလွင့် မြောက်နေသည်။ ထိုစဉ်ခိုက်မှာ ထားသခင်က ခွန်းသ သတိရလိုက်ပါသည်။

ဒီခရီး စကတည်းက ခွန်းသအကြောင်းကို ထားသခင် မကြာခဏ ပြန်တွေးလာခဲ့မိသည်။ လွန်ခဲ့တဲ့ ငါးနှစ်က ပြင်ဦးလွင် ရောက်ခဲ့တဲ့ ခရီးတစ်ခေါက်ဟာ ထားသခင်ရဲ့ ကလေးဘဝ နောက်ဆုံး အခေါက်ဖြစ်သည်။ အဲ့ဒီနောက်ပိုင်းမှာ ပြင်ဦးလွင်ကို မရောက်ဖြစ်တော့ ထားသခင်ဟာ အပျိုဘော် ဝင်လာခဲ့သည်။

ထားသခင်သည် ထိုနောက်ဆုံး အခေါက်က အဖြစ်အပျက် တွေကို ကောင်းကောင်းကြီး မှတ်မိသလို ခွန်းသကိုလည်း ကောင်းကောင်း မှတ်မိသည်။ အင်မတန် မာနကြီးပြီး ခေါင်းမာတဲ့ ကောင်ကလေး။ ထို ကောင်ကလေးရဲ့ မျက်ဝန်းတွေဟာ ထားသခင်ကိုကြည့်လိုက်တိုင်း မခံ





ရိပ်တွေ၊ နာကြည်းရိပ်တွေဖြင့် ပြင်းရှ နေတတ်သည်။ ခွန်းသဟာ ကိုယ်အမူအရာ၊ နှုတ်မှုအရာတွေဖြင့် ထားသခင်ကို အာမခံရဲသည့်တိုင် အကြည့်တွေဖြင့် အမြဲ အာခံသည်။ ထိုကောင်လေးကို ခု ပြန်တွေ့ရင် ဘယ်လိုနေမှာပါလိမ့်။ အရင်လိုပဲလား...၊ ပြောင်းလဲသွားမလား...။ သူ့ကိုတော့ တွေ့ချင်နေခဲ့သည်။

"ဟေး... ပြင်ဦးလွင် ရောက်ပြီဟေ့၊ အရှမ်းမိုက်တယ်ဟေ့"

ပြင်ဦးလွင် မရောက်ဖူးသော ယမင်းနှင့် ရှင်းသန့်က ပြင်ဦးလွင် မြို့အဝင်ဆိုင်းဘုတ်ကို မြင်သည်နှင့် ထအော်ကြပြန်သည်။

မြိုင်ကားအနီလေးသည် နန်းမြိုင်လမ်းဘက်သို့ ဦးတည်ဆိုက်သည်။

လမ်းပေါ်မှာ စိန်ပန်းပြာတွေ ကြွေသက်ပြန့်ကျဲနေသည်။

လေပြေက အေးလာသည်။

ထင်းရှူးနံ့လေးကို စတင် ခံစားမိလာသည်။

ထားသခင် ရှေ့မှောက်မှာ ဒူးထောက်၍ ကြိုးသိုင်း ဖိနပ်အနီလေး စီးပေးနေခဲ့သော မြင်ကွင်းပုံရိပ်တွေ အာရုံမှာ တဖျတ်ဖျတ် ထင်ဟပ်လာခဲ့သည်။

ပြီးတော့... ထားသခင်ရဲ့ ခြေထောက်က မြေနီရွံ့ စေးတွေကို ဆေးပေးရင်း သူမခြေခုံပေါ်ကျခဲ့သည့် မျက်ရည်စက်တချို့ကို ပြန်သတိရကာ ထူးဆန်းစွာပင် ရင်တဒိတ်ဒိတ် ခုန်လာလေသည်။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

"တိ ... တိ ... တိ ..."

ပြိုင်ကား အနီလေးသည် မဟာစံအိမ်ရှေ့မှာ ရပ်လျက် ဟွန်းတီးလိုက်စဉ်မှာ ...

ဟိုး ... နောက်ဘက်ခြံထဲမှ လူတစ်ယောက် ပြေးထွက်လာလေသည်။

အမှတ်တမဲ့ ကြည့်မိခိုက်မှာ သူဟာ ဘယ်သူလဲရယ်လို့ ထားသခင်က မမှတ်မိခဲ့ပေ ...။

မြင့်မားလှသော အရပ်နှင့် ကျစ်လစ်သန်မာဟန်ရှိသော ခန္ဓာကိုယ်ကြောင့် သူ့ပုံစံက အဝေးကမြင်ရုံနဲ့တောင် ထင်းလင်းနေသည်။ အနက်ရောင် ရှမ်းဘောင်းဘီပွပွနှင့် ရှမ်းအင်္ကျီအဖြူရောင်ကို ရင်ဘတ်ဟ၍ ဝတ်ထားသဖြင့် ကျစ်လစ်သော ရင်အုံ တစ်ဝက်တစ်ပျက်ကို မြင်နေရသည်။ အဝေးကကြည့်လျှင် လူကြီးတစ်ယောက်ဟု ထင်ရသဖြင့် ခြံထဲကို လူသစ်များ ရောက်နေသလားဟု ထားသခင် စိတ်မှာ ဇဝေဇဝါ ဖြစ်သွားသည်။

ထိုသူက ခြံတံခါးဝသို့ ပြေးလာကာ သံတံခါးကြီးကို ဆွဲ၍ ဖွင့်ပေးလိုက်သည်။





အနီးကပ်မြင်ရတော့မှ မျက်နှာနုနုလေးကို မြင်ရကာ ထွားကျိုင်းသော်လည်း ငယ်ရွယ်သေးသော လူငယ်လေးတစ်ယောက်ဟု သိလိုက်ရသည်။

မျက်ခုံးတွေက ရှည်လျားထူထင်းသည်။ နှာတံက ထင်းထင်း။ မေးရိုးပေါ်ပေါ်၊ ပါးပေါ်မှာ အမွေးအမျှင် စိမ်းစိမ်း ရေးရေးရှိသော ထိုမျက်နှာကိုကြည့်လျှင် 'ခွန်းသ' ပါပဲဟု တပ်အပ် မပြောနိုင်သော်လည်း ထိုမျက်နှာပေါ်က မျက်လုံး စိမ်းစိမ်းစူးစူးကိုတော့ ထားသခင်က ကောင်းကောင်း မှတ်မိသည်။ သေချာပါတယ် ... ဒါ ခွန်းသပဲ။

"ဟဲ့ ... နင်ပြောတဲ့ ခွန်းသဆိုတာ သူလား"

"ဟဟ ... နင့်ရဲ့ သစ္စာတော်ခံလေးက မိုက်သားပဲ ..."

"တို့တော့ သေချာပေါက် အပျင်းပြေပြီဟေ့ ..."

"ဟဲ့ ... ထားထား နင် ဘယ်လိုနိုင်ရတယ်ဆိုတာ နမူနာ တစ်ခု လောက် ပြစမ်းပါ"

ကားပေါ်မှာ ယမင်းတို့ အသံက တက်ကြွဆူညံလာသည်။

ပြိုင်ကားအနီလေးက ခွန်းသဘေးမှဖြတ်ကာ ခြံထဲသို့မောင်းနှင်လာသည်။ ခွန်းသက ကားပေါ်သို့ အကြည့်စူးစူးဖြင့် တစ်ချက် လှမ်းကြည့်လိုက်သည်။ သူ့အကြည့်က ထားသခင်ဆီမှာ။ ထားသခင်သည်လည်း ခွန်းသထံမှ အကြည့်မလွှဲဘဲ ကားပေါ်မှာ ပါသွားသည်။ ထားသခင်ရဲ့ နှလုံးသားသည် ဘာ့ကြောင့်မှန်းမသိ တစ်ချက် ယမ်းခါသွားသလိုပင်။ သူ့ကိုမုန်းတာလား ...။ သူ့ကို ကြောက်တာလား ...။ သူ့ကို ချစ်ခင်တာလား ...။ သူ့ကို သနားတာလား ...။ အားနာတာလား ...။ ဘာဆိုဘာမှ မဝေခွဲတတ်ဘဲ သူနဲ့ မျက်လုံးချင်းဆုံခိုက်မှာ ခံစားမှုတွေ အားလုံး ဟုန်ကုန်သည်။

သူ ဒီလောက် ထွားကျိုင်းမြင့်မားလာတာ၊ လူကြီးတစ်ယောက်သွင်ပြင် ရှိလာတာကို မယုံနိုင်ဘဲ ခွန်းသမှ ဟုတ်ရဲ့လားဟုတွေး



www.burmeseclassic.com

www.burmeseclassic.com



ကာ သူနဲ့ မျက်နှာချင်းဆိုင်ရမှာကို ရှိန်နေသည်။ ထားသခင် မြင်ယောင် ထားတာက ခွန်းသဆိုတာ ညက်ညက်ပိန်ပိန် ကလေးလေးတစ်ယောက်သာ ပင်။

အင်းလေ … အရင်လိုတော့ ဘယ်ဟုတ်ပါတော့မလဲ။ ငါးနှစ် တောင် ကြာခဲ့ပြီပဲ။ ထားသခင်တောင်မှ အရင်လို ပိန်ပိန်ရှည်ရှည် ကောင် မလေး မဟုတ်တော့ဘူးလေ …။ ခန္ဓာကိုယ် ကောက်ကြောင်းလေးတွေ ပေါ်ပေါ်လွင်လွင် အချိုးအစားကျကျနဲ့ အပျိုကလေးတစ်ယောက် ဖြစ်လာ ခဲ့ပြီပဲ …။ သူလည်း လူပျို အရွယ်ရောက်လာတာ ဘာဆန်းလို့လဲ …။

ကားက ဆင်ဝင်အောက်မှာ ရပ်သွားသည်။

ယမင်းနှင့် ရှင်းသန့်က ကားပေါ်မှ ခုန်ဆင်းလိုက်သည်။

ဒေါ်နန်းက အိမ်ထဲမှ ပျာပျာသလဲ ပြေးထွက်လာကာ ထား သခင်ဘက်က ကားတံခါးကို ဆွဲဖွင့်ပေးလိုက်သည်။

ခွန်းသက ထိုကားလေးဆီသို့ ပြန်လျှောက်လာရင်း ကားပေါ် က ဆင်းလာသော သူမကို လှမ်းကြည့်လိုက်သည်။

အဖြူရောင် အနားပြားကြီးကြီး ဦးထုပ်ကြီးကို မေးသိုင်းကြိုး တပ်၍ ဆောင်းထားသော သူမက အနီရောင် အင်္ကျီလက်ရှည် ကိုယ်ကျပ် လေးပေါ်မှာ နှင်းဆီနီတစ်ပွင့် ရင်ထိုးလေး ထိုးထားကာ အဖြူဆွတ်ဆွတ် စကတ်ရှည်ရှည်လျားလျားလေးကို လက်တစ်ဖက်က အနည်းငယ်မ၍ ကျန်လက်တစ်ဖက်က ဦးထုပ်အနားစွန်းလေးကို ကိုင်၍ ကားပေါ်မှ လှမ်း ဆင်းလိုက်သည်။

အနီရောင် ကြိုးသိုင်း ဒေါက်ဖိနပ်စီး ခြေထောက်လေး တစ်ဖက်က မြေပေါ်သို့ အရင်ကျလာသည်။

အဲ့ဒီလို အနီရောင် ကြိုးသိုင်းဖိနပ်မျိုးကို ခွန်းသ အလွန်မုန်း သည်။ အနီရောင်ကို မုန်းသည်။ နှင်းဆီအနီဆို ပိုမုန်းသည်။ လွန်ခဲ့သော ငါးနှစ်မှ စကာ အနီရောင်တွေကို သူ မုန်းတတ်လာခဲ့သည်။





သူမက ကားဘေး မြေပြင်ပေါ်မှာ ခြေစုံရပ်မိတော့ ကားပေါ် မှာ တစ်ဝက်တစ်ပျက် တင်ကျန်နေသော စကတ်ရှည်စက လျှောခနဲ ကျသွားကာ သူမရဲ့ ဖိနပ်ပေါ်မှာ ဝဲသွားသည်။

သူမက ခွန်းသရှိရာဘက်သို့ သမင်လည်ပြန် လှည့်ကြည့် လိုက်သည်။ ဖြူဥနုဖတ်နေသော မျက်နှာကလေးပေါ်က နှင်းဆီငုံလို ဖူးရွရွ နှုတ်ခမ်းလေးက နှင်းဆီသွေးရောင် နှုတ်ခမ်းနီကြောင့် ပို၍ စိုကြွနေသည်။

အလွန်လှပသော အပျိုမလေး တစ်ယောက်ကို မြင်လိုက်ရ သော်လည်း သူ့နှလုံးသားက နူးညံ့မသွားချေ …။ သူ့ရဲ့ နှလုံးသားဟာ ကျောက်ခဲကြမ်းရှနေပြီလား …။ မိန်းကလေးတွေကို မုန်းတတ်နေတာလား။ ဘယ်မိန်းကလေးတစ်ယောက်အတွက်မှ ရင်မခုန်တတ်တာဟာ ထားသခင် ချမှတ်သွားခဲ့တဲ့ အမုန်းစည်းမျဉ်းတွေကြောင့်များလား။ လွန်ခဲ့တဲ့ ငါးနှစ် တုန်းကတည်းက ထားသခင်ဆိုသော ဂုဏ်ရှည်မတူ မိန်းကလေးတစ် ယောက်က ခွန်းသကို အမုန်းနှင့် မိတ်ဆက်ပေးသွားခဲ့သည်။ အဲ့ဒီအချိန် ကတည်းက ခွန်းသဟာ အမုန်းနှင့် မိတ်ဆွေဖြစ်ခဲ့ရသည်။

အချိန်တွေ ဘယ်လို ပြောင်းပြောင်း၊ သူမရဲ့ ရုပ်အဆင်း သဏ္ဌာန် ဘယ်လိုပဲပြောင်းပြောင်း ထားသခင်ရဲ့ မျက်ဝန်းတွေကို သူမှတ်မိ သည်။ ရက်စက်တတ်သော၊ မောက်မာသော မိန်းကလေးတစ်ယောက်က သူ့နှလုံးသားထဲမှာ အမုန်းနှင့်အတူ နေနေခဲ့သည်။ သူ့ကို အထင်သေးစွာ နှိမ့်ချစွာကြည့်ခဲ့သော ထိုမျက်ဝန်းတွေကို သူ တစ်သက်မမေ့ချေ။

"ခွန်းသရေ … လာဟေ့၊ ကားပေါ်က အထုပ်အပိုးတွေ ချရအောင်"

ဒေါ်နန်းကလှမ်းခေါ်သဖြင့် ခွန်းသက ထားသခင်ကိုမကြည့် ဘဲ ကားဆီသို့ လျှောက်သွားကာ ကားပေါ်က အိတ်တွေကို ဆွဲယူပြီး အိမ်ထဲသို့ သယ်သွားသည်။

ယမင်းက ပြုံးစိစိဖြင့် ထားသခင်နားကပ်ကာ …

"ဟဲ့ … ထားထား၊ နင့် သစ္စာခံလေးက ချောချောလေးပါလားဟဲ့"

"နင့်ကောင်လေးကို ငါတို့ နည်းနည်း ပညာပြကြည့်လို့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ထားထား ... ရော့ ... ရော့ ... ဒါတွေကို လွှတ်ချပစ်ပြီး ပြန်ကောက်ခိုင်းလိုက်"

ရှင်းသန့်က ပျားလိမ္မော်တစ်ထုပ်ကို ထားသခင်လက်ထဲသို့ ထိုးထည့်လိုက်ရာ ပိုက်အိတ်ကို စည်းထားသည့် ကြိုးစက ပြုတ်ထွက်ကာ လိမ္မော်သီးတွေအားလုံး ထားသခင် လက်ထဲမှ ထွက်ကျလျက် မြေပေါ်သို့ ပြန့်ကျဲသွားသည်။

အိမ်ဘက်မှ ကားဆီသို့ ပစ္စည်းသယ်ဖို့ ပြန်လျှောက်လာသော ခွန်းသသည် ကိုယ့်ခြေရင်းသို့ လိမ့်လာသော လိမ္မော်သီးတွေကြောင့် ခြေလှမ်းတွေကို ရပ်ပစ်လိုက်သော်လည်း ငုံ့တော့ မကောက် ...။

"ဟဲ့ ... ကောက်ခိုင်းလိုက်လေ၊ နင်ပြောတော့ ခိုင်းချင်တိုင်းခိုင်းလို့ ရတယ်ဆို ..."

သူငယ်ချင်းတွေက နားနားကပ်၍ တွန်းအားပေးကြလေသောအခါ ထားသခင်သည်လည်း ကြွားထားလက်စနှင့်မို့ မထူးတော့ပါဘူးလေဟု စဉ်းစားကာ ...

"ခွန်းသ ..."

ဟု ခပ်ဆတ်ဆတ်လေး လှမ်းခေါ်လိုက်သည်။

ခွန်းသက နှုတ်ခမ်းတင်းတင်းစေ့လျက် ထားသခင်ကို လှမ်းကြည့်လာသည်။ ထားသခင်သည် ထိုအကြည့်နဲ့ ရင်ဆိုင်ရခိုက်မှာ ကြက်သီးမွေးညင်းများပင် ထသွားခဲ့ရသည်။ အစိမ့်ပွာယ်မျိုးစုံ ပြည့်နှက်နေသော စိမ့်ညို့သည့် မျက်ဝန်းတွေက ထားသခင်ရဲ့ ရင်ဘက်ထဲက တစ်ခုခုကို နုတ်ယူလိုက်သလိုပင် ...။ ရင်ထဲမှာ လှိုက်ခနဲ ဟာသွားသည်။

ထားသခင်သည် ထိုမျက်ဝန်းတွေကို စိမ့်နေအောင် ကြောက်သွားသော်လည်း အားတင်းကာ ...

"လိမ္မော်သီးတွေ ပြုတ်ကျသွားတာ မမြင်ဘူးလား၊ ကောက်ပေးလေ ..."





"လိမ္မော်သီးက တမင်လွှတ်ချတာလား၊ မတော်တဆ ထွက်ကျသွားတာလား"

"ဘာ ..."

သူငယ်ချင်းတွေရှေ့မှာ ပြန်မေးခံလိုက်ရတာမို့ ထားသခင်က ဆတ်ခနဲ ဖြစ်သွားသည်။

"ငါ့ကို ပြန်မမေးနဲ့၊ ကောက်ဆို ကောက်လိုက် ..."

"ခွန်းသ ... ကောက်ပေးလိုက်လေကွယ်၊ ရော့ ... ရော့ ... ဒီအိတ်လေးထဲ ကောက်ထည့်လိုက် ..."

ခွန်းသနှင့် ထားသခင်ကို ထိပ်တိုက် မတွေ့စေလိုသော ဒေါ်နန်းက အောက်ပြုတ်ကျနေသော ပိုက်အိတ်ကလေးကို ကောက်၍ ခွန်းသကို လှမ်းပေးလိုက်သည်။ ခွန်းသက အိတ်ကို လှမ်းယူပြီး လိမ္မော်သီးတွေကို ငုံ့ကောက်လိုက်၏။

"သမီးတို့ ခရီးပမ်းလာကြမှာပါ၊ လာကြ ... အိမ်ထဲဝင်ကြ၊ အေးအေးဆေးဆေး အနားယူလိုက်ကြဦးလေ ..."

ဒေါ်နန်းခေါ်တော့မှ ထားသခင်က စူပုပ်ပုပ် မျက်နှာထားဖြင့် ခွန်းသကို မျက်စောင်းတစ်ချက်ထိုးပြီး အိမ်ဘက်သို့ လျှောက်လာသည်။ ကိုယ်လည်း အပျိုရွယ်၊ သူလည်း လူပျိုရွယ်မို့သာ အရင်လို အလိုင်းကြီး စေခိုင်းအနိုင်ကျင့်ဖို့၊ ရန်ဖက်ဖြစ်ဖို့ မရဲတော့သော်လည်း ခွန်းသဘက်က ခုလို အာခံတာမျိုးကိုတော့ ထားသခင်က မကြိုက်။ အထူးသဖြင့် သူငယ်ချင်းတွေရှေ့မှာမို့ ပိုပြီးမကြိုက်ပါ။ သူငယ်ချင်းတွေအမြင်မှာ ခွန်းသဟာ ထားသခင် ခိုင်းချင်တိုင်း ခိုင်းလို့ရတဲ့ လိမ္မာယဉ်ကျေးတဲ့ ကောင်ကလေးအဖြစ်သာ မြင်စေလိုတာပင်။ ဒါကို ဂုဏ်ယူချင်တာပင်။

"ဩော် ... နှင်းဆီပန်းပင်တွေ စစ်ဆေးရဦးမှာပါလား ..."

ထားသခင်သည် အိမ်ထဲဝင်မည့်ဟန် ပြင်ပြီးမှ နှင်းဆီခင်းဘက်သို့ သမင်လည်ပြန် လှည့်ကြည့်ရင်း ရေရွတ်လိုက်သည်။ ထားသခင်



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ လိုက်လာသော သူငယ်ချင်းတွေကပါ ထားသခင် ကြည့်သည့် ဘက်သို့ လိုက်ကြည့်ကြရင်း ...

"ဘာလို့ စစ်ဆေးမှာလဲ ..."

"ဟိုးအရင်ကတည်းက ငါ ဒီခြံကြီးကို ရောက်တဲ့နေ့ဆို ဒီခြံထဲက နှင်းဆီနီတွေ အားလုံး ပွင့်နေအောင် ခွန်းသတို့ မြေးအဘိုးက လုပ်ထားကြရတာလေ၊ အပွင့်မရှိတဲ့ ပန်းအိုးတွေဆို ငါမမြင်အောင် ဖယ်ထုတ်ထားကြရတာ၊ အပွင့်မရှိ တဲ့အပင်ကို ငါ မြင်ရင် သူတို့ အဆူခံရမှာလေ"

"အဟိ ... နင် တော်တော်ကြီးကျယ်တာပဲနော်"

"ငါက ဒီအိမ်ရဲ့ သခင်မလေးပဲလေ၊ သူတို့ ဒီလောက်တော့လုပ် ပေးမှာပေါ့၊ လာ ... ပန်းခင်းဘက် သွားရအောင်"

ထားသခင်က သူငယ်ချင်းတွေနှင့်အတူ နှင်းဆီပင်တွေ ဘက်သို့ မြူးသွက်သွက်လေး လှမ်းထွက်သွားရင်း လိမ္မော်သီးတွေ လိုက် ကောက်နေသော ခွန်းသဘက်ကို မျက်ဝန်းလေးထောင့် ကပ်ကာ ကြည့် သွားသည်။

နှင်းဆီပင်တွေကြား ရောက်လာတော့ ရှင်းသန့်နှင့် ယမင်း မှာ ရင်သပ်ရှုမောဖြစ်ကြလျက် ...

"လှလိုက်တာဟယ် ... နှင်းဆီပွင့်ကြီးတွေမှ အကြီးကြီးပဲ၊ နှင်းဆီ တွေအားလုံး အနီရောင်ချည်းပဲ၊ နင်က အဝတ်အစား အ... အဆောင်တင် အနီကြိုက်တာ မဟုတ်ဘူး၊ နှင်းဆီတောင် အနီ ကြီးကျယ်ခမ်းနားတော်မူလိုက်ပါဘိ မဟာစံအိမ်ရဲ့ အရှင်သခင် မလေး မမထားသခင်ရယ်"

ဟု ထားသခင်ကို နောက်ပြောင်နေကြသည်။

ထားသခင်သည် အပွင့်မရှိသည့် အပင်ရယ်လို့ မရှိ... ပန်းခင်းကြီးကို ကြည့်ရင်း ကျေနပ်စွာပြုံးလိုက်သည်။ ထားသခင် မ... ရအောင် ခွန်းသ သေသေချာချာ စီစဉ်ထားတယ်ပေါ့ ...။ ဒီလိုဆို... လည်း နင်က မဆိုးပါဘူး။





"အဲမယ် ... ဟဲ့ ... ပန်းတွေကြည့်ပြီး ဘာကိစ္စ ပြုံးတော်မူ နေရတာ လဲ"

"အဟင်း ... နင်တို့ တွေ့တယ်မဟုတ်လား၊ ထားသခင် လာပြီဆို ဘယ်နှင်းဆီပင်မှ မပွင့်ဘဲမနေရဘူး"

ထားသခင်က မျက်ခုံးလေးပင့်ကာ ဝံ့ဝံ့ကြွားကြွား လေးပြော လိုက်ပြီး မျက်ဝန်းကလေး စွေကာ ခွန်းသကို လှမ်းကြည့်လိုက်ပြန်ရင်း ...

"အဲ့ဒါ ခွန်းသလက်ရာပေါ့ ရှင်းသန့်ရဲ့၊ ငါ ဒီကို နောက်ဆုံး ရောက်ခဲ့တဲ့ အခေါက်တုန်းက နှင်းဆီတစ်ပင်မှာ အပွင့် မရှိလို့ သူအဆူခံရတယ်လေ၊ အဲ့ဒါကြောင့် ခုတစ်ခေါက် ငါလာရင် ငါ့ စိတ်တိုင်းကျဖြစ်အောင် ကြိုးစားထားတာပေါ့၊ အဟင်း ... သူ့ကို မုန့်ဖိုးပေးဖို့တောင် ကောင်းနေပြီ"

ထားသခင် ပြောနေတုန်းမှာပဲ ခွန်းသက လိမ္မော်သီးတွေ အားလုံး ကောက်ပြီးသွားပြီမို့ လိမ္မော်သီးထုပ်ကို ကိုင်ကာ ထားသခင်တို့ ဘက်သို့ လျှောက်လာသည်။

ထားသခင်က ခွန်းသဘက်ကို လှည့်ကြည့်လိုက်ရင်း ...

"ခွန်းသ ... ဒီတစ်ခါ နင်မဆိုးဘူး"

ဟု ပြောလိုက်ရာ ခွန်းသက မသိမသာ မျက်မှောင်ကြုတ် သွား၏ နားမလည်သလို တစ်ချက်စိုက်ကြည့်လိုက်ရင်း ...

"ဘာကို ပြောတာလဲ ..."

"မပွင့်တဲ့ နှင်းဆီမရှိအောင် နင် ကြိုးစားထားလို့လေ"

"ငါ မကြိုးစားပါဘူး"

"ဘာ ..."

ခွန်းသကို ပိုင်နိုင်ပြီအထင်နှင့် ကျေနပ်နေသော ထားသခင် ၏ မျက်ဝန်းကလေးတွေသည် ပြူးဝိုင်းလာခဲ့၏။ ခွန်းသက မသိမသာ ...ရော်သလိုလေး ပြုံးလိုက်ရင်း ...

"ငါက ဘကြီးမိုးခိုင်းလို့ မန္တလေးကို ခဏသွားနေတာ၊ ဒီနေ့မှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်တာ၊ ဒါတွေအားလုံး ဘကြီးမိုးပဲ လုပ်ထားတာ၊ သူ့ခမျာ တစ်ယောက်တည်း လုပ်ရတာ ပင်ပန်းလွန်းလို့ ဖျားပြီး အိပ်ရာထဲ လဲနေလို့ နင့်ကိုတောင် ထွက်မကြိုနိုင်ဘူး၊ ဘကြီးမိုးကို ဆေးတိုက်ရမှာမို့လို့ ငါ့ကို ခွင့်ပြုပါဦး ...”

ကြည့်စမ်း ... ဒင်းက ဒါဘာအချိုးလဲ ... ။ ထားသခင် အတွက် ဘာမှလုပ်ထားမပေးဘူးဆိုတဲ့ သဘောလား။ ထားသခင်ကို ကြိုဆိုစောင့်မျှော်မနေပါဘူးဆိုတဲ့ သဘောလား။ သူငယ် ချင်းတွေရှေ့မှာ ထားထားကို အရှက်ခွဲလိုက်တာလား။

“အဟိ ... ဟီ၊ ထားသခင်၊ နင် ... သူ့ပေးမယ့် မုန့်ဖိုးကို ငါတို့ပဲ ပေးလိုက်ပါတော့ဟယ် ...”

“ခုထိတော့ နင် သူ့ကို သေသေချာချာနိုင်တဲ့ အကွက်ရယ်လို့ တစ်ကွက်မှ မတွေ့ရသေးပါလားဟယ်”

သူငယ်ချင်းတွေရဲ့ လှောင်ပြောင်စကားက ထားသခင်ရဲ့ မခံချင်စိတ်ကို ဆွနေသည်။

ခွန်းသ ထွက်သွားတော့ ထားသခင်က ပါးကလေးတွေ နီမြန်းလျက် အံကြိတ်ကာ ကျန်ရစ်သည်။ ဒေါသကြောင့်လား ဘယ်လို ခံစားချက်ကြောင့်လဲဆိုတာတော့ သေချာမသိဘဲ သူမရဲ့ မျက်ဝန်းထဲမှာ မျက်ရည်လေးတွေ ဝိုင်းရစ် ရွှန်းလဲ့လာသည်။

ထားသခင် အိမ်ထဲသို့ ဝင်လာသောအခါ ထုံးစံအတိုင်း နှင်းဆီနီ အပြည့်ထိုးထားသော ပန်းအိုးတွေကို တွေ့ရသည်။

သို့သော် ... နှင်းဆီတွေက မလှပါ။

လွန်ခဲ့တဲ့ ငါးနှစ်တုန်းကလို လှမနေခဲ့ပါ။

ပန်းတွေကိုမြင်သော်လည်း ထားသခင်မှာ စိတ် မလန်းဆန်းဘဲ အိမ်ပေါ်ထပ်သို့ တက်လာခဲ့သည်။

သူမ၏ အိပ်ခန်းတံခါးကို တွန်းဖွင့်လိုက်သောအခါ အိပ်ရာ ဘေးက စားပွဲပုလေးပေါ်က ပန်းအိုးလေးကို လှမ်းမြင်ရသည်။





ပန်းအိုးထဲမှာ နှင်းဆီနီ ပိန်ညှက်လေးတစ်ပွင့် မလှမပ ထိုးစိုက်လျက်သား ... ။

“သမီး ... ဒေါ်နန်း ထိုးပေးထားတဲ့ နှင်းဆီတွေ လှရဲ့လား”

သူမ နောက်သို့ ရောက်လာသော ဒေါ်နန်းက လှမ်းမေး၏။

ထားသခင်က ပြန်မဖြေဘဲ အခန်းတံခါးကို ခပ်ပြင်းပြင်းဆွဲ ပိတ်လိုက်ပြီး အိပ်ရာပေါ်သို့ နှမ်းလျစွာ လှဲချလိုက်သည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

ပြင်ဦးလွင်၏ နံနက်ခင်းသည် မြူနှင်းတို့ ပါးပါး ဝေလျ[က်]
ရှိသည်။

ထားသခင်၏ အပေါ်ထပ် အိပ်ခန်းပြတင်းတံခါးကို ဖွ[င့်]
လိုက်သောအခါ မြူနှင်းကြားက လမ်းသွယ်ကလေးကိုမြင်ရသည်။ နေ့[စဉ်]
မနက်ခင်းတိုင်းမှာ ခွန်းသက စက်ဘီးနောက် ခုံပေါ်မှာ ဟင်းသီးဟင်းရွက်
တွေ တင်လျက် ထိုလမ်းသွယ်လေးအတိုင်း စက်ဘီးနင်း၍ ထွက်သွားတတ်
သည်။

ခွန်းသ စက်ဘီးနင်းသွားတာကို မနက်တိုင်းလိုလို လှမ်း
လှမ်းမြင်နေရတာမို့ ထားသခင်ရဲ့ စက်ဘီးစီးချင်တဲ့စိတ်က ပို၍ ပြင်းထန်
လာရသည်။

ရန်ကုန်မှာကတည်းက စက်ဘီးစီး သင်ချင်ပေမယ့် သင်ပေး
မယ့်သူ မရှိ၊ ဘွားဘွားနှင့် ဒေါ်ညိုမြကလည်း ချော်လဲ ဒူးပြဲမှာစိုးလို့ဆို
ဆိုကာ စက်ဘီးစီးခွင့်မပေး။ ပြီးတော့ ရန်ကုန်မှာ လွတ်လွတ်လပ်လပ်
စက်ဘီးစီးလို့ရမယ့်နေရာလည်း မရှိပါ။ ကိုယ့် ခြံထဲ ကိုယ်ပတ်စီးချင်စီး
ဒါမှမဟုတ်လည်း ခြံရှေ့လမ်းပေါ်မှာ စီးရုံသာ ...။ ဘွားဘွားကြီး
စက်ဘီးစီးချင်ကြောင်း ပူဆာလိုက်တိုင်း ...





"မြေးလို သူဌေးမလေးက စက်ဘီးလေး ချောက်ချီးချောက်ချက်
စီးစရာလားကွယ်၊ ကိုယ့်ကားကြီးနဲ့ကိုယ် သူဌေးပီပီ ဟန်ချီချီလေး
စတိုင်လ်ထုတ်နေစမ်းပါ"

ဟု အမြဲပြောဆို ပိတ်ပင်တတ်ခဲ့သည်။ ထို့ကြောင့်ပင်
ထားသခင်ဟာ ကားသာမောင်းတတ်သွားရော စက်ဘီးစီးကတော့ ခုထိ
မတတ် ...။

ပြင်ဦးလွင် ရောက်တုန်း၊ ဘွားဘွားလည်း ပါမလာတုန်း
ခွန်းသကို စက်ဘီးစီး သင်ခိုင်းရရင် ကောင်းမလားဟု ခဏခဏ တွေးမိ
သော်လည်း ကိုယ့်လက်အောက်ငယ်သားကလေးနဲ့ လက်ပွန်းတတီး
စက်ဘီးစီးသင်ဖို့ သင့်မသင့် တွေဝေနေခဲ့ရတာပင် ...။

ဒီနေ့တော့ သင်ဖြစ်အောင် သင်ဖို့ ဆုံးဖြတ်ကာ ထားသခင်
က ညဝတ် ဂါဝန်လေးကို ချွတ်လျက် ထရက်ဆု အနီရဲရဲဝမ်းဆက်လေးကို
ဝတ်၊ လျှာထိုးဦးထုပ် အနီလေးဆောင်းကာ အိမ်မှထွက်လာသည်။ ရှင်းသန့်
ကတော့ ခုထိအိပ်ပုပ်ကြီးကြတုန်းမို့ နိုးမနေတော့။ မီးဖိုချောင်ထဲမှာ အလုပ်
ရှုပ်နေသည့် ဒေါ်နန်းကိုလည်း ပြောမနေတော့ဘဲ အိမ်ထဲမှ တိတ်တိတ်လေး
ထွက်လာခဲ့သည်။ ဒေါ်နန်း သိလျှင် ဘွားဘွားဆီ ဖုန်းဆက်ပြီး သံတော်
ဦးတင်မှာ စိုးရလို့ပင်။

ထားသခင်သည် လမ်းသွယ်လေးအတိုင်း လျှောက်ထွက်
လာခဲ့ပြီး လမ်းဘေးက ထင်းရှူးပင်ကြီး တစ်ပင်ကို ကျောမှီကာ ခြေတစ်
ဖက်ကန်ထောက်၍ လက်ပိုက်ရပ်ရင်း ခွန်းသ ပြန်အလာကို စောင့်နေလိုက်
သည်။

မကြာပါ ...။ လမ်းသွယ်လေးရဲ့ ကွေ့နားကနေ စက်ဘီး
တလှစ်လှစ် နင်းထွက်လာသော ခွန်းသကို လှမ်းမြင်လိုက်ရလေသည်။

ခွန်းသသည် စက်ဘီးထိုင်ခုံမှ ဖင်ကြွကာ ကုန်းတက် လမ်း
ကလေးပေါ်သို့ စက်ဘီးကို အားစိုက်၍ နင်းတက်လာနေသည်။ အသားဖြူ
ဖြူ ဆံပင် စင်းစင်းပျော့ပျော့တွေက ခပ်ရိုင်းရိုင်း လွင့်ဖွာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချည်ကြမ်းအင်္ကျီ လက်ပြတ်ကို ဝတ်ထားတာမို့ စက်ဘီးလက်ကိုင်ကို အားစိုက်ဖိကိုင်ထားသော လက်မောင်း တွေက တင်းထင်းကာ ချွေးဖြင့် စိုပြောင်နေသည်။

ထားသခင်သည် ထင်းရှူးပင်ကို မှီရပ်နေရာမှ လမ်းဘက်သို့ လျှောက်လာပြီး စက်ဘီးလာရာလမ်းရဲ့ အလယ်ဗဟိုတည့်တည့်မှာ ပိတ်ရပ် လိုက်လေသည်။ ခွန်းသဟာ ထားသခင်ကို တွေ့လျှင်ဖြင့် စက်ဘီးပေါ် ကနေ ပျာပျာသလဲ ဆင်းလာလိမ့်မည်ဟု ထားသခင်က မျှော်လင့်ထား သည်။

သို့သော် ... စက်ဘီးကား ရပ်မသွားချေ။

ခွန်းသသည် လမ်းလယ်မှာ လက်ပိုက်ရပ်နေသော ထား သခင်ကို ဂရုမစိုက်ဘဲ လမ်းဘေးအစွန်းမှ ကွေ့ဝိုက်ကာ ကျော်ဖြတ်သွား တော့သည်။

ထားသခင်သည် အူကြောင်ကြောင်လေး ရပ်ကျန်နေခဲ့ပြီး ... ဆတ်ခနဲဖြစ်သွားကာ အံ့သြဒေါသထွက်လျက် ခွန်းသ ဘက်သို့ ချာခနဲ လှည့်လိုက်ရင်း ...

"ဟဲ့ ... ရပ်စမ်း"

ဟု အမိန့်သံဖြင့် အော်လိုက်သည်။

ခွန်းသ စက်ဘီးက တုံ့ခနဲ ရပ်သွား၏။

"ဒီနားကို ပြန်လာခဲ့စမ်း ..."

ထားသခင်က အမိန့်ထပ်ပေး၏။ ခွန်းသက လမ်း ပေါ်သို့ ခြေတစ်ဖက်ထောက်ကန်ကာ စက်ဘီးကို ရပ်ထားရင်းက ထားသခင်ဘက် ကို ပြန်လှည့်ကြည့်လိုက်ရင်း ...

"ဘာကိစ္စရှိလို့လဲ ..."

"ကိစ္စကို မေးမနေနဲ့၊ လာဆိုလာ ..."

ခွန်းသက စက်ဘီးကို ဂငယ်ကွေ့ ကွေ့နင်းကာ ထားသခင် ဘက်သို့ ပြန်လှည့်လာပြီး စက်ဘီးပေါ်မှ ဆင်းလိုက်ပါသည်။ သူ့မျက်နှာ





က တည်တည်ငြိမ်ငြိမ်ပင် ...။ ထားသခင်မှာသာ မတည်ငြိမ်နိုင်ဘဲ ဒေါသထွက်နေရကာ ...

"ငါ့ကို တွေ့ရက်သားနဲ့ ကွေ့ရှောင်သွားတာ ဘာသဘောလဲ"

"ဘာသဘောမှ မဟုတ်ဘူး ..."

"ဘာ ဘာသဘောမှ မဟုတ်တာလဲ ..."

"နင်က နင့်ဘာသာရပ်နေတာလေ၊ ငါ့စက်ဘီးကို ရပ်ဖို့ တားနေ တာမှ မဟုတ်တာ၊ လမ်းလယ်မှာ ရပ်နေတဲ့လူ တစ်ယောက်ကို တွေ့ရင် ဘယ်သူမဆို ကွေ့ရှောင်သွားမှာပဲ ..."

"နင့်ကို ရပ်စေချင်လို့ နင့်ရှေ့က ပိတ်ရပ်နေတယ်ဆိုတာလေးကို တောင် နင် သဘောမပေါက်တာတော့ မဖြစ်နိုင်ဘူး၊ ငါ့ကို အရေး စိုက်စရာ မလိုဘူးဆိုပြီး တမင် မထီမဲ့မြင်လုပ်ချင်တာပဲ ဖြစ်ရမယ်"

ခွန်းသက ဘာမှပြန်မပြောတော့ဘဲ နှုတ်ခမ်းကို တင်းတင်း ...ကာ ရပ်နေရင်းက ထားသခင်ကို စူးခနဲ တစ်ချက်ကြည့်ပြီး အကြည့်လွှဲ လိုက်သည်။ သူ့ မထုံတတ်သေးအမူအရာက ထားသခင်ကို ပို၍ စိတ်တို သွားစေပါသည်။

"နင် မကြောက်ဘူးလား ခွန်းသရဲ့ ... ဟင်"

"ငါက ဘာကိုကြောက်ရမှာလဲ ..."

"နင့်အဘိုး အလုပ်ပြုတ်မှာ မကြောက်ဘူးလား"

"မကြောက်ဘူး ..."

"ဘာ ..."

ခွန်းသက ထားသခင်နှင့် မျက်လုံးချင်းဆိုင်၍ ကြည့် လိုက် ရင်း ...

"ငါ ကလေးမဟုတ်တော့ဘူး၊ အရွယ်ရောက်နေပြီ၊ နင် အလုပ် ဖြုတ်လည်း ငါ့အဘိုးကို ငါ ရှာကျွေးနိုင်ပြီ၊ ငယ်ငယ်တုန်းကတော့ ကလေးမို့လို့ နင် ခြိမ်းခြောက်တိုင်း ကြောက်ခဲ့ရတာ၊ ခုတော့ လုံးဝ မကြောက်တော့ဘူး ထားသခင်၊ နင် ငါ့ကို တရားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံပါ၊ မတရားလုပ်လာရင် အရင်လို ငြိမ်ခံနေမယ် မထင်နဲ့တော့ ...”

“ကြည့်စမ်း ... နင်ကများ ...”

ခွန်းသက ပြတ်ပြတ်သားသား ပြောသွားတာမို့ ထားသခင်မှာ ရုတ်တရက် ဘာမှပြန်မပြောနိုင်ဘဲ ပါးစပ်အဟောင်းသား ဖြစ်သွားရပါသည်။ ကိုယ့်ကို ဒီလိုမျိုး ပြန်ပြောရဲလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့တာ။ ဒီပုံစံအတိုင်းဆို သူငယ်ချင်းတွေ ရှေ့မှာ ကြွားထားသမျှ အလကားဖြစ်ရတော့မှာပေါ့ ...။ သူငယ် ချင်းတွေ ရှေ့မှာလည်း ဒီလို ပြန်ပြောနေရင် အခက်သားပဲ ...။

ခွန်းသသည် ထားသခင်ကို ဘာမှ ဆက်မပြောတော့ဘဲ စက်ဘီးကိုတွန်းကွေ့လိုက်စဉ် ထားသခင်က စက်ဘီးလက်ကိုင်ကို ဖျတ်ခနဲ ဖမ်းဆုပ်ကိုင်လိုက်ရင်း ...

“နေဦး ...”

“ဘာကိစ္စ ရှိသေးလို့လဲ ...”

“နင့်ကို ခိုင်းမလို့ ...၊ ကိုယ့်ခြံက အလုပ်သမားကို ခိုင်းစရာရှိတာ ခိုင်းလို့တော့ ရတယ်မဟုတ်လား”

“တရားသဖြင့် ခိုင်းတာမျိုးဆို လုပ်ပေးမယ်၊ မပွင့်တဲ့ပန်းကို ပွင့်အောင် လုပ်ခိုင်းတာမျိုးတွေ၊ ဖိနပ်စီးခိုင်းတာတွေတော့ ဒီအချိန်မှာ လာမခိုင်းနဲ့၊ မရတော့ဘူး၊ ငါ ကလေးမဟုတ်တော့ဘူး၊ လူပျိုဖြစ်နေပြီ ...”

အံမယ် ... အရေးထဲမှာ ကြော်ငြာဝင်နေသေးရဲ့။ သူ့လူပျိုဖြစ်တာများ ကြွားစရာလား ...။

“ငါ့ကို စက်ဘီးစီး သင်ပေးစမ်းပါ”

ခွန်းသက အဖြေမပေးဘဲ စဉ်းစားသလို ငြိမ်သွားသည်။

“ငါပြောတာ ကြားလား ...”

“ကြားတယ်၊ ငါ စဉ်းစားနေတာ”

“ဘာ စဉ်းစားစရာ လိုလို့လဲ ...”





“နင် ဦးတင့်ကို သင်ခိုင်းတာက ပိုသင့်တော်မယ်ထင်တယ်”

“ဦးတင့်က အသက်ကြီးပြီ၊ အမောမခံနိုင်တော့ဘူး၊ နင်ပဲသင်ပေးပါ”

“ကောင်းပြီလေ ... သင်ဆိုလည်း သင်ရတာပေါ့၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်”

“ဘာလဲ ...”

“နင့်ကို စက်ဘီးစီးသင်ရင် နင့်ဘေးက လိုက်ထိန်းပေးရမှာဆိုတော့ မတော်တဆ နင်နဲ့ငါ အသားချင်း ထိမိနိုင်တယ်၊ နင်က အပျိုငါက လူပျိုဆိုတော့ သင့်တော်ပါ့မလား၊ အဲ့ဒါတစ်ခုပဲ စဉ်းစား”

“အောင်မာ ... စကားပြော ကြီးကျယ်လိုက်တာ၊ တဆိတ်ရှိ လူပျိုလူပျိုနဲ့ စကားထဲ ထည့်ထည့်ပြောနေလိုက်တာ၊ နင့်ဘာသာ လူပျိုဖြစ်ဖြစ် မဖြစ်ဖြစ် ငါဂရုမစိုက်ဘူး”

“ဒါဆို အသားချင်းထိလည်း ကိစ္စမရှိဘူးဆိုတဲ့ သဘောလား”

“လိုရာဆွဲတွေးမနေနဲ့ဟဲ့၊ ဒီမှာ ခွန်းသ ... နင့်ကိုငါ တိုတိုပဲ ပြောတော့မယ်၊ နင် ငါ့ကို စက်ဘီးစီးသင်ပေးပါ၊ အသားချင်း လုံးဝမထိအောင်သင်ပါ၊ ငါ စက်ဘီးစီး သေချာ မတတ်မချင်း စက်ဘီးဘေးက ပြေးလိုက်ပါ၊ စက်ဘီးလဲရင် စက်ဘီးကိုပဲ ဖမ်းထိန်းပါ၊ ငါ့အသားကို တစ်ချက်မှမထိအောင် ဂရုစိုက်ပါ၊ ဒါပဲ ...”

အဲ့ဒီနောက်တော့ ခွန်းသက စိန်ပန်းပြာတွေ ပြန့်ကျဲနေသော လမ်းကလေးပေါ်မှာ ထားသခင်ကို စက်ဘီးစီး သင်ပေးရလေသည်။

“ဟဲ့ ... သေချာကိုင်ထားနော်၊ စက်ဘီးလဲရင် ငါနဲ့အတွေ့ပဲ”

ထားသခင်က သူ့အကျင့်အတိုင်း ခွန်းသကို ခြိမ်းခြောက်၏။ ခွန်းသက စက်ဘီးကယ်ရီယာကို မြဲမြဲကိုင်ကာ စက်ဘီးကို မတ်အောင်ထိန်းပေးထားရ၏။ ထားသခင်သည် စက်ဘီးစီး သင်ခါစလူတွေ ဖြစ်တတ်သည့် ပုံစံအတိုင်း ခါးလိမ်စောင်းကာ စက်ဘီးလက်ကိုင်ကို တင်းတင်းကြီးဆုပ်ထား၏။ စက်ဘီး လက်ကိုင်ကို ကွေ့လိုက်တိုင်း ခါးကပါ စောင်းသွား



www.burmeseclassic.com

www.burmeseclassic.com



၏။ ခွန်းသက ဟိုဒီယိမ်းထိုးနေသော စက်ဘီးကို လဲမသွားအောင် ကယ်ရီယာခုံ ကို ကိုင်၍ နောက်မှ သွက်သွက် ပြေးလိုက်နေရလေသည်။

တစ်ကြိမ်မှာတော့ စက်ဘီးကယမ်းခါသွားကာ ထားသခင်၏ ခန္ဓာကိုယ်ကပါ စောင်းသွား၏။ ပြုတ်မကျအောင် လူကို ဖမ်းထိန်းထားရင် ရနိုင်ပေမယ့် အသားချင်း မထိရ စည်းမျဉ်းကြောင့် လူကိုမထိဘဲ စက်ဘီးကိုသာ မလဲအောင် ဆွဲထားရာ လူက စက်ဘီးပေါ်မှ ကိုးရိုးကားယား ပြုတ်ကျသွားတော့သည်။

ထားသခင်သည် နာလည်းနာ၊ ဒေါသလည်းထွက်ကာ နာသွားသော ဒူးနှစ်ဘက်ကို ပွတ်ရင်း ...

"သေပါပြီ ... နာလိုက်တာ၊ ဟဲ့ ... ခွန်းသ၊ နင် တမင် ငါ့ကိုပညာပြတာမဟုတ်လား"

"မပြုပါဘူး၊ နင့်ဟာနင် အရှိန်မထိန်းနိုင်လို့ လဲတာ ..."

"ငါ အရှိန်မထိန်းနိုင်လည်း နင် သေချာကိုင်ထားရင် လဲပါ့မလား"

"ငါ သေချာကိုင်ထားသားပဲ"

"ကိုင်မထားလို့ လဲတာပေါ့ဟဲ့၊ ကျွတ် ... ကျွတ် ဒူးပြဲသွားပြီလားတောင် မသိဘူး"

"ငါ ကိုင်ထားလို့ရတဲ့ စက်ဘီးကိုတော့ သေချာကိုင်ထားတာပဲလေ၊ လူကိုတော့ ထိလို့မရလို့ လွှတ်ပေးလိုက်ရတာ၊ နင်ပဲပြောထားတယ် မဟုတ်လား၊ စက်ဘီးလဲရင် စက်ဘီးကိုပဲ ဖမ်းထိန်းပါဆို၊ နင့်အသားကို တစ်ချက်မှ မထိအောင် ဂရုစိုက်ပါဆို ..."

ထားသခင်သည် ကိုယ့်စကားနဲ့ကိုယ် ဘာမှရှေ့ဆက် မပြောသာပဲ ခွန်းသကို မျက်စောင်းတစ်ချက် ထိုးလိုက်ပြီး တကျွတ်ကျွတ် စုပ်သတ်လျက် လဲနေရာမှ အားယူထလာသည်။ ပြီးတော့ ဝေးဝေးမှာ လွင့်ကျနေသည့် လျှာထိုး ဦးထုပ်အနီလေးဘက်သို့ မေးဆတ်ပြကာ ...

"ဦးထုပ် ကောက်ပေးဦး၊ ငါ ဒီမှာ ဒူးနာနေလို့ ဝေးဝေး မလျှောက်နိုင်ဘူး"





ထားသခင် မျက်နှာက ရှုံ့မဲ့ကာ တကယ် ဒူးနာနေပုံရတာမို့ ခွန်းသက ဦးထုပ်ကို သွားကောက်ယူလာပြီး ထားသခင်ကို လှမ်းပေးလိုက်သည်။ ထားသခင်က ဦးထုပ်ကို နောက်ပြန် ဆောင်းလိုက်ရင်း ...

"ကဲ ... ဆက်သင်မယ်၊ ငါ ဘယ်လောက်ဝေးဝေးနင်းနင်း နင် ငါ့စက်ဘီးဘေးကနေ ပြေးလိုက်ရမယ်၊ ကြားလား ..."

"နင် စီးတတ်သွားရင်တော့ နင့်ဘာသာစီးပေါ့၊ နင့်စက်ဘီးဘေးက အမြဲ ပြေးလိုက်နေရရင် ငါ လျှာထွက်သေမှာပေါ့"

"မပြောချင်လို့ ကြည့်နေရင် ပိုပိုဆိုးလာတယ်၊ အပြောအဆိုတွေက တယ်ရိုင်းပါလား မောင်ခွန်းသရဲ့၊ ငါ့ကိုများ ပြောနေလိုက်တာ နင်တွေ ငါတွေနဲ့၊ မမထားလို့ ခေါ်ဖို့ ငယ်ငယ်လေးကတည်းက သင်ထားတာ မေ့ပြီလား ..."

"မမေ့ပါဘူး၊ မခေါ်ချင်လို့ မခေါ်တာ၊ ကဲ ... လာ ဆက်သင်မယ်"

ခွန်းသက ခပ်ပေါ့ပေါ့ ပြန်ပြောပြီး စက်ဘီးကို သေချာကိုင်ထား စောင့်နေလိုက်သည်။ ရုပ်ကိုက အရင်လို သူငယ်နုပ်စားတော့မဟုတ်။ ဘာမဆို ပြတ်ပြတ်သားသား လုပ်မည့်ပုံမျိုး။ သူ့ပုံစံ သူ့အကြည့်တွေကြောင့် ထားသခင်က ဖွတ်တိုးမပြောရဲဘဲ နည်းနည်းရှိန်ရတာပင်။ သူ့ဘေးနားမှာ ထားသခင် ရပ်မိတော့ သူ့အရပ်ကြီးက ထားသခင်ရဲ့ ခေါင်းပေါ်မှာ မိုးနေသည်။ အရပ်မြင့်မားခြင်းဟာလည်း အရှိန်အဝါတစ်မျိုးကို ဖြစ်စေသလားတော့ မသိ ...။ ဟိုအရင်တုန်းကတော့ ထားသခင်ကတောင် သူ့ထက် အရပ်နည်းနည်း ပိုမြင့်သေးသည်။ ခုတော့ သူ့အရပ်ကြီးက ဒိုးထွက်မြင့်မားလာတာ မယုံနိုင်စရာ ...။ သူနဲ့ယှဉ်ရပ်တိုင်း ကိုယ့်ခန္ဓာကိုယ်လေးပင် သေးကျုံ့သွားသလားဟု ထင်မိတတ်သည်။

"ခွန်းသ ... နင့်ကို တစ်ခုပြောထားဦးမယ်"

ထားသခင်က စက်ဘီးလက်ကိုင်ကို လှမ်းကိုင်ရင်း ခွန်းသကို ကြည့်ဘဲ စကားစလိုက်သည်။

"နင် ငါနဲ့ဆိုရင် ငါနဲ့ ခပ်ဝေးဝေးမှာ ရပ်ပါ၊ နီးနီးမှာဆိုရင် ငါ



www.burmeseclassic.com

www.burmeseclassic.com



စကားပြောချင်တိုင်း နင့်ကိုမော့မော့ကြည့်နေရမှာ လုံးဝ မမိုက်ဘူး။ ငါ နင့်ကို မော့မကြည့်ချင်ဘူး"

ထားသခင်တို့ မာနကြီးပြီး အဆင့်အတန်း ခွဲချက်ကတော့ ကိုယ့်ဘာသာ အရပ်ရှည်တာတောင်မှ အပြစ်ဖြစ်ရမလိုပင် ...။

ထားသခင်က စက်ဘီးပေါ် လှမ်းတက်လိုက်ရင်း ...

"ငါ နင်းသွားရင် လုံးဝ လွှတ်မပေးပါနဲ့၊ ငါ့ဘေးကနေ ပြေးလိုက်ပါ ခွန်းသ ..."

"နင့်ဘာသာ စီးတတ်သွားရင်တော့ ငါ ပြေးမလိုက်နိုင်ဘူး"

"ရတယ် ... ငါစီးတတ်သွားရင် မလိုက်နဲ့တော့ ..."

ထားသခင်သည် ခွန်းသ မမြင်အောင် ကျိတ်ပြုံးလိုက်ရင်း စက်ဘီးဆက်နင်းလေသည်။ သိပ်မကြာလိုက်ဘဲ ထားသခင်က စက်ဘီးကို အရှိန်ထိန်းနိုင်လာသည်။ စက်ဘီးစီးရတာ ပေါ့ပေါ့ပါးပါးလေး ဖြစ်လာသည်။ သို့သော် ထားသခင်က 'စီးတတ်ပြီ' လို့ ပြောဖို့ လုံးဝစိတ်မကူးပါ။ ခွန်းသသည် ထားသခင် ဘေးမှ ပြေးလိုက်လာရင်း ချွေးပြိုက်ပြိုက်ကျ ဟောဟဲဆိုက်လာရကာ ...

"စီးတတ်ပြီလား ..."

"မစီးတတ်သေးဘူး"

ခွန်းသ ဘယ်နှခါမေးမေး ထားသခင်ထံက မစီးတတ်ဘူးဟူသော အဖြေကိုသာ ရသည်။ ထားသခင် ပညာပြနေပြီဆိုတာကို ခွန်းသက တဖြည်းဖြည်း ရိပ်မိလာသည်။ သို့သော် ထားသခင်တို့ သူ့စေတနာ သူ့အကျိုးပေးပုံမှာ လမ်းပေါ်က ချိုင့် ခွက်နက်နက်ထဲသို့ ဘီးချော်ကျကာ စက်ဘီးက ယမ်းခါလျက် စက်ဘီးရော လူပါ တစ်ဖက်သို့ ဝုန်းခနဲ လဲကျသွားတော့သည်။

"ဟာ ... ဟော့ ..."

ခွန်းသက အချိန်မီ ဖမ်းဆွဲလိုက်သော်လည်း သူမ ခန္ဓာကိုယ်ကို လုံးဝထိန်းမထားနိုင်တော့ဘဲ ခွန်းသ ခန္ဓာကိုယ်က ထားသခင်ကိုယ်ပေါ်သို့ ပိကျလဲပြိုသွားသည်။ အရှိန်ကပြင်းလေရာ နှစ်ယောက်ပူးလျက်သား





လမ်းဘေးသို့ အရှိန်ဖြင့် တစ်ပတ် နှစ်ပတ် လိမ့်ဆင်းသွားခိုက်မှာ ခွန်းသရဲ့ နှုတ်ခမ်းချွန်ချွန်က ထားသခင်ရဲ့ ပါးပြင်နုနုပေါ်သို့ မရည်ရွယ်ဘဲ အိခနဲ နစ်ဝင်သွားတော့သည်။

နှစ်ယောက်သားမှာ လမ်းဘေးအနိမ့်ပိုင်းက ထင်းရှူး ပင်ခြေရင်းနှင့် တိုက်မိပြီး ရပ်တန့်သွားရ၏။ ခွန်းသသည် ရုတ်တရက် အဖြစ်အပျက်အပေါ်မှာ ဘာလုပ်ရမှန်းမသိဘဲ ကြောင်နေသည်။ ထားသခင်သည် ဤအဖြစ်သနစ်၊ ဤအထိအတွေ့ကြောင့် မူးမိုက် ပြာဝေ အသိလွှတ်သွားခဲ့ပြီးမှ ရှက်စိတ်မိုးမွှန်လာကာ ကိုယ့်မျက်နှာပေါ် မိုးနေသော ခွန်းသကို တွန်းထုတ်၊ ခွန်းသကလည်း ဖြုန်းခနဲ လန့်အထ ...။

"ကဲ ... ကဲ"

"ဖြန်း ... ဖြန်း"

"ဟာ ..."

ထားသခင်သည် ခွန်းသရဲ့ ပါးတစ်ဖက်တည်းကို နှစ်ချက်ဆင့်၍ အားကုန်ရိုက်ချပစ်လိုက်သည်။

ခွန်းသသည် ဘာမှန်းမသိ ညာမှန်းမသိ အရိုက်ခံ လိုက်ရသောအခို နာကြည်းပေါက်ကွဲသွားကာ ထူပူနေသော ပါးတစ်ဖက်ကို လက်ဖြင့်အုပ်ရင်း ဖြုန်းခနဲ ထရပ်လိုက်သည်။ ထားသခင်ကလည်း ဆတ်ခနဲထကာ ခွန်းသနှင့် မျက်နှာချင်းဆိုင် ခပ်ခွာခွာ ရပ်လိုက်ရင်း ခန္ဓာကိုယ်လေး တဆတ်ဆတ် တုန်ရီလျက် အံတင်းတင်းကြိတ်ကာ ခွန်းသကို မုန်းမုန်းတီးတီး စိုက်ကြည့်နေသည်။

ခွန်းသသည် ထားသခင်၏ မျက်ဝန်းတွေကို ခါးခါး သီးသီး စိုက်ကြည့်ရင်း ...

"နင် ဘာဖြစ်လို့ ငါ့ကိုရိုက်တာလဲ ..."

"နင့်ကို မုန်းလို့၊ နင်လို ငါ့အလုပ်သမားတစ်ယောက်နဲ့ အသားချင်း ထိရတာ ရွံလို့ ..."

ထားသခင်က ရှက်စိတ်မွှန်ကာ တုန်ရီနေဆဲမို့ ဘာမှ မတွေး မဆင်ခြင်ဘဲ သူ့ကိုနစ်နာစေမည့် စကားလုံးမျိုးဖြင့် ထိုးနှက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားလုံးလေးက ခွန်းသရဲ့ နှလုံးသားထဲကို စွဲဝင်သွားတာကိုတော့ ထားသခင် မသိလိုက်။ ခွန်းသ ရင်ထဲက အမုန်းမီးတောက်နှင့် ထိုစကားလေး တစ်ခွန်း ပေါင်းစု ဓာတ်ပြုသွားကာ ချွန်မြမြ ဓားသွားတစ်လက် ပေါ်ထွက်လာတာကိုလည်း ထားသခင် မသိလိုက်ရချေ …။

ခွန်းသသည် မုန်းတီးနာကြည်းစိတ်ဖြင့် ဆတ်ဆတ် တုန်နေတာ ဘယ်လို စကားလုံးမျိုးနှင့် ထိုးနှက်လိုက်မှ ထားသခင်ကို နာကျင်ပြုံလဲစေမှာလဲဟု စဉ်းစားသည်။ မုန်းသည်။ မုန်းသည်။ ဒီစကားကို ငယ်ငယ်တုန်းကလည်း သူမကို ပြောဖူးခဲ့သည်။ သူမက နင်လိုလူ မုန်းတာကို ငါက ဂရုစိုက်ရမှာလားဟု မထိမဲ့မြင် ဆိုခဲ့သည်။ ခွန်းသရဲ့ အမုန်းက ထားသခင်ကို မနာကျင်စေဘူးဆိုရင် ခွန်းသရဲ့ အချစ်ကရော …။

ခွန်းသသည် ထားသခင်ကို နာကျင်ပြိုလဲစေမည့်၊ ထားသခင်၏ မာနကို တိုက်စားဝါးမျိုမည့် စကားလုံးလေးနှစ်လုံးကို စဉ်းစားမိလာသည်။ အဲ့ဒီ စကားလုံးလေးက …

"နင့်ကို ချစ်တယ်"

"ဘာ …"

"ငါ နင့်ကို အရမ်းချစ်တယ် …"

ထားသခင်သည် ခွန်းသ စကားကြောင့် ဆတ်ဆတ်ခါသွားသည်။ မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားက အပျိုမကလေးကို တုန်လှုပ်ချောက်ချားသွားစေသည်။ ဘဝမှာ ပထမဦးဆုံး ကြားရသည့် ချစ်တယ်ဆိုသော စကားကို ဒီလိုပုံစံ၊ ဒီလိုအနေအထားမျိုးနှင့် ကြားလိမ့်မည်ဟု မထင်မိခဲ့ …။ ဒီလို လူတစ်ယောက်ရဲ့ နှုတ်ဖျားက ဒီစကားမျိုး ရဲရဲတင်းတင်း ထွက်လာလိမ့်မည်ဟုလည်း မထင်ခဲ့။ အမြဲ ဝံ့ကြွားခေါင်းမော်နေတတ်သော အပျိုစင်လေးတစ်ယောက်ရဲ့ အိပ်မက် မင်းသားဟာ ဒီလိုမျိုးမှ မဟုတ်ခဲ့တာပဲ …။

ထားသခင်သည် တုန်လှုပ်စွာဖြင့် ခွန်းသကို စိုက်ကြည့်နေလိုက်မိသည်။ ဘုရားရေ … ကျွန်မကို ချစ်စကားပြောနေတဲ့လူက ကျွန်မကို သတ်ဖြတ်ဝါးမျိုတော့မလို အကြည့်စိမ်းစိမ်းကြီးနဲ့ ကြည့်နေတာပါလား …





ထားသခင်သည် သတိလစ်သလို ကြောင်ငေးနေရာမှ အသိအရားလေး ဝင်လာကာ ခွန်းသဆီသို့ ပြေးသွားလျက် အရှိန်ဖြင့် ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်ရင်း …

"သွား … သွား … နင် ထွက်သွား …"

"နင့်ကို ချစ်တယ်"

ခွန်းသက နောက်သို့ ယိမ်းယိုင်သွားစဉ်မှာ နောက်တစ်ခွန်းထပ်ပြောလိုက်ပြန်သည်။ ထားသခင်က ခွန်းသရင်ဘတ်ကို ဆောင့်ကာဆောင့်ကာ တွန်းနေရင်း …

"မပြောနဲ့ … မကြားချင်ဘူး၊ ဒါ နင်ပြောရမယ့် စကားမဟုတ်ဘူး"

"နင့်ကို အရမ်းချစ်တယ်"

"နင် ချစ်စရာလား၊ နင် ချစ်စရာလား၊ နင်နဲ့ တူသလား တန်သလား၊ နင့်လိုလူက ငါ့ကို ချစ်ရဲသလား"

"လူပျိုနဲ့ အပျို မချစ်ရဲစရာ ဘာအကြောင်းမှ မရှိဘူး"

"သွား … နင် အခုထွက်သွား …"

"နင့်ကို သိပ်ချစ်တယ် ထားသခင်"

"သွား …၊ မကြားချင်ဘူး"

ခွန်းသသည် ထားသခင်က ဆောင့်တွန်းလိုက်၊ နောက်သို့ယိုင်သွားလိုက်၊ ထားသခင်ကို ချစ်တယ်ဟု နာနာကြည်းကြည်း ပြောလိုက်နှင့် ထားသခင်ကြောင့် ခံစားခဲ့ရသမျှအတွက် သဲကြီးမဲကြီး အာသာဖြေနေသည်။

ထားသခင်မှာ အော်ရင်းအော်ရင်း အသံကလေးပင် တိမ်ဝင်သွားကာ မောဟိုက်တုန်ရီလာရတာမို့ နားနှစ်ဖက်ကို လက်ဖြင့် ပိတ်ပစ်လိုက်ပြီး ခွန်းသရှေ့မှ ပြေးထွက်လာခဲ့သည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

“ထားသခင်တစ်ယောက် ဒီနေ့ တယ်ငြိမ်နေပါလားဟေ့”

အိပ်ရာထက်မှာ စောင်ခေါင်းမြီးခြုံ၍ ကွေးနေသော ထား သခင်ရဲ့ တစ်ဖက်တစ်ချက်မှာ ရှင်းသန့်နှင့် ယမင်းက ထိုင်ချလိုက်ပြီး ထားသခင်ကိုယ်ပေါ်က စောင်ကို ဆွဲခွာလိုက်သည်။

ထားက စောင်ကို ပြန်ဆွဲခြုံရင်း ...

“အိပ်ချင်လို့ပါဟာ၊ မနှောင့်ယှက်စမ်းပါနဲ့ ...”

“အိပ်ချင်တယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး၊ နင် ဒီအချိန်ကြီး အိပ်တာ မမြင်ဖူးပါဘူး”

“အေးလေ ... တစ်ခုခုတော့ တစ်ခုခုပဲ၊ မနက်ကလည်း တို့ကိုမခေါ် ဘဲ အပြင်ထွက်သွားတယ်၊ ပြန်လာတော့လည်း စကားဟဟမပြော ဘဲ အိပ်ရာထဲ ဝင်ကွေးနေတယ်”

“နင် အပြင်မှာ ဘာဖြစ်လာလဲ၊ မှန်မှန်ပြော ...”

“ဘာဖြစ်ရမှာလဲ၊ ဘာမှမဖြစ်ဘူး ...”

ထားသခင်က ဒီကိစ္စကိုတော့ သူငယ်ချင်းတွေကို လုံး၀ မပြောဘူးဟု ဆုံးဖြတ်ထားသည်။ သူငယ်ချင်းတွေမှမဟုတ် တခြား ဘယ် သူ့ကိုမှလည်း ဘယ်တော့မှ ပြောမှာမဟုတ်ပါ။





ချစ်တယ်တဲ့။ အရမ်းချစ်တယ်တဲ့။ ထိုစကားကို စိမ်းထား သော အကြည့်ဖြင့်ကြည့်ရင်း ပြောခဲ့သော ခွန်းသမျက်နှာကို မြင်ယောင် ရင်း အသည်းထဲက စိမ့်ကာ စိမ့်ကာ ကြောက်မိသည်။ သူ့ကိုရိုက်ခဲ့မိ သော ကိုယ့် လက်ဖဝါးလေးတစ်ဖက်ကို မကြာခဏထောင်ကြည့်ရင်း ဒီလက်က လွန်သွားသလားဟု တွေးမိတာမျိုးလည်း ရှိသည်။ အို ... ဒါပေမယ့် ထားထား မလွန်ပါဘူးလေ။ တစိမ်းယောကျ်ားပျိုတစ်ယောက် ရဲ့ အထိအတွေ့ကို ဗြုန်းစားကြီး ကြုံလိုက်ရပြီး ဘယ်သူမှ ထိတို့လို့ မရှိသေးတဲ့ ဒီပါးပြင်ကလေးကို သူ့နှာခေါင်းနဲ့ ထိကပ်နစ်ဝင်သွားခဲ့ရတဲ့ အဖြစ် သနစ်ကို ဘယ်အပျိုကလေးက သွေးမပျက်ဘဲ နေပါ့မလဲ ...။ ... စိတ်မွှန်ထူပြီး ထိတ်လန့်တကြား တုံ့ပြန်လိုက်မိတဲ့အဖြစ်ဟာ တော် ... ဲ ကြီးမားခဲ့ပြီလား ...။ အညှိုးတကြီး စိုက်ကြည့်နေတဲ့ သူ့မျက်ဝန်း ... က ကြောက်စရာကောင်းလိုက်တာ ...။

ထားသခင်သည် ထိုအဖြစ်ကို ပြန်တွေးတိုင်း ရှက်သည်။ ကြောက်သည်။ ထိတ်လန့်သည်။ ပြီးတော့ ... အင်မတန် လှပတဲ့ စကား ... လေးကို ရက်စက်ရိုင်းပျစွာ ပြောခဲ့သော သူ့ကို နာကြည်းမိလေသည်။

ထားသခင်သည် အိပ်ရာထက်မှ ဗြုန်းခနဲ ငုတ်တုတ်လေး ထိုင်လိုက်မိကာ ...

“မနက်ဖြန် ပြန်ကြမယ်ဟေ့ ...”

“ဟယ် ... တကယ်လား”

ရှင်းသန့်တို့က အံ့သြသွားကာ ...

“နင်ပြောတော့ဖြင့် အေးအေးဆေးဆေး တစ်လလောက် နေမယ်ဆို၊ ခုရောက်တာဖြင့် ဆယ်ရက်ပဲ ရှိသေးတဲ့ဟာ”

“တော်ပြီ၊ ငါ မနေချင်တော့ဘူး၊ ပြန်မယ်၊ နင်တို့ အထုပ်အပိုးတွေ သိမ်းကြတော့ ...”

“ပြန်ဆိုလည်း ပြန်ရတာပေါ့ ...၊ ဒါပေမယ့် မပြန်ခင် နင့်အစွမ်းကို တော့ နည်းနည်းပါးပါး ပြဖို့သင့်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို ပြရမှာလဲ"

"နင်ပြောတော့ဖြင့် ခွန်းသ ဘဝကို နင်ပိုင်တယ်ဆို၊ ဒီရောက်ရင် ခွန်းသကို နင် ဘယ်လောက်နိုင်ရကြောင်း တွေ့ရစေမယ်ဆို ... ခုထိတော့ နင့်စကားက အလကားကြီး ဖြစ်နေပါလား ထားထား ရယ်"

"အေးလေဟယ် ... ဟိုကဖြင့် မျက်နှာထားကြီးနဲ့၊ ထားသခင်ကို ကြည့်တဲ့ မျက်လုံးတွေကလည်း စိမ်းစိမ်းစူးစူးကြီး ..."

"ဟိုက သူ့ပြန်နိုင်ရတဲ့ပုံတောင် ပေါက်နေပြီ"

"ဟုတ်ပ! ...၊ ခွန်းသက နင့်ကို နိုင်ရတာ မဟုတ်ဘူးလား ဟီဟိ ... ဟားဟား ..."

"ငါတို့ တွေ့တာတော့ နင်ပြောထားတာနဲ့ ပြောင်းပြန်ကြီး၊ သူ ဘာပြောပြော ဟိုက ဂျစ်တိုက်မယ့်ပုံကြီးနော် ... ဟီးဟီး"

"ငါတို့မပြန်ခင် နင် သူ့ကို ပိုင်စိုးအနိုင်ရတဲ့ အကွက်လေးတစ်ကွက် မြင်ရရင် ကျေနပ်ပါပြီဟယ် ..."

"အဲ့ဒါလေးတောင် မမြင်ရရင်တော့ ထားသခင် ဆိုတဲ့ 'မဟော်ဓ ဒေဝီ' လေးဟာ သူ့အိမ်က အခိုင်းအစေ အလုပ်သမားလေးကို တောင် ပြန်ကြောက်နေရတဲ့အကြောင်း သူငယ်ချင်းတွေအားလုံး သိအောင် လျှောက်ပြောပစ်မှာပဲ၊ ဟဲ ဟဲ ..."

ရှင်းသန့်နှင့် ယမင်းက တစ်ယောက်တစ်ပေါက်ဖြင့် ထား သခင်ကို လှောင်ပြောင်သရော်ကြသောအခါ ထားသခင်ရဲ့ မခံချင်စိတ် ကလေးက ကြွတက်လာပါသည်။

"ဘာလို့ မနိုင်ရမှာလဲ၊ နိုင်တယ်ဟဲ့ ... နိုင်တယ်၊ သူ့လောက်တော့ အပျော့ ..."

"နင်ကသာ အပျော့လို့ပြောနေ ... သူ့ရုပ်ကဖြင့် အမာစားကြီး ..."

"နင့်တို့မယုံရင် ကြည့်နေ၊ ငါ့ခြေရင်းမှာ သူဝပ်စင်းအောင် လုပ် ပြမယ်"





"ဘာလုပ်ပြမှာလဲဟင်၊ သိချင်လှပြီ"

ထားသခင်သည် ခဏငြိမ်သွားကာ စဉ်းစားလိုက်ပြီးမှ ...

"သူ ငါ့ကို ဖိနပ်စီးပေးစေရမယ် ..."

"ဝေး ... ဟေး ... ဟေး ... မိုက်တယ်ဟ ..."

"ဖြောင်း ... ဖြောင်း ..."

"ပွဲကြီးပွဲကောင်းပဲဟေ့ ..."

ယမင်းတို့က အုမြူးစွာ အော်လိုက်သည်။

ထားသခင်ကတော့ ကတိပေးပြီးသား ကိစ္စကို အကောင် အထည်ဖော်ဖို့ စဉ်းစားရင်း မဲ့ပြုံးလေးတစ်ချက် ပြုံးလိုက်လေသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

ထိုနေ့ကား ထားသခင်တို့ ပြန်မည့်နေ့ပင် ဖြစ်လေသည်။

ထားသခင်သည် ခြံထဲက ခုံတန်းလေးပေါ်မှာ လှလှပပလေး ခြေချိတ်ထိုင်လျက် မျက်နှာကို မော်ထား၏။ ထားသခင်၏ ခြေထောက် ရှေ့နားက မြက်ခင်းစိမ်းစိမ်းပေါ်မှာ အနီရောင် ကြိုးသိုင်းဖိနပ်ကလေး တစ်ရံ ရှိနေသည်။ ခွန်းသသည် ထားသခင်ရှေ့မှာ မတ်တတ်ရပ်လျက် အံတင်းတင်းကြိတ်ရင်း ငြိမ်သက်နေသည်။ ရှင်းသန့်နှင့် ယမင်းကတော့ မလှမ်းမကမ်းက ထင်းရှူးပင်ကိုမှီရပ်ရင်း ထိုမြင်ကွင်းကို ရှုစားလျက် ရှိလေသည်။

ထားသခင်က ခွန်းသကို ကြည့်ကာ ဖိနပ်လေးဆီသို့ မေး တစ်ချက် ဆတ်ပြလိုက်ရင်း ...

"ဘာလုပ်နေတာလဲ၊ စီးပေးတော့လေ ..."

ဟု အမိန့်သံပါပါဖြင့် လှမ်းပြောလိုက်၏။

ခွန်းသသည် ထားသခင်အား နာကျင်အေးခဲစွာ စိုက်ကြည့် လျက် ရှိလေသည်။

ပါးတစ်ဖက်ရဲ့ နာကျင်မှုမှ မပြီးဆုံးသေးခင် သူမက နောက် ထပ်နာကျင်မှုတစ်ခုကို ပေးအပ်လာပြန်သည်။





တံတိုင်းတွေ ... တံတိုင်းတွေ ...။

အမုန်းတံတိုင်းတွေကို သူမက တစ်ခုပြီးတစ်ခု မြင့်သထက် မြင့်အောင် တည်ဆောက်လာသည်။ အမုန်းဆူးတွေ ပွားသထက်ပွားအောင် များထောင်လာသည်။

ယောကျ်ားတစ်ယောက်ရဲ့ သည်းခံနိုင်မှုတွေအားလုံး ကုန်ဆုံး ချက်ပြယ်သွားအောင် လုပ်ခဲ့တဲ့အတွက် တန်ပြန်ရလဒ် တစ်ခုကို မင်း ခံစားနေ မလွဲမသွေ ကြုံရဦးမှာ ...။

ကျားပေါက်စလေး တစ်ကောင်ကို ရိုက်ပုတ်ကျီစယ်ချင်တိုင်း ကျိုးစယ်လို့ရပေမယ့် အဲ့ဒီ ကျားကလေး ကြီးပြင်းအရွယ်ရောက်လာတဲ့အခါ ဝင်းနှာကိုယ်ကို ဝါးမျိုနိုင်တဲ့ အစွမ်းတွေ ရှိလာဦးမှာကို မတွေးမိတာလား ထားသခင် ...။

ငါ့နှလုံးသားမှာ ဆူးတွေပေါက်အောင် မင်းပဲလုပ်ခဲ့တာပါ ထားသခင် ...။

BURMESE CLASSIC .com

မင်း သိပ်ကို လွန်သွားပါပြီ ထားသခင်ရယ်။

ခွန်းသသည် အံကြိတ် မာန်တင်းထားရင်းကပင် သူမ၏ အချုပ်ကိုင်သော စကားတွေကို ပြန်ကြားယောင်လာသည်။

"ငါ့သူငယ်ချင်းတွေရှေ့မှာ ငါခိုင်းတာ လုပ်မပေးရင် နင် ငါ့ကို စက်ဘီးစီးသင်ပေးရင်း ငါ့ကို ဖွတ်နမ်းတယ်လို့ အားလုံးသိအောင် ပြောလိုက်မယ်၊ အဲ့ဒါဆို နင် အရှက်ကွဲပြီပဲ၊ အလုပ်ပြုတ်မှာ မကြောက်တော့ပေမယ့် အရှက်ကွဲမှာတော့ ကြောက်တယ် မဟုတ် လား"

သူမက မဟုတ်မမှန်လုပ်ကြံလီဆယ်သည်။ အကြပ်ကိုင် သည်။ ခြိမ်းခြောက်သည်။ နောက်ဆုံးတော့ မိန်းကလေးတစ်ယောက်ရဲ့ [illegible]ကြံလီဆယ်စကားကြောင့် ဘဝမှာ အမည်းစက်မထင်ချင်သော ခွန်းသ အား သူမခိုင်းတာလုပ်ဖို့ သူမရှေ့သို့ ရောက်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ပြန်ကြတော့မှာ၊ အချိန်တွေ ကုန်လိုက်တာ၊ မြန်မြန် စီးပေး တော့၊ မစီးပေးရင် ..."

သူမ စကားမဆုံးခင်မှာပဲ ခွန်းသက သူမရှေ့မှောက်မှာ ဒူးတစ်ဖက်ထောက်၍ ထိုင်ချလိုက်လေသည်။

ထို့နောက် သူငယ်ငယ်ကတည်းက မုန်းတီးခဲ့သော အနီရောင် ကြိုးသိုင်းဖိနပ်ကလေးကို ကောက်ကိုင်ကာ သူမ ခြေထောက်မှာ စွပ်ပေးရသည်။ သိုင်းကြိုးကလေးတွေကို တပ်ပေးရသည်။ ထိုအချိန်မှာပဲ ထားသခင်ကို ဩဘာပေးလိုက်ကြသော သူငယ်ချင်းနှစ်ယောက်ထံက လက်ခုပ်သံတွေ ထွက်လာသည်။

ဖိနပ်စီးပြီးသွားသည်နှင့် ထားသခင်က မတ်တတ် ထရပ်လိုက်သည်။

"သွားကြမယ်ဟေ့၊ ဦးတင့်ရေ ... သွားမယ်"

ဒရိုင်ဘာ ဦးတင့်က ကားကို သူမရှေ့သို့ မောင်းလာပြီး ရပ်တန့်လိုက်သည်။

သူမက မျက်နှာလေးမော်ကာ ကားပေါ်သို့ တက်သွားသည်။ သူမ သူငယ်ချင်းတွေကလည်း ပျော်မြူးရယ်မောစွာဖြင့် ကားပေါ်သို့ တက်သွားကြသည်။

ကားဘီး စလှိမ့်ပြီ။

ခွန်းသကတော့ နေရာမှာပင် ခြေစုံရပ်ကျန်ခဲ့သည်။

ရယ်သံတွေ ဖြည်းဖြည်း ဝေးသွားသည်။

ခွန်းသသည် ခေါင်းငုံ့ငြိမ်သက်နေရာမှ ကားထွက်သွားသော ဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

ကားက ခြံတံခါးဝအနီးသို့ ရောက်နေခဲ့ပြီ။

ခွန်းသသည် ထိုကားဆီသို့ အားသွန်၍ပြေးထွက်သွားလေ သည်။

"ဟယ် ... ဟိုမှာ ... ဟိုမှာ ပြေးလိုက်လာတယ်ဟေ့ ..."





ခွန်းသ ပြေးလိုက်လာတာကို မြင်သွားသော ရှင်းသန့်နှင့် ချောင်းက သံပြိုင်အော်လိုက်သဖြင့် ထားသခင်က ကားနောက်သို့ ချာခနဲ လှည့်ကြည့်လိုက်သည်။

ခွန်းသ ...။

အံ့ဩစရာကောင်းလှစွာပင် ခွန်းသက မိဖို့မသေချာသော ကားနောက်သို့ သဲကြီးမဲကြီး ပြေးလိုက်လာသည်။

"ဦး ... ဦးတင့် ... ကား ... ကားခဏရပ်ပါ"

ထားသခင်သည် တုန်လှုပ်လန့်ဖျပ်လျက် ကားကို ရပ်တန့်ခိုင်းသည်။ ထိုခဏမှာ ခွန်းသက ကားအနီးသို့ ရောက်လာပြီး ထားသခင် ထိုင်နေသော ကားရှေ့ခန်းတံခါးကို လက်ထောက်လျက် ထားသခင်ကို လှမ်းကြည့်လိုက်သည်။

ချွေးများဖြင့် ကပ်ငြိနေသော ဆံစ ဆံမျှင်တွေကြားမှ သူ့ မျက်ဝန်းညိုညိုတွေကို အတွေ့မှာ ထားသခင် ရင်ထဲ ထိတ်ခနဲ လန့်ဖျပ်သွားသည်။

သိပ်ကြောက်စရာကောင်းတဲ့ မျက်ဝန်းတွေ ...။

"တစ်နေ့ကျရင် နင့်ဘဝကို ငါပိုင်စေရမယ် ထားသခင်"

အံကြိတ်၍ အေးခဲစွာပြောလိုက်သော သူ့ကို ထားသခင်က ကြောင်အမ်းအမ်းလေး မော့ကြည့်နေဆဲမှာပဲ ပြဿနာ အရှုပ်မဖြစ်ချင်သော ဦးတင့်က ကားကို ခပ်မြန်မြန် မောင်းထွက်လိုက်သည်။

သူက လက်သီးကို ကျစ်ကျစ်ဆုပ်ကာ ခြံရှေ့မှာ ရပ်တန့်လျက် ဝေးသွားသော ကားကို စိန်းစိန်းစိုက်ကြည့်ကျန်ခဲ့သည်။

ရက်တရက် ထားသခင်တို့ သူငယ်ချင်းအားလုံး ခွန်းသကို ကြောက်ရွံ့ကာ တိတ်ဆိတ်သွားကြပါသည်။

○ ○ ○



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

နောက်ထပ် ၆-နှစ်ခန့် ကြာသောအခါ ...

www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

ထားသခင်သည် အိမ်ရှေ့ဧည့်ခန်းကျယ်ကြီးကို ကာရံထား ...ည့် မှန်ချပ်ကြီးကို လက်ဖဝါးလေးနှစ်ဖက် မြှောက်၍ ထိကပ်လျက် ...သက်စွာ ရပ်တန့်နေခဲ့သည်။ ညိုးမှိန်လျက်ရှိသော သူမ၏ မျက်ဝန်းအစုံ ...ည့် မှန်နံရံရဲ့ တခြားတစ်ဖက်က စိမ်းလန်းသော မြက်ခင်း၊ လှပသော ...င်းနှင့် ကျောက်ဆောင်ကျောက် တုံးများကြားမှ စိမ့်ဖြာစီးဆင်းနေသော ...နီးပါး လှပသည့် ရေတံခွန်ငယ်ကလေးကို တဝကြီး ငေးမောလျက် ...သည်။

ဒီလိုလှပသောမြင်ကွင်းတွေကို မြင်ခွင့်ရတာ ဒီနေ့နောက်ဆုံး ...ည်။ ကျွန်းဝါရောင် တောက်ပပြောင်လက်နေသည့် ပါကေးကြမ်း ...ွနှင့် တန်ဖိုးကြီး မွေးပွကော်ဇောကြီးတွေကို နင်းခွင့်ရတာ ဒီနေ့ ...ဆုံးဖြစ်သည်။

မနက်ဖြန်ဆို ...

မနက်ဖြန်ဆို ငယ်စဉ်ကတည်းက ခမ်းနားထည်ဝါစွာနေထိုင် ...သာ ဒီအိမ်ကြီးပေါ်မှ ဆင်းပေးရပေတော့မည်။

ကံကြမ္မာ၏ အလှည့်အပြောင်းမှာ လွန်စွာ ဆန်းကြယ်လှပေ ...ည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သောငါးနှစ်ခန့်က ထားသခင်၏ ဖခင်သည် စင်ကာ မှာပင် ကားအက်ဆီးဒင့်ဖြစ်ကာ ဆုံးပါးသွားခဲ့ရသည်။ ဒက်ဒီ ဆုံး သွားချိန်မှ စတင်ကာ ထားသခင်၏ ဘဝအလှည့် အပြောင်းတစ်ခုလည်း အစပျိုးလာခဲ့တာ ဖြစ်သည်။

ဒက်ဒီဆုံးတော့ ထားသခင်အတွက် ဘာရပိုင်ခွင့်မှ မကျ ရစ်ခဲ့ပါ ...။ အစကတည်းက ဒက်ဒီ့ဇနီး နိုင်ငံခြားသူကသာ ချမ်းသာ *ဒက်ဒီ့မှာ သီးသန့် ပိုင်ဆိုင်မှုမရှိတာမို့ ဒက်ဒီဆုံးသောအခါ ထားသခင်* မြေးအဘွားမှာ အားကိုးရာမဲ့စွာ ကျန်ရစ်ရပါသည်။

အဲ့ဒီ နောက်တော့ ဒေါ်ထားခင်ကြီးက ရှိတာတွေကို စတ ထုခွဲရောင်းချလာပါသည်။ ကားနှစ်စီးကနေ တစ်စီး။ ပြီးတော့ ပြင်ဦးလွ က မဟာစံအိမ်ကို ရောင်းလိုက်ရပါသည်။

မဟာစံအိမ်ကို မရောင်းမီက ထားသခင် ပြင်ဦးလွင် တစ်ခေါက်ရောက်ခဲ့ပါသေးသည်။ ခြံကြီးထဲမှာ ခွန်းသတို့ မြေးအ တစ်တွေလည်း မရှိကြတော့ပါ။ ဘယ်ကိုရောက်လို့ ရောက်မှန်းလ မသိတော့ပါ။ ဒေါ်နန်းသည်ပင် သူ့ဇာတိ ရှမ်းရွာကလေးသို့ ပြန်သွား

ဒက်ဒီ ဆုံးပြီးကတည်းက ပြင်ဦးလွင်ကိုလည်း အပန်း မရောက်ဖြစ်တော့။ ခြံကို စောင့်ရှောက်ဖို့ ဝန်ထမ်းလည်း မငှားနိုင် ပါ။ ခွန်းသတို့ကတော့ ထားသခင်တို့ အခြေအနေတွေ မပျက်ပြားမီက အလုပ်ထွက်သွားကြသည်ဟု သိရပါသည်။ သူ ထားထားကို မုန်း နာကြည်းလွန်းလို့ပဲ ထွက်သွားတာလား၊ ဒါမှမဟုတ် တခြားအကြော တွေ ရှိခဲ့သလားတော့ ထားထားလည်း မသိပါ။ ခုဆို သူ့ကို မတွေ့ရ တာ ၆ နှစ် ရှိခဲ့ပြီ။

သူနဲ့မှ မဟုတ်ပါဘူးလေ ...။ ထား အခင်ဆုံး ရှင်းသန့် ယမင်းတို့နဲ့ ကွဲသွားတာတောင် ကြာခဲ့ပြီပဲ။ ထားသခင်က ဆယ်တန်း အခါခါဖြေနေချိန်မှာ သူတို့က ဆယ်တန်းအောင်ကာ နိုင်ငံခြားမှာ ကျော တက်ဖို့ ထွက်သွားခဲ့ပြီ။ အခြေအနေချင်း မတူကြတော့တာမို့ ထား





သည်း သူတို့ကို ဆက်သွယ်မနေတော့။ သူတို့လည်း သူတို့ဘဝအသစ်မှာ ကာ ထားကို မေ့နေလောက်ပြီ။ ထားဘဝ ခုလို နိမ့်ပါးလာချိန်မှာ တုန်းက လူတွေနှင့် အတတ်နိုင်ဆုံး မဆက်သွယ်ဘဲ နေရင်းထားဟာ ဘော်မဲ့ အထီးကျန်လာပါသည်။

မဟာစံအိမ်ကို မရောင်းမီ တစ်ရက်မှာ ခြံထဲက ခုံတန်း မှာထိုင်ကာ ထိုအိမ်ကြီးကိုငေးမျှော်ကြည့်ရင်း ထားထား ရင်ထဲမှာ မ်းမော နှမြောတသစွာ ခံစားခဲ့ရသည်။ အိမ်အပေါ်ထပ် ပြတင်းပေါက် လှမ်းမျှော်ကြည့်လျှင် မြင်နိုင်သော စိန်ပန်းပြာတွေ ပြန့်ကျဲနေသည့် မ်းသွယ်ကလေးကို မြင်တိုင်းလည်း ဘာကိုလွမ်းလို့ လွမ်းမှန်းမသိဘဲ င်ထဲမှာ လှိုက်ဟာလာတတ် သည်။

စောင့်ရှောက်သူ ကင်းမဲ့နေသော ခြံထဲမှာ နှင်းဆီတွေလည်း န်းနိုင်တော့၊ မြက်ခင်းလည်း မညီညာ မလှပနိုင်တော့။ အိမ်ကြီးပေါ်မှာ သည်း ပင့်ကူမျှင်တချို့ပင် တွယ်ငြိလျက် ကြမ်းခင်းတွေလည်း ညစ်ခဲ့ပြီ။ ကြီး အနံ့အပြားမှာ ရှိနေသည့် ကြွေပန်းအိုးပေါင်း မြောက်များစွာသည် င်ညှိုးမှိန်နွမ်းညစ် လျက် ဘာပန်းမှ မရှိဘဲ ဟောင်းလောင်းပေါက်ဖြင့် ခဲ့ကြသည်။

ထားထားက ထားထား အိပ်ခန်းထဲက ပန်းအိုး အသေးလေး ကိုင်ကြည့်ရင်း မျက်ရည်ကျခဲ့မိသေးသည်။ ဟိုတုန်းက ဒီပန်းအိုးလေး မှာ အင်မတန်လှသည့် နှင်းဆီနှစ်ပွင့် ရှိခဲ့ဖူးတာလေ ...။

မဟာစံအိမ်ထဲက မြင်မြင်သမျှ အရာရာတိုင်းဟာ အေးစက် သော ဆောင်းနှင်းပွင့်များနှင့်အတူ လွမ်းမောနှမြောတသ စရာချည်းဖြစ်ခဲ့ သည်။ ထိုအိမ်အတွက် ငွေချေသော နေ့မှာ ဘွားဘွားက ငွေတွေကိုင်ကာ နေသလောက် ထားထားက နှမြောဝမ်းနည်းစွာ ငိုကြွေးခဲ့မိသည်။ ထား အလွန်ကြိုက်တဲ့ ပြိုင်ကားအနီလေးကို ရောင်းခဲ့တုန်းကတောင် သောက် ဝမ်းမနည်းခဲ့မိပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားကတော့ ဘယ်လို အခြေအနေပဲ ရောက်ရောက် မာန်မချချင်သူပီပီ ...

"ဘာ ဝမ်းနည်းစရာရှိလဲ မြေးရဲ့၊ အရင်လို ပျော်ပျော်နေစမ်းပါ။ ဒီမှာကြည့်စမ်း ... ပိုက်ဆံတွေမှ အများကြီး၊ ကြိုက်သလောက် သုံးပါလေ့ ..."

ဘွားဘွားက အသုံးအဖြုန်းမလျှော့ပါ။ ပိုကာဝိုင်းတာလေး လည်း မလျှော့ပါ။ အိမ်အသုံးစရိတ်တွေကိုလည်း မလျှော့ချပါ။ ထားထား ကလည်း အကောင်းကြိုက်သူမို့ အသုံးအဆောင် အဝတ်အစားတွေကို တန်ဖိုးနည်းတာသို့ ပြောင်းလဲ မသုံးစွဲတတ်တော့ပါ။

ဒီလိုနဲ့ နေမြဲတိုင်း နေကြရင်း ဘွားဘွားက ပိုကာ ခဏခဏ ရှုံးရင်း အိမ်ရောင်းရသမျှ ပိုက်ဆံတွေဟာ နှစ်နှစ်အတွင်း ကုန်သွားပါတော့ သည်။

အဲ့ဒီနောက်မှာတော့ ဘွားဘွားက ရန်ကုန်က အိမ်ကြီးကို ပေါင်လိုက်ပြီး ဒီအိမ်ပေါ်မှာပဲ ဟန်မပျက်ဆက်နေခဲ့ကြသည်။ ဘွားဘွား ရှိသမျှ ပစ္စည်းဥစ္စာတွေဟာ တစ်သက်စား မကုန်တော့သလို အသုံးအဖြုန်း ကြီးခဲ့၊ လောင်းကစားလုပ်ခဲ့သည်။ ဖဲဝိုင်းမှာ အကြီးအကျယ် ရှုံးခဲ့သော တစ်နေ့မှာတော့ ဘွားဘွားဟာ သွေးဆောင်တိုးပြီး ဦးနှောက်သွေးကြော ပြတ်ကာ ဆုံးပါးသွားခဲ့ပါတော့သည်။

ဘွားဘွားဆုံးတော့မှပဲ ဤအိမ်ကြီးကို ပေါင်ထားကြောင်း၊ အတိုးမပေးနိုင်ခဲ့သဖြင့် အတိုးရင်းပေါင်းကာ အပေါင်ဆုံးတော့မည်ဖြစ် ကြောင်း သိခဲ့ရတာပင် ...။ ဘွားဘွားမရှိတော့သောအခါ ထားသခင်သည် အသိပညာမဲ့သော ကုဋေရှစ်ဆယ်သူဌေး သမီးလေးလို လောကအလယ်မှာ မျက်စိသူငယ်ဖြင့် ကျန်ရစ်ခဲ့ရပါသည်။

တစ်သက်လုံး သခင်မလေးသဖွယ် အမြင့်တစ်နေရာမှာ နေခဲ့ ရသူမို့ နိမ့်ပါးသွားချိန်မှာ ဘယ်လိုရပ်တည်ရမှန်းမသိတော့။ ပညာကလည်း ဆယ်တန်းမအောင်။ ဘာအလုပ်မှလည်း လက်ကြောတင်းတင်း မလု





ဘတ်။ အပြင်သွားတဲ့အခါ အများနည်းတူ ဘတ်စ်ကားတောင် တိုးစီး ဘတ်ဘဲ လူ့ဘဝကြီးနှင့် အံဝင်ခွင်ကျမဖြစ်စွာ ကျန်ခဲ့တော့တာပင်။

ဒေါ်ညိုမြနှင့် ဦးတင့်က မေတ္တာဖြင့် ဆက်၍ စောင့်ရှောက် ပေးကြသော်လည်း သူတို့လည်း သူတို့ရပ်တည်မှုအတွက် အလုပ်လုပ်ကြ ရဦးမှာပင်။ မိနှောင်းတို့လည်း ရွာပြန်ချင်ကြပြီ။

ဘွားဘွား ဆုံးပြီး တစ်နှစ်အကြာမှာ ရှိတာတွေ အားလုံး ကာ ဒီနေ့မှာတော့ ဒီအိမ်ကြီးမှ ထွက်ခွာရတော့မည် ဖြစ်လေသည်။

"ထားထား ..."

နောက်နားဆီက ဒေါ်ညိုမြ၏ ခေါ်သံကို ကြားရသည်။

"ထားထား ... ထမင်းစားလို့ ရပါပြီ"

ထားသခင်က အပြင်ကိုငေးကြည့်နေရာမှ သက်ပြင်းတစ်ချက် ချလိုက်ရင်း နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

ဒေါ်ညိုမြက မျက်နှာမကောင်းစွာဖြင့် ထားထားကို ရပ်ကြည့် နေသည်။

ထားထားက ညှိုးနေသော မျက်နှာကို ဟန်ဆောင် မာန်တင်း ခပ်တည်တည် မျက်နှာထားဖြင့် ထမင်းစားခန်းဘက်သို့ လျှောက် ခဲ့သည်။ ပိုက်ဆံမရှိတဲ့ ဘဝမို့ လူသနားချင်စရာ ညှိုးငယ်ပြီးတော့ ချင်ပါ။

ထမင်းစားပွဲပေါ်မှာတော့ ထမင်းတစ်ပန်းကန်နှင့် ဟင်းလေး တာ ငုံးတီတီ ရှိနေသည်။

ထားသခင်က ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်ရင်း ...

"ဟင်းက ဒါပဲလား ဒေါ်ညို ..."

"တစ်ခွက်တည်း ဆိုပေမယ့် စားကောင်းအောင် ချက်ထားပေးပါ တယ် သမီးရယ်"

ဥရောပစာ၊ အီတလီစာ၊ တရုတ်စာ၊ ထိုင်းစာ ... စသဖြင့် ကြေးများခဲ့သော ထားသခင်သည် ကိုယ့်ရှေ့က ဟင်းလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွက်ကို နာနာကျင်ကျင် စိုက်ကြည့်နေလိုက်မိပြီးမှ မတတ်သာတော့
ဇွန်းခက်ရင်းကို ကောက်ကိုင်ပြီး ဟင်းခွက်ထဲကို ဇွန်းဖြင့် ခပ်လိုက်တော့
အာလူးတစ်ဖတ်နှင့် ငါးခြောက်ရိုးတစ်ဖတ် ပါလာသည်။

“ဒေါ်ညို ... ဒါ ဘာဟင်းလဲ”

“အာလူးနဲ့ ငါးခြောက်ဟင်းပါ”

“ငါးခြောက်က အသားလား၊ အရိုးလား”

“ဟို ... အရိုးဆိုပေမယ့်လည်း အသားလေးတွေကပ်နေ ...”

“ချွမ်း ...”

ထားသခင်က ဇွန်းခက်ရင်းကို ဆောင့်ချပစ်လိုက်ပြီး ...

“အသားလေးနဲ့ ချက်တော့ ဘာဖြစ်မှာမို့လို့လဲ ...”

“အသားက ကုန်နေလို့ပါကွယ်၊ ဟို ... ပြီးတော့ အသုံးစရိတ်
လည်း မရှိ ...”

“တော်ပြီ ... မစားတော့ဘူး”

“မစားလို့ ဘယ်ဖြစ်ပါ့မလဲ သမီးရယ်၊ အစာအိမ်ရောဂါတွေ ဘာ
တွေ ဖြစ်နေပါဦးမယ်၊ နည်းနည်းဖြစ်ဖြစ် စားတော့ စားလိုက်ပါ
ကြက်သွန်အနှစ်များများနဲ့ စားကောင်းအောင် ချက်ထားပါတယ်
ကွယ်”

“မစားချင်ပါဘူးဆို၊ မိနှောင်းရေ ... အေးလှရေ ... ငါ့အခန်းထဲက
ဖောက်လက်စ အာလူးကြော်ဘူး ယူလာခဲ့စမ်း”

“အာလူးကြော်တွေချည်းစားရင် ရင်ပူနေမှာပေါ့ သမီးရယ်”

“ပူပစေ ...၊ ဟဲ့ ... မိနှောင်းရေ ... နင် ခုထိမလာသေးဘူးလား
နင် မကြားချင်ယောင်ဆောင်နေတာလား”

ထားသခင်က အသံကိုမြှင့်ကာ ထပ်ခါ ထပ်ခါအော် ခေါ်
တော့မှ မိနှောင်းနှင့် အေးလှက ထမင်းစားခန်းဘက်သို့ ရောက်လာ
သည်။





“မမထား ... ဒီမှာပါ”

ထားသခင်က မိနှောင်း လှမ်းပေးသည့် အာလူး ကြော်ဘူး
ဗူးကို ဆတ်ခနဲ လှမ်းဆွဲယူပြီး အဖုံးဖွင့်ကြည့်လိုက်သည်။

“ဟင် ... ဘာမှလည်း မကျန်တော့ပါလား၊ ကြည့်စမ်း ... နင်တို့
ဘူးခွံကြီးကို ယူလာရသလား”

“ဟို ... မမထားက အာလူးကြော်ဘူး ယူခဲ့ဆိုလို့ ယူလာတာပါ၊
အထဲမှာ ရှိမရှိ ဖွင့်မကြည့်တော့ မသိဘူးလေ”

“နင်တို့ ... ကဲ ...”

ထားသခင်က ဒေါသထွက်လာကာ အာလူးကြော်ဘူးကို
...စ်လိုက်သည်။ ထားသခင်က အာလူးကြော်ဆိုလည်း ပလတ်စတစ်နှင့်
...ထားသည့် ပြည်တွင်းဖြစ် အာလူးကြော်ဆို မစားတတ်။ ယိုးဒယား
...လာသည့် အာလူးကြော်ဘူးရှည်ရှည်တွေကိုသာ ဝယ်စားတတ်သူပင်။

“သွား ... နောက်တစ်ဘူး ယူခဲ့ ...”

“ဟို ... တစ်ဘူးမှ မကျန်တော့ဘူး မမထား”

ထားသခင်သည် ကောင်မလေးတွေ အပြေကြောင့် ရှက်
လည်းရှက်၊ ဒေါသလည်းထွက်၊ ဗိုက်လည်းဆာကာ ကောင်မလေးတွေကို
...ကျက် ...

“နင်တို့ ငါခေါ်တာ ဘာလို့ ချက်ချင်းမလာသလဲ”

“နောက်ဖေးခန်းထဲမှာ မိနှောင်းတို့ ပစ္စည်းလေးတွေ ထုပ်ပိုးနေလို့
ချက်ချင်း မကြားတာပါ”

“နင်တို့က ပျော်ပျော်ကြီး အထုပ်အပိုး ပြင်နေကြတယ်ပေါ့၊ ရွာပြန်
ရတော့မှာဆိုတော့ အရမ်းပျော်နေကြတယ်ပေါ့”

“ဟုတ်ကဲ့ ...”

“ဘာ ...”

“ဟို ... ပျော်လို့ ပျော်တယ်ပြောတာပေါ့ မမထားရဲ့”

“နင်တို့က ငါ့အနားမှာ မနေချင်ကြတော့ဘူးပေါ့လေ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ..."

"ဘာ ..."

"အမှန်အတိုင်း ပြောတာပါ မမထားရဲ့၊ မိနှောင်းတို့ လခ မ... လုပ်နေရတာ ဘယ်လောက်ကြာပြီလဲ၊ မိနှောင်းတို့လည်း ပိုက်... လေးဘာလေး ရှာချင်သေးတာပေါ့၊ မမထား နားမှာ နေရ... ပိုက်ဆံလည်းမရ၊ အအော်အငေါက်ကလည်း ခံရသေး ..."

"ဘာ ... ဘာ ... နင်တို့ နင်တို့၊ ဒေါ်ညို ... ဒေါ်ညို ကြားတ... မဟုတ်လားဟင်၊ သူတို့တွေ ထားထားမှာ ပိုက်ဆံ မရှိတော့... ထားထားကို ပုန်ကန်နေပြီ"

ကောင်မလေးတွေရဲ့ ခပ်ဘွင်းဘွင်းပြောပုံကြောင့် ထားသ... က ဒေါသဖြင့် ဆွေ့ဆွေ့ခုန်ကာ ဒေါ်ညို့ကို တိုင်တည်လိုက်သည်။

ဒေါ်ညိုက သက်ပြင်းကြီး ချလိုက်ရင်း ...

"ကဲ ... ကဲ ... ကောင်မလေးတွေ စကားမရှည်နဲ့၊ သွားကြ ... သွားကြ ..."

"ဒေါ်ညိုလည်း သွားချင်နေတာ ကြာပြီမဟုတ်လား၊ မမထား... သနားလို့သာ မသွားဘဲနေရတာ မဟုတ်လား"

"တယ် ... ဒီကောင်မလေးတွေ၊ တော်ကြစမ်း ..."

"ဒေါ်ညိုကြီးကလည်း သမီးတို့က မှန်တာပြောတာပဲဟာ၊ ဒေါ်ညို... ကြီးကော မပြောရဲဘူးလား၊ ဒေါ်ညိုပဲ စဉ်းစားကြည့်၊ ဒေါ်ညို့ ချက်နည်းပြုတ်နည်းပညာတွေကို အသုံးမချရတာ ဘယ်လော... ကြာပြီလဲ၊ ဟိုတယ်က စားဖိုမှူးတွေလောက် ချက်တတ်ရက်သား... တစ်နေ့တစ်နေ့ ဘဲဥကြော်လားဟင်း ချက်လိုက်၊ အာလူးနဲ့ ငါးခြော... ရိုးချက်လိုက်နဲ့ ရွှေကျောင်းပြောင်ပြောင် ဝမ်းယောင်ယောင် ဖြစ်... တာကြာပြီပဲဟာ၊ ဒီမှာဆက်နေရင် ဒေါ်ညို့ပညာတွေလည်း မှိုတ... ကုန်မှာ"





"နင်တို့ ... နင်တို့တွေ၊ ကြည့်စမ်း ... ကျေးဇူးကန်းနေလိုက်ကြတာ။ ဒေါ်ညို ... ဒေါ်ညိုကရော တကယ်ပဲသူတို့လိုပဲ ထွက်သွားချင်နေတာ လားဟင်၊ ထားကို အမှန်အတိုင်းပြောလိုက်ပါ"

ဒေါ်ညိုက မပြောပါ။ မျက်လွှာကိုသာ ချကာ ငြိမ်နေပါသည်။

ပြောရမှာလည်း အားနာသည်။ ထားသခင်ကိုလည်း သနား...သည်။ ကောင်မလေးတွေကတော့ ဒီအချိန်မှာ အမှန်အတိုင်း ပြောရဲပေမယ့် ...ညိုကတော့ မပြောရက်ပါ။

"ဟင် ... ဒေါ်ညို၊ ဒေါ်ညိုလည်း တကယ် ... တကယ် သွားချင်နေတာလားဟင်"

ထားသခင်သည် ငြိမ်နေသော ဒေါ်ညို့အရိပ်အကဲကို ကြည့်... အခြေအနေကို သဘောပေါက်သွားရသည်။ ရင်ထဲမှာ လှိုက်ခနဲ ...နည်းလျက် မျက်ရည်တွေ ဝိုင်းလာသော်လည်း ထားသခင်က အံကြိတ်... မျက်တောင် မြန်မြန်ခတ်ပစ်လိုက်သည်။ ဘယ်လိုအခြေအနေပဲရောက် ...ရောက် ထားကတော့ အညံ့မခံချင်။

"ဒေါ်ညို့ခမျာလည်း ပိုက်ဆံရဖို့ အလုပ်လုပ်ချင်ဦးမှာပေါ့ မမထားရဲ့၊ မမထားသာ အလုပ်မလုပ်ဘဲ ထမင်းစားနိုင်ပေမယ့် အေးလှတို့လို လူတွေက အလုပ်လုပ်မှ ထမင်းစားရတာလေ ..."

"ဒေါ်ညိုက မမထားကို ငဲ့ပေမယ့် မမထားကမှ ဒေါ်ညို့ကို မငဲ့တာ၊ မမထား ပိုက်ဆံမပေးလို့ ဒေါ်ညိုက ဟင်းကောင်းကောင်း မချက်နိုင်တာကို ငါးခြောက်က အသားမပါလို့ဆိုပြီး ဆူလိုက်သေးတယ်၊ ငါးခြောက်ရိုးနဲ့ ချက်ပါတယ်ဆိုမှ အသားက ဘယ်ပါမှာလဲ ... မမထားရဲ့"

"သွား ... သွား ... နင်တို့ ဘာသာ ဘယ်သွားသွား တားမယ်မထင်နဲ့၊ ထားသခင်ကိုများ ပိုက်ဆံမရှိတော့လို့ မာန်ကျမယ် မထင်နဲ့၊ ဘယ်သူ့မှ အောက်မကျို့ဘူး သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ထားက ခပ်တင်းတင်းပြောပြီး သူတို့အားလုံးရှေ့က ချာခနဲ လှည့်ထွက်လာခဲ့ပါသည်။

ထားသခင်သည် ကြိုးစား အားတင်းထားရသော်လည်း ရင်ထဲမှာတော့ ဝမ်းနည်းအားငယ်လှချေပြီ ...။ သို့သော် မျက်ရည်တော့ မကျလိုသေး ...။

ထားက စိမ့်ထွက်လာသော မျက်ရည်တို့ကို မျက်တောင် ခတ်၍ တစ်နည်း၊ ခေါင်းမော့၍တစ်ဖုံ တားဆီးကာကွယ်ရင်း အပေါ်ထပ် သို့ တက်လာသည်။ ထို့နောက် ထားရဲ့ အိပ်ခန်း ဝရန်တာထောင့်လေးရဲ့ ကြမ်းပြင်မှာ ငုတ်တုတ်လေး ထိုင်ချရင်း အသက်ကို ပြင်းပြင်းရှူကာ ဝမ်းနည်းစိတ်ကို ထိန်းနေရသည်။ သို့သော် မျက်ရည်က ရပ်မနေဘဲ တစ်ပေါက် နှစ်ပေါက် ကျလာသဖြင့် လက်ဖမိုးဖြင့် ပင့်ကာ ပင့်ကာ သုတ်ရသည်။ တစ်ခဏ ချင်းမှာပဲ မျက်ရည်တွေက သုတ်လို့မနိုင်အောင် တသွင်သွင် စီးကျလျက် ထားမျက်နှာတစ်ခုလုံးကို ရွှဲရွှဲစိုသွားစေပါသည်။

"သမီး ..."

နောက်နားဆီမှ ဒေါ်ညို့ ခေါ်သံတိုးတိုးကို ကြားရ၏။ ထားက မျက်နှာကို ဒူးနှစ်ဖက်နှင့် ငုံ့ပွတ်သုတ်လိုက်ပြီး မျက်နှာထား တည်တည်ဖြင့် ဒေါ်ညို့ကို လှည့်ကြည့်လိုက်သည်။

ဒေါ်ညိုက ထားရှေ့မှာ ဒူးထောက်၍ထိုင်ချလိုက်ရင်း ...

"သမီး ... မငိုပါနဲ့ကွယ်"

"ဘယ်သူက ငိုလို့လဲ"

"ဒေါ်ညို တောင်းပန်ပါတယ် သမီးရယ်၊ ဒေါ်ညိုလည်း ဖြစ်နိုင်ရင် သမီးနဲ့အတူ လိုက်ခဲ့ချင်ပါတယ်၊ ဒါပေမယ့် ဒေါ်ညို လိုက်ခဲ့ရင် သမီးမှာ ဒေါ်ညိုတစ်ယောက်စာ ဝန်ပိုလေးမယ်၊ သမီးနေမှာက အဆောင်မှာဆိုတော့ အဆောင် လခကို သမီးကုန်ကျခံရဦးမယ်"

"ဘာမှ လျှောက်ပြောမနေပါနဲ့တော့၊ လူဆိုတာ ကိုယ်က ပေးနိုင် ကမ်းနိုင်မှ ကိုယ့်နားကပ်ချင်တာ၊ ထားထား ကောင်းစားတုန်းက





ကျတော့ ထားသခင် ထားသခင်နဲ့ ဖားနေလိုက်ကြတာ၊ အခု ပိုက်ဆံလည်းမရှိရော ထားသခင်ကို ပြန်ခံပြောချင်တဲ့သူနဲ့၊ ထား သခင်နားမှာ မနေချင်ဘဲ ကျိတ်မှိတ်နေရင်း အပြင်ကို ခြေတစ်ဖက် လှမ်းချင်နေတဲ့ သူနဲ့ ..."

"အေးလှတို့က ကလေးတွေဆိုတော့ အပြောအဆို မတတ်ကြဘူး ကွယ်"

"ကာကွယ်ပြီး ပြောမနေပါနဲ့တော့၊ ဒေါ်ညို မလိုက်ချင်လည်း နေခဲ့ပေါ့၊ ထားဘာသာ နှစ်ယောက်စာ ငှားထားတဲ့ အဆောင်မှာ တစ်ယောက်တည်း ကျယ်ကျယ်ဝန်းဝန်း နေရမှာ ပိုတောင်ကောင်း သေးတယ်၊ ပြီးရင် ထားထား အလုပ်ထွက်လုပ်မှာ၊ ကိုယ့်တစ်ဝမ်း တစ်ခါးတော့ ကိုယ့်ဘာသာ ရှာစားနိုင်တယ်"

"သမီးရယ် ... ဒေါ်ညို့မှာလည်းလေ အလုပ်လေးတစ်ခုခု လုပ်ပြီး ဒေါ်ညို့မိသားစုကို ထောက်ပံ့ရမယ့် ဝတ္တရားလေးသာ မရှိရင် ..."

"တော်ပါပြီ၊ အပိုတွေ ပြောမနေပါနဲ့တော့ ...၊ ညနေကျရင်သာ ကားထွက်ငှားပြီး ထားထား သယ်သွားမယ့် ပစ္စည်းတွေ ကားပေါ် တင်ပေးပါ"

"တက္ကစီ တစ်စီးစီးဆို ရတာယ်မဟုတ်လား သမီး"

"မရဘူး၊ ဒိုင်နာကား ငှားပေး၊ ထားထား ထိုင်နေကျ ဒရင်းဘက် ရယ်၊ ဆိုဖာရယ်၊ ကက်ဆက်ရယ်၊ မှန်တင်ခုံ ရယ်ပါ ယူရမယ်"

"သမီးရယ် ... ဒါတွေအားလုံး ယူသွားရင် အဆောင်အခန်းနဲ့ဆံ့ပါ့ မလား"

"ပစ္စည်းတွေ ချောင်ချောင်ချိချိ ထားနိုင်အောင် တိုက်ခန်း ငှားနေ ပါ့မယ်ဆိုတုန်းကတော့ ဒေါ်ညိုပဲ မနေနဲ့ဆို"

"မိန်းကလေးငယ်ငယ်လေး တစ်ယောက်တည်း တိုက်ခန်းမှာ နေမှာ စိတ်မချလို့ပါ သမီးရယ်၊ ပြီးတော့ တိုက်ခန်း တစ်ခန်းကို သမီး တစ်ယောက်တည်းအတွက် ငှားရင် ပေးရမယ့် ပိုက်ဆံကများတော့



www.burmeseclassic.com

www.burmeseclassic.com



ကြာရင် သမီး တတ်နိုင်မှာမဟုတ်ဘူးလေ၊ အဆောင်မှာက ပိုက်ဆံလည်း အကုန်သက်သာတယ်၊ အများနဲ့စုဝေးနေတာဆိုတော့ လုံခြုံတာပေါ့၊ ဒါပေမယ့် ဒီပစ္စည်းတွေတော့ အများကြီးယူသွားလို့ ရမယ်မထင်ဘူး"

"ရပါတယ်၊ ရအောင်ယူမယ်၊ ထားထားက ဒရင်းဘက်နဲ့ မထိုင်ရရင် အဆင်မပြေဘူး၊ ဒီဆိုဖာနှစ်လုံးကလည်း ထားထားကြိုက်လွန်းလို့ ဝယ်ထားတာ၊ ဒါတွေအားလုံးပါမှ ထားထားနေတတ်မှာ"

"ဟို ... ဒရင်းဘက် ယူချင်ယူလေ၊ ဆိုဖာတော့ မယူပါနဲ့လား ဒေါ်ညို သွားပြန်ရောင်းပြီး ပိုက်ဆံလာပေးမယ်လေ"

"အံမယ် ... ဘာလို့ရောင်းရမှာလဲ၊ ထားကတော့ အားလုံးပါအောင် ယူမှာပဲ ..."

ဒေါ်ညိုမှာ ထားသခင်ကို ပြောမရတာမို့ စိတ်မောရပါသည်။

လူ့ဘဝကြီးအကြောင်း ဘာမှနားမလည်လှတဲ့ ထားသခင်ဟာ ကံကြမ္မာအလှည့်အပြောင်းအောက်မှာ လူတွေနဲ့လည်း အံမဝင်၊ လက်ရှိဘဝနဲ့လည်း အံမဝင်ဘဲ ကိုးလိုးကန့်လန့် ဖြစ်နေခဲ့ရသည်။ ပိုက်ဆံလည်း မရှိ၊ ပိုက်ဆံရှိတုန်းက အနေအစားနှင့် စိတ်ဓာတ်ကိုလည်း မပြောင်းလဲချင် ဘာမှလည်း သိတတ်နားလည်ခြင်း မရှိတဲ့ ကလေးတစ်ယောက်လိုမျိုး မျက်စိသူငယ်လေး ဖြစ်နေခဲ့ရသည်။

ဒေါ်ညိုက ထားသခင်ကို သနားကြင်နာစွာ ငေးကြည့်နေ ထားသခင်က ဒေါ်ညို့အကြည့်ကို သတိထားမိသွားကာ ...

"ဒေါ်ညို ဘယ်လိုကြည့်နေတာလဲ၊ ထားကို အဲဒီလို အကြည့်မျိုး မကြည့်ပါနဲ့၊ ထား မကြိုက်ဘူး"

ဒေါ်ညိုက မျက်တောင် မြန်မြန်ခတ်ပစ်လိုက်ရင်း ...

"သမီး ... ဒီလိုလုပ်ရအောင်လားကွယ်"

" "

... ... ...

"သမီး ဒေါ်ညိုနဲ့အတူလိုက်ခဲ့ပါလား ..."





"ဘယ်ကိုလဲ ..."

"ဒေါ်ညို အလုပ်လုပ်မယ့် အိမ်ကိုပေါ့ကွယ်"

"ဒေါ်ညိုက သူများအိမ်မှာ ထမင်းသွားချက်မှာကို ထားက ဘာလို့ လိုက်ရမှာလဲ၊ ဘာလဲ ... ထားပါ အိမ်ဖော်လိုက်လုပ်ပေးရမှာလား"

"မဟုတ်ပါဘူး သမီးရယ်၊ ဒေါ်ညို့ သမီးလေးအဖြစ်နဲ့ အတူလိုက်ခဲ့ဖို့ ခေါ်တာပါ၊ အိမ်ရှင်က နေစရာပေးရင် ဒေါ်ညိုတို့ အတူနေမှာပေါ့၊ သမီးကိုတော့ ဘာမှမခိုင်းပါဘူးကွယ်"

"အဓိပ္ပာယ်မရှိတာတွေ ပြောမနေပါနဲ့တော့ ဒေါ်ညိုရယ်၊ ထားကိုယ့်ဘာသာ ရပ်တည်နိုင်ပါတယ်၊ ဒေါ်ညို့ကို ပြန် မှီခိုရလောက်အောင် အခြေအနေ မဆိုးသေးပါဘူး၊ ထားပစ္စည်းတွေသာ သေချာသွားသိမ်းထားပေးပါ၊ ထား တစ်ယောက်တည်း နေပါရစေ"

ဒေါ်ညိုက စိတ်မသက်မသာ သက်ပြင်းချပြီး ထား နားမှ ...သွားသည်။

ခဏကြာတော့ ထားသခင်က အိမ်ပေါ်ထပ်မှ ပြေးဆင်းလာ ... အိမ်ပြင်သို့ ပြေးထွက်သွားသည်။ ထို့နောက် အိမ်ရှေ့ မြက်ခင်း...ကြီးရဲ့ အလယ်ဗဟိုမှာ ထိုင်လိုက်ပြီး ထား စွန့်ခွာရတော့မည့် ထား ...တွယ်တာခဲ့ရသည့် အိမ်ကြီးကို တိတ်ဆိတ်စွာ ငေးမောနေသည်။

ဒီလိုနဲ့ နေရောင်ခြည် တဖြည်းဖြည်း မှိန်ဖျော့လာချိန်မှာ ...

ထားသည် ထိုင်ရာမှ ဖြည်းညှင်းစွာ ထလိုက်သည်။

ဒိုင်နာကားကြီးတစ်စီး ခြံထဲဝင်လာသည်။

အိမ်ထဲမှ ထားရဲ့ ပစ္စည်းတွေကို သယ်ထုတ်လာကြသည်။

...တော့ ကားရှေ့ခန်းသို့ ထား လှမ်းတက်လိုက်သည်။

"သမီး ... ထားထား"

ဒေါ်ညိုမြက ဘီးလိုမ့်ခါစ ကားနောက်သို့ အပြေးရောက်လာ ... ထားသခင်ရဲ့ လက်ကိုဆုပ်ကိုင်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... သမီးကို ဒေါ်ညို တစ်ခုလောက်မှာပါရစေ၊ သမီး ဘယ်နေရာရောက်ရောက် လက်ရှိဘဝနဲ့ရော လူတွေနဲ့ပါ လိုက်လျော ညီထွေဖြစ်အောင် ကြိုးစားပါကွယ်"

ထားသခင်က မျက်ရည်ကျချင်သော်လည်း မျက်နှာထားကို တင်းလျက်ပင် တစ်ဖက်သို့ မျက်နှာလွှဲလိုက်သည်။

ဒေါ်ညိုမြနှင့် လက်တွဲပြုတ်သွားသည်။

ဒေါ်ညိုမြက မျက်ရည်သုတ်လျက်နှင့် ကျန်ရစ်သည်။

ဒိုင်နာကားကြီးက ခြံထဲမှ ဝေါခနဲ မောင်းထွက်လာခဲ့သည်။

○ ○ ○



♠ ♠ ♠

"ဟယ် ... ပစ္စည်းတွေက များလှချည်လား"

အဆောင်ပိုင်ရှင် အမျိုးသမီးကြီးသည် အဆောင်ဝန်းထဲသို့ မောင်းဝင်လာသည့် အနီရောင်ပစ္စည်းတွေ ပြည့်နှက်နေသော ဒိုင်နာကား ကြီးဆီသို့ ကသုတ်ကရက် ပြေးထွက်လာကာ ...

"အိမ်ပြောင်းလာကြတာထင်တယ်၊ ဒါက အဆောင်ကွယ့်၊ အိမ်ခြံ ဝန်းတွေက လမ်းဟိုဘက်အစွန်းလောက်မှာပါ"

"ဒီအဆောင်ကိုပဲ ပြောင်းလာတာပါ"

အသံနှင့်အတူ ကားခေါင်းခန်းထဲမှ မိန်းကလေးတစ်ယောက် ဆင်းလာသည်။ ထူးတော့ တော်တော်ထူးဆန်းသည်။ မိန်းကလေးက ဖတ်ဖတ်လေး၊ ဝတ်ထားတာက ရဲရဲတောက်။ အနီပွင့်နုတ်နုတ်လေးတွေ ပြုတ်ပြုတ်ကျဲနေသော ဂါဝန်ပါးပါးလေးက ဒူးဖုံးရုံ ကားကားဝဲဝဲလေး။ ခါးမှာ အနီရောင် အပြားကြီးကြီး ခါးပတ်ကို ပတ်ထားသည်။ ပခုံးပေါ် ကတော့ လက်ညှိုးလုံးလောက် ကြိုးလေးနှစ်ကြိုးသာ ချည်ထားသည်။ ကြိုးသိုင်း ဒေါက်မြင့်ဖိနပ်လေးကလည်း အနီ၊ လက်ပတ်နာရီကြိုးကလည်း အနီ၊ ခေါင်းမှာ ညှပ်ထားသည့် ကလစ်သေးသေးလေး၊ လွယ်ထားသည့် ကြိုးအရှည် အိတ်သေးသေးလေးကအစ အားလုံး အနီ။



www.burmeseclassic.com

www.burmeseclassic.com



အဆောင်ရှင်က ကားနောက်ခန်းသို့ အသာကဲကြည့်လိုက်သည်။ ကားထဲက ဆိုဖာ၊ မှန်တင်ခုံ၊ လက်ဆွဲသေတ္တာ...အားလုံး အားလုံးဟာ အနီရောင်ချည်းပင်။

ဒေါ်မြသက်က အသက်နှစ်ဆယ် စွန်းရုံလေးသာရှိဦးမည့် ကောင်မလေးကို ခြေဆုံးခေါင်းဆုံး အသေအချာကြည့်လိုက်ရင်း...

"ကလေးမက အဆောင်သူ အသစ်လား"

"ဟုတ်ပါတယ်၊ ဒေါ်ညိုမြက ကျွန်မအတွက် အဆောင်ခန်း ငှားထားတာပါ၊ ကျွန်မနာမည် ထားသခင်ပါ"

"ဪ... ဪ... ဟုတ်ပါပြီ"

ဒေါ်မြသက်က ကိန်းကြီးခန်းကြီး နာမည်ကြောင့် မျက်ခုံးလေး မသိမသာ ပင့်မိပြီး ကားနောက်ခန်းဘက်ကို လှမ်းကြည့်ကာ...

"ဒီပစ္စည်းတွေက ထားသခင် ပစ္စည်းတွေလား"

"ဟုတ်ပါတယ်..."

"ဒါတွေအားလုံး အခန်းထဲထည့်မှာလား"

"ဟုတ်ကဲ့..."

ဒေါ်မြသက်က နည်းနည်းတော့ ရယ်ချင်သွားကာ...

"ဒါတွေအားလုံး အခန်းထဲ ထည့်လိုက်ရင် ပြည့်ကြပ်ညပ်နေမှာပေါ့ကွယ်၊ ထားသခင်ရဲ့ ပစ္စည်းတွေ သိပ်များနေရင် အခန်းဖော်လည်း အနေကျပ်မှာပေါ့"

"အခန်းဖော် !... အခန်းဖော် ဆိုတာက"

ထားသခင်က မျက်ခုံးလေးပင့်၊ မျက်လုံးလေးဝိုင်းလျက် မသိနားမလည်စွာ မေးလိုက်သည်။

"ထားသခင် နေမယ့်အခန်းမှာ အခန်းဖော်တစ်ယောက်ရှိတယ်လေ..."

"ဟင်... တစိမ်းနဲ့ တစ်ခန်းထဲ အတူတူမနေချင်ပါဘူး"





"အဆောင်မှာကတော့ ဒီလိုပဲ၊ အတူတူနေကြရတယ်လေ၊ ထားသခင်က အဆောင်မနေဖူးဘူး ထင်တယ်"

"ဟင့်အင်း... မနေဖူးဘူး"

"မနေဖူးရင် အစပထမတော့ ဒီလိုပဲ နည်းနည်းပါးပါး အနေကျဉ်းကြပ်တတ်ပါတယ်၊ နောက်တော့လည်း အသားကျသွားမှာပါကွယ်"

"ထားက ကိုယ့်ဘာသာ သီးသန့်နေချင်လို့ နှစ်ယောက်စာ ပေးငှားထားတာပဲဟာ..."

"ဒီမှာက သုံးယောက်ခန်းတွေပဲ ရှိတာကွယ့်၊ နှစ်ယောက်စာပေးရင် ခုတင်နှစ်လုံးစာ နေရာရမယ်၊ ကျန်တဲ့ တစ်ယောက်စာ နေရာမှာ အခန်းဖော် တစ်ယောက်တော့ ရှိဦးမယ်လေ"

"ဟင်... ဒီလိုမှန်းသိရင် သုံးယောက်စာပေးပြီး ငှားလိုက်ပါတယ်၊ သုံးယောက်ခန်းအလွတ်ရော မရှိဘူးလား အန်တီ"

"မရှိတော့ဘူးကွယ့်၊ ဒီနှစ်နေရာတောင် ကံကောင်းလို့ရတာ..."

ထားသခင်က မျက်မှောင်လေးတွန့်ကာ ငိုင်သွားပြီးမှ ချက် ...က်ကြွလာကာ...

"ဒါဆို... ဒီလိုလုပ်ပါလား အန်တီ"

"အင်... ပြောပါဦး"

"ထားအခန်းထဲက တစ်ယောက်ကို ပိုက်ဆံ နှစ်ဆအမ်းပြီး ဖယ်ခိုင်းလိုက်ပါလား၊ ထားက အဲဒီ ပိုက်ဆံရဲ့ နှစ်ဆ ပြန်ပေးမယ်လေ"

ဒေါ်မြသက်က ဘယ်လို ကောင်မလေးပါလိမ့်ဟု တွေးကာ ...ငေးကြည့်လိုက်မိပါသည်။ သူ့ကြည့်တော့လည်း ပေါ့ပေါ့ပါးပါး ...ဖြစ်သလို...။ ကြည့်ရတာ လူ့ကျင့်ဝတ်တွေကို နားမလည်တာ ... အနံကြီးကွင်းကျယ် အထည်ကြီး ပျက်ထဲကပဲလား။ အဆောင် ...သာတဲ့ သက်တမ်းတစ်လျှောက်မှာ ဒါမျိုး ဒီတစ်ခါသာ တွေ့ဖူးတာ



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်လို့တော့ ဘယ်ဖြစ်မလဲကွယ်၊ ထုံးစံမရှိတာကြီးကို၊ တစ်ဖက်သားကိုလည်း နည်းနည်း စာနာဦးမှပေါ့"

"စာနာလို့ နှစ်ဆ ပြန်ပေးမယ် ပြောတာပေါ့ အန်တီရဲ့"

"ကဲ … ကဲ … ဒီပုံစံအတိုင်းပဲ နေချင်လည်းနေ၊ မနေချင်လည်း သဘောပဲ"

ဒေါ်မြသက်က ခပ်ပြတ်ပြတ်ပြောတော့မှ ထားသခင် စိတ်လျှော့သွားကာ ကားသမားဘက်သို့ လှည့်လျက် …

"ဦးလေးကြီး … ပစ္စည်းတွေအားလုံး ကျွန်မအခန်းထဲ သယ်ပို့ပေး ပါ"

"ဒီမှာ … အခန်းဝအထိပဲ သယ်လို့ရမယ်၊ မိန်းကလေး ခန်း အထိတော့ ယောကျ်ားလေး ဝင်ခွင့်မရှိဘူးကွယ့်"

"ဟင် … ဒါဆို ဒါတွေကို ထား ဘယ်လိုသယ်ရမလဲ"

"အခန်းဝရောက်ရင် … အခန်းထဲအထိကတော့ ကိုယ့်ဘာသာ ရွှေ့ ရွှေ့သယ်လို့ရတာပဲ"

"ဒုက္ခပါပဲ၊ ကဲ … ကဲ … ဦးလေးကြီး ပစ္စည်းတွေ ကားပေါ် ချလိုက်တော့"

ဒေါ်မြသက်က ကားပေါ်က တစ်ခုပြီးတစ်ခု ချလာ ပစ္စည်းတွေကို ရပ်ကြည့်နေရင်း ရင်လေးလာသည်။ အံမယ်လေး တီဗီကြီးတောင် ပါသေးရဲ့။ ကက်ဆက်ကလည်း အကြီးကြီးမှ အကြီး

"ဒီမှာ … ဒီမှာ … ထားသခင်၊ မင်းပစ္စည်းတွေက သိပ်များ လား၊ တချို့တစ်ဝက်ကို တခြားမှာ ထားလို့မဖြစ်ဘူးလား"

"မဖြစ်လို့ပေါ့ အန်တီရယ်၊ ထားရဲ့ တစ်ကိုယ်ရေအသုံး အ လေး နည်းနည်းပါးပါးတောင် သယ်လာလို့ မရဘူးလားဟင်"

ညည်း တစ်ကိုယ်ရေ အသုံးအဆောင်ကလည်း ငါ လိုက်ချင်ဘူး။ ဒေါ်မြသက်က စိတ်ကိုရှည်ရှည်ထားကာ နှုတ်ပိတ်နေ ရသည်။





ကောင်မလေးကြည့်ရတာ ယောကျ်ားသနှာ ဘာညာ စွန် ဘာ ပုံစံမျိုးတော့မဟုတ် …။ တကယ် မသိနားမလည်ပုံ ပေါက်နေလို့သာ ည်းခံနေမိတာပင်။

ကားသမားကြီးက ဒေါ်မြသက် ညွှန်ပြသည့် အခန်း ရှေ့ကို စ္စည်းတွေ သယ်ပို့သွားသည်။ ပြီးတော့ ဒေါ်မြသက်က ထားသခင်ကို ကာ ထားသခင်နေရမည့် အခန်းဘက်သို့ လျှောက်လာခဲ့သည်။ အခန်း ရောက်တော့ အခန်းတံခါးကို ဖွင့်ပေးလိုက်ရင်း …"

"မင်း နေရမှာ ဒီအခန်းပဲ ထားသခင်"

"ဟင် …"

ထားသခင်က အဆောင်ခန်း ကျဉ်းကျဉ်းလေးကို ပါးစပ် ဆောင်းသားဖြင့် ငေးမောသွားပြီးလျှင် …

"အန်တီ သုံးယောက်ခန်းကလည်း ကျဉ်းလိုက်တာ၊ ထား အိမ်က တစ်ယောက်ခန်းရဲ့ တစ်ဝက်တောင် မရှိပါလား"

ဒေါ်မြသက်က စိတ်တိုလာပြီ ဖြစ်တာမို့ …

"အဆောင်အခန်းပဲအေ၊ စီးပွားရေးအတွက် ငှားစားတာအေ့၊ တစ် ယောက် တစ်ယောက်ကို ညည်းအိမ်က အခန်းလောက် ကျယ် ကျယ်သာ ပေးထားရရင် ငါမွဲရောပေါ့၊ ကဲ … ဒါ ဒီလောက်ပဲ၊ နေမှာလား မနေဘူးလားပဲပြော၊ မနေချင်ရင်လည်း ပိုက်ဆံပြန် အမ်းပေးလိုက်မယ်"

ထားသခင်က သူ့အခန်းစုတ်လေးအတွက်များ မာန်တက် တာဟု တွေးကာ အဆောင်ရှင်ကို ချဉ်သွားရပါသည်။ သို့သော် တတ်သာပြီမို့ …

"ကဲပါလေ … နေလိုက်ပါတော့မယ်"

"ပြီးရော၊ ဪ … တစ်ခုတော့ရှိတယ်၊ ညည်း ဟိုတီဗီကြီးကို မဖွင့်ပါနဲ့ …"

"ဘာဖြစ်လို့လဲ …"



www.burmeseclassic.com

www.burmeseclassic.com



"အခန်းထဲမှာတီဗီကြည့်ဖွင့်မရှိဘူး၊ ကြည့်ချင်ရင်အဆောင် ဧည့်ခန်း
ထဲမှာ တီဗီတစ်လုံးရှိတယ်၊ အဲ့ဒီမှာလာကြည့်လှည့်"

"အဲ့ဒါတော့ မဖြစ်ဘူး အန်တီ"

ဖြစ်ရပြန်ပြီ။ ဒေါ်မြသက်က စိတ်ကို ရှည်ရှည်ဆွဲဆန့်ထား
ထားသခင် ဘာပြောမလဲဟု စောင့်နားထောင်လိုက်သည်။

"ထားက အိမ်မှာတောင် ဧည့်ခန်းထဲမှာ တီဗီကြည့်တာ မဟုတ်ဘူး
အိမ်က အိပ်ခန်းတွေထဲမှာလည်း တီဗီတစ်လုံးစီ ထားရတာထုံးစံပဲ"

"ညည်းအိမ်က ထုံးစံကို လာမပြောနဲ့လေ၊ အဆောင်မှာ လူတိုင်း
တစ်ယောက် တီဗီတစ်လုံးနဲ့ နေကြရင် ငါ့မီတာက နိုင်ပါဦးမလား
အဆောင်မှာနေရင် အဆောင်ထုံးစံအတိုင်းပဲ နေရမှာပေါ့၊ အိမ်ထုံးစံ
အတိုင်း နေချင်ရင် အိမ်မှာပဲနေပေါ့ ..."

"အန်တီ့ကို တစ်ခုပြောထားရဦးမယ်"

"အင်း ... ဆိုပါဦး"

"ထားကို 'ညည်း' 'ညည်း' လို့ သုံးနှုန်းပြီး မပြောပါနဲ့၊ ထား
ဘဝတစ်လျှောက်လုံးမှာ ထားကို ဘယ်သူကမှ ညည်းလို့ သုံးနှုန်း
မပြောခဲ့ဖူးဘူး"

"ဩော် ... ဩော် ... ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါ"

ဒေါ်မြသက် ခပ်ငေါ့ငေါ့ပြောကာ စိတ်ပျက်လက်ပျက် ထ
ထွက်လာစဉ် ...

"အန်တီ ... အန်တီ ... ခဏနေပါဦး"

ဟုခေါ်သံကြောင့် ထားသခင်ကို လှည့်ကြည့်မိသည်။

ထားသခင်က အခန်းဝမှာ ပုံထပ်နေသည့် ပစ္စည်းတွေ
လက်ညှိုးထိုးပြရင်း ...

"အန်တီ ... ဒါတွေကို အခန်းထဲထိ ထား သယ်မပို့နိုင်ဘူး၊ ထား
တစ်ခါမှ အလေးအပင် မမဖူးတာမဟုတ်ဘူး၊ အလုပ်သမားရှိ
ခေါ်ပေးပါ"





"မရှိဘူး၊ သူများတွေလည်း ဒီလိုပဲဖြစ်အောင် သယ်ကြ ရွှေ့ကြ
တာပဲ ..."

"ဒါဆို ... ဒါတွေသယ်ဖို့ အဆောင်သူတစ်ယောက်လောက်
လွှတ်ပေးပါလား၊ ထားက ပိုက်ဆံပေးမှာပါ"

ထားသခင် အပြောကြောင့် ဒေါ်မြသက်က ဘာဆို ဘာမှ
မပြောချင်တော့လောက်အောင် အံ့ဩစိတ်ကုန် စိတ်ပျက်စွာဖြင့် ခပ်မြန်မြန်
ထွက်လာခဲ့ပါသည်။

တကယ်ပဲ ... အံ့ဩပါရဲ့ ... စံပါပဲတော်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

"ဟဲ့ ... ဘာလုပ်နေကြတာလဲ"

"ရှူး ..."

အခန်းထဲသို့ ချောင်းကြည့်နေသော အဆောင်သူသုံးယော[illegible] ရဲ့ ပခုံးကို အပြင်ကပြန်လာသည့် ယုက တို့လိုက်သဖြင့် အားလုံး[illegible] လက်ညှိုးလေးတွေ နှုတ်ခမ်းမှာကပ်ကာ တိတ်တိတ်နေဖို့ အချက်ပြ[illegible] ယုကို ခပ်ဝေးဝေးသို့ ဆွဲခေါ်သွားသည်။

ထားသခင်ရဲ့ အခန်းဖော် ဖြစ်လတ္တံ့သော အရောင်းဝန်[illegible] မိန်းကလေး 'ယုယုခိုင်' က အဆောင်သူတွေနောက်သို့ ပါလာရင်း ...

"ဘာဖြစ်နေကြတာလဲဟဲ့ ... ပြောပါဦး"

"နင့်အခန်းဖော် အသစ်ကိုချောင်းကြည့်နေတာဟဲ့ ယုရဲ့"

"နင်တော့ ပြဿနာပဲ ယုရေ၊ နင့်အခန်းဖော် အသစ်က '[illegible] ဆရာ"

"ဘာတွေဂေါက်လို့လဲ ..."

"သူ့ကြည့်ရတာ အထည်ကြီးပျက်လား၊ အနံ့ကြီးကွင်း ကျ[illegible] တော့ မသိဘူး၊ ပစ္စည်းတွေလည်း ပါလာလိုက်တာ မနည်း[illegible]





အခန်းတစ်ခုလုံး ပြည့်ကြပ်ညပ်နေတာပဲ၊ နင်တော့ နေစရာတောင် ရှိပါတော့မလား မသိဘူး"

"နာမည်ကလည်း အကြောကြီးနဲ့ဟဲ့၊ ထားသခင်တဲ့၊ လူကတော့ လှပါတယ်၊ ဒါပေမယ့် နည်းနည်းကြောင်တယ်"

အားလုံးက သတင်းဝိုင်းပေးလိုက်ကြတာမို့ ယုယုခိုင်က ခေါင်းတစ်ချက်ကုပ်၍ စိတ်ရှုပ်စွာဖြင့် အခန်းတွင်းသို့ ဝင်လာပါသည်။

အခန်းထဲရောက်တော့ စိတ်ပိုရှုပ်သွားရပါသည်။ ယုယုခိုင်က မြင်လိုက်ရသော မြင်ကွင်းကို အံ့ဩတကြီး မျက်လုံးပြူး၍ ရပ်ကြည့်နေမိသည်။

ဒါမျိုး တစ်ခါမှ မတွေ့ဖူးတာလည်း အမှန်ပါပင်။ အခန်းထဲ[illegible] နှစ်ယောက်ထိုင် ဆိုဖာအနီပေါ်မှာ ထားသခင်က အိမ်နေရင်းဝတ်သည့် [illegible]ခန်ပျော့ပျော့ တိုတိုလေးဖြင့် လှလှလေး ခြေချိပ်ထိုင်ကာ ကာတွန်းစာအုပ် [illegible]စ်အုပ်ကို ဖတ်နေသည်။ သူ့ အနားမှာ မဟော်ဂနီရောင် မှန်တင်ခုံကြီး [illegible]ည်း ရှိသည်။ တီဗီ ကြီးကိုလည်း တွေ့ရသည်။ အံမယ် ... ခုတင်ခေါင်း[illegible] ခုံတစ်ခုပေါ်မှာ ကက်ဆက်ကြီးကလည်း နည်းတာမှမဟုတ်။ ခုတင်[illegible]ခေါင်းမှာ ပုံထပ်ထားသည့် အနီရောင် လက်ဆွဲသေတ္တာကိုက လေးလုံး [illegible]များတောင် ...။

ယုမှာ ဟိုဘက်အစွန်က ကိုယ့်ခုတင်နေရာလေးကို တောင် [illegible]စရာလမ်း ရှာမတွေ့ဘဲ အခန်းဝနားမှာ ရပ်နေရရင်း ...

"အဟမ်း ... အဟမ်း ..."

ယုက ချောင်းဟန့်သော်လည်း ထားသခင်က စာဖတ်[illegible]တ်။

"ဒီမှာ ... ဒီမှာ ... နေရာလေး နည်းနည်းဖယ်ပေးပါဦး"

ယုခိုင်က လှမ်းပြောတော့မှ ထားသခင်က လှမ်းကြည့်လာ[illegible] ...

"နင်က ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ယုယုခိုင်၊ ဒီအခန်းက ..."

"သြော် ... ငါ့အခန်းဖော်ဆိုတာလား၊ ဝင်လေ"

"ဝင်လို့မရဘူး၊ နင့်ပစ္စည်းတွေနဲ့ လမ်းပိတ်နေပြီ၊ ဖယ်ပေးဦး"

"စိတ်ညစ်ပါတယ် အခန်းကလည်း ကျဉ်းလိုက်တာ၊ ပစ္စည်းတွေ ထားဖို့တောင် နေရာမရှိဘူး"

"နင့်ပစ္စည်းတွေက များတာကိုး ..."

"မများပါဘူး၊ တစ်ကိုယ်ရေ ပစ္စည်းလေး နည်းနည်းပါးပါးပါ"

"သြော် ... သြော် ...၊ ကဲ ... ဖယ်ပေးဦး၊ ငါ့နေရာကို သွားရဦးမယ်"

ထားသခင်က မျက်ခုံးလေး တွန့်တွန့်နှင့် ထလာကာ ပစ္စည်းတွေကို ဆွဲလှဲပူးကပ်ပေးလိုက်သော်လည်း နေရာပိုက သိပ်ထွက်မလာ ..."

"မရသေးဘူး၊ နည်းနည်း ဖယ်ပေးဦး"

"ဒါ့ထက်ဖယ်လို့တော့ မရတော့ဘူး၊ ပစ္စည်းတွေ အခန်းထဲဆွဲထည့်ရတာ လူလည်း ညောင်းတောင့်ပြီး ကိုယ်တွေလက်တွေ နာနေပြီ၊ ပင်ပန်းလိုက်တာ ...၊ အံမယ်လေး ပူလိုက် အိုက်လိုက်တာလည်း လွန်ပါရော၊ နည်းနည်းလှုပ်တာနဲ့ ချွေးထွက်လာတာပဲ၊ အဆောင်ရှင်ကလည်း အခန်းထဲမှာ အဲကွန်းလေးတစ်လုံးလောက် တပ်ပေးတော့ ဘာဖြစ်မှာမို့လို့လဲ"

နဖူးက ချွေးကိုသုတ်ရင်း ပြောနေသော ထားသခင်ကိုကြည့်ကာ ယုယုခိုင်က 'ဂေါက်ဆိုတာ တကယ်ပဲကိုး' ဟု သဘောပေါက်သွားရတာမို့ ပစ္စည်းတချို့ကို ကိုယ့်ဘာသာ ဘေးဆွဲကပ်ပစ်လိုက်ပြီး အခန်းထဲသို့ ခပ်မြန်မြန် ပြန်ဝင်လာခဲ့ပါသည်။

အဲ့ဒီနောက်တော့ ထားသခင်နဲ့ ယုယုခိုင်ဟာ တစ်ယောက်ကို တစ်ယောက် မသိမသာလေး ကြည့်ကာ ကြည့်ကာဖြင့် အကဲခတ်နေကြပါသည်။





ယုယုခိုင်က သာမန် အရောင်းစာရေးမလေးမို့ တစ်ကိုယ်ရေ သုံးအဆောင်ရယ်လို့ ဘာမှတောင် သိပ်မရှိပါ။ ခုတင် ခြေရင်းဘက်မှာ အမြင့်နဲ့ တင်ထားတဲ့ သံသေတ္တာအဟောင်း တစ်လုံးနှင့် ခုတင်ဘေး အံဆွဲပေါ်မှာတော့ ဈေးသိပ်မကြီးလှတဲ့ မိတ်ကပ်၊ ပေါင်ဒါ၊ ခေါင်းလျှော်ရည်ဘူး စတဲ့ ကိုလီထွာလီလေးတွေ စုပြီးတင်ထားပါသည်။ ခုတင်အောက်မှာ ရေပုံးအသေးတစ်လုံး၊ ရေပုံးထဲမှာ ဆပ်ပြာခွက် တစ်ခွက်။ ခုတင်ခြေရင်း ကြိုးတန်းမှာ အကျီချိပ်သုံးချောင်း။ ဒီလောက်ပဲမို့ ယုရဲ့ နေရာဘက်ကတော့ ချောင်ချောင်ချိချိ နေသာပါသည်။ ထားသခင်ဘက်မှာသာ အိုး ကြပ်ညပ်နေပြီး ယုဘက်က နေရာအပိုလေးမှာပါ သူ့ဆိုဖာနီနီကြီးကို နေရာချထားလိုက်သေးတာ။ ငါပြောလိုက်ရရင် ရန်ထဖြစ်တော့မှာပဲနော်။

ယုယုခိုင်က အလုပ်ဆင်းချိန် ဘတ်စ်ကားကျပ်ကျပ်ကို တိုးစီးလာသဖြင့် မောလည်းမော၊ ဗိုက်လည်းဆာကာနေသည်။ အဆောင်မှာ ရောက်နေပြီး မျက်နှာထား မော်မော်နဲ့ သူဌေးမပုံ ဖမ်းနေတဲ့ ကိုယ့်အခန်းဖော်ကို အကဲခတ်ရင်း စိတ်ပျက်လာတာမို့ ဘာစကားမှ လှမ်းမပြောမနေတော့ဘဲ ဆိုင်ဆိုင်က ဝယ်လာတဲ့ ထမင်းထုပ်နဲ့ ဘဲဥချဉ်ရည်ဟင်းထုပ်လေးကို ခေါင်းရင်းနံရံက သံငုတ်လေးမှာ လှမ်းချိတ်ပြီး ရေအရင်ချိုးဖို့ ပြင်ဆင်နေပါသည်။

ယုခိုင်က ထမီရင်လျားနှင့်၊ ရေပုံးလေးဆွဲကာ အခန်းတံခါးဝ ကို လျှောက်သွားတာမို့ ထားသခင်က ရေချိုးဖို့ သတိရကာ ...

"ဒီမှာ ... နင် ရေချိုးမလို့လား"

"အေး ..."

"ရေချိုးခန်းက ဘယ်မှာလဲ ..."

"ဟိုး နောက်မှာ ..."

"ဘာလို့ အခန်းနဲ့ ရေချိုးခန်း အိမ်သာနဲ့ တွဲမထားသလဲ မသိဘူး"

"ဘယ်အဆောင်မှာမှ အဲ့ဒီလို တွဲမထားဘူး"

"ရေချိုးခန်းက သန့်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"သန့်ပါတယ်၊ ရေကန်ကလည်း ကြီးပါတယ်၊ ငါးယောက်လောက် အတူဝိုင်းခပ်ချိုးလို့ရတယ်"

"ဟင် ... တစ်ယောက်တည်း ချိုးရတဲ့ ရေချိုးခန်းမျိုးမဟုတ်ဘူးလား"

"မဟုတ်ဘူး ...၊ နင် ချိုးမလို့လား၊ လာလေ ရေလဲလုံချည်ယူခဲ့"

"ရေလဲလုံချည်၊ ဘာ ရေလဲလုံချည်လဲ ..."

"ထဘီတစ်ထည်ကို ရေဝတ်ချိုးပြီးရင် နောက်တစ်ထည်နဲ့ လဲဝတ်ရတယ်လေ၊ နင် အဲ့ဒါ မသိဘူးလား"

"ဟင့်အင်း ... ဟို ... ငါက ရေချိုးခန်းထဲက ကြွေကန်ထဲမှာ ဒီ... ဒီအတိုင်းချိုးနေကျဆိုတော့ ...၊ ပြီးတော့ ငါ့မှာ လုံချည်မရှိဘူး ဘောင်းဘီတွေ စကတ်တွေ ဂါဝန်တွေပဲ ရှိတယ်"

"ငါ့လုံချည်အဟောင်းတစ်ထည် ရှိတယ်၊ ယူဝတ်ချင်ဝတ်လိုက် ..."

"အို ... သူများ လုံချည် မဝတ်တတ်ပါဘူး၊ မနက်ဖြန်မှပဲ သွားဝယ်လိုက်မယ်၊ ဒီနေ့တော့ ရေမချိုးတော့ဘူး"

"ပြီးတာပဲ ..."

ယုယုခိုင်က ဗိုက်လည်းဆာပြီမို့ စိတ်ကပိုတိုလာကာ အခန်းထဲမှ ခပ်သွက်သွက် ထွက်လာပါသည်။

"ဟဲ့ ... ယု အခြေအနေ ဘယ်လိုလဲ"

အခန်းနီးချင်း တချို့က ခပ်တိုးတိုး လှမ်းမေး၏။

"အခြေအနေကတော့ စိတ်ကို တော်တော်လေး ဆွဲဆန့်ထားရတဲ့ အခြေအနေပဲဟေ့ ..."

○ ○ ○



♠ ♠ ♠

ယုယုခိုင် ရေချိုးပြီး ပြန်ဝင်လာချိန်မှာ ထားသခင်က ထမင်းစားဖို့ အကျအန ပြင်ဆင်နေပါသည်။

ဒေါ်သိုက ထမင်းနှင့် ကြက်ဥကြော် နှစ်လုံး၊ ငါးပိကြော်တစ်ချိုင့် ထည့်ပေးလိုက်တာမို့ ဒီနေ့ တစ်နပ်စာတော့ အဆင်ပြေသည်။ ဗိုက်ထဲမှာ ပိုက်ဆံ သိန်းဂဏန်းတော့ပါသေးတာမို့ မနက်ဖြန်ကျမှ အပြင်ထွက်ပြီး ကောင်းကောင်းဝယ်စားမည်ဟု စိတ်ကူးထားပါသည်။

ယုယုခိုင်က ထားသခင် ထမင်းစားဖို့ ပြင်နေတာကို မသိသော ကွက်ကြည့်ကွက်ကြည့်လုပ်ရင်း ရယ်ချင်နေပါသည်။

ခုတင်ဘေးက သစ်သားစားပွဲပုလေးပေါ်မှာ စားပွဲခင်းဖြူဖြူခင်းပြီး အကောင်းစား ထမင်းပန်းကန်ပြား တစ်ချပ်ကို တင်ထားသည်။ ပန်းကန်ပြားဘေးမှာ ဇွန်းခက်ရင်းကို အသေအချာချသည်။ ပန်းကန်လုံးလေးထဲမှာတော့ ကြက်ဥကြော် နှစ်လုံး၊ ပြီးတော့ ငါးပိကြော်တစ်ခွက်။ ထိုသုံးခု ပန်းကန်လေးသုံးချပ်ကို အကျအန တည်ခင်းပြီးသကာလ သူတို့၏အနီးပေါ်မှာ ထိုင်လျက် လက်သုတ်ပဝါ ဖြူဖြူဖွေးဖွေးကို ပေါင်ပေါ်မှာ ခင်းလိုက်ပါသည်။ ပြီးတော့မှ ဘဲဥဟပ်ဖရိုက်ကြော်ကို ဇွန်းခက်ရင်းဖြင့် သေသပ်စွာ ဖဲ့ယူပြီး အဆင့်မြင့်မြင့်လေး စားသုံးတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယုယုခိုင်ကတော့ ဗိုက်အလွန်ဆာပြီမို့ အဝတ်အစား ဝတ်ပြီးတာနှင့် သံငုတ်မှာချိတ်ထားသည့် ထမင်းဟင်းထုပ်ကိုဖြုတ်ယူကာ စတီးလ်ပန်းကန်ပြားထဲသို့ ရောထည့်လိုက်ပါသည်။ ထို့နောက် လက်ဆေးပြီး ထမင်းပန်းကန်ကို သေတ္တာပေါ်တင်ကာ အားရပါးရ နယ်ဖတ်စားလိုက်လေသည်။

ထားသခင်ကတော့ ဖြစ်သလိုစားနေသော ယုယုကို မသိမသာလေး လှမ်းကြည့်ရင်း နှာခေါင်းရှုံ့မိသည်။ ဒီလို စားပုံမျိုးကို မိနှောင်းတို့ အေးလှတို့ စားတာလောက်သာ မြင်ဖူးခဲ့သည်။

ထားသခင်က ထမင်းစားပြီးသွားသည်နှင့် ယုယုကို လှမ်းကြည့်ရင်း ...

"နင် ... ထမင်းဟင်း ဘယ်မှာဝယ်စားလဲ"

"လမ်းထိပ်ဆိုင်မှာ ..."

"ဘာတွေရလဲ ..."

"ဗမာဟင်းအစုံပဲ ..."

"သန့်ရဲ့လား ..."

"သန့်မသန့်တော့ မသိဘူး၊ ဈေးတော့ သက်သာတယ်"

"ပဲဆီနဲ့ ချက်ရဲ့လား"

"ငါ ဘယ်သိမလဲ ..."

"သူတို့ ဟင်းချက်ရင် လက်အိတ်တွေ ဘာတွေ စွပ်ပြီးချက်ရဲ့လား"

"နင် သွားမေးပါလား"

ထမင်းစားနေတုန်းမှာ ကိုးလိုးကန့်လန့် မေးခွန်းတွေ လာမေးနေတာမို့ ယုယုက စိတ်တိုစပြုလာပါသည်။

"ဒီနားမှာ တရုတ်စာတို့၊ ယိုးဒယားစာတို့ကို အဆင့်မြင့်မြင့် ရောင်းတဲ့ဆိုင်မျိုး မရှိဘူးလား"

"မသိဘူး ..."

"ဒုက္ခပါပဲ ... အဆင့်မြင့်တဲ့ ဆိုင်ကလည်း ဒီနားမရှိ၊ ရှိတဲ့ ဆိုင်ကလည်း အဆင့်မမြင့် ..."





"အဆင့်မြင့်တယ်ဆိုတာ ဘာကိုခေါ်တာလဲ၊ ဈေးကြီးတာကို ပြောတာလား" .

"ဈေးကြီးတာထက် သန့်သန့်ရှင်းရှင်း စမတ်ကျကျလေး စားလို့ရတဲ့ ဆိုင်မျိုးကို ပြောတာ၊ လမ်းထိပ်ဆိုင်မှာတော့ ငါဝယ်မစားချင်ဘူး၊ နင်စားတဲ့ ဘဲဥဟင်းအရည်ကလည်း ရေကိုအရောင်ဆိုးထားသလို နီရဲကျဲတောက်နေတာ ငါမြင်လိုက်တယ်၊ အဲဒါမျိုးကျ ငါဘယ်စားနိုင်မလဲ"

"ငါကတော့ ဒါမျိုးပဲ ဝယ်စားနိုင်လို့ စားတာပေါ့ ..."

ယုယုခိုင်က စိတ်တိုတိုနှင့် ပိတ်ပြောဖြစ်လိုက်ပြီး နောက်ဆုံး အကျန် ထမင်းလုတ်ကိုပါ ပါးစပ်ထဲ ခပ်မြန်မြန် ထည့်လိုက်ရပါသည်။

ထားသခင်ကတော့ ကိုယ်စားထားသည့် ပန်းကန် သုံးချပ်ကို ကြည့်ရင်း ဆေးဖို့ လက်တွန့်ပျင်းရိနေသည်။ တစ်ခါမှမှ ပန်းကန်မဆေးခဲ့ဖူးတာလေ ...။ ဒီမှာက ဗေစင်တောင် မရှိတော့ ပိုဆိုးတာပေါ့။

ထားသခင်သည် ပန်းကန်သုံးချပ်ကို ထပ်လိုက်ရင်း ယုယုခိုင်ကို အကဲခတ်နေသည်။ သူကတော့ ပန်းကန်သွားဆေးမယ့်ပုံပဲ။ သူ့ကြည့်ရတာ နွမ်းနွမ်းပါးပါးပုံလည်း ပေါက်တော့ နည်းနည်းပါးပါး ပေးကျွေးပြီး ကြည့်မွေးရင် ကောင်းမလားဟု စဉ်းစားတာပင်။

ထိုခဏမှာ ယုယုခိုင်က ရေပုံးတစ်ဖက်၊ ပန်းကန် တစ်ဖက် ဆွဲကာ အခန်းပြင်ထွက်ရန် ထားသခင်၏ ခုတင်ခြေရင်းမှ ဖြတ်လျှောက်သော ...

"ယု ... နင် ပန်းကန်သွားဆေးမလို့လား"

"အေး ..."

"ဒါလေးပါ ယူသွားပါလား"

ယုယုခိုင်က ထားသခင် လှမ်းပေးနေသည့် ပန်းကန်ထပ်ကို လှမ်းကြည့်ရင်း မျက်မှောင်တွန့်ကာ ...

"ဘာလုပ်ဖို့လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"တစ်လက်စတည်း ဆေးခဲ့ပေးပါလား"

"ဘာ ..."

"နင်က လက်နဲ့စားတာဆိုတော့ ပေလက်စနဲ့မို့လို့ပါ၊ ငါက ဇွန်းခက်ရင်းနဲ့ စားတာ၊ ဟင်းအရည်လည်းမပါတော့ ငါ့ ပန်းကန်တွေက ခပ်ခြောက်ခြောက်ပဲဟာ၊ ဆေးလို့လွယ်ပါတယ်"

ယုယုခိုင်က အစကတည်းက စိတ်တိုလက်စနှင့်မို့ ဒေါသထောင်းခနဲထွက်လာကာ ...

"ငါ နင့်ကျွန် မဟုတ်ဘူးဟဲ့"

"အေးပါ ... သိပါတယ်၊ ဒါပေမယ့် ဒါလေးဆေးပေးရင် ငါ ဒီအတိုင်းကြည့်မနေပါဘူး၊ ငါ့မှာ အဝတ်အစားတွေ အများကြီး ပါလာတယ်၊ နင်လိုချင် တစ်စုံယူလိုက်လေ၊ ဒါမှ မဟုတ်ရင်လည်း ပိုက်ဆံပဲဖြစ်ဖြစ် ..."

"နင် ... နင်၊ နင့်ကိုယ်နင် ဘာမှတ်နေလဲ ထားသခင်ရဲ့၊ နင်ရူး သလားဟဲ့"

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်ကြတာလဲ"

"ယုတို့အခန်းမှာ ဘာဖြစ်နေတာလဲ မသိဘူးဟေ့"

"ထားခင်နဲ့ ကျိုင်ပြီထင်တယ်ဟေ့ ..."

"ငါ ထင်တော့ထင်တယ်၊ ဒီလိုပဲ ဖြစ်မယ်ဆိုတာ ..."

ယုခိုင်က ဒေါသတကြီး အော်ဟစ်လိုက်တာမို့ အဆောင်သူတွေက တဝုန်းဝုန်းပြေးလွှားကာ ထားသခင်တို့ အခန်းဝသို့ ရောက်လာသည်။

"ဒီမှာလေ ... ဒီမှာ နင်တို့ပြောတဲ့ အနံ့ကြီးကွင်းကျယ် အထည်ကြီး ပျက်က ငါ့ကို သူ့အိမ်ဖော်မှတ်လို့ ပန်းကန် ဆေးခိုင်းနေတယ်"

"ဟယ် ... ဒါတော့ နင်လွန်တာပေါ့ ထားသခင် ..."

"အေးလေဟယ် ... ဒီနေ့မှရောက်တယ်၊ ဒီလိုကြီးလုပ်စရာလား"

"အချင်းချင်း ခင်သွားလို့ ခိုင်းတယ်ဆိုလည်း တစ်မျိုးပေါ့"





"အေးလေ ... ခုတော့ ဘလိုင်းကြီး"

"ဟေ့ ... ကောင်မလေးတွေ ရှုံးစုရုံးစုနဲ့ ဒါဘာဖြစ်နေကြတာလဲ"

"အန်တီမြ လာပြီဟေ့ ..."

အဆောင်ရှင် အန်တီမြရောက်လာတာမို့ အခန်းဝမှာ စုရုံးနေသော ကောင်မလေးအုပ်စုက လမ်းဖယ်ပေးလိုက်ကြသည်။ နှုတ်သွက်လျှာသွက် တစ်ယောက်က အန်တီမြနား ကပ်သွားကာ ...

"ထားသခင်က ယုယုခိုင်ကို ဘလိုင်းကြီး ပန်းကန်ဆေးခိုင်းလို့ ပြဿနာတက်နေတာပါ အန်တီ"

အန်တီမြက စိတ်မသက်သာစွာဖြင့် ထားသခင်ကို လှမ်းကြည့်လိုက်ရင်း ...

"ဒီအဆောင်မှာ မင်းခိုင်းရမယ့်သူ တစ်ယောက်မှ မရှိဘူး ထားသခင်၊ အားလုံး သူတို့အလုပ် သူတို့လုပ်ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေကြတာ၊ မင်း သူများတကာကို နှိမ့်ချအထင်သေးတဲ့ပုံစံနဲ့ မဆက်ဆံပါနဲ့၊ ဒီအဆောင်မှာနေပြီး သူဌေးမပုံစံ ဖမ်းနေလို့လည်း မင်းကို ဘယ်သူမှအထင်မကြီးဘူးဆိုတာ မှတ်ထားပါ၊ တကတည်း ဘယ်လို ဘဝမျိုးက လာခဲ့လို့များ ဒီလောက် စီးစီးပိုးပိုးနိုင်သလဲ မသိပါဘူးနော်"

"အန်တီတို့နဲ့ မတူတဲ့ ဘဝမျိုးက လာခဲ့ရလို့ပေါ့ အန်တီ"

ထားသခင်က ခပ်တည်တည်လေး ပြန်ပြောပြီး အားလုံးကို ကျောခိုင်းထားလိုက်သောအခါ ဒေါ်မြသက်မှာ ကိုယ့်ဒေါသ ကိုယ် မနည်းမျိုချကာ အမြန်လှည့်ထွက်လာခဲ့ရပါသည်။

နို့မို့ဆို အဆောင်ပိုင်ရှင်နဲ့ အဆောင်သူသစ်ရဲ့ ရန်ပွဲ တစ်ခု ဖြစ်လောဘူးလို့မှ မပြောနိုင်တာလေ။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

"ဖြူဇင် ... နင်က ဘယ်မှာအလုပ်လုပ်နေတာလဲ"

ထားသခင်သည် အတတ်နိုင်ဆုံး ဒီအဆောင်ကလူတွေနှင်း စကားမပြောဘဲ နေခဲ့သော်လည်း ဒီနေ့တော့ မေးခွန်းလေးတစ်ခု စထုတ် လိုက်မိပါသည်။

ဒီလိုမှမမေးရင်လည်း မဖြစ်တော့ပါ။ ထားသခင်က တစ်လ လောက် အလုပ်မလုပ်ဘဲ ထိုင်စားနေခဲ့တာမို့ ပိုက်ဆံက ပါးပါးလာပြီ။ ဒီအဆောင်က မိန်းကလေးတွေအားလုံးကတော့ အလုပ်ကိုယ်စီရှိကြတာ ထား အလုပ်ရဖို့အတွက် သူတို့ကို နည်း နည်းပါးပါး မေးမြန်းကြည့်ဦး မှာပင်။ အခု ထားရဲ့ အခန်းဖော်က ယုယုခိုင် မဟုတ်တော့။ ယုယုခိုင်က ထားနဲ့မတည့်တာမို့ အဆောင်ရှင် အန်တီမြက ဟိုဘက်ခန်းက တ ယောက်နှင့် နေရာချင်းလဲပေးခဲ့သည်။ အခု ထားရဲ့ အခန်းဖော်က ဖြူဇင် သူမက မနက်ဆို ထမင်းချိုင့်လေးဆွဲကာ ထွက်သွားပြီး ညမိုးချုပ်မှ ပြ ရောက်လာတတ်သည်။

ခုတင်ပေါ်မှာ ဝမ်းလျားမှောက်ကာ ဝတ္ထုစာအုပ် ဖတ် သော ဖြူဇင်က ဆိုဖာပေါ်မှာ ထိုင်နေသော ထားသခင်ကို လှည့်ကြည့် ရင်း ...





"ငါက ( ... ... )စင်တာက ဆိုင်တစ်ဆိုင်မှာ အရောင်း ဝန်ထမ်း လုပ်နေတာ"

"ငါလည်း အလုပ်တစ်ခုခု လုပ်ချင်နေတာ"

"နင်က ဘာအလုပ်မျိုး လုပ်ချင်တာလဲ ..."

"သိပ်မပင်ပန်းဘဲ ပိုက်ဆံများများရမယ့် အလုပ်မျိုးပေါ့"

ဖြူဇင်က ထားသခင်ပြောပုံကို အမြင်ကတ်သွားကာ ...

"နင်က ဘာပညာတွေ တတ်ထားလို့လဲ"

"ဆယ်တန်းတော့ မအောင်ဘူးပေါ့ ..."

ဖြစ်ရလေ ... ။

"ဆယ်တန်း မအောင်ဘဲနဲ့တော့ နင်လိုချင်တဲ့ အလုပ်မျိုး ရဖို့ မလွယ်ဘူး"

"နင့်လို အရောင်းဝန်ထမ်းလောက်တော့ ဖြစ်နိုင်တာပဲ မဟုတ်လား၊ နင်တို့ဆိုင်က ( ... ... ) စင်တာမှာဆိုတော့ ဆိုင်ထဲမှာ အဲကွန်း ဖွင့်ထားရင် အေးနေမှာပေါ့၊ ငါက အပူဒဏ်မခံနိုင်တာနဲ့တော့ အတော်ပဲလေ၊ နေပူထဲသွားရတဲ့ အလုပ်မျိုးတော့ ငါမလုပ်နိုင်ဘူး၊ ငါ့အသားက နေထိမခံဘူး၊ နေပူထဲထွက်တာနဲ့ ရဲတက်လာတာ"

ထားသခင် စကားတွေကို ကြားရတိုင်း ဖြူဇင့်စိတ်ထဲမှာ ကလိကလိ ဖြစ်ရပါပေသည်။

"ငါလုပ်နေတဲ့ ဆိုင်မှာ ဝန်ထမ်းသစ် ခန့်မယ်လို့တော့ ပြောသံ ကြားတယ်၊ ခေါ်ရင် ငါပြောမယ်လေ"

"နင်တို့ဆိုင်က ဘာရောင်းတဲ့ ဆိုင်လဲ ..."

"ဖိနပ် ..."

"ဟာ ... ဒါဆို နင်တို့က ဝယ်သူလာရင် ဖိနပ်တွေဘာတွေ ကူစီး ပေးနေရမှာပေါ့၊ ငါအရင်တုန်းက ရှော့ပင်ထွက်လို့ ဖိနပ်ဝယ်ရင် ဆိုင်က ကောင်မလေးတွေက ငါ့ကို ဖိနပ်စီးပေးနေကျ ...၊ အဲမျိုး ဆိုရင်တော့ ငါမလုပ်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမြဲတမ်းတော့ ဖိနပ်လိုက်စီးပေးမနေရပါဘူး၊ ကြိုးသိုင်း ဖိနပ် ရှူးဖိနပ်တို့ စီးရခက်နေရင်သာ နည်းနည်း ကူညီရတာပါ၊ မကူညီချင်လည်း မသိချင်ယောင်ဆောင်နေ လို့ရတာပဲ၊ နင် အ မကြိုးစားရင် ဆိုင်ရှင်က လခတိုးမပေးရုံပေါ့၊ ဒါနဲ့ နင်က ဘယ် ဆိုင်မျိုးမှာလုပ်ချင်လို့လဲ"

ထားသခင်က မျက်လုံးလေး ထောင့်ကပ်စဉ်းစားလိုက်ပြီး ...

"ရွှေဆိုင် ..."

အမလေး ... အာဂပါလားဟဲ့ ...။

ဖြူဇင်က နှုတ်ရွနေသည့် ထားသခင်ပုံစံကို စိတ်ပျက်လက်ပျက် ငေးကြည့်နေမိသည်။

"သူများ ခြေထောက်မှာ စီးဖို့ ဖိနပ်ရောင်းတာထက်စာရင် အဖိုး လက်ဝတ်ရတနာတွေကို ကိုင်တွယ်ရောင်းရတာက ပိုအဆင့် တာပေါ့၊ ငါတော့ ရွှေဆိုင်မှာပဲ လုပ်ချင်တယ်"

"အဲ့ဒါဆိုလည်း နင့်ဘာသာ အလုပ်ထွက်ရှာပေါ့၊ ငါ့ ဘာမှထပ် မေးမနေနဲ့တော့ပေါ့၊ အဆင့်နိမ့်တဲ့ အလုပ်ပဲလုပ်တဲ့ ငါက နင့် ဘာမှမကူညီနိုင်ဘူးလေ"

ဖြူဇင်က ကိုယ့်ဝတ္ထုကိုယ် ဆက်ဖတ်နေလိုက်သည်။

ထားသခင်ကတော့ နှုတ်ခမ်းအတွင်းသားလေးကို ကိုက် ကိုက်ရင်း မျက်မှောင်လေးကြုတ်လျက် စဉ်းစားနေမိပါသည်။

ရမ်းသန်းပြီး အလုပ်ရှာနေတာထက်စာရင် ဖြူဇင် ပြော မှ သွားလျှောက်လိုက်တာက ပိုကောင်းမည်ထင်သည်။ အဲ့ဒါဆို ဖြူ လည်းအတူ အသွားအပြန်လုပ်လို့ရမည်။ ဖြူဇင့် ကြည့်ရတာ စိတ် သဘောကောင်းမည့်ပုံမို့ ပေါင်းလို့ အဆင်ပြေမည်ဟု ထင်ရပါသည် ထားက ဘတ်စ်ကားလည်း တိုးစီးတတ်သူ မဟုတ်၊ ဖြူဇင်နဲ့ အတူသွား အဆင်ပြေမှာပင်။

ရွှေဘုံနန်းပေါ်မှာ လူ့ပေါ်လူ့ဇော်လုပ်ခဲ့ရသော သူ့





လေးထားဟာ ခုတော့ဖြင့် လောကကြီးအကြောင်း ဘာမှ နားမလည်တဲ့ စီသူငယ် နားသူငယ် ဖြစ်လို့နေပါသည်။

"ဖြူဇင် နင်တို့ဆိုင်မှာ ငါလုပ်ရင် လခ ဘယ်လောက်ရမှာလဲ ..."

"အစဆိုတော့ လေးသောင်းလောက်ပဲ ရမှာပေါ့"

"ဟင် ... လေးသောင်းတည်းလား၊ ငါ့ဖိနပ်တစ်ရံဖိုးတောင် မရှိပါ လား"

ဖြူဇင်က စိတ်တိုလာကာ ဖတ်လက်စ ဝတ္ထုကို ခေါင်းအုံး မှာ မှောက်ချလျက် အိပ်ရာမှထထိုင်ကာ ထားသခင်နှင့် မျက်နှာချင်း ဆိုင်လိုက်ပါသည်။

"ထားသခင် ... နင်က ဘယ်လိုကြီးလဲ၊ နင် စိတ်ဆိုးချင်လည်း ဆိုးတော့၊ ငါ ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ်၊ နင်နဲ့ပေါင်းရသင်း ရတာ တော်တော် သည်းခံစိတ် ထားရတယ်၊ နင် စကားပြောလိုက် မှဖြင့် အထက်ကချည်းပဲ၊ နင်က အဆောင်မှာလည်း လာနေသေး တယ်၊ ဘဝင်ကလည်း တော်တော်မြင့်တယ်၊ လူတွေကို ကြည့်လိုက် ပြီဆိုလည်း ခေါင်းလေးမော့ပြီး အပေါ်ကနေ ငုံ့ကြည့်သလိုမျိုး ကြည့်တယ် ...၊

"နင် အခုပိုက်ဆံလိုချင်လို့ အရောင်းစာရေးလောက် လုပ်ဖို့ စဉ်းစားနေမှပဲဟာ၊ ဟိုတုန်းက လေးသောင်းတန် ဖိနပ်စီးခဲ့တာကို ဘာလို့ စကားထဲထည့်ပြောနေမလဲ၊ ထည့်ပြောရင် နင့်ကို လူအထင် မကြီးတဲ့အပြင် အမြင်ကတ်ခံရတာပဲ အဖတ်တင်မယ်၊ နင့်ဘာသာ ဟိုတုန်းက ချမ်းသာခဲ့ရင်လည်း ချမ်းသာသလို နေခဲ့မှာပေါ့၊ ခု မချမ်းသာတော့လည်း မချမ်းသာသလို နင့်စိတ်ကိုပြောင်းပြီး လက်ရှိ ဘဝနဲ့ အဆင်ပြေအောင် ညှိနေပေါ့"

"နင် ... ငါ့ကို ဆရာမလုပ်ပါနဲ့"

"အေး ... အကောင်းပြောပြတာ နားမထောင်ချင်လည်းနေ၊ ငါ့ကိုလည်း ဘာမှ လာမေးမနေနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



ဖြူဇင်က ဝတ္ထုစာအုပ်ကို ပြန်ကောက်ကိုင်လိုက် သည်။

ထားသခင်က မျက်နှာလေး မော့ချီကာ ခပ်တည်တည်လေး လုပ်နေရင်းက ဖြူဇင့်ဘက်ကို စွေကြည့်လိုက်ရင်း ...

"တစ်ခုတော့ရှိတယ်၊ နင့်ဆိုင်မှာ အလုပ်ခေါ်ရင်တော့ ငါ့ကို အရင်ပြော ..."

ဟု မလျော့သော လေသံဖြင့် လှမ်းပြောလိုက်တာမို့ ဖြူဇင်က နှုတ်ခမ်းကို စူပွကာ ...

"ဘယ်လိုဟာလေးမှန်းကို မသိဘူး"

ဟု ထားသခင် မကြားအောင် ရေရွတ်လိုက်မိပါသည်။

○ ○ ○

♠ ♠ ♠

"ရှင်တို့ ကျွန်မအသားကို မထိနဲ့"

"ဟာ ... ဘာဖြစ်ရတာလဲဗျာ"

"ဟ ... ဘာလုပ်လို့လဲဟ"

"ဟဲ့ ... ဟဲ့ ... ထား ဘာဖြစ်တာလဲ"

ကျပ်သထက် ကျပ်လာနေသော ဘတ်စ်ကားပေါ်မှာ ပခုံး ...ရှုံ့၊ မျက်နှာလေးရှုံ့၊ နှာခေါင်းလေးပိတ်ကာ လိုက်လာသော ထား...ခင်ရဲ့ ဆပ်ဆတ်ဆတ်အော်သံကြောင့် တစ်ကားလုံး လှုပ်လှုပ်ရွရွ ဖြစ်...ပါသည်။

ယာဉ်နောက်လိုက်က ထားသခင် ရှိရာဘက်သို့ တိုးဖော့...ာ ...

"ဟော့လူတွေ ခင်ဗျားတို့ ဘာလုပ်လိုက်လို့လဲ"

"ဘုရားစူးရပါစေရဲ့၊ ဘာမှမလုပ်ရပါဘူးဗျာ၊ ကျွန်တော်တို့ ကားပေါ်တက်လာကတည်းက ဒီကောင်မလေးက သူ့ဘာသာ ချောင်ကပ်ပြီး ကျွန်တော်တို့ကို ရွံရှာသလို ပုံစံနဲ့ နှာခေါင်းပိတ်ထားလိုက်တာပါ၊ ကားကကျပ်တော့ ကျွန်တော်တို့လည်း တခြားရွှေ့မရ... ဒီနားမှာပဲ ရပ်နေတာ၊ ကားဘရိတ်အုပ်ရင်တော့ နည်းနည်း...ပါး





www.burmeseclassic.com

www.burmeseclassic.com



ထိမိတာမျိုး ရှိတာပေါ့၊ ဘတ်စ်ကားစီးတာပဲဟာ၊ ဒီလောက်တော့ ရှိမှာပေါ့၊ တမင်လုပ်တာမှ မဟုတ်ပဲဗျာ"

လူတစ်ယောက်က အကျိုးသင့် အကြောင်းသင့် ရည်ရည်မွန်မွန် ရှင်းပြတော့မှ ယာဉ်နောက်လိုက်က ထားသခင်ကို မျက်နှာထားကြီးဖြင့် လှမ်းကြည့်ပြီး ရှေ့ဘက်သို့ ပြန်တိုးသွားရင်း ပါးစပ်ကလည်း အဆက်မပြတ် အော်သွားပါသည်။

"ကဲ ... ကဲ ... အစ်ကိုတို့ အစ်မတို့ ဘတ်စ်ကားစီးရင် အနံ့ကြီး ကွင်းကျယ်လုပ်ဖို့ နေရာမရှိဘူး၊ အချိန်ကုန်တယ်၊ လေကုန်တယ်၊ အနံ့ကြီး ကွင်းကျယ်လုပ်ချင်ရင် ဘတ်စ်ကား လာမစီးကြနဲ့၊ ကဲ_ ဆွဲဆရာရေ့"

ဘတ်စ်ကားက ဆောင့်ထွက်သွားသည်။

ဖြူဇင်က ထားသခင်နား ကပ်သွားရင်း ...

"ထားရယ် ... နင့်မလည်း အရာရာနဲ့ အကြောင်းကြောင်းချည်း၊ ဘတ်စ်ကားစီးတယ်ဆိုတာ နည်းနည်းတော့ ထိမိတိုက်မိ ရှိမှာပေါ့ ..."

"ဘတ်စ်ကားက ဒီလောက် လူများအောင် တင်စရာလား"

"ဒါ သူတို့ တင်နေကျပဲဟဲ့၊ ဘာမှသွားပြောလို့မရဘူး၊ ဒါလေး ပြဿနာရှာရင် နင်ပဲ အပြောခံရမှာ ..."

"ချွေးစော်တွေကလည်း နံလိုက်တာ၊ တစ်ကားလုံး အိုက်လှော နေတာပဲ ..."

"နံတော့ နံပေမယ့် နင် ဒီလိုကြီး နှာခေါင်းတပိတ်ပိတ်နဲ့ ရွံ့သလို နံသလိုတော့ လုပ်မနေနဲ့ပေါ့ဟဲ့ ..."

"အံမလေး ပူလိုက်တာ၊ နင်ပြောတော့ ဒါ အဲကွန်းကားဆို၊ ဘယ်မှာလဲ အဲကွန်းက ..."

"နင့်အဘ စပါယ်ယာကိုသာ သွားမေးတော့၊ ငါလည်း မပြောတတ် တော့ဘူး"





"နင်က စီးနေကျပဲဟာ၊ ငါက ခုမှစီးဖူးတာ၊ နင်သွားမေးလေဟာ ပြီးတော့ ... အဲကွန်းဖွင့်ပေးပါလို့ ပြောလိုက် ..."

"ဒီလိုပြောလို့သာ ဖွင့်ကြေးဆိုရင် အနောက်ကတောင် နေထွက် သွားဦးမယ်၊ တိတ်တိတ်နေစမ်းဟယ်၊ စိတ်ညစ်လိုက်တာ၊ တကယ် ပါပဲ ..."

ထားက ပိတ်လှောင်နံစော်နေသော ဘတ်စ်ကားရဲ့ ထောင့်ကလေးမှာ ရပ်ရင်း မျက်ဝန်းထဲမှာ မျက်ရည်ကြည်တွေ သီဝေ့လာသော် လည်း အံကြိတ်ကာ မျက်တောင်တဖျပ်ဖျပ်ခပ်၍ ဖယ်ထုတ်လိုက်မိပါသည်။ ပြီးတော့ ဘွားဘွားနဲ့ အပြန်အလှန် ပြောခဲ့သော စကားတွေကို ပြန်သတိရ သွားပါသည်။

"ဘွားဘွား ... သူတို့တွေက ဘာဖြစ်လို့ ကားသေးသေးထဲမှာလူတွေ အများကြီး စုပြုံစီးသွားကြတာလဲဟင်"

"သူတို့က မြေးလို့ မချမ်းသာလို့၊ ဆင်းရဲကြလို့ ကားစုတ်လေးထဲမှာ စုပြုံစီးရတာပေါ့ မြေးရဲ့"

"ထားထားဆို အဲ့ဒီလိုမျိုး ဘယ်တော့မှ မစီးဘူး"

"ဒါပေါ့ မြေးရဲ့၊ မြေးက သူဌေးမလေးပဲဟာ၊ ဒါမျိုးဘယ် စီးရပါ့ မလဲ"

"တစ်သက်လုံး မစီးဘူး"

"စိတ်ချ၊ မြေးက အဘွားကြီးဖြစ်တဲ့အထိ ချမ်းချမ်းသာသာနေရမှာ၊ ဒါမျိုး ဘယ်တော့မှ မစီးရဘူး"

ထားထားသည် ဘွားပြောခဲ့ဖူးတာတွေကို ကြားယောင်ရင်း ခပ်ပြုံးလေး ပြုံးလိုက်မိပါသည်။ ခုတော့ ဒီလိုကားမျိုးပဲ ထားထား စီးရ ပြီး ဖြူဇင်နဲ့အတူ ဖိနပ်ဆိုင်မှာ အရောင်းစာရေး လုပ်ဖို့သွားရပြီ။

ထားထားဟာ ဘယ်တုန်းကမှ ဒီလိုဘတ်စ်ကားမျိုးကို မစီး ဖူးတာမို့ ကိုယ့်အသား နည်းနည်းပါးပါးလေး ထိခိုက်သွားတာကိုတောင် မခံနိုင် ... ။ ချွေးနံ့တွေကိုလည်း မခံနိုင်။ ပူအိုက်တာကို မခံနိုင်၊ စပါယ်ယာ



www.burmeseclassic.com

www.burmeseclassic.com



က စကားမာမာလေး ပြောတာကိုတောင် မခံနိုင်။ သို့သော် ထားထား ဘာမှမတတ်နိုင်။

ထားသခင်က အတိတ်ကို ပြန်တွေးကာ ငိုချင်နေဆဲမှာ ကားက ဘရိတ်ဆောင့်အုပ်လိုက်သဖြင့် လူကယိုင်သွားသည်။ ထိုခဏမှာပဲ ကားက အရှိန်ပြင်းပြင်း ဆောင့်ထွက်သွားပြန်သည်။ ထားသခင်သည် ထောင်းခနဲ ဒေါသထွက်သွားကာ ...

"ဟင် ... ကြည့်စမ်း၊ ကားကို ဒီလိုမောင်းစရာလား၊ ညင်ညင်သာသာ မောင်းပါလား၊ ဒီမှာ ... ဒရိုင်ဘာ၊ ခုချက်ချင်း အရှိန်လျှော့လိုက်စမ်းပါ"

ထားက အသံစူးစူးလေးဖြင့် လွှတ်ခနဲ အော်လိုက်တာနဲ့ ဖြူဇင်က ထားပါးစပ်ကို လှမ်းပိတ်ရင်း ...

"ဟဲ့ ... အဲဒီလို သွားမပြောရဘူးလေ ..."

"မပြောလို့ ဖြစ်မလားဟဲ့"

"ပြောလည်း မရဘူးဟဲ့ ..."

"ကားပေါ်မှာ ပြဿနာပါလာတယ် ဆရာရေ့၊ ပြဿနာ ပါရင် ရှေ့မှတ်တိုင်မှာ ဆင်းလို့ရတယ်နော်"

○ ○ ○



♠ ♠ ♠

"ဖိနပ်က နည်းနည်းသေးနေတယ်၊ နောက်တစ်ဆိုဒ်ကြီးတာ ရှာပေးပါလား"

"ဖိနပ်က မသေးပါဘူး အစ်မရဲ့၊ အတော်ပါပဲ"

"ဒီမှာကြည့် ... ဖိနောင့် နည်းနည်းထွက်နေတာ"

"ရှေ့နည်းနည်း တိုးစီးကြည့်လေ အစ်မ၊ ဒါ့ထက် တစ်ဆိုဒ်ကြီးသွားရင် နည်းနည်းလေး စီးလိုက်တာနဲ့ ဖိနပ်က ချောင်သွားမှာ၊ ဒီလောက်နဲ့မှ အတော်ပဲဖြစ်တာ ..."

ဖြူဇင်က လှည့်ပတ် ကြေး(ကျိုး)များနေသော ဝယ်သူ တစ်ယောက်ကို စိတ်ရှည်လက်ရှည်ပြောရင်း ထိုအမျိုးသမီးရှေ့မှာ ငုတ်တုတ်လေး ထိုင်ချကာ ဖိနပ်ကို အံဝင်ခွင်ကျဖြစ်အောင် သေချာ စီးပေးနေသည်။

ထားသခင်ကတော့ အသာလေး မသိချင်ယောင် ဆောင်ကာ ဖိနပ်တွေကိုပဲ ပြန်စီနေသလိုလို၊ တောင်လိုလို မြောက်လိုလို လုပ်နေလိုက်သည်။ အလုပ်ဝင်တာ တစ်လပြည့်တော့မည်၊ ခုထိ ဘယ်ဈေးဝယ်သူကိုမှ ဖိနပ် စီးမပေးခဲ့ဖူးသေးပါ။ ဖြူဇင်ကလည်း အကြောင်းသိမို့ ဘာမှမပြောတော့ဘဲ သူ့ဘာသာ လုပ်စရာရှိတာသာ လုပ်သည်။ ထားသခင်ကို ...ကြက်ကပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ထားထား ... ခဏ လာဦး"

ကောင်တာမှာ စာရင်းထိုင်တွက်ရင်း တစ်ချက်တစ်ချက် ထားသခင်ကို အကဲခတ်နေသော ဆိုင်မန်နေဂျာက သူမကို ကြည့်မရတော့ ပြီမို့ စာရင်းစာအုပ်ကို ပိတ်ရင်း လှမ်းခေါ်လိုက်သည်။

ထားသခင်က မန်နေဂျာ အမျိုးသမီးရှိရာ စားပွဲဆီ လျှောက် လာပြီး ရှေ့မှာရပ်လိုက်သည်။

မန်နေဂျာ အမျိုးသမီးကတော့ ထားသခင်ပုံစံကို လက်ဖျား ရော ခြေဖျားပါ ခါချင်နေပါပြီ။ ထားသခင်ပုံစံက ဘယ်လိုကြည့်ကြည့် ကျိုးနွံကြိုးစားသည့် ဝန်ထမ်းရုပ်မျိုး မပေါက်။ ပြောပုံ ဆိုပုံ၊ ကြည့်ရှုပုံက အစ အခု ကိုယ့်စားပွဲရှေ့မှာ လာရပ်နေတဲ့ ပုံအဆုံး ... ကြည့်လိုက်ရင် ဘယ်တော့မှ အချိုးပြေပြေမရှိ။ မျက်နှာထားက ချိုချို ... ကိုယ်ဟန်က ကြော့ကြော့မော့မော့ ...။ လုံးဝ လုံးဝ ထောင့်မကျိုး။ သူ့ကြည့်လိုက်ရင် သူကပဲ ဆိုင်ရှင် လိုလို၊ ကိုယ်ကပဲ သူ့ဝန်ထမ်းလိုလို။ အမြဲ သူကသာ အထက်စီး ဟန် ဖမ်းထားသည်။ တွေ့စတုန်းကတော့ အထည်ကြီးပျက် လို့ ဒီလိုပုံပေါက်နေတာပဲလေ၊ သူ့ဘာသာ တဖြည်းဖြည်း ပြောင်းလဲသွား မှာပေါ့ဟု ထင်ခဲ့သည်။ ဖြူဇင်က လုပ်သက်လည်း ကြာ၊ ကျိုးနွံရိုးသား သည့် ဝန်ထမ်းလည်းဖြစ်တာမို့ သူပြောပေးသည့် သူ့သူငယ်ချင်းကို အလုပ် ခန့်ပေးခဲ့တာပင်။

မန်နေဂျာက ထိုင်ခုံမှာ မှီထိုင်ကာ ထားသခင်ကို ကြည့်လိုက် ရင်း ...

"မင်း ဘာလုပ်နေတာလဲ ထားထား"

"ဖိနပ်တွေ ပြန်စီနေတာပါ"

"ငါ့မျက်စိထဲတော့ ပြန်စီစရာလိုလောက်အောင် ရွဲ့စောင်းနေတာမျိုး မမြင်မိပါဘူး"

"ဟို ... စောစောက ဝင်ကြည့်သွားတဲ့ ကောင်မလေးတွေ ဖွသွား [illegible] ပါ၊ ဝယ်လည်းမဝယ်ဘဲ အလကား ဟိုဟာစီးကြည့်၊ ဒီဟာစီး ကြည့် ..."





"အဲ့ဒီတော့ ဘာဖြစ်လဲ ..."

"မဝယ်နိုင်ရင် လျှောက်စီးကြည့်မနေကြနဲ့ပေါ့"

"အဲ့ဒီလိုစိတ်မာတ်မျိုးနဲ့ ရောင်းနေရင် မင်းရောင်းတဲ့ဆိုင်ကို ဘယ် သူက လာဝယ်ချင်မလဲ ...၊ ကိုယ်က စိတ်ရှည်ရှည်လေး ထားပေး လိုက်ရင် သူတို့ဟာသူတို့ အားနာပြီး အခု မဝယ်လည်း နောက် လာဝယ်မှာပေါ့၊ မင်းကို ငါ ကြည့်ကြည့်နေတယ်၊ ဖိနပ် ဝယ်မယ့် သူ လာပြီဆိုရင် ရောင်းဖယ် ရောင်းဖယ်နဲ့၊ ဝယ်သူက ဖိနပ်စီးဖို့ အခက်အခဲဖြစ်နေရင်လည်း ဘယ်တော့မှ ဝင်မကူညီဘူး၊ ကြိုးသိုင်း ဖိနပ်တို့၊ သားရေကြိုးအတွန့်တွေပါတဲ့ ဖိနပ်တို့ဆိုတာ ဘေးလူ ကူစီးပေးမှ ပိုပြီး အံဝင်ခွင်ကျဖြစ်တာ၊ လေဒီရှူးစ်ဆိုလည်း သေချာ မစီးရင် ဖိနောင့်က ဝင်တာမဟုတ်ဘူး၊ မင်းမျက်စိရှေ့မှာ ထော် လော်ကန့်လန့် ဖြစ်နေလည်း ကြောင်တောင် ကြည့်နေလိုက်တာ မင်းနဲ့မဆိုင်သလိုပဲ၊ ပြီးတော့ မျက်နှာထားကိုက အပေါ်စီးက ...၊ ဒီဆိုင်ပိုင်ရှင်တောင် မင်းလောက် မျက်နှာထားမတင်းဘူး၊ ရုပ် ကလေးလှလို့ အလုပ် နဲ့မိပါတယ်၊ မီးပေါ်က စတိုင်လ်နဲ့ အလုပ် လုပ်နေတော့ မခက်ဘူးလား ..."

"အစ်မ ပြောလို့ပြီးပြီလား"

"ဘာ ... ဘာ၊ နင် ငါ့ကို ဘယ်လို ပြန်ပြောလိုက်တယ်"

"အကောင်းမေးတာပါ၊ အစ်မ ပြောလို့ပြီးမှ ကျွန်မ ပြောချင်တာ ပြန်ပြောခွင့် ရမှာမို့လို့ပါ"

"ကဲ ... ကဲ ... ညည်းက ဘာပြောမှာလဲ၊ ပြောစမ်းပါဦး"

"ကျွန်မက သိမ်သိမ်ငယ်ငယ် နိမ့်နိမ့်ကျကျ ဘဝက လာခဲ့တာ မဟုတ်ဘူး၊ အဲ့ဒါကြောင့် ကျွန်မရဲ့ ပင်ကို မျက်နှာထားကိုက အည်ဝါတယ်၊ ဒါ တမင်လုပ်ယူထားတဲ့ မျက်နှာထား မဟုတ်ဘူး သူ့ဘာသာ အလိုလိုဖြစ်နေတဲ့ မျက်နှာ၊ ပြီးတော့ ... တချို့ ဖိနပ် ဝယ်သူတွေက သူတို့ဘာသာ စီးလို့ ရရဲ့သားနဲ့ တမင်သက်သက်



www.burmeseclassic.com

www.burmeseclassic.com



အသားယူပြီး ကျွန်မတို့ကို စီးခိုင်းတာကို စီးမပေးချင်လို့ တ... မသိချင်ယောင် ဆောင်နေတာ၊ နောက်တစ်ခုက အစ်မ ကျွန်မ... 'ညည်း' တို့၊ 'နင်'တို့ ခေါ်ဝေါ် မသုံးနှုန်းပါနဲ့၊ ကျွန်မနာမည်... ထားသခင်"

"အံမလေး... အံမလေး... နှုတ်သီးကောင်း လှချည်ပါ၊ ပြောထွက်... လိုက်တာ၊ နင့်နာမည် ထားသခင် မကလို့ အရှင်သခင်ပဲဖြစ်ဖြစ်... ငါကတော့ မခေါ်နိုင်ဘူး ထားထား၊ နင့် နာမည်က နင့်ဘာသ... အံမဝင်ဘူးဆိုတာလည်း နင့်ခေါင်းထဲ ထည့်ထားဦး၊ နင်... အချိုးကို မပြင်ရင်တော့ အလုပ်ထွက်လိုက်တော့..."

"အစ်မ... အစ်မ၊ ဖြူဇင် တောင်းပန်ပါတယ် အစ်မရယ်၊ သူ... ဘာအလုပ်မှ မလုပ်ခဲ့ဘူးလို့ ဘာကိုမှ မသိနားမလည် ဖြစ်နေရ... ပါ၊ အပြောအဆိုလည်း မတတ်လို့ပါ၊ ဒီတစ်ခါတော့ ခွင့်လွှတ်... ပါ အစ်မရယ်နော်၊ ဖြူဇင်လည်း သူ့ကို သေချာ သင်ပြပေးမှာ... နော် အစ်မ... နော်"

ဖြူဇင်က ကြားဝင်တောင်းပန်လိုက်တော့မှ မန်နေဂျာမ... နှုတ်ခမ်းကိုမဲ့ရွဲ့ရင်း တစ်ဖက်သို့ မျက်နှာလွှဲသွားသည်။ ဖြူဇင်က ... သခင်လက်ကို လှမ်းဆွဲပြီး မန်နေဂျာ စားပွဲနှင့် ခပ်ဝေးဝေးသို့ ခေါ်... ကာ...

"ထားရယ်... နင့်မလဲ အရာရာနဲ့ အကြောင်းကြောင်းချည်းပါ... ဟယ်၊ နင် ဒီပုံအတိုင်းဆို တစ်လမပြည့်ခင် အလုပ်ပြုတ်သွား... လိမ့်မယ်ဟဲ့၊ အလုပ်တစ်ခုရှာဖို့ဆိုတာ လွယ်တာ မှတ်လို့"

ထားသခင်က ဘာမှပြန်မပြောဘဲ ငြိမ်သက်နေလိုက်ပြီး... ဖြူဇင့်ကို မကျေမနပ် မျက်စောင်းထိုးကြည့်ရင်း...

"အဲ့ဒါ နင့်ကြောင့်..."

"ဘာ...၊ ဘာ ငါ့ကြောင့်လဲ၊ ငါ ဘာလုပ်မိလို့လဲ"

"နင်က ရှေ့ကနေ စံပြကြီးဖြစ်အောင် ဟိုလူ့ဖိနပ် စီးပေးလို...





ဒီလူ့ဖိနပ်စီးပေးလိုက်နဲ့ ဝန်ဆောင်မှုတွေ အပေးကောင်းနေတော့ မန်နေဂျာက ငါ့ကို နင်နဲ့နှိုင်းယှဉ်ပြီး အပြစ်မြင်တော့တာပေါ့၊ နင် နည်းနည်းလောက် လျှော့ လုပ်စမ်းပါဟယ်၊ နင့်ကြည့်ရတာ ပင်ပန်းလိုက်တာ"

"ဪ... တော်တော်လေး အပြောကောင်းတယ်၊ သူ့ကျတော့ ကြိုးစားလုပ်မယ်မရှိဘူး၊ ကြိုးစားမိတဲ့သူကပဲ အများ လုပ်မိသလို ပြောနေလိုက်တာ၊ လျှော့တော့ မလုပ်ပါရစေနဲ့ ထားသခင်ရယ်၊ ထမင်းအိုးလေး အကွဲမခံနိုင်လို့ပါ"

"နေစမ်းပါဦး၊ တချို့ မလှမပညစ်တွတ္တ ခြေထောက်တွေကို နင် ဖိနပ်စီးစီးပေးနေတာ နည်းနည်းမှ မရွံဘူးလားဟင်၊ ဘာမှ မခံစားရဘူးလားဟင်"

"အလုပ်ကို အလုပ်လို သဘောထားပြီး စိတ်ရှင်းရှင်းနဲ့ လုပ်ရင် ဘာမှမခံစားရဘူး၊ ဟဲ့... ဟိုမှာ မန်နေဂျာကြည့်နေတယ်၊ စကားမများနဲ့တော့၊ ဒီတစ်ခါ ဝယ်သူလာရင် သူ့ရှေ့မှာ ကောင်းကောင်းမွန်မွန် ဝန်ဆောင်မှုပေးပြလိုက်၊ ဟော... ဝယ်သူလာပြီ..."

ဖြူဇင် မေးဆတ်ပြသည့်ဘက်ကို ထား လှည့်ကြည့်တော့ ...သားမည်းမည်း ရုပ်ဆိုးဆိုး အမျိုးသမီးက တစ်ယောက်၊ ဖြူဖြူသန့်သန့် ...ချောချောက တစ်ယောက်။

ထားသခင်က ဖြူဇင့်နားကပ်ကာ...

"ဟို... ညစ်ပတ်ပုံရတဲ့ မိန်းမကြီးကို နင်ရောင်းလိုက်၊ ငါက ဟိုဖြူဖြူသန့်သန့်ကို ရောင်းလိုက်မယ်"

ဟု ပြောလိုက်တာမို့ ဖြူဇင်က ထားသခင်ကို မျက်စောင်း ...ကာ အမျိုးသမီးကြီးဆီ လျှောက်သွားလိုက်သည်။

ထားကတော့ ခပ်သန့်သန့် အမျိုးသမီးဆီ စိတ်မပါ လက်... ...ပဲ လျှောက်လာခဲ့သည်။

အမျိုးသမီးက ဖိနပ်တစ်ရံယူစီးလိုက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ဖိနပ်က အစ်မနဲ့ လိုက်ရဲ့လားဟင် ညီမ၊ ကြည့်ပေးပါဦး"

"အင်း ... လိုက်ပါတယ်"

"နည်းနည်းများ သေးနေမလားဟင် ..."

"မသေးပါဘူး"

ထားသခင်က ဝတ္တရားကြေ ပြန်ပြောရင်း သူမခြေထောက်ကို ငုံ့ကြည့်မိတော့ ...။ လား ... လား ... ခြေထောက် ကြီးဟာ လှနဲ့မ မလိုက် ...။ အရှည်ထားထားတဲ့ ခြေသည်းတွေက မည်းညစ်ချိုးကပ်နေသည်။ ပြီးတော့ ခြေမျက်စိနေရာမှာ ညိုမည်း၍ ဂျတ်တက်နေသည်။ ထားသည် စိတ်ပျက်ပျက်နှင့် မျက်နှာကို တစ်ဖက်သို့ လွှဲထားလိုက်သည်။ ဝယ်သူ အမျိုးသမီးကတော့ သူ့ခြေထောက်သူ ငုံ့ကြည့်နေရတာမို့ ထား မျက်နှာလွှဲထားတာကို မမြင်ဘဲ ...

"ဒါလေးနဲ့ရောဟင် ... ညီမ"

"အင်း ... လှပါတယ်"

"ဒါလေးဆိုရင်ရော ..."

"လှသားပဲ ..."

"ဒီအရောင်က ပိုလှမယ် ထင်တယ်နော်"

"အင်း ... လှတယ်"

"ဟင် ... ဒါကျတော့ ဒေါက်ကမြင့်လွန်းတယ်"

"ဟုတ်တယ် ... မြင့်လွန်းတယ်"

ထားသခင်က မျက်နှာလွှဲကာ ဖော်လိုလိုက်နေဆဲ အမျိုးသမီးက ထားသခင်ကို မော့ကြည့်လာကာ ...

"ဟင် ... မကြည့်ဘဲနဲ့ လျှောက်ပြောနေတယ်"

"ဩော် ... ကြည့်ပါတယ် အစ်မရဲ့၊ ဟိုဘက် စင်ပေါ်မှာ အစ်မနဲ့ လိုက်တဲ့ ဖိနပ်ရှိမလားလို့ ခဏလှည့်ကြည့်နေတာ ပါ"

အမျိုးသမီးက နောက်ထပ် ဖိနပ်တစ်ရံ ဆွဲယူဝတ်ကြည့်ပြီး ကာ ...





"ဒီဖိနပ်လေးက တို့နဲ့ ပိုလိုက်သလိုပဲနော်၊ ကြည့်ပေးပါဦး ညီမ ..."

ထားသခင်က ဝတ်ကြေတန်းကြေ တစ်ချက် ငုံ့ကြည့်ရကာ ...မြန်ပြီး အေးရော သဘောထားလျက် ...

"ဟုတ်တယ် အစ်မ၊ အဲ့ဒါနဲ့ အလိုက်ဆုံးပဲ၊ အဲ့ဒါပဲ ယူလိုက်တော့၊ တခြားဟာ ထပ်ရှာမနေနဲ့တော့ ..."

"ဖိနပ်က ကြိုးသိုင်းဆိုတော့ နည်းနည်းတော့ စီးရခက်မယ် ထင်တယ်"

"မခက်ပါဘူး အစ်မရဲ့၊ သေချာစီးရင် ရပါတယ်"

"ဒီကြိုးလေးက ဘယ်လိုထိုးရတာလဲဟင်"

"ဟိုကွင်းလေးထဲကို ထိုးပြီး တစ်ဖက်က ပြန်ထုတ်လိုက်လေ"

"ဘယ်လိုမျိုးလဲ၊ ဒီလိုလား"

"မဟုတ်ဘူး၊ ကြိုးစကို ဟိုဘက်ကထိုး"

"ဟယ် ... မလုပ်တတ်တော့ဘူး၊ ညီမ လာလုပ်ပေးပါလား"

"ကိုယ့်ဘာသာ လုပ်ပေါ့၊ ဒါလေးတောင် မလုပ်တတ်ဘူးလား"

အမျိုးသမီးက ထားသခင်ကို မျက်ခုံးပင့်၍ ကြည့်လိုက် ...

"တော်တော် ဆက်ဆံရေး မကောင်းတဲ့ အရောင်းစာရေးပါလား၊ ဝယ်သူဘက်က အခက်အခဲရှိရင် ကူညီရမှာ မင်း တာဝန်မဟုတ်ဘူးလား"

"ဘာဖြစ်ကြတာလဲ၊ ကျွန်မက ဒီဆိုင်မန်နေဂျာပါ၊ ဘာများ အကူအညီ ပေးရမလဲရှင့်"

မန်နေဂျာအမျိုးသမီး ရောက်လာပြီမို့ ဝယ်သူ အမျိုးသမီးက ...ခင်ကို မျက်နှာထားတင်းတင်းဖြင့် စိုက်ကြည့်နေရင်း ...

"ရှင်တို့တွေ ဘယ်လိုဝန်ထမ်းမျိုး ခန့်ထားတာလဲ၊ ဖိနပ် ကလေး ကူစီးပေးဖို့ အကူအညီတောင်းမိတာကို ပြန်ဖြေပုံက ကိုယ့်ဘာသာ ...ယ်တဲ့၊ ဒါလေးတောင် မလုပ်တတ်ဘူးလားတဲ့၊ အံ့ဖွယ် [illegible]ပဲ"



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာမက ဒေါသထောင်းထောင်းထွက်သွားသော မျက်နှာဖြင့် ထားသခင်ကို ကြည့်လိုက်ရင်း ...

"နင့်ကို ငါ ဘယ်နှခါပြောပြော နားမဝင်ပါလား၊ သွား သေချာ စီးပေးလိုက်၊ အစ်မ ... ဆောရီးပါ၊ ကျွန်မ တောင်းပန်ပါတယ် သူက ဝန်ထမ်းအသစ်မို့လို့ပါ၊ ဒါမျိုး နောက် မဖြစ်စေရပါဘူးရှင် ဟဲ့ ... စီးပေးလိုက်လေ"

မန်နေဂျာ အမျိုးသမီးက ဝယ်သူကို တောင်းပန်ရင်း ထားကို နှုတ်စေခိုင်းလေသည်။

ထားသည် စိတ်ထဲ ဝမ်းလည်းနည်း ဒေါသလည်း ထွက်လျက် ခေါင်းငိုက်စိုက်ချကာ ကြိုးသိုင်းဖိနပ်လေးကို တွေတွေကြီး ငိုင်ကြည့်လျက်ရှိပါသည်။

ဒီတစ်ခါ ခိုင်းတာမလုပ်လျှင် ထား အလုပ်ပြုတ်မှာ သေချာသည်။ အလုပ်ပြုတ်မှာ ကြောက်သော်လည်း သူတစ်ပါး ခြေထောက်နားတော့ ဒူးမထောက်ချင်။ သူများခြေထောက်ကို မကိုင်ချင်။

သို့သော် ... ထားမှာ ပိုက်ဆံလည်း များများစားစား မရှိတော့။ ဒီအလုပ်တောင်မှ ဖြူဇင် အာမခံပေးလို့ရခဲ့တာ။ ထား ခုလို မလုပ်နေလို့ အလုပ်ပြုတ်လျှင် ဖြူဇင်ကလည်း ကူညီနိုင်မှာ မဟုတ်တော့ ထားလည်း အလုပ်လျှောက်မရှာတတ်။

"ဟဲ့ ... ပြောနေတာ မကြားဘူးလား"

ထားက မလှုပ်မယှက်ရပ်ရင်း မျက်ရည်လည်လာကာ ဖြူဇင် ဘက်ကို မျက်လွှာပင့်ကြည့်လိုက်သည်။ ဖြူဇင်က လက်ဟန်တွေပြလျက် ပါးစပ်က အသံမထွက်ဘဲ စီးပေးလိုက်ဖို့ အချက်ပြနေသည်။ ထားသည် ဖြူဇင့်ကိုကြည့်ရင်း တစ်ကိုယ်လုံး ချွေးတွေစိမ့်ထွက်ကာ ကတုန်ကယင် ဖြစ်လာလေသည်။

ထိုအချိန်မှာပဲ ထားသည် ဟိုးလွန်ခဲ့သော ဖြေနှစ်ကျော် ကာလက ခွန်းသရဲ့ ပုံရိပ်တွေကို ဖြန်းခနဲ မြင်ယောင် လန့်ဖျပ်သွားလေသည်။





ဘုရားရေ ... ထား ဝင့်လည်ပြီလား။

"ဟဲ့ ... ငါပြောနေတယ်လေ"

မန်နေဂျာမက နောက်တစ်ကြိမ် အဟောက်မှာ ထားသခင်က အောက်နှုတ်ခမ်းအတွင်းသားလေးကို ကိုက်လိုက်ရင်း ဝယ်သူ အမျိုးသမီးရဲ့ ခြေထောက်နားမှာ ဒူးတစ်ဖက်ထောက်၍ ထိုင်ချလိုက်လေသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

"ဆိုင်ခန်း ပြင်တာက ပြီးသလောက် ရှိပါပြီဆရာ၊ ဒီနေ့ ဆရာ ကြည့်ပြီး လိုအပ်တာလေးတွေရှိရင် ထပ်ထည့်ပေးလို့ရအောင် သူတို့ ကို စောင့်နိုင်းထားပါတယ်"

"အိုကေလေ...၊ ကြည့်လိုက်တာပေါ့၊ ပြီးခဲ့တဲ့ အပတ်က ဝင်ကြည့် တုန်းကတော့ သိပ်မဆိုးဘူး၊ ကိုယ်ပြောတဲ့အတိုင်း သေချာလုပ် ပေးကြတယ်၊ ဒီအဖွဲ့ မဆိုးဘူး၊ နောက်လည်း လိုရင်ခေါ်ရအောင် လိပ်စာတောင်းထားလိုက်..."

"ဟုတ်ကဲ့ ဆရာ..."

မောင်ထွန်းနိုင်က သူဌေးဦးစိုင်းခွန်သာ ဘေးမှ ခပ်ခွာခွာ လိုက်လာရင်း အလုပ်ကိစ္စတွေကို တတွတ်တွတ် အစီရင်ခံလာသည်။ ဦးစိုင်းခွန်သာက (... ...) စင်တာထဲက ပြင်လက်စ ဆိုင်ခန်းဆီသို့ လျှောက်လာရင်း...

"အိုက်လိုက်တာ..."

ဦးစိုင်းခွန်သာက လမ်းလျှောက်နေရင်းကပဲ အပေါ်ထပ် ကုတ်အင်္ကျီကိုချွတ်ပြီး မောင်ထွန်းဘက်သို့လှမ်းပေးလိုက်သည်။ မောင်ထွန်း က အင်္ကျီကို ပျာပျာသလဲ လှမ်းယူပြီး ရှုရှုလေး ပိုက်ပွေ့ထားလိုက်ပေ သည်။





မောင်ထွန်းက ဆရာ့ဘေးကနေ ခပ်ခွာခွာလေးလိုက်လာရင်း ဆရာ့ လမ်းလျှောက်ပုံကို သဘောတကျ လှမ်းကြည့်မိသည်။ စတိုင်လ်ကျ လိုက်တာ...။ မောင်ထွန်းတို့ရဲ့ ဒီသူဌေး ငယ်ငယ်လေးဟာ ဘယ်တော့ ကြည့်ကြည့်လိုက်ကြည့်လိုက် ချောမော စမတ်ကျလွန်းတာမို့ မင်းသားပဲ လုပ်စား ကောင်းတယ်ဟု သူတို့ ကုမ္ပဏီလုပ်ငန်းစုကြီး တစ်ခုလုံးက အသိအမှတ် ပြုကြရပါသည်။

ဆရာက အမြဲတမ်း စတိုင်လ်သောင်းဘီနှင့် ကြွရောင် တောက်နေသော အကောင်းစား ရှပ်အင်္ကျီဖြူ လက်ရှည်ကိုသာ ဝတ်တတ် သည်။ ဒီနေ့လို ရုံးချုပ်မှာ အစည်းအဝေးလုပ်သောနေ့ဆိုရင်တော့ ကုတ် အင်္ကျီပါ ထပ်ဝတ်လာတတ်သည်။ အစည်းအဝေးခန်းက အေးစိမ့်လွန်းတာ ကိုး။ ခုလည်း အစည်းအဝေးခန်းက ထွက်တာနှင့် ဒီစင်တာကို တန်းလာ တာမို့ ကုတ်အင်္ကျီကို မချွတ်ခဲ့မိ။ အပြင်ရောက်တော့လည်း အိုက်ရှာပေ မပေါ့...။

မောင်ထွန်းနိုင်က ဆရာ့ကို ချစ်ခင်သောစိတ်ဖြင့်သာ အမြဲ ကြည့်မိတာပင်...။ ဆရာကလည်း ချစ်စရာကောင်းလှသည်လေ။ ဝန်ထမ်း တွေအပေါ် သနားငဲ့ညှာတတ်တာ၊ ကူညီတတ်တာ၊ ကိုယ်ချင်းစာတတ်တာ တွေကြောင့် ဝန်ထမ်းတွေကလည်း ဆရာ့ကို ချစ်ကြသည်။ ဆရာ့ ကွယ်ရာမှာ 'ကိုစိုင်း' ဟု ချစ်စနိုး ခေါ်တတ်ကြသည်။

ဆရာက အပေါ်ယံ မျက်နှာထားတင်းပြီး ပြတ်ပြတ်သား သား ပြောဆိုဆက်ဆံလေ့ရှိပေမယ့် အတွင်းစိတ်ကတော့ နူးညံ့သည်။ အလုပ်လုပ်တဲ့ နေရာမှာလည်း အလွန်တော်လှပါသည်။

ဆရာ့ဘဝအကြောင်း တစ်စွန်းတစ်စသိရသလောက်ကတော့ ဆရာ ဆယ်တန်းအောင်ချိန်မှာ ဆရာ့အဖေက ကျောက်အောင်က ကြီးပွား ချမ်းသာလာသဖြင့် ဆရာ့ကို နိုင်ငံခြားမှာ ကျောင်းသွားထားသည်ဟု ဆိုသည်။ ကျောင်းပြီးသွားတော့မှ အဆက်အသွယ်တွေ၊ နည်းပညာတွေ ဆောင်ကာ မြန်မာနိုင်ငံကို ပြန်လာပြီး စီးပွားရေးလုပ်ငန်းကို လုပ်ခဲ့ သည်ဟုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ... မြန်မာနိုင်ငံမှာပင် ကျား မ ဝတ် ရယ်ဒီမိတ် အင်္ကျီ၊ ဘောင်းဘီ၊ အိတ်၊ ဂျာကင် ထုတ်လုပ်သည့် စက်ရုံတစ်ခု တည် ထောင်ကာ ဈေးကွက်ထဲသို့ ဖြန့်ဖြူးပေးနေသည်။ ပြီးတော့ မကြာခင်က ရန်ကုန်၊ မန္တလေးက ရှော့ပင်စင်တာတွေ၊ ကုန်တိုက်တွေမှာ၊ အမျိုးသား ဝတ် အဝတ်အစားအသုံးအဆောင် ဆိုင်တွေ ဖွင့်ဖို့စီစဉ်ခဲ့တာပင်။ ဒီစင်တာ မှာလည်း ဆိုင်ခန်းကျယ် တစ်ခန်းငှားရမ်းကာ ဒက်ကရေးရှင်းတွေ ပြင်ဆင် နေပြီမို့ ဆရာက ရုံးကအပြန်မှာ လှည့်ဝင်စစ်ဆေးကြည့်ရှုတတ်ပါသည်။

ဆရာက ခြေလှမ်းဖြောင့်ဖြောင့်မတ်မတ်ဖြင့် စင်တာထဲ လျှောက်ဝင်လာနေပါသည်။ မည်းပြောင်နေသော ရှူးစ်ဖိနပ် အကောင်း ပေါ်မှာ စတိုင်လ်ဘောင်းဘီစလေး ကျနေပုံကအစ လှပနေသည်ဟု ထင် သည်။ ဆရာက အလွန်ဖိနပ်ကြိုက်သည်။ ဆရာ့အိမ်က ဖိနပ်ဗီရိုကြီး ဟည်းထနေသည်။ ဆရာစီးသမျှ ဖိနပ်တွေဟာ အကောင်းစား နာမည်ကြီး Branded တွေချည်းပင်။ နိုင်ငံခြား ညှိသည်နှင့် တွေ့ဆုံတဲ့အခါမျိုး ကုတ်အင်္ကျီနက်ခ်တိုင်နှင့် အနောက်တိုင်းဝတ်စုံပြည့် ဆင်မြန်းပြီး အကော ဆုံးသော ရှူးစ်ဖိနပ်ကို ဆရာစီးထားလျှင် မင်းသားရုံးအောင် လှပစတိုင် ကျလှပါသေသည်။ ခုလို ရှော့ပင်းစင်တာကြီးထဲသို့ လျှောက်ဝင် လာ အစ သူ့ဌေးကြီး ဟန်ပန်မျိုး ထည်ဝါထင်ရှားလွန်းတာမို့ တချို့လူတွေ ပင် ဆရာ့ကို ငေးကြည့်သွားကြရပါသည်။

"ထွန်းနိုင် ... မင်း ငါ့ကိုချည်း ကွက်ကြည့် ကွက်ကြည့် လုပ်ေ ခလုတ်တိုက်လိမ့်မယ်"

ဦးစိုင်းခွန်သာက ထွန်းနိုင် ကြည့်ကြည့်နေတာကို မျက် ထောင့်စွန်းက မြင်နေရတာမို့ ထွန်းနိုင်ကို လှမ်းကျီစယ် လိုက်ေ မျက်နှာထားကတော့ ခပ်တည်တည်ပင်။ သူက သူ့တပည့်တွေကို အ ပေါက်ဖြင့် နောက်နေကျပင်။

မောင်ထွန်းက တဟဲဟဲ ရယ်သွမ်းသွေးရင်း ...

"ဟဲဟဲ ... ဆရာ့ ကြည့်ရတာ ကိုရီးယားကားတွေထဲက





နေရာမှာ သရုပ်ဆောင်တဲ့ မင်းသားတွေ ကုမ္ပဏီ အဆောက်အဦး ကြီးထဲ လှမ်းဝင်လာသလို အရမ်းကြည့်ကောင်း စမတ်ကျလွန်းလို့ ပါ ဆရာရယ်"

"မင်း ဒီလို အမွှန်းတင်ပုံမျိုးနဲ့ ငါပဲ ခလုတ်တိုက်တော့မယ်ထင် တယ်"

စိုင်းခွန်သာက မသိမသာလေး ပြုံးယောင်ပြုကာ ထွန်းနိုင်ကို ျကျီစယ်လိုက်ရင်း ဘေးဘက်ဆိုင်ခန်းတွေဆီသို့ အမှတ်တမဲ့ မျက်လုံး ကြည့်နေချိန်မှာ ...

"ဟင် ..."

သူ့ခြေလှမ်းတွေ ရုတ်တရက် ရပ်တန့်သွားသည်။

"ဘာဖြစ်လို့လဲ ဆရာ ..."

သူ မဖြေနိုင်ပါ။ သူ့မျက်စိရှေ့က မြင်ကွင်းကိုသာ မျက် င်ကြူတ်လျက် စူးစိုက်ကြည့်နေလိုက်ပါသည်။

ထားသခင် ...

သူနဲ့ ကျောင်းတော်က ရန်စရှိခဲ့တဲ့ ထားသခင်။

အခြေကြီး မောက်မာခဲ့တဲ့ ထားသခင် ...။

သူ့စိတ်ကို အမျိုးမျိုး ရိုက်ချိုးနှိမ့်ချစေခိုင်းခဲ့တဲ့ ထားသခင်။

ထိုသူဌေးမ ထားသခင်ဟာ အမျိုးသမီးတစ်ယောက် ရှေ့မှာ စ်ဖက်ထောက်၍ ထိုင်ချလိုက်တာကို မြင်လိုက်ရတာပင်။ သူမရှေ့မှာ ဖိနပ်တစ်ရံ။ ဆိုင်က ဖိနပ်ဆိုင်။ ဟား ... ဒါဆို သူမက ဖိနပ် ောင်းစာရေးပေါ့။ ကြည့်လို့ ကောင်းပါ့ကွာ။

ထားသခင်ပုံစံက နည်းနည်းတော့ ပြောင်းလဲသွားပေမယ့် တော့အသေအချာမှတ်မိပါသည်။ ဆံပင် အနည်းငယ် ရှည်လာတာ၊ ည်းပိန်သွားတာ။ အဝတ်အစား မသစ်လွင် မတောက်ပတာကလွဲရင် သခင် ရုပ်က ထူးခြားပြောင်းလဲ မသွားပါ။ သို့သော် ထူးခြားတာ မျက်နှာထားပင်။ ဟိုတုန်းက မျက်နှာထားဟာ ကိုယ့်မှာရှိသော



www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ် အရှိန်အဝါဖြင့် အလိုလို ဝင့်ကြွားနေသည့် မျက်နှာမျိုး။ အခု မျက်နှာကတော့ သိမ်ငယ်စိတ်ကို ကြိုးစားဖုံးကွယ်ရင်း တမင် ဟန်လုပ် မာန်တင်းထားရသည့် မျက်နှာမျိုး။ အထူးသဖြင့် မျက်လုံးတွေဟာ အရင်လို မတောက်ပတော့ဘဲ ဝမ်းနည်းရိပ်သမ်းနေသည်။

လွန်ခဲ့တဲ့ ခြောက်နှစ်ကျော်အချိန် သူနဲ့ နောက်ဆုံး တွေ့ခဲ့စဉ်က သူ့ဆံပင်တွေဟာ လည်ကုပ်ပေါ်မှာ ဖောင်းဖောင်း လုံးလုံးလေး ခုတော့ ရှေ့ဆံပင်တွေကို နဖူးအုပ်၍ တိတိချထားကာ နောက်ဆံပင်ကို သိုးမွှေးကွင်းလေးနှင့် စည်းလျက် နားမှာ ပုလဲအတု အပေါ်စား နားဆွဲလေး ဆွဲထားပုံက သာမန်ဆန်လွန်းသည်။

ခွန်းသက ဘောင်းဘီအိတ်ထဲကို လက်နှိုက်လျက် ရပ်တန့်ရင်း ထိုမြင်ကွင်းကို ကြည့်နေမိသည်။

အခု ... မင်းကို ရပ်ကြည့်နေတဲ့ သူဌေးလေး ဦးစိုင်းခွန်းသ ဆိုတာ 'ခွန်းသ' ပါ ထားသခင်။ ကိုယ်ဟာ ခွန်းသပါ။ မင်းခြေဖဝါး အောက်မှာ နေခဲ့ရဖူးတဲ့ ခွန်းသပါ။ မင်းခြေအစုံမှာ ဖိနပ်စီးပေးခဲ့ရတဲ့ ခွန်းသပါ။ မင်း ပါးရိုက်တာ ခံရဖူးတဲ့ ခွန်းသပါ။ မင်း အခု ငါ့ရှေ့မှာ အဲ့ဒီမိန်းမကို ဖိနပ်စီးပေးလိုက်စမ်းပါ။ ငါ လက်ခုပ်သြဘာပေးဖို့ စောင့် ကြည့်နေပါတယ်။ ကံတရားက ငါ့ကို အသာစီးပေးတော့မှာမို့လို့ မင်းနဲ့ ပြန်တွေ့စလေးမှာပဲ ဒီလို မြင်ကွင်းမျိုးကို တွေ့ခွင့်ပေးလိုက်တာ ဖြစ်မယ်။

ခွန်းသက ထားသခင် ဘာလုပ်မလဲဟု စောင့်ကြည့်နေဆဲမှာ ထားသခင်က ဖိနပ်ကိုမကိုင်တော့ဘဲ ဆတ်ခနဲ မတ်တတ် ထရပ်လိုက် ရင်း ...

"ကျွန်မ မလုပ်နိုင်ဘူး ..."

"ဘာ ... နင် နင် ဘယ်လိုမိန်းကလေးမျိုးလဲ ထားသခင်"

"ကျွန်မ မလုပ်နိုင်ဘူး၊ ကျွန်မကို တခြားဟာခိုင်းပါ"

"တခြားဟာ ခိုင်းစရာမရှိဘူးဟဲ့၊ နင်တို့တန်တဲ့ အလုပ်မို့ နင့်ကို ခိုင်းတာ၊ နင် ဒါပဲလုပ်ရမယ်၊ နင့်ကို ဒါလုပ်ဖို့ ခန့်ထားတာ"





ကောင်းလိုက်တဲ့ စကားလုံးတွေပါလားကွာ ...။

"သူများခြေထောက်ကို ကျွန်မ လက်နဲ့မထိနိုင်ဘူး၊ သူ့ ခြေထောက် မှာ ကြေး (ကျိုး) တွေနဲ့ ..."

"ဟင် ... ကြည့်စမ်း ... နင်၊ ဆောရီးနော် အစ်မ၊ သူ့ကို စိတ်မနဲ့ မှန်း မသိလို့ ကျွန်မ အလုပ်ခန့်ထားမိတာပါ၊ တောင်းပန်ပါတယ် ရှင်၊ တခြားတစ်ယောက် ခေါ်ပေးပါ့မယ်၊ ဖြူဖြင် လာစမ်း၊ ဒီမှာ ကူပေးလိုက်၊ ထားထား သွားတော့၊ နင့်ကို ငါ အလုပ်ထုတ်တယ်"

မန်နေဂျာ ဖြစ်ပုံရသော အမျိုးသမီးက သူမကို နှင်ထုတ်စဉ်မှာ သူမမျက်နှာက ပျက်ယွင်းသွားသည်။ ဝမ်းနည်း အားငယ်ရိပ်တွေ သမ်းလျက် မျက်ရည်ရစ်လည်လာတာကိုလည်း လျှပ်တစ်ပြက်အတွင်း မြင်လိုက်ရသည်။ သို့သော် သူမက ချက်ချင်း မာန်တင်းလိုက်ပုံဖြင့် ဆိုင် နောက်ဘက်သို့ လှည့်ဝင်သွားပြီး အိတ် တစ်လုံးနှင့် ထမင်းချိုင့်တစ်ချိုင့်ကို ဆွဲကာ ပြန်ထွက်လာသည်။

"ထွန်းနိုင် ..."

"ဗျာ ... ဆရာ"

"သူ့နောက်လိုက်သွား၊ ငါ့ visiting ကတ်တစ်ခု ပေးပြီး ကုမ္ပဏီမှာ ဝန်ထမ်းတွေလိုနေလို့ အလုပ်လိုချင်ရင် လာလျှောက်လို့ ပြော လိုက် ..."

"ဟုတ် ... ဟုတ်ကဲ့ ဆရာ"

ထွန်းနိုင်က ဆိုင်ထဲကထွက်သွားပြီဖြစ်သော ကောင်မလေး နောက်သို့ ခပ်သွက်သွက် လိုက်လာခဲ့ပြီး ...

"ဒီမှာ ... ဒီမှာ ... ဟေ့ ..."

"ဘာလဲ ... ဘာလဲ ... ပြော"

အားပါး ... မလွယ်ပါလား ...။ အလုပ်ထုတ်ခံလိုက် ရတာ တောင် လေသံက မလျော့ ...။ ထွန်းနိုင်က ကတ်လေးကို လှမ်းပေးလိုက် ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရော့ … ဒီမှာ ဒါ ငါတို့ကုမ္ပဏီ သူဌေးရဲ့ visiting ကတ်၊ ကုမ္ပဏီမှာ ဝန်ထမ်းလိုနေလို့ မင်း အလုပ်လုပ်ချင်ရင် လာလျှောက်လိုက် …"

ထားသခင်သည် ထိုသူပေးသည့် ကတ်ကို ငုံ့ကြည့်လိုက်သည်။ 'ဦးစိုင်းခွန်သာ' (မန်နေဂျင်းဒါရိုက်တာ) တဲ့။ ငါနဲ့လည်း မသိဘဲနဲ့။

"ရှင်က သူဌေးလား၊ သူဌေးတော့ မဖြစ်နိုင်ဘူးထင်တယ်၊ ရှင့်ပုံက သူဌေးရုပ်မပေါက်ဘူး"

ပြောပုံကိုက … ။ ငါလေ … တယ်။ ထွန်းနိုင်က ကိုယ့်ကို ခြေဆုံးခေါင်းဆုံး ကြည့်၍ အထင်သေးသလို ပြောလိုက်သော သူမရှေ့က နေ ခပ်မြန်မြန် ပြန်လှည့်လာခဲ့ရပါသည်။

ထွန်းနိုင်က ပြင်လက်စ ဆိုင်ခန်းနားရောက်နေပြီဖြစ်သော သူဌေးကို မီအောင် အပြေးလိုက်လာရင်း …

"ကောင်မလေးက တော်တော်မလွယ်တဲ့ ဟာလေးပဲ ဆရာ"

ခွန်းသာက ထွန်းနိုင်ကို ဘာမှပြန်မပြောဘဲ နှုတ်ခမ်း တွန့်ရုံ ပြုံးလိုက်သည်။ မင်းအကျင့်တွေ ခုထိတောင် မပျောက်နိုင်သေးရင် ကိုယ်က ပျောက်ပေးရတော့မှာပေါ့ ထားသခင်။

"ထွန်းနိုင် …"

"ခင်ဗျာ …"

"ငါတို့ အခု ပြင်နေတဲ့ဆိုင်မှာ ဖိနပ်ကောင်းတာပါလားကွ"

"မပါဘူးလေ ဆရာ၊ အမျိုးသား အဝတ်အစားနဲ့ ခါးပတ်၊ ပိုက်ဆံအိတ် သီးသန့်ပဲလေ …"

"ဖိနပ်ကောင်းတာတစ်ခု ထပ်ဖြည့်ခိုင်းလိုက်"

"ဗျာ …"

"အမျိုးသားဝတ် ဖိနပ်တွေပါ တွဲရောင်းမယ်၊ ပစ္စည်းတင်ဖို့ ကိုစိုး မင်း တာဝန်ယူလိုက် …"

"ဟုတ် … ဟုတ်ကဲ့ ဆရာ"

○ ○ ○



♠ ♠ ♠

"နာမည်ပြောပါ"

"ထားသခင် …"

"ထားခင်ခင်လား"

"မဟုတ်ဘူး၊ ထားသခင်၊ ထားသခင်"

ရီဆက်ရှင်က အမျိုးသမီးက ထားသခင်ကို မျက်လွှာ တစ်ချက် ပင့်ကြည့်သည်။ အင်း … ဒီလိုပဲ။ ဒီနာမည်ကြားရင် ဒီလိုပဲ ကြည့်ကြလွန်းလို့ စိတ်ပျက်လာပြီ။

"ဘယ်သူနဲ့ တွေ့ချင်တာလဲ"

"ဦးစိုင်းခွန်သာ …"

အမျိုးသမီးက မျက်ခုံးတစ်ချက် ပင့်ပြန်သည်။

"သူဌေးရဲ့ မိတ်ဆွေလား"

"မဟုတ်ပါဘူး …"

"အလုပ်ကိစ္စ ချိန်းထားတာ ရှိလို့လား"

"မရှိပါဘူး …"

"သူဌေးနဲ့က အပွိုင့်မန့်မယူဘဲ ဒီအတိုင်း လာတွေ့လို့မရဘူးရှင့်၊ ကျွန်မတို့ သူဌေးက အလုပ်များ …"



www.burmeseclassic.com

www.burmeseclassic.com



"ရော့ ... ဒီမှာ ကြည့် ..."

ထားသခင်က စကားကို ဝေ့လည်ကြောင်ပတ်ပြော နေသော အမျိုးသမီးရှေ့စားပွဲပေါ်သို့ ဦးစိုင်းခွန်သာ၏ visiting ကတ်ကို ဖျပ်ခနဲ ဆောင့်ချပစ်လိုက်ရင်း ...

"ရှင်တို့ သူဌေးကတ်ကို သူဌေး တပည့်လား ဘာလား မသိဘူး ဥပဓိရုပ် ခပ်ညံ့ညံ့ လူတစ်ယောက်က အတင်းလိုက်ပေးပြီး အလုပ်လိုချင်ရင် လာလျှောက်ပါဆိုလို့ လာခဲ့တာ"

"ဩော် ... ကိုထွန်းနိုင် ပေးထားတာထင်တယ်၊ ဒါဆိုလည်း ကိုထွန်းနိုင်ကို ခေါ်ပေးပါမယ်"

"အဲဒီ ကိုထွန်းနိုင်က ဘာလဲ"

"သူက သူဌေးတပည့်ပါ"

"သူ့ကို ခေါ်မပေးနဲ့၊ မျက်နှာကလည်း စပ်ဖြဲဖြဲနဲ့ မျက်နှာရှုံ့မို့ သူနဲ့မတွေ့ချင်ဘူး၊ သူဌေးနဲ့ပဲ တိုက်ရိုက်တွေ့မယ်"

"သူဌေးနဲ့ တိုက်ရိုက်တွေ့လို့ မရပါဘူးရှင်၊ ကျေးဇူးပြုပြီး ရှေ့ခန်းမှာ ခဏထိုင်စောင့်ပေးပါ၊ ကျွန်မ အကြောင်းကြားပေးပါ့မယ်"

ထားမှာ ဘာမှဆက်မပြောသာတော့ဘဲ အမျိုးသမီး ညွှန်ပြသည့် ထိုင်ခုံမှာ သွားထိုင်စောင့်နေလိုက်ရသည်။

အမျိုးသမီးကတော့ ထားသခင်ကို ဆလံသချင်သော အကြည့်နှင့် တစ်ချက်လှမ်းကြည့်ပြီး သူဌေးတပည့် ကိုထွန်းနိုင်၏ ဖုန်းကို လှမ်းခေါ်ကာ အသံခပ်အုပ်အုပ်နှင့် ...

"ကိုထွန်းနိုင် ဒီမှာ ရှင့်ပြဿနာ စောင့်နေတယ်၊ လာရှင်းဦး"

"ဘာလဲဗျ ... ၊ အစ်မကလည်း ရှင်းအောင်ပြောမှပေါ့၊ ကျွန်တော့် ပြဿနာတွေက တစ်နေ့တစ်နေ့ ဒီလောက်များတာ၊ ခေါင်းစဉ်လေး ပြောမှ လာတွေ့သင့် မတွေ့သင့် စဉ်းစားရမှာ"

"သူဌေးနဲ့ တွေ့ချင်လို့တဲ့၊ ရှင် ကတ်ပေးခဲ့လို့ လာတာလို့ပြောတယ်၊ နာမည်က ထားသခင်တဲ့"





"ဟာ ... ဟုတ်လား"

သူဌေးက ထိုနာမည်ကို ပြောပြပြီး လာရင် ခေါ် တွေ့ဖို့၊ အလုပ်ခန့်ဖို့ သေချာပြောထားတာပင် ... ။

"ကျွန်တော့် ရုံးခန်းထဲ လွှတ်လိုက်လေ ..."

"ရှင်က မျက်နှာရှုံ့မို့လို့ ရှင်နဲ့မတွေ့ချင်ဘူးတဲ့"

"ဟာဗျာ ... ဒီလိုပဲပြောသလား၊ တွေ့ဦးမယ် ... ဟွန်းဟွန်း"

ထွန်းနိုင်က ဖုန်းကိုပြန်ချလိုက်ပြီး ထိုင်ခုံနောက်မှီကို မှီချကာ ထားသခင်ကို စောင့်နေလိုက်ပါသည်။

ထားသခင်ဆိုတာ ဆရာနဲ့ ဘယ်လိုပတ်သက်လဲ ဆိုတာ တော့ သူ မသိရသေးပါ။

ခုတော့ ဆရာ ခိုင်းထားတဲ့အတိုင်း လုပ်ရုံပင်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

"နာမည်က ထားသခင်နော်"

"ဟုတ်ပါတယ်"

"အသက်က ..."

"၂၁ ..."

"ပညာအရည်အချင်းက ..."

"ဆယ်တန်း"

"အောင်လား"

"မအောင်ဘူး"

"အလုပ်အတွေ့အကြုံ"

"အရောင်းစာရေး"

"နေရပ်"

"အဆောင်မှာနေတာ"

"အဆောင်လိပ်စာနဲ့ ဆက်သွယ်ရမယ့် ဖုန်းနံပါတ် ..."

ထားသခင်ပြောသမျှကို ထွန်းနိုင်က စာရွက်ပေါ်မှာ ရေး နေလိုက်သည်။ တကယ်တော့ ဒါတွေက ဟန်ကိုယ့်ဖို့ လုပ်ရတာ ဆရာက ဘယ်လိုပဲဖြစ်ဖြစ် (... ...) စင်တာက ဆိုင်သစ်မှာ အလုပ် မှာထားပြီးသားပင်။





"ကဲ ... ရှင်မေးလို့ ပြီးပြီလား"

"ခင်ဗျာ၊ ပြီးပါပြီ ... ပြီးပါပြီ"

"ဒါဆို ကျွန်မ မေးဦးမယ်"

"ဩော် ... အင်း ... မေးပါ၊ မေးပါ"

"ရှင်တို့ ကုမ္ပဏီက ဘာကုမ္ပဏီလဲ ..."

"အဝတ်အစားတွေထုတ်လုပ်တဲ့ ကုမ္ပဏီပါ၊ အခုအမျိုးသား အဝတ်အစား ဖက်ရှင်ဆိုင်တွေလည်း ဖွင့်နေပါပြီ ခင်ဗျ"

"ကျွန်မကို အလုပ်ခန့်မှာလား၊ မခန့်ဘူးလား"

"ခန့်မှာပါ ..."

"ကျွန်မက ဘယ်နေရာမှာ အလုပ်လုပ်ရမှာလဲ"

"ကျွန်တော်တို့ အသစ်ဖွင့်မယ့် အမျိုးသား အဝတ်အစား ဆိုင်မှာ အရောင်းဝန်ထမ်းလုပ်ရမှာပါ"

ထွန်းနိုင်က သူမ မေးသမျှ ဖြေနေရဆဲ အုပ်ချုပ်မှု မန်နေဂျာ သမီးက သူ့အခန်းထဲဝင်လာကာ သူ့ကိုမျက်ခုံးပင့်ကြည့်လိုက်ရင်း ...

"ကိုထွန်းနိုင် ရှင် အခု ဝန်ထမ်းခန့်ဖို့ ဗျူးနေတာလား၊ ရှင်က အဗျူးခံနေတာလား"

"ဩော် ... အဟဲ ... အစ်မကလည်း ကျွန်တော်က ဗျူးနေတာပါ အစ်မရဲ့"

"လုပ်စရာရှိတာ မြန်မြန်လုပ်၊ ပြီးရင် ရှင့်ဆရာဆီ တင်ရမယ့် ဖိုင်တွေ စစ်ပေးဦး"

"ဟုတ်ကဲ့ ... အစ်မ၊ ခဏလေးပါ၊ နည်းနည်းပါးပါး ဗျူးပြီးရင် ပြီးပါပြီ"

ထွန်းနိုင်က မျက်နှာထားကို ပြန်တည်ပစ်လိုက်ရင်း ...

"အဟမ်း ... အဲဒီတော့ ကျွန်တော် ပြောချင်တာက ကျွန်တော်တို့ ကုမ္ပဏီမှာ လောလောဆယ် ဝန်ထမ်းတွေလည်းလိုနေတော့ အတွေ့ အကြုံရှိတဲ့ ခင်ဗျားကို အလုပ်ခန့်လိုက်ပါ့မယ် ..."

"ကောင်းပြီလေ၊ လခက ဘယ်လောက်ပေးမှာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"တစ်လအတွက် ၈ သောင်းနဲ့ ၆ လစာ ကြိုထုတ်ပေးလိုက်မယ်၊ ဒီ ၆ လအတွင်းမှာ ခင်ဗျားသဘောတစ်ခုတည်းနဲ့ အလုပ်မထွက်ပါဘူးလို့ စာချုပ်မှာ လက်မှတ်ထိုးရမယ်၊ ခင်ဗျားဘက်ကကတိဖျက်ရင်တော့ ခင်ဗျားယူထားတဲ့ ငွေရဲ့ ၆ ဆ ပြန်လျော်ရမယ်"

ထားသခင်က ငြိမ်တွေစဉ်းစားနေပါသည်။ ၈သောင်း ဆိုသည်မှာ နည်းတော့မနည်း။ ဖြူဖြင်တို့ ဆိုင်တုန်းက ၄ သောင်းပဲရတာဆိုတော့ နှစ်ဆတောင် ဖြစ်နေပြီ။ ပြီးတော့ ၆ လစာ လုံးခဲ ရလျှင် လိုအပ်တာလေးတွေလည်း ဝယ်နိုင်မည်ဟူသော လောဘတွေးလေး တွေးမိလာကာ ...

"ကောင်းပြီ၊ ကျွန်မ လက်မှတ်ထိုးပေးမယ်"

ထားက ကိုထွန်းနိုင် ထုတ်ပေးသော စာချုပ်မှာ လက်မှတ်ထိုးပေးလိုက်ပြီး ငွေ လက်ခံယူလိုက်ပါသည်။

"ဒါနဲ့ ရှင်တို့ဆိုင်က ဘယ်မှာလဲ"

"( ... ... ) စင်တာမှာ"

"ဟင် ... အဲဒီမှာဆို ကျွန်မ မလုပ်ချင်ဘူး"

"ဘာဖြစ်လို့လဲ ..."

"ကျွန်မ အရင်လုပ်ခဲ့တဲ့ ဆိုင်ကလည်း အဲ့ဒီစင်တာမှာပဲ၊ ကျွန်မ သူတို့နဲ့ မတွေ့ချင်ဘူး"

"ဆိုင်ချင်းက အဝေးကြီးပါ၊ ဒီလောက် စင်တာအကျယ်ကြီးထဲမှာ တွေ့ချင်ရင်တောင် မတွေ့ပါဘူး၊ ဪ ... ဒါနဲ့ ခင်ဗျားရဲ့ နာမည်ကိုယ် အတိုင်းအထွာလေးတွေ ပေးခဲ့ဦး"

"ဘာရှင့် ..."

"ဟာ ... စွတ်အော်တာပဲ၊ လန့်လိုက်တာ၊ ယူနီဖောင်းချုပ် ပေးဖို့တောင်းတာဗျ၊ ကျွန်တော့်ကိုလည်း မပေးရပါဘူး၊ ရီဆက်ရှင်က အမျိုးသမီးကိုသာ ပေးခဲ့ပါ"

"ရှင်တို့ ယူနီဖောင်းက ဘာရောင်လဲ ..."

"အင်္ကျီ မီးခိုးရောင်၊ စကတ်က အနက်ရောင်"





ထားသခင်က မသိမသာ နှာခေါင်းရှုံ့ကာ ...

"အနီရောင် ချုပ်ပါလား"

"ဗျာ ..."

"ယူနီဖောင်းက အနီရောင်ဆို ပိုမကောင်းဘူးလား၊ အနက်နဲ့ မီးခိုးဆိုရင် အရောင် မမှိုင်းဘူးလား"

"လုပ်ငန်းခွင်တွေမှာတော့ အဖြူအမည်းနဲ့ မီးခိုးပဲကောင်း ပါတယ်ဗျာ၊ ဒီအရောင်တွေက စိတ်ကို တည်ငြိမ်ရင့်ကျက် စေတယ်လေ၊ အနီရောင်ကိုတော့ စားသောက်ဆိုင်ဖွင့်တော့မှပဲ ယူနီဖောင်း ချုပ်ခိုင်းတော့မယ်"

"ဘာဖြစ်လို့လဲ ..."

"အနီရောင်က စားချင်စိတ်ကို လှုံ့ဆော်ပေးတယ်တဲ့ဗျ၊ ဆိုင်ထဲမှာ အနီရောင်တွေ ပြည့်နှက်နေမှ ရောင်းအားပို ကောင်းမှာ"

"ရှင့်အယူအဆက ကျွန်မအယူအဆနဲ့ မတူဘူး၊ ကျွန်မ အယူအဆကတော့ အနီရောင်ဆိုတာ ရဲရင့်ခြင်းနဲ့ သတ္တိရှိခြင်းကို ကိုယ်စားပြုတာရှင့်"

"လူတစ်ကိုယ် အယူအဆ တစ်မျိုးပေါ့ဗျာ၊ ကျွန်တော့် သူဌေးကတော့ အနီရောင်ကို တအားမုန်းတာဗျ၊ သူဌေးက အနီရောင်ဆိုနက်ခ်တိုင်တောင် မစည်းဘူး၊ ခင်ဗျား ကျွန်တော်တို့ဆီမှာ အလုပ်လုပ်ရင်တော့ အနီရောင် ယူနီဖောင်း ဘယ်တော့မှ ဝတ်ခွင့်ရမှာမဟုတ်ဘူး၊ ဒါနဲ့ ခင်ဗျားက ဘာဖြစ်လို့ ယူနီဖောင်းကို အနီရောင်ဖြစ်စေချင်ရတာလဲ"

"ကျွန်မ ကြိုက်လို့ပေါ့ ..."

"ဪ ... ဪ ... ဪ ..."

ခပ်သာသာလေး ပြောလိုက်သော ထားသခင်ကို ထွန်းနိုင်က အံ့ဩတကြီး ပြူးကြည့်လိုက်မိပါသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

"ဆရာ ... ထားသခင် ပြန်သွားပါပြီ၊ ဆရာခိုင်းထားတဲ့ အတိုင်း လုပ်လိုက်ပါတယ်၊ အဆင်ပြေပါတယ် ဆရာ၊ မကေသီ စစ်ခိုင်း ထားတဲ့ ဖိုင်တွေ စစ်ပြီးရင် ဆရာ့ဆီ လာခဲ့ပါ့မယ်"

အင်တာကွန်းက ထွန်းနိုင်အသံ ပျောက်သွားတာနှင့် ခွန်းသ က စားပွဲခုံနောက်က လည်သာ ဆုံလည်ကုလားထိုင်ကို နောက်ဘက် မှန်နံရံဆီ လှည့်လိုက်ပြီး အပြင်ဘက်သို့ လှမ်းကြည့်နေလိုက်ပါသည်။

သူ့ရုံးခန်းကကြည့်လျှင် ရုံးအဆောက်အဦးရဲ့ ဂိတ်သို့ထွက် သည့် လမ်းကလေးကို လှမ်းမြင်နိုင်သည်။ အဆောက်အဦးက ကုန်းမြင့် လေးပေါ်မှာ ရှိပြီး ခြံဂိတ်တံခါးက မြေနိမ့်ပိုင်းမှာဖြစ်သည်။ ခြံသို့လာသည့် ကားတွေက ထိုကွန်ကရစ်လမ်းလေးအတိုင်း မောင်းဝင်လာတတ်ပြီး ကား မပါသည့် လူတွေကလည်း ဒီလမ်းလေးကပဲ ခြေကျင်လျှောက်လာတတ် တာကို သူ လှမ်း မြင်နိုင်သည်။ ကွန်ကရစ်လမ်းလေးရဲ့ တစ်ဖက်တစ်ချက် မှာတော့ စနစ်တကျ စိုက်ပျိုးထားသော မြက်ခင်းစိမ်းစိမ်းနှင့် အလှဆင် ကျောက်တုံးများ၊ သေချာ ပုံဖော်ထားသော အပင်ပုကလေးများ ရှိသည်။

ခွန်းသ လှမ်းကြည့်နေဆဲမှာပဲ ထိုလမ်းလေးအတိုင်း လျှောက် ထွက်လာသော ထားသခင်ကို မြင်ရလေသည်။





သူမရဲ့ အမြဲ မော်နေသော ဦးခေါင်းဟာ မသိမသာ လေး ငိုက်စိုက်ကျနေသည်။ သူမရဲ့ လမ်းလျှောက်ပုံကအစ ဟို အရင်နဲ့ လုံးဝ မတူတော့ ...။ ဘတ်စ်ကား တိုးစီးလာတယ်ထင်ပါရဲ့။ ဆံပင်တွေကလည်း ဖွာလို့ပြီး သေသေသပ်သပ်မရှိဘဲ အဝေးက ကြည့်တာနဲ့တောင် နွမ်းဖတ်နေ မှန်းသာ သိသာသည်။

မင်းဘဝ ပြောင်းခဲ့ပြီပေါ့ ထားသခင် ...။ မင်းဘဝဟာ မယုံ့ နိုင်အောင် ပြောင်းခဲ့သလို ငါ့ဘဝကလည်း မယုံနိုင်အောင် ပြောင်းလဲ ခဲ့တယ် ...။

ခွန်းသ ကြည့်နေဆဲ ... မှန်နံရံရဲ့ဘေးမှာ လိုက်ကာစကို ချည်ထားသည့် ကြိုးက ပြုတ်ထွက်ကာ လိုက်ကာတစ်ဝက်က မှန်ကို ဖုံးကွယ်သွားတာမို့ သူက မတ်တတ်ထရပ်လိုက်မိပြီး လိုက်ကာစကို လက်ဖြင့် ဖယ်ကာ မှန်နှင့်ကပ်လျက် သူမကို လှမ်းကြည့်မိပြန်သည်။ သူမက ဟိုးအနိမ့်ပိုင်း ခြံဂိတ်တံခါးဝနား ရောက်သွားမှ နောက်သို့လှည့်ကာ ကုန်းမြင့်ပေါ်က အဆောက်အဦးကြီးကို မော့ကြည့်လိုက်သည်။ ခြံဂိတ် တံခါးနှင့် သူ့ရုံးခန်းက တည့်တည့်ကျတာမို့ သူမက သူ့ကို လှမ်းကြည့် လိုက်သလိုပင် ထင်မိကာ လက်ဖြင့် ဖယ်ကိုင်ထားသော လိုက်ကာစကို တောင် ရမ်း၍လွှတ်လိုက်မိသည်။ ပြီးမှ မမြင်လောက်ပါဘူးလေဟု သက် ပြင်းချကာ နောက်ဘက်သို့ အလှည့် ...

"ထားသခင်ကတော့ မလွယ်ကြောပဲ ဆရာရေ ...၊ သူ့အလုပ် ခန့်တာနဲ့ပဲ သူဝတ်ချင်တဲ့ ယူနီဖောင်းအရောင်မျိုး တောင်လိုက် ပြောင်းပေးရမယ့်ပုံပဲ"

ထွန်းနိုင်က ရေရွတ်ညည်းတွားရင်း သူ့ရုံးခန်းထဲ ဝင်လာပြီမို့ သူက ဆုံလည်ကုလားထိုင်ပေါ်မှာ ပြန်ထိုင်လိုက်ရင်း...

"ရှင်းစမ်းပါဦး၊ ဘာဖြစ်လို့လဲ ..."

"ကျွန်တော်တို့ ချုပ်ပေးမယ့် ယူနီဖောင်းအရောင်က မှိုင်းလို့တဲ့၊ သူကြိုက်တဲ့အရောင် ပြောင်းဖို့ လာပြောနေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အနီရောင်ပြောင်းခိုင်းတာမှ ဟုတ်ရဲ့လား"

"ဟင် ... ဆရာက သူကြိုက်တဲ့အရောင်ကို သိနေတာလား"

"မဟုတ်ပါဘူး၊ ရမ်းပြောကြည့်တာပါ"

သူက လက်ကာပြရင်း ခပ်မြန်မြန်ငြင်းလိုက်ရသည်။ ဒီလို မငြင်းလျှင် ထွန်းနိုင်က အစဆွဲပြီး ဖွတော့မှာမို့ပင် ...။

"မင်း ငါစုံစမ်းခိုင်းတာကော စုံစမ်းပြီးပြီလား ထွန်းနိုင်"

"စုံစမ်းပြီးပါပြီ ဆရာ၊ ပြင်ဦးလွင်က အဲ့ဒီအိမ်ကြီးကို အရင်ပိုင်ရှင်က ရောင်းသွားတာ ကြာပြီတဲ့၊ ပိုင်ရှင်က အဘွားကြီးတစ်ယောက်နဲ့ မြေးမယယ်ယယ်လေး နှစ်ယောက်တည်းတဲ့၊ စီးပွားရေးအဆင်မပြေ တော့လို့ ရတဲ့ဈေးနဲ့ ရောင်းသွားတယ်လို့ ပြောတယ်၊ ပြင်ဦးလွင်က ကျွန်တော့် မိတ်ဆွေ တစ်ယောက်ဆီ ဖုန်းဆက်ပြီး အဲ့ဒီအိမ်ကြီး အကြောင်းစုံစမ်းလို့ သိရတာပါ ဆရာ ...၊

"ဆရာ လိပ်စာပေးထားတဲ့ ရန်ကုန်အိမ်နားကိုတော့ ကျွန် တော်ကိုယ်တိုင် သွားစုံစမ်းထားတာပါ၊ ဆရာ ပြောတဲ့ ဒေါ်ထားခင် ကြီးဆိုတာ အရင်အိမ်ပိုင်ရှင်တဲ့၊ သူက လောင်းကစား သိပ်လုပ် တာတဲ့ ဆရာ၊ အိမ်ကို ဖဲပေါင်ရိုက်ရင်း အပေါင်ဆုံးသွားတာတဲ့ ... သူဆုံးတော့ သူ့မြေးမလေး လည်း ဘာမှမလုပ်တတ် မကိုင်တတ် ကျန်ရစ်ပြီး အိမ်ပေါ် ကဆင်းပေးလိုက်ရတာတဲ့၊ ဒေါ်ထားခင်ကြီး တို့ကို ထောက်ပံ့နေတဲ့ သားကလည်း နိုင်ငံခြားမှာ ဆုံးသွားတယ် ပြောတာပဲ ဆရာ"

လူ့ဘဝဆိုတာ တကယ်တော့ အံ့ဩစရာကြီးပါလား။ ဒေါ် ထားခင်ကြီးတို့ ဆင်းရဲသွားပုံက မယုံနိုင်စရာပင် ...။

ဒါဆို ခုချိန်မှာ ထားသခင်ဟာ ခိုကိုးရာမဲ့ တစ်ကောင် ကြွက်ပေါ့ ...။ သနားစရာပေမယ့် မသနားချင်တော့ပါဘူး ထားသခင်

"ထားသခင်ကို အလုပ်စဝင်ရမယ့် ရက်ကိုတော့ မပြောလိုက်ရဘူး ဆရာ၊ သူနေတဲ့ အဆောင်လိပ်စာနဲ့ ဖုန်းနံပါတ်ကိုတော့





ယူထားလိုက်ပါတယ်၊ အလုပ်ဝင်ရမယ့်ရက် ကို ဖုန်းဆက် အကြောင်းကြားလို့တော့ ရပါတယ်"

"ဆိုင်မှာ ဗီနပ်ကောင်တာ ထည့်တာ ပြီးပြီလား"

"ပြီးပါပြီ ဆရာ"

"ဗီနပ်တွေကော ..."

"အဆင်သင့်ပါပဲ ဆရာ ..."

"ဒါဆို သူ့ကို အလုပ်ဆင်းခိုင်းလိုက်တော့ ..."

"ခင်ဗျာ ..."

"သူ့ကို ဗီနပ်ကောင်တာအတွက် သီးသန့်ခန့်တာ၊ သူ အဲ့ဒီ တစ်မျိုးပဲ ရောင်းပစေ"

"ဟုတ် ... ဟုတ်ကဲ့"

ထွန်းနိုင်က ဘာမှ ဆက်မမေးရဲတော့တာမို့ ခေါင်းသာ ညိတ်ပြလိုက်ပါသည်။

တစ်ခုခုတော့ တစ်ခုခုပဲ ...။

ဘာတစ်ခုခုလည်းသာ မသိတာ ...။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

"ကျွန်မ လုံးဝ မလုပ်နိုင်ဘူး ..."

ထွန်းနိုင်ခများမှာ ကိုယ့်စားပွဲရှေ့မှာ ထိုင်ကာ ခေါင်းမာမာ အာခံငြင်းဆန်နေသော ထားသခင်ကြောင့် ခေါင်းကြီးနေရပါသည်။

သူမကို ဒီနေ့ ( ... ... ) စင်တာက ဆိုင်မှာအလုပ် စ ခိုင်းလိုက်တာ ...။ ညနေ ရုံးဆင်းချိန်လောက်ကျတော့ သူမက ထွန်း ရှိရာ ရုံးချုပ်သို့ ရောက်ချလာကာ ထွန်းနိုင်ကို တွေ့ခွင့် တောင်းတော့ ပင် ...။ တွေ့ခွင့်တောင်းပုံကလည်း မတွေ့ရရင် ရီဆက်ရှင်က အမျိုး ကိုပဲ သတ်တော့ ဖြတ်တော့မလို ...။ မတွေ့ရမချင်း ကုမ္ပဏီမှာပဲ ည စောင့်တော့မလို။

ဖိနပ်ဆိုင်မှာ အလုပ်လုပ်ရင်း ဖိနပ်စီးမပေးချင်လို့ အလု ထုတ်ခံရတဲ့ သူကို ဖိနပ်ရောင်းဖို့ပဲ အလုပ်ထပ်ခန့်လိုက်ရကတည်း ဒီလိုဖြစ်တော့မယ်ဆိုတာ ကြိုတော့ သိသားပင် ...။

ဒီလို ဒေါနဲ့ မောနဲ့ ရောက်ချလာတော့မယ်ဆိုတာ သိ လည်း ထွက်ပြေးလို့မရတာမို့ ရုံးခန်းထဲမှာ ရှောင်မရ ပြေးမရ ချောင်ပိ မိနေသည်။ ဘာ့ကြောင့်မှန်းမသိ သူမကိုတော့ ခပ်လန့်လန့်ပါပင်။ ပြော ရာ အားမနာတမ်းပြောတတ်သော မိန်းကလေးများနှင့် တွေ့လျှင် ကိုယ်





တကျိုးတွေသာ အရှုံး လေ ...။ ကိုယ်က မိန်းမလို ကက်ကတ်ထန် ပြီး စကားနိုင် လုလို့မှမဖြစ်တာ ... ဟုတ်ဖူးလား။

သူမ သူ့ရှေ့ကို ရောက်လာတော့ တစ်ကိုယ်လုံး ချွေးတွေ နေကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ အံကိုကြိတ် ထားသည်။ မျက်လုံးက ပြူးနေလိုက်တာများ လူကို ကိုက်စားတော့မယ့် အတိုင်း။

"ရှင်တို့ တမင် လုပ်ကြံကြတာလားဟင် ...၊ ဒီလို နေရာမျိုးမှာ မလုပ်ချင်လို့ ထွက်လာရတဲ့သူကို ဒီလိုနေရာမျိုးမှာပဲ ပြန်ခန့်ရ သလား"

ထွန်းနိုင်က ခေါင်းကုပ်မိကာ ...

"ဒါက ဒီလိုရှိပါတယ်ဗျာ ..."

"ပြော ... ဘာက ဘယ်လိုရှိလဲ၊ သေချာပြော"

"သြော် ... ပြောပါ့မယ်၊ ပြောပါ့မယ်၊ ဒီလိုပါ ... ကျွန်တော်တို့ ဆိုင်က ဖိနပ်တွေဟာ ဖိနပ်ဆိုသော်လည်းပဲ အပေါ်စားရယ်လို့ တစ်ရံမှမပါပါဘူးဗျာ၊ အားလုံး တန်ဖိုးကြီး အကောင်းစား ဘရန်း ဒက်တွေချည်းပါပဲ"

"အဲ့ဒီတော့ ဘာဖြစ်လဲ ..."

"အဲဒီတော့ ရောင်းရတဲ့သူအဖို့ရာ ဂုဏ်မငယ်လှပါဘူး"

"ဒီမှာ ... ဘရန်းဒက်မကလို့ ရွှေကပ်ထားတဲ့ ဖိနပ်ပဲဖြစ်ဖြစ် ခြေထောက်မှာစီးပြီး မြေကြီးပေါ်နင်းရတဲ့ဟာဆိုရင် ဖိနပ်ဟာ ဖိနပ်ပဲ၊ ဖိနပ်ဆို ကျွန်မ မရောင်းဘူး၊ ဟိုအရင်တုန်းကဆို ကျွန်မက သူများတကာ ဖိနပ်စီးပေးတာကို ခံလာရတဲ့သူ၊ အခု သူများကို ကျွန်မ ပြန်စီးမပေးနိုင်ဘူး"

"သြော် ... ခင်ဗျားက နေ့တိုင်း ဖိနပ်အဝယ်ထွက်နေတဲ့သူမျိုးလား"

"ဘာရှင့် ..."

"ဒီလိုလေ ... ဖိနပ်အဝယ်ထွက်လို့များ ခင်ဗျားကို ဖိနပ်ဆိုင်က လူတွေက ဖိနပ်စီးပေးကြသလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ဖော်က စီးပေးတာရှင့်"

"သြော် ... သြော် ... ထားပါတော့"

"ဘာ ထားပါတော့လဲ၊ ရှင်က မယုံလို့လား"

"သြော် ... ယုံပါတယ်ဗျာ၊ ယုံလိုက်ပါတယ်၊ ခင်ဗျား ဥပမာ သူ့ဈေးဥပမာပဲ"

"သိ ပြီးတာပဲ ..."

ဟား ... မလွယ်ပါလား။

"ကဲ ... ဒီမှာ ကိုထွန်းနိုင်၊ ရှင် ကျွန်မကို အလုပ်နေရာ ပြောင်းပေးပါ၊ တခြား ရောင်းစရာမရှိဘူးလား၊ ဖိနပ်ဆိုရင်တော့ ကျွန်မ မရောင်းဘူး ..."

"ဒါဆို ထီးရောင်းမလား ..."

"ဘာ၊ ရှင် ဒါ ငေါ့တာလား"

"သြော် ... အကောင်းမေးတာပါ၊ ခင်ဗျားက လူ့အောက်က ပစ္စည်းကို မရောင်းချင်ဘူးဆိုတော့ လူ့အထက်ကပစ္စည်းကိုများ ရောင်းချင် မလားလို့ပါ"

"ရှင်တို့မှာ ထီးအရောင်းဆိုင် ရှိလို့လား"

"ခုတော့ မရှိသေးပါဘူး၊ နောက်ဆိုရင်တော့ ထီးစက်ရုံထောင်ဖို့ ရှိပါတယ်"

"ဘယ်တော့လဲ ..."

"ကြာဦးမယ်"

"ဒါဆိုလည်း ဘာလို့ စကားထဲ ထည့်ပြောနေသေးလဲရှင့်"

ထွန်းနိုင်မှာ ဒီကိစ္စကို ဘယ်လို ဖြေရှင်းရမှန်းမသိတာနဲ့ စကားတွေ လျှောက်လျှောက်ပြောနေရပါသည်။ ဆရာက အလုပ်ခန့်လိုက်ပြီး ၆ လစာ ပေးလိုက်ဖို့၊ စာချုပ်မှာ လက်မှတ် ထိုးခိုင်းဖို့လောက်သာ မှာထားပြီး နောက်ဆက်တွဲအနေနဲ့ ဘာမှ မှာမထားသေးပါ။

ဒီတစ်ယောက်ကလည်း ကိုယ့်ရှေ့ကနေ ခေါင်းမာမာနဲ့ ဆတမ်း ရစ်နေလိုက်တာများ ရုံးဆင်းချိန်တောင် ကျော်လာပြီ။ ကိုယ့်မှာ ပြန်မရသေး။





"ကဲ ... ကိုထွန်းနိုင်၊ အချိန်လည်း လင့်လာပြီ၊ ရှင် ကျွန်မအတွက် ဘယ်လိုစီစဉ်ပေးမှာလဲ"

"ဗျာ ... ဘာကိုလဲ"

"အလုပ်နေရာ ပြောင်းပေးဖို့ ပြောနေတယ်လေ ..."

"လောလောဆယ်တော့ ဒီတစ်နေရာပဲ ရှိလို့ မင်းကို ခန့်လိုက်တာ ..."

"နေရာပြောင်းပေးလို့ မရဘူးပေါ့"

"မရလို့ပါ ..."

"ဒါဆိုလည်း ကျွန်မ အလုပ်ထွက်တော့မယ်"

"ခင်ဗျား ၆ လစာရဲ့ ၆ ဆကို လျော်ရမှာနော်"

"မလျော်နိုင်ဘူး ..."

"မလျော်နိုင်ရင် မထွက်နဲ့လေ"

"ရှင်တို့က ကျွန်မကို ချောင်ပိတ်ရိုက်တာပဲ"

ထားသခင်က အောက်နှုတ်ခမ်းလေးကို ကျိတ်ကိုက် ရင်းပြောလည်းမရ၊ ဒေါသလည်းထွက်ကာ မျက်ဝန်းအိမ်ကျယ်ထဲမှာ မျက်ရည်သီဝေ့လာပါသည်။

ထွန်းနိုင်က ကောင်မလေးကို ကြည့်ရင်း သနားသွားကာ ...

"ကဲ ... ကဲ ... ကျွန်တော့်ရှေ့မှာတော့ မျက်ရည်မကျလိုက်ပါနဲ့၊ ကျွန်တော်က သနားတတ်တယ်"

"ရှင် သနားစရာမလိုဘူး၊ ကျွန်မ ဘယ်သူသနားတာမှ မခံဘူး"

ထားသခင်က မျက်ရည်ကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်ရင်း အသံက မာလာပြန်ကာ ...

"ရှင့်မှာ အလုပ်နေရာ အပြောင်းအလဲလုပ်ဖို့ အခွင့်မရှိရင် ရှင့်သူဌေး ဦးစိုင်းခွန်သာကို ဖုန်းဆက်ပြောပေးပါ ကိုထွန်းနိုင် ..."



www.burmeseclassic.com

www.burmeseclassic.com



ထွန်းနိုင်က ခဏငြိမ်သွားရင်း ...

"ခင်ဗျားက ဘယ်လို အလုပ်မျိုး လုပ်ချင်တာလဲ"

"အဆင့်ရှိရှိလေးနဲ့ သက်သက်သာသာရှိမယ့် အလုပ်မျိုးပေါ့၊ ကျွန်မက ပင်ပင်ပန်းပန်း အလုပ်မျိုးဆို မလုပ်နိုင်ဘူးလေ ..."

သြော် ... ငါလေ စေတနာတောင် ပျက်လာပြီ၊ ပြောပုံကိုက သူ့မှာ ဘွဲ့တွေအများကြီး ရထားတဲ့အတိုင်း။

ထွန်းနိုင်က သက်ပြင်းချကာ စားပွဲပေါ်တင်ထားသည့် ဟန်းဖုန်းကို ကောက်ကိုင်ကာ ...

"ခဏနေဦး ... သူဌေးဆီ ဖုန်းဆက်ကြည့်လိုက်ဦးမယ်"

ဟုပြောပြီး သူမထိုင်နေသည့် နေရာနှင့် ခပ်ဝေးဝေးသို့ လျှောက်လာကာ သူဌေးဆီ ဖုန်းခေါ်ပြီး အသံတိုးတိုးဖြင့် အကျိုးအကြောင်း ပြောပြလိုက်ရပါသည်။

○ ○ ○



♠ ♠ ♠

ထားသခင်သည် ခြံဝန်းကျယ်ကြီးထဲသို့ ဝင်လာသည့် ကားပေါ်မှာ ထိုင်လာရင်း ဥရောပပုံစံ ဆောက်ထားသည့် အိမ်ကြီးကို လှမ်းမျှော်ကြည့်ကာ 'တော်တော် ချမ်းသာတဲ့ သူဌေးပဲ' ဟု မှတ်ချက်ချမိလျက် ... နေခဲ့ရသည့် ပြင်ဦးလွင် အိမ်ကြီးကို ပြန်လွမ်းသွားရလေသည်။

ကုမ္ပဏီတံဆိပ်ပါသည့် ဟိုက်အေ့စ်ကားကို ကိုထွန်းနိုင်က ...င်းလာပြီး ထားက ကားနောက်ခန်းမှာ ထိုင်လိုက်လာခဲ့ရသည်။

သူဌေး နေထိုင်သည့် ခြံဝန်းကျယ်ကြီးထဲကို ဝေ့ဝဲ ကြည့်ရင်း ...မှာ ပါးစပ်အဟောင်းသားလေး ဖြစ်ရသည်။ ခြံဝန်းထဲကို ဝင်လိုက် ...သည်းက ပြင်ဦးလွင်က ခြံတစ်ခြံကို ရောက်လာရသလို ခံစားလိုက် ...ကလည်း ထူးဆန်းသည်။

သူဌေးရဲ့ ခြံကြီးဟာ ရန်ကုန်မြို့ရဲ့ တောင်ဘက် အစွန်ကျ ...မှာ ရှိသည်။ ခြံဝန်းကြီး တစ်ခုလုံးမှာ တောင်ကုန်းလေးတွေ၊ လွင်ပြင် ... ဖန်တီးထားသည်။ ကုန်းမြင့်မြင့်ပေါ်က အိမ်ကြီးကလည်း ပြင်ဦးလွင် ...တွေ့ရလေ့ရှိသည့် ပုံစံမျိုးပင်။ သူဌေးနာမည်က 'စိုင်း' ပါတယ်ဆိုတော့ ...ဟာ ပြင်ဦးလွင် ဇာတိ ရှမ်းလူမျိုးများလား။

ထားသည် ထားဘေးနားမှာချထားသည့် ခရီးဆောင်အိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပွေ့ထားရင်းက စိတ်အားငယ်သလို ရင်ခုန်လွမ်းမောသလို ခံစားမှုမျိုးဖြင့် စိတ်အားငယ်လာခဲ့ရသည်။

ထားကို ဒီအိမ်ကြီးမှာ အလုပ်လုပ်ဖို့ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။

"ခင်ဗျားအတွက် နေစရာကောင်းကောင်း ရမယ်ဗျာ၊ အိမ်ကြီး နောက်က တိုက်ခန်းတွဲမှာ ခင်ဗျားအတွက် တစ်ခန်း ပေးမယ် သင့်တင့်တဲ့ အသုံးအဆောင် ပရိဘောဂလည်း ထားပေးမယ် နေစရာရှိတော့ ခင်ဗျားအဆောင်လခလည်း သက်သာတာပေါ့ ..."

သူဌေးကို ဖုန်းဆက်ပြီးပြီးချင်းမှာ ကိုထွန်းနိုင်က ထားကို သူဌေးအိမ်မှာ အလုပ်လုပ်ဖို့ ကမ်းလှမ်းလာခဲ့တာပင်။

"ကျွန်မကို အိမ်ဖော်လုပ်ခိုင်းနေတာလား ..."

ဟု ထားက ဒေါသဖြင့်မေးခဲ့တော့ ကိုထွန်းနိုင်က ပျာပျာ သလဲ ငြင်းဆန်သည်။

"အဲ့ဒါမျိုးတော့ လုံးဝမဟုတ်ပါဘူး၊ သူဌေးအိမ်မှာ တောက်တိုမည်ရ လုပ်တဲ့ ကောင်မလေးတွေရော၊ အိမ်ထောင်ထိန်း အဒေါ်ကြီးရော ဘဏ္ဍာစိုး ဦးလေးကြီးရော အလုပ်သမားတွေ အပြည့်ပါပဲ ... ခင်ဗျားက အိမ်အတွက် လိုတာလေးနည်းနည်းပဲ လုပ်ရမယ် ပါတယ်၊ ခင်ဗျားအတွက် သက်သောင့်သက်သာရှိမယ့် အလုပ်မျိုး ဖြစ်မှာပါ"

ထားမှာ ရွေးချယ်စရာ မရှိတော့ပါ။ ၆ လစာ ရထားသည့် ငွေတွေကို သုံးသင့်သလောက် သုံးပြီးခဲ့ပြီ။ ၆ ဆလျော်ဖို့ကတော့ ဝေးရော ပင်။ သူတို့ခန့်တဲ့ဆိုင်က ဖိနပ်ကောင်တာမှာ ပြန်မလုပ်ချင်လျှင် ဒီအလုပ် ပဲ ရွေးရတော့မည်ဖြစ်သည်။ ပြီးတော့ အဆောင်မှာ ကြပ်ကြပ်ညပ်ညပ် နေရသောဘဝကို စိတ်ညစ်လှပြီဖြစ်ရာ ကိုယ်ပိုင်အခန်းလေးနှင့် ကိုယ်နေ မည့် အခြေအနေကိုလည်း မက်မောသည်။ နောက်ဆုံးတော့ ထားသည် ဒီလမ်းကိုပဲ ရွေးချယ်ခဲ့ရပါသည်။





အိမ်ကြီးရဲ့ ပေါ်တီကိုရှေ့မှာ ကားရပ်သွားတော့ တစ်ချိန်က ထား ခံစားဖူးခဲ့သည့် စည်းစိမ်ရိပ်ကို တမ်းတကာ ရင် တလှပ်လှပ်တုန်သွား သည်။

ကိုထွန်းနိုင်က ကား နောက်ခန်းတံခါးချပ်ကြီးကို ဆွဲဖွင့် ပေးလိုက်ပြီး ...

"လာ ... ခင်ဗျား ဆင်းလို့ရပြီ"

"ဟို ... ကျွန်မ ပစ္စည်းတွေ သယ်လာမယ့် ကားက ဘယ်တော့ ရောက်မှာလဲ ..."

"ခဏနေ ရောက်ပါလိမ့်မယ်၊ သိပ်ဥစ္စာမခြောက်ပါနဲ့ ..."

ထားရဲ့ ဆိုဖာတွေ၊ မှန်တင်ခုံတွေက ဒီကားနဲ့ မဆန့်တာမို့ နောက်က ပစ္စည်းသယ်သော ကားတစ်စီးနှင့် သယ်လာခဲ့ရတာပင် ...။ ကိုထွန်းနိုင်ကတော့ ထားမှာ ပါလာသည့် ပစ္စည်းတွေကို လိုက်ကြည့်ရင်း မျက်ခုံးတပင့်ပင့် ဖြစ်နေခဲ့သည်။

"ပစ္စည်းတွေ သယ်ချဖို့ကရော ..."

"မပူပါနဲ့၊ ဒီအိမ်မှာ အလုပ်သမားတွေ အများကြီးရှိပါတယ်၊ သူတို့ သယ်ပေးပါလိမ့်မယ်၊ လာ ... ခင်ဗျား နေရမယ့် အခန်းကို လိုက်ပြမယ် ..."

ကိုထွန်းနိုင်က အိမ်ကြီးရဲ့ နောက်ဘက်သို့ လျှောက်သွား ချိန် ထားက သူ့နောက်မှ လိုက်လာခဲ့ရသည်။ အိမ်ကြီးရဲ့ နောက်ဘက် မှာ အတော်သပ်ရပ်သော တိုက်ခန်းတွဲတစ်ခု ရှိနေပါသည်။

ကိုထွန်းနိုင်က တိုက်ခန်းတစ်ခန်းရဲ့ သော့ကို ဖွင့်ကာ တံခါး ကို ဆွဲလှပ်လိုက်သည်။

"ခင်ဗျား နေရမှာ ဒီအခန်းပဲ ..."

တိုက်ခန်းကိုကြည့်ပြီး ထား ကျေနပ်သွားသည်။ တိုက်ခန်း အဆောင်အခန်းထက်တော့ အများကြီး သာပါသည်။

ဖြူဖွေးသော အိပ်ရာခင်းခင်းထားသည့် တစ်ယောက်အိပ်



www.burmeseclassic.com

www.burmeseclassic.com



ခုတင်နှင့် ခေါင်းအုံး၊ ခြင်ထောင်၊ မွေ့ရာအစုံအလင်ရှိနေသည်။ သန့်ပြ
ပုံလည်း ရပါသည်။

"ကိုထွန်းနိုင်ရေ ... ကိုထွန်းနိုင် ..."

တိုက်ခန်းရှေ့မှ ကောင်မလေးတစ်ယောက်ရဲ့ ခေါ်သံကြား
ပြီး ကောင်မလေးက တံခါးဝမှာ ရပ်လာကာ ...

"ဦးလုံက အိမ်ကြီးပေါ်ကို လာခဲ့ပါတဲ့ ..."

"အေး ... အေး ... လာခဲ့မယ်"

ကိုထွန်းနိုင်က ကောင်မလေးကို လှမ်းပြောလိုက်ပြီးတား
ထားဘက်သို့ လှည့်ကာ ...

"လာ ... ထားသခင်၊ အိမ်ဘက်ကို သွားရအောင်"

"ဦးလုံဆိုတာ ဘယ်သူလဲ ကိုထွန်းနိုင် ..."

"ဦးလုံက ဒီအိမ်ကြီးရဲ့ အိမ်ထောင်ထိန်းလို့ ပြောလို့ရသလို ဘဏ္ဍာ
စိုးလို့လည်း ပြောလို့ရတယ်၊ သူဌေးမှာက အိမ်အတွက် စီမံခန့်ခွဲ
ပေးမယ့် မိသားစုမရှိတော့ အိမ်ကိစ္စအဝဝနဲ့ အိမ်အသုံးစရိတ်ကိစ္စ
တွေကို ဦးလုံကပဲ စနစ်တကျ ခန့်ခွဲပေးရတယ်၊ ဒီအိမ်မှာ သူဌေး
ပြီးရင် ဩဇာအရှိဆုံးက ဦးလုံပဲ၊ အိမ်ကလူတွေအားလုံး ဦးလုံကို
ကြောက်ကြရတယ်"

ကိုထွန်းနိုင်က ထားသခင်ကို ရှင်းပြရင်း အိမ်ဘက်သို့
လျှောက်လာသည်။ အိမ်တံခါးဝရောက်တော့မှ ခြေလှမ်းတုံ့လိုက်ရင်း ...

"ကဲ ... သွားတော့ ထားသခင်"

"ဟင် ... ရှင် မလိုက်ဘူးလား"

"ကျွန်တော့် တာဝန်က ထားသခင်ကို ဒီအိမ်အထိ ပို့ပေးရုံပဲလေ
ဒီအိမ်နဲ့ ပတ်သက်တဲ့ ကိစ္စတွေကတော့ ကျွန်တော်နဲ့ မဆိုင်တော့
ဘူး၊ ဦးလုံကပဲ ဆက်ညွှန်ကြားပါလိမ့်မယ်၊ ရုံးမှာ လုပ်ရမယ့်
ကိစ္စလေးတွေ ရှိသေးလို့ ကျွန်တော့်ကို ပြန်ခွင့်ပြုပါ ထားသခင်"

ကိုထွန်းနိုင်က နှုတ်ဆက်ထွက်ခွာသွားတော့ ထားမှာ အား





ငယ်သလို ဖြစ်ကျန်ရစ်ရသည်။ ဘာပဲဖြစ်ဖြစ် စပ်ဖြဲဖြဲရုပ်နဲ့ ကိုထွန်းနိုင်ထ
ရှိသဘောလည်း ကောင်းပုံရကာ ထားအပေါ် စိတ်ရှည်သည်းခံတာမို့
သူ့ကိုဆို ထားက မကြောက်ဘဲ အမျိုးမျိုး ရစ်လို့ရသည်။ ဒီအိမ်ကြီးက
ဦးလုံဆိုတာက ထားကို ဘယ်လို ဆက်ဆံမလဲ မသိတာမို့ စိတ်ထဲမှာ
စိုးရိမ်စိတ်နေသလိုပင် ...။

ထားက အိမ်ထဲသို့ ချက်ချင်း မဝင်ရဲသေးတာမို့ အိမ်အဝင်ဝ
တံခါးကြီးရှေ့မှာ ရပ်နေမိဆဲ အိမ်ဖော်ဖြစ်ဟန် တူသူ ကောင်မလေး
တစ်ယောက်က အိမ်ထဲမှထွက်လာကာ ...

"မမ ... အိမ်ထဲဝင်ပါရှင့်၊ ဘဘလုံ စောင့်နေပါတယ်"

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

ဦးလုံကား စကားနည်းလှချေသည်။

ထားသည် မျက်လုံးမှေးမှေး၊ အသားနီစပ်စပ်၊ နှုတ်ခမ်း
ထူထူနှင့် မျက်နှာထား တည်တင်းလှသော ဦးလုံနောက်သို့ တိတ်ဆိတ်
လိုက်လာခဲ့ရသည်။

ဦးလုံက အိမ်ကြီး၏ခြေရင်းဘက်ထောင့်က အခန်းကျဉ်း
တစ်ခုဆီသို့ ဦးတည်သွားနေသည်။ ထားဘေးမှာတော့ သနပ်ခါးထူထူ
လိမ်းထားသော ၁၆ နှစ်အရွယ်ခန့်ရှိ အိမ်ဖော်ကောင်မလေး တစ်ယောက်
လိုက်ပါလာသည်။ ကောင်မလေးက ထားကို ခင်မင်ချင်ပုံဖြင့် ခဏခဏ
ရယ်ရယ်ပြသည်။ ကောင်မလေးအသားက မည်းလှပေရာ ရယ်ပြလိုက်
တိုင်း သွားတွေ ဖွေးခနဲပေါ်လာ သည်။ မွေးပွကော်ဇောခင်း ကော်ရစ်ဒါ
လမ်းတစ်လျှောက်မှာလည်း မီးဝါဝါမှိန်မှိန်လေးတွေသာ ထွန်းထားတာ
သူရယ်ပြနေတာက ထားကို သွားဖြဲ ခြောက်လှန့်နေတာနှင့် တူသည်။

ဦးလုံက ကျွန်းကနုတ်တံခါးရှေ့မှာ ရပ်လိုက်သည်။
ပြီးတော့ အခန်းတံခါးဖုကို လှည့်ဖွင့်လိုက်သည်။
အခန်းထဲရောက်တော့ လင်းချင်းသွားသည်။
ရှေ့မျက်နှာစာကို မှန်ချပ်အပြည့် ကာရံထားသဖြင့် အလင်း





ရောင် ကောင်းစွာ ဝင်ရောက်နေသော အခန်းထဲမှာ နံရံကပ် မှန်ဗီရိုတော့စ်
မြင့်မြင့်ကြီးတွေ ရှိနေသည်။ ဗီရိုတွေဟာ နံရံသုံးဘက်လုံး အပြည့်ပင်။

ဗီရိုထဲမှာ စီစီရီရီ ရှိနေတာတွေဟာ ...

ဘုရားရေ ... ဖိနပ်တွေ များလှချည်လား ...။

ထားသည် အကန့်ပေါင်းများစွာ ရှိသည့် ဗီရိုအမြင့်ကြီးကို
အံ့သြသပ်ရှမော ကြည့်နေလိုက်မိသည်။ ဗီရိုထဲမှာ ဖိနပ်တွေဟာ အရောင်
အသွေးစုံ၊ ဒီဇိုင်းစုံ ...။ ရွှဲပြောင်နေသော ရွှံ့ဖိနပ် အနက်ရောင်များ၊ သမင်
ရောင် လည်သာရှုံ့ဖိနပ်များ၊ မိချောင်းသားရေ ဖိနပ်များ၊ ဝေါ့ကင်းရှူး
များ ...။ အံမယ် ... ပြီးတော့ ရောင်စုံ အောကတ္တိပါ ညှပ်ဖိနပ်တွေကို
သီးသန့် ဗီရိုတစ်လုံးဖြင့် ထားထားလိုက်သေးသည်။ ဒီအခန်းထဲရောက်
လာရတာဟာ အလွန် ခမ်းနားသည့် ဖိနပ်ဆိုင်ကြီး တစ်ဆိုင်ကို ရောက်လာ
ရတာနှင့် တူနေသည်။

"ဟို ... ဒါတွေက အသစ်ဖွင့်ထားတဲ့ ဖိနပ်ဆိုင်တွေမှာ ရောင်းဖို့
လားဟင် ..."

"မဟုတ်ဘူး၊ ဒါ ... သူဌေးရဲ့ ဖိနပ်တွေ ..."

"ဟင် ... ဒါတွေအကုန်လုံး သူတစ်ယောက်တည်း စီးတာလား"

"ဟုတ်တယ်"

ထားတောင်မှ ဖျားသွားသည်။ ထား ချမ်းသာခဲ့တုန်းက
တောင် ထားမှာ ဒီလောက်ဖိနပ်များများ မရှိပါ။ ထားကတော့ ဒီလောက်
ဖိနပ်များများကို ရုပ်ရှင်မင်းသားတွေ အိမ်မှာပဲ ရှိလိမ့်မည်ဟုထင်သည်။
ဒါတော့ သူဌေးက ရုပ်ရှင်မင်းသားမဟုတ် ဘာမဟုတ်။ နေပါဦး ...
ဒါနဲ့ဘာကိစ္စ ထားကို ဒီအခန်းထဲ ခေါ်လာရတာလဲ ...။

"ထားက ဒီအိမ်မှာ ဘာအလုပ်လုပ်ရမှာလဲရှင့် ..."

"ပြောမယ်လေ ..."

ထား စိတ်စောစွာ မေးလိုက်တာကို ဦးလုံက ခပ် ပြတ်ပြတ်
ဖြေခဲ့သည်။ ပြီးတော့ ဗီရိုတွေဘက်သို့ လက်ကိုဝေ့ဝဲ ဆန့်တန်းပြ
လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် ဖိနပ်အများကြီးကို ထိန်းသိမ်းရတာ မလွယ်ဘူး ရှူးဖိနပ်တွေဆိုအရောင်မမှိန်အောင် လည်သာပေါလစ်ရှိနဲ့ စနစ်တကျ တိုက်ပေးရတယ်၊ အပူအအေးမျှတအောင် ဗီရိုထဲမှာ မီးလုံးလေးတွေ ထွန်းပေးထားရတယ်၊ သူဌေး မြန်မာဝတ်စုံဝတ်ပြီး အခါ ပိုးပုဆိုးအရောင်နဲ့ လိုက်ဖက်အောင် စီးတဲ့ ကတ္တီပါ ဖိနပ်တွေကလည်း ဒီအတိုင်းပစ်ထားရင်မှိုတက်တတ်တော့ နေ့တိုင်း ဘရပ်နုနုလေးနဲ့ တိုက်တိုက်ပေးထားရတယ်၊ ဒါမှ စီးချင်တဲ့အခါ အဆင်သင့် စီးလို့ရတယ်၊ စီးခါနီးမှ သန့်ရှင်းရေးလုပ်ရတာကို သူဌေး မကြိုက်ဘူး၊ သူ အပြင်သွားခါနီးရင် သူဘာဝတ်မယ်ဆိုတာ အိမ်ဖော်ကောင်မလေး တစ်ယောက်က လာအကြောင်းကြားလိမ့်မယ်၊ သူ အပေါ်ထပ်က ဆင်းလာပြီဆိုတာနဲ့ သူ့အဝတ်အစားနဲ့ လိုက်မယ့် ဖိနပ်ကို အမြန်သွား ရွေးထုတ်လာပြီး ဖိနပ်ချွတ်မှာ အသင့်ချထားပေးပြီး စောင့် နေရမယ်၊ သူ ဖိနပ်ချွတ်မှာ ရပ်လိုက်တာနဲ့ ဖိနပ်ကို သူ့ ခြေထောက်မှာ စွပ်ပေးလိုက်ရတယ် ..."

"နေပါဦး ... အဲ့ဒါတွေ ဘာဖြစ်လို့ ကျွန်မကို လာပြောနေရတာလဲ ..."

ဦးလုံက လက်ကာပြကာ ...

"ပြောတာကို ဆုံးအောင်နားထောင်ဦး၊ သူ့အလုပ်က ပြန်လာချိန်မှာ ကားဟွန်းသံကြားတာနဲ့ ဖိနပ်ချွတ်မှာ အသင့် ရပ်စောင့်နေပြီး သူ ချွတ်ပေးမယ့် ဖိနပ်ကို ကောက်ယူ၊ သေချာ သန့်ရှင်းရေးလုပ်ပြီးမှ ဖိနပ်ခန်းထဲကို သွားပြန်ထားရတယ်"

"သူဌေးရဲ့ ကြီးကျယ်တော်မူတဲ့ ကိစ္စတွေကို ကျွန်မ စိတ်မဝင်စားဘူး၊ ကျွန်မလုပ်ရမယ့် အလုပ်ကိုသာ ပြောပါ"

"မင်းလုပ်ရမှာ အဲ့ဒါတွေပဲလေ ..."

"ရှင် ..."

"ဟုတ်တယ် ...၊ အဲဒီအလုပ်တွေလုပ်ဖို့ မင်းကို ခေါ်လာတာ"

"ကျွန်မ လုံးဝမလုပ်နိုင်ဘူး"





ထားက အံကြိတ်၍ အော်လိုက်သည်။ ဦးလုံက ထားကို အကဲခတ် စိုက်ကြည့်လိုက်ရင်း ...

"မင်း စဉ်းစားလေ ...၊ တစ်နေကုန် ညောင်းတောင့်အောင် ရပ်ပြီး သန့်တဲ့ခြေထောက်ကိုရော မသန့်တဲ့ ခြေထောက်ကိုရော ဖိနပ်စီးပေးရင် စီးပေးရနိုင်တဲ့ ဆိုင်က အလုပ်ကိုပဲ ပြန်လုပ်မလား၊ ဒီက သူဌေးရဲ့ သန့်သန့်ပြန့်ပြန့် ခြေထောက်ကို တစ်နေ့ တစ်ကြိမ်လောက်ပဲ စီးပေးပြီး တစ်နေကုန် ဇိမ်နဲ့ နပ်နေမလားဆိုတာ၊ ပြီးတော့ ... များသောအားဖြင့် သူဌေးနင်းတဲ့ နေရာတွေဟာ မြက်ခင်းရယ်၊ ကော်ဇောရယ်၊ ကျောက်ပြားနဲ့ ပါကေးတွေပဲများတာ၊ ဖိနပ်မှာ မသန့်မပြန့်တာတွေ ပေကျံလာစရာလည်း အကြောင်းမရှိဘူး"

ထားသခင်မှာ ဘာလုပ်ရမှန်း မသိတော့။ ဒီအလုပ်ဟာ ခိုင်းယယ်အောက်ကျလွန်းပေမယ့် ဆိုင်မှာ ပြန်လုပ်ရင်လည်း ပိုတောင်ဆိုးဦးမည်။ ဆိုင်မှာဆို ထားကို လူတကာမြင်မည်။ ထားရဲ့ သိဟောင်းကျွမ်းဟောင်းတွေ ထား ဖိနပ်ဆိုင်မှာ လုပ်နေတာကို မြင်သွားမှာကိုတော့ ထားက အလွန်ကြောက်သည်။

ဖြူဇင်နဲ့ အတူလုပ်ခဲ့တဲ့ ဖိနပ်ဆိုင်မှာဆိုလည်း ဝယ်သူလာတိုင်း ထားအသိများလားဟု ရင်တထိတ်ထိတ်နဲ့ ပုန်းလျှိုး ကွယ်လျှိုးလေး လုပ်နေမိလို့ ဆိုင်ရှင် ဆူတာ ခဏခဏခံရသည်။ အခုဖွင့်တဲ့ သူဌေးရဲ့ ဆိုင်မှာက အကောင်းစားတွေချည်းမို့ ထားအတွက် ပိုအန္တရာယ်ကြီးသည်။ ထားအသိတွေက ဒီလိုဆိုင်မျိုးကို ပိုရောက်ဖြစ်သည်။ အသိအကျွမ်းဟောင်းတွေ ဟိုအရင်က ထားထက်ပိုနိမ့်ကျတဲ့ သူတွေကိုသာ ဖိနပ်စီးပေးရရင်ထား မတ်တတ်က အသက်ထွက်သွားနိုင်သည်။

ဘာပဲပြောပြော ဒီမှာကတော့ ကျဉ်ကွယ်မျက်ကွယ် ဖြစ်သည်။ ဘယ်သူမှ မမြင်အောင် တိတ်တိတ်လေးပုန်းကာ နေနိုင်သော ထားဆန္ဒနဲ့ဆို ကိုက်ညီသည်ဟု ဆိုရမည်။



www.burmeseclassic.com

www.burmeseclassic.com



သြော် … ဝင့်လည်တယ်ဆိုတာ ဒါမျိုးပေပဲလား။

ခုနေ ထားအဖြစ်ကိုသာ ခွန်းသမြင်လျှင် ဟားတိုက်ရယ်လေမလား … ။ ထားကိုကြည့်ပြီး လှောင်ပြုံး ပြုံးလေမလား။

အင်းလေ … ဒီလိုနေရာကိုတော့ သူ ဘယ်နည်းနဲ့မှ ရောက်မလာနိုင်ပါဘူး။ ထားကို မြင်မသွားနိုင်ပါဘူး။

ထားသည် မလွဲသာတော့ပြီမို့ စိတ်ကိုလျှော့ချကာ…

“ကောင်းပြီလေ … ဒီ ၆ လစာကတော့ လစာလည်း ယူပြီးပြီ ၆ ဆလည်း မလျော်နိုင်ဘူးဆိုတော့ ကျွန်မအတွက် ရွေးစရာလမ်း မရှိတော့ပါဘူး၊ ကျွန်မ လုပ်ပါ့မယ်၊ ၆လ အထိပဲနော်၊ ၆ လပြည့်ရင် အလုပ်ထွက်မယ်ဆိုတာ ခု ကတည်းက ကြိုပြောထားမယ်”

“ကောင်းပြီ … ၊ မင်းအခန်းမှာ သွားနားလိုက်တော့၊ ဒီနေ့တော့ မင်းအတွက် အလုပ်မရှိသေးဘူး၊ သူဌေးက ခရီးသွားတယ်၊ ညတော်တော်ချုပ်မှ ပြန်ရောက်မယ်၊ ဒီနေ့အတွက်တော့ ထားလိုက်တော့၊ မနက်ကျမှ အလုပ်စမယ်၊ သူဌေးက မနက် ၉ နာရီခွဲ ရုံးသွားတယ်၊ အဲ့ဒီအချိန် အိမ်တံခါးဝမှာ မင်း အသင့်ရှိနေတာ မြင်ချင်တယ်၊ မင်းအတွက် ယူနီဖောင်းကို ခဏနေမှ ပို့ခိုင်းလိုက်မယ် …”

ထားသည် ဝမ်းနည်းနာကျင်စွာဖြင့် သူဌေး၏ ဖိနပ်ခန်းထဲမှ ပြန်ထွက်လာခဲ့ရသည်။

အိမ်ဖော် ကောင်မလေးကတော့ ထားနောက်မှ ကပ်လိုက်လာရင်း …

“မမက ကံကောင်းလိုက်တာနော် … ၊ ဘာအလုပ်မှ သိပ်မလုပ်ရ သက်သက်သာသာနဲ့ လစာရမယ့် အလုပ်မျိုးရတာ မမ ကံထူးတာ သူဌေး သွားပြီးရင် တစ်နေ့လုံး နပ်နေပေရော့ပဲ …”

ထားက စိတ်တိုတိုနှင့် ကောင်မလေးကို ဘုကြည့် တစ်ချက်လှည့်ကြည့်ပြီး ခြေလှမ်းတွေကို သွက်ပစ်လိုက်ပါသည်။

○ ○ ○



♠ ♠ ♠

“ခင် …”

အဖိုးတန်ရှေးဟောင်းနာရီကြီးဆီမှ မြည်သံတစ်ချက် ကြားရသည်။

ကိုးနာရီခွဲပြီ … ။

ထားသခင်သည် အကျီဖြူနှင့် စကဒ်နက်ယူနီဖောင်းကိုဝတ်ကာ အိမ်ကြီး၏ တံခါးဝတွင် အသင့်ရပ်စောင့်နေခဲ့ရသည်။

ထား၏ ဦးခေါင်းကား ငိုက်စိုက်ကျနေ၏။

ထားသည် ဘယ်ကိုမှ မကြည့်ဘဲ ကြမ်းခင်းကျောက်ပြားကိုသာ ငေးစိုက်နေသည်။

ခဏနေတော့ ထားမြင်ကွင်းထဲကို ခြေထောက်တစ်စုံဝင်လာသည်။

ဖွေးသန့်နေသော ခြေထောက်တစ်စုံကို မြင်ရတာမို့ ထား အနည်းငယ်တော့ စိတ်သက်သာရာရသည်။ ခြေဖမိုးပေါ်မှာ နီပြာ ရင့်ရောင်ဘောင်းဘီ အနားစက ပုံအိကျနေသည်။ ခုလို ရုံးသွားတိုင်း ဘောင်းဘီနှင့် ရှပ်လက်ရှည်ကိုသာ ဝတ်လေ့ရှိပြီး ရှူးစ်အမည်း များသောအားဖြင့် ဝတ်လေ့ရှိသည်ဟု အိမ်ဖော်ကောင်မလေးက



www.burmeseclassic.com

www.burmeseclassic.com



ကြိုပြောပြထားသဖြင့် ဖိနပ်ဗီရိုထဲက နက်ပြောင်သော ရှူးစ်ဖိနပ်တစ်ရံကို ထုတ်ယူလာပြီး အိမ်တံခါးဝမှာ အသင့်ချကာ စောင့်နေခဲ့ရသည်။

ထားသည် ကိုယ့်အဖြစ်ကို သိမ်ငယ်လှကာ ရှက်လည်းရှက် လှတာမို့ သူဌေးမျက်နှာကို မော့မကြည့်ဘဲ ထားရှိရာ လှမ်းလာနေသည့် ခြေအစုံကိုသာ လှမ်းကြည့်နေလိုက်သည်။

ထိုခြေအစုံက ထားရှေ့မှာ ရပ်သွားသည်။

သူ့ခြေထောက်တွေဟာ ဖြူဖွေး သန့်စင်လျက် အကြောစိမ်း ကလေးတွေ ပေါ်နေသည်။ ယောကျ်ားတစ်ယောက်ရဲ့ ခြေထောက်ဟာ ဒီလောက် ကြည့်ကောင်းနိုင်ကြောင်း ထား ခုမှ သိရသည်။

ထားက သူ့ခြေရင်းမှာ ဒူးတစ်ဖက်ထောင်၊ ခြေဖျားတစ်ဖက် ထောက်၍ ထိုင်ချလိုက်ရပြီး အသင့်ကိုင်ထားသည့် ခြေအိတ်ကို ခြေထောက် တစ်ဖက်စီမှာ စွပ်ပေးလိုက်ရသည်။ ပြီးမှ ကြိုးဖြည်ပြီး အသင့် ချထားသည့် ဖိနပ်ကို သူ့ခြေထောက် စွပ်လို့ရအောင် အသင့်အနေအထား ဖြင့် ကိုင်ထားပေးတော့မှ သူက အသာလေး ခြေထိုးကာ စီးလိုက်လေ သည်။

ဖိနပ်ကြိုးကို ချည်ပေးနေသော ထားလက်တို့သည် အေးစက် တုန်ရင်လျက်ရှိသည်။ ထား တစ်ကိုယ်လုံးဟာ နာကျင် ကြေမွနေသလို ပင်...။ ထားရဲ့ ခန္ဓာကိုယ်သည် ချွေးစေးတို့ဖြင့် စေးထန်းလာကာ မသိမသာလေး တုန်ရင်နေခဲ့ရသည်။ မျက်ရည်ကျချင်တာကို မကျမိအောင် အောက်နှုတ်ခမ်းကို ကိုက်၍ ပင်ပန်းတကြီး ထိန်းချုပ်ထားခဲ့ရသည်။ တစ်ချိန်တည်းမှာပင် ဒီလောက်တောင် အကြောကြီးတဲ့ သူဌေးဟာ ဘယ်လို သူဌေးမျိုးနည်းဟု သိချင်လာသည်။ ထားတုန်းကလည်း ဒီလိုပဲ သူများ ဖိနပ်စီးခိုင်း ခဲ့တာဆိုပေမယ့် ခုလို ဖိနပ်စီးပေးဖို့ ဝန်ထမ်းတစ်ယောက် သီးသန့်ခန့်ထားတာကတော့ ကြီးကျယ်လွန်းသည်ဟု ထင်သည်။ အိမ်ဖော် ကောင်မလေးတွေကို စီးခိုင်းရင်လည်း ရတာပဲမဟုတ်လား ...။

ထားသည် ဦးလုံ သင်ပြပေးထားသည့်အတိုင်း ဖိနပ်ကြိုး





သေချာ ချည်ပေးလိုက်ပြီးနောက် သူဌေးရဲ့ မျက်နှာကို မော့ကြည့်လိုက် သောအခါ ထားကို ငုံ့မိုးကြည့်နေသော မျက်နှာ တစ်ခုကို မြင်လိုက်ရလေ သည်။

ထားသည် ရုတ်တရက်ပင် လိပ်ပြာလွင့်မတတ် တုန်လှုပ် ချောက်ချားသွားသည်။

ယောကျ်ားတစ်ယောက်ရဲ့ ချောမောသော မျက်နှာတစ်ခုက ထားကို ခြောက်လှန့်လိုက်သည်။

ခွန်းသ ... ခွန်းသ ...

ဒါ ... ခွန်းသပါလား ...။

ထား သူ့ကို မှတ်မိသည်။ မြင်မြင်ချင်းပင် မှတ်မိသည်။ ပိုလွန်ကြည့်ကောင်းလာကာ အရင်တုန်းကနဲ့ ခြားနားလွန်း ခဲ့ပြီဖြစ်သော် လည်း ဒီရုပ်ကို ထားမမေ့ပါ ...။

"ရှင် ... ရှင် ..."

ထားက ဆတ်ခနဲထရပ်လိုက်တော့ သူက ထားကိုအစိမ်းဝါးမယ် ...င်းစုံ ပျော်ဝင်နေသော အကြည့်မျိုးဖြင့် စူးစူးနစ်နစ် စိုက်ကြည့်နေသည်။ သူက နှုတ်ပိတ် တိတ်ဆိတ်လျက် ထားကို မျက်ဝန်းဖြင့် စကားများစွာ ပြောနေသည်။ သူ့မျက်ဝန်းတွေထဲက အမုန်းမီးခိုးတွေ တလူလူထွက် နေသလားပင် ထင်ရသည်။ အညှိုး အတေးများဖြင့် စိမ်းစိမ်းစိုက်ကြည့် နေခဲ့မှာပင် သူ့မျက်ဝန်းထဲမှာ လှောင်ပြောင်သရော်ရိပ် တစ်ခု ဖြတ်ပြေး သွားသည်။

"ခွန်းသ ... ရှင် ... ရှင်"

သူက အံ့ဩတုန်လှုပ်နေသော ထားကို ကြည့်ရင်း အပေါ် နှုတ်ခမ်းလေး လွန့်၍ တစ်ချက်ပြုံးကာ ထားရှေ့မှ ထွက်သွားလေသည်။

"ခွန်းသ ..."

ထားက သူ့နောက်လိုက်ဖို့ ခြေလှမ်းပြင်လိုက်စဉ်မှာ...

"မင်း ဘာလုပ်တာလဲ ထားသခင်၊ သူဌေးက စကားမပြောရင်



www.burmeseclassic.com

www.burmeseclassic.com



မင်း ခွတ်လိုက်ပြောလို့ မရဘူးဆိုတာ သေချာမှတ်ထားပါ၊ အိထွေး၊ မနေ့ … သူ့ကို ပြန်ခေါ်လာခဲ့စမ်း …”

“လာ … လာ … မမ … သူဌေးကို မဟုတ်တဲ့ နာမည်တွေ လျှောက်ခေါ်နေရင် မမ အလုပ်ပြုတ်သွားလိမ့်မယ်”

အိမ်ဖော် ကောင်မလေးနှစ်ယောက်က ထားကို တစ်ဖက်တစ်ချက်စီမှ လှမ်းဆွဲထားလိုက်ကြပါသည်။

ဦးလုံက ထားကို မျက်နှာထားတင်းတင်းဖြင့် စိုက်ကြည့်ရင်း …

“မင်းကို တာဝန်တစ်ခုထပ်ပေးဖို့ သူဌေးက မှာထားတယ်၊ မနက်ဖြန်မနက်ကစပြီး ဒီအိမ် အပေါ်ထပ်မှာရော အောက်ထပ်မှာပါ ပန်းအိုးထိုးဖို့ကိစ္စကို မင်း တာဝန်ယူရမယ်၊ မနက်တိုင်း ၈ နာရီအပြီး ထိုးပေးရမယ်၊ ပန်းအိုးတွေအားလုံး ကျုပ်အဆင်သင့် ထားပေးမယ်၊ ပန်းဝယ်ဖို့ကတော့ မင်းပဲထွက်ဝယ်ရမယ်၊ ပန်းဖိုး ပိုက်ဆံကို ကျုပ်ဆီမှာ လာထုတ်ပါ၊ အဲ့ဒီတာဝန်အတွက် မင်းကို လခ သုံးသောင်း ထပ်တိုးပေးမယ် …”

ရှင် သေလိုက် ခွန်းသ … ။

“ဘာပန်းထိုးရမှာလဲ …”

“နှင်းဆီ …”

“ဘာရောင်လဲ …”

“အဖြူ …”

ထားက နာကျင်သော မဲ့ပြုံးကလေး ပြုံးမိရင်း …

“အနီ ထိုးလို့မရဘူးလားလို့ ပြန်မေးလိုက်ပါဦး ဦးလုံ၊ ထားက မေးခိုင်းတယ်လို့ ပြောလိုက်ပါ”

“မင်းမှာ စောဒကတက်ခွင့် မရှိဘူး၊ ခိုင်းရင် ခိုင်းတဲ့အတိုင်း လုပ်ပါ”

○ ○ ○



♠ ♠ ♠

မနက် ၆နာရီ ထိုးပြီ … ။

ထားသည် ဆူညံစွာ မြည်နေသော နာရီနှိုးစက်ကို ဖျပ်ခနဲ [illegible]ပိတ်လိုက်ပြီး အိပ်ရာမှ ဆတ်ခနဲထကာ အိပ်ချင်မူးတူးဖြင့် ရေချိုးခန်း [illegible]သို့ ပြေးဝင်သွားလေသည်။

ထားက ခုထိ ကောင်းကောင်း ပွင့်မလာသေးသော မျက်စိ [illegible] ပွင့်ကျယ်လာအောင် မျက်နှာကို ရေဖြင့် တဗွမ်းဗွမ်း ပက်နေရင်း …

“တော်တော် အညှိုးအတေးကြီးတဲ့ လူ …”

“တော်တော် ကလေးဆန်တဲ့ သူ …”

“ကြံကြံဖန်ဖန် ကလဲ့စားချေချင်တဲ့သူ …”

ဟု နှုတ်မှ ဒေါသတကြီး ရေရွတ်နေသည်။

ထို့နောက် အမြန် သွားတိုက်၊ အမြန် ရေချိုးပြီး ယူနီဖောင်း [illegible]ဝတ်ကာ ပိုက်ဆံအိတ် ချိုင်းကြားညှပ်လျက် အခန်းထဲမှ အပြေး [illegible]ိုင်း ထွက်လာရသည်။

ခြံတံခါးအထိ တော်တော်ဝေးဝေး လျှောက်လာရပြီးမှ [illegible] [illegible]သော ဘတ်စ်ကားမှတ်တိုင်သို့ ဆက်လျှောက်သွားကာ ခပ်[illegible] [illegible]ဈေးတန်းမှာ နှင်းဆီဖြူတွေ သွားဝယ်ရတာက ထားရဲ့နေ့တစ်ရက်



www.burmeseclassic.com

www.burmeseclassic.com



အလုပ် ဖြစ်လေသည်။ ပြီးရင် ပန်းစည်းကြီးကို ပွေ့ကာ ဘတ်စ်ကားကြ
ကြပ်ကို တိုးစီးလာရသည်။ အိမ်ရောက်ပြီဆို ချွေးပြိုက်ပြိုက်ကျ
အသက်ထွက်မတတ် မောဟိုက်နေပြီ။ မောတဲ့ကြားကပဲ အလှဆုံး ပန်း
ရွေးကာ မနက် စနာရီ မထိုးခင် အိမ်ထဲက ရှိရှိသမျှ ပန်းအိုးတွေ
အပြေးအလွှား ပန်းထိုးပေးရလေသည်။

ပြီးရင်တော့ တံခါးဝမှာ အသင့်ရပ်စောင့်ကာ ဖိနပ် စီး
လိုက်ရပြီး ဖိနပ်ခန်းထဲက ဖိနပ်တွေကို စစ်ဆေးတိုက်ချွတ်ရသည်။ နေ့
တမှေးအိပ်ပြီး မကြာခင်မှာ ခွန်းသ ပြန်လာချိန် နီးပြီမို့ အိမ်တံခါးဝနား
မျက်စိဖွင့် နားစွင့်၍ စောင့်နေရသည်။ ခြံထဲသို့ ကားဝင်လာသံကြားတာ
အိမ်တံခါးဝမှာ အသင့်ရပ်စောင့်ပေးရသည်။ သူ ထားရှေ့မှာရပ်လာတာ
ထားက ထိုင်ချကာ ဖိနပ်ချွတ်ပေးရသည်။ သူကတော့ ထားကို ခပ်
တည် တစ်ချက်ကြည့်ပြီး စကားတစ်ခွန်းမှမပြောဘဲ အိမ်ပေါ်ထပ်
တန်းတက်သွားတတ်လေသည်။

ထားသည် သူ့ကို စကားပြောဖို့ အကြိမ်ကြိမ် ကြိုး
သော်လည်း မအောင်မြင် ...။ ထားနဲ့သူ တွေ့ရချိန်ဆို ဦးလုံးနှင့် သူ့တ
ကောင်လေးတွေက အနားမှာ အမြဲရှိနေတတ်သည်။ သူကလည်း ခုချိန်
ထားကို စကားတစ်ခွန်းမှမပြောဘဲ အသံတိတ် နှိပ်စက်နေလေသည်။

ညနေချိန်တွေဆို သူချွတ်ခဲ့သည့် ဖိနပ်တစ်ရံနှင့်အတူ
စိတ်တွေ ချုံးချုံးကျ၍ ကျန်ရစ်ခဲ့ရသည်။

တစ်နေ့တော့ သူက ရုံးသွားမည့်အချိန်မှာ တိုက်ပုံ အ
အဖြူရောင်နှင့် ပိုးပုဆိုး ခရမ်းရောင်ကို ဝတ်ကာ အပေါ်ထပ်မှ
လာတာကို မြင်ရလေသည်။

အိထွေးက ထားဆီ ပြေးလာကာ ...

"မမ ... မမ အိထွေးပြောဖို့ မေ့သွားတယ်၊ သူဌေးက ဒီနေ့ မင်္ဂ
ဆောင်သွားမှာ၊ အောကတ္တိပါ ဖိနပ်ပဲစီးမှာ၊ မြန်မြန် ... မြန်
သွားလဲ ..."





ထားက အသင့်ချထားသော ရှူးစ်ဖိနပ်အနက်ကို အမြန်
ကောက်ယူပြီး ဖိနပ်ခန်းဘက်သို့ အမြန်ပြေးကာ ခရမ်းရောင် ကတ္တီပါ
ဖိနပ်နှင့် လဲယူလာရသည်။

ထားက ညှပ်ဖိနပ်ကို သူ့ခြေထောက်နားမှာ ချပေးလိုက်
တော့ သူက ဖိနပ်စီးလိုက်ရင်း ...

"အိထွေး ... ငါ ဒီနေ့ ပုဆိုးဝတ်မယ်ဆိုတာကို နင်က ကြိုပြော
မထားတော့ ခုလို အမောတကော အပြေးအလွှားတွေ ဖြစ်ကုန်ပြီပေါ့၊
အစကတည်းက သနားစရာကောင်းတဲ့ အလုပ်မျိုး လုပ်နေရတဲ့
သူကို ပိုပြီး သနားစရာကောင်းအောင် လုပ်ရသလား၊ သနားပါ
တယ်"

သူ့စကားကြောင့် ထားက သူ့ကို ဆတ်ခနဲ မော့ကြည့်လိုက်
သည်။ သူကတော့ ထားကိုမကြည့်ဘဲ မထိတရိ တစ်ချက်ပြုံးပြီး ထွက်
သွားသည်။

သနားတယ်တဲ့။

ဒါ ... ထားကို တမင် နှိပ်ကွပ်သွားတာ ...။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

◆ ◆ ◆

နံနက်ခင်း၏ နွေးဖျော့သော နေရောင်ခြည်က အိမ်ကြီးရှေ့ မြက်ခင်းတွေနှင့် တောင်ကုန်းလေးတွေ အနီးတစ်ဝိုက်မှာ ဝင်းဝါဖြာကျ နေခဲ့သည်။

ထိုနေ့မနက်မှာ ထားက နှင်းဆီဖြူတွေ ထိုးပေးခဲ့ပြီးပြီ ခြံထဲသို့ ဆင်းလာခဲ့တာဖြစ်သည်။

ထိုနေ့ဟာ တနင်္ဂနွေနေ့ . . . ။

ထိုနေ့ တစ်နေ့လုံး သူဌေး အပြင်မထွက်ဘူးဟု အိထွေးက လာပြောပြထားသဖြင့် အနားရသောနေ့လည်း ဖြစ်သည်။

ထားက အိမ်ကြီးရှေ့ မြက်ခင်းပေါ်မှာ အေးအေး လူလူ လမ်းလျှောက်နေခဲ့သည်။ ခဏနေတော့ ခြံထောင့် စံပယ်ရုံမှာ စံပယ်တွေ ခူးလာသော အိထွေးကလည်း ထားအနားသို့ ရောက်လာခဲ့သည်။

ထိုအချိန်မှာပဲ အိမ်ကြီးရဲ့အပေါ်ထပ် ဝရန်တာဆီမှ ငွေစက္ကူ တွေ လွင့်ဝဲကျလာခဲ့တာဖြစ်သည်။

လွင့်ဝဲလာသော တစ်ထောင်တန်တွေကို အိထွေးက အရင် မြင်သွားကာ . . .

"ဟယ် . . . မမရေ ငွေမိုးတွေ ရွာနေပြီ၊ ငွေမိုးတွေ ရွာနေပြီ"





ဟု အော်ရင်း ပိုက်ဆံတွေ လွင့်သွားရာသို့ အပြေးအလွှား လိုက်ဖမ်းနေလေသည်။

ထားသည် အံ့သြစွာဖြင့် အိမ်ကြီးရဲ့ အပေါ်ထပ် ဝရန်တာသို့ မော့ကြည့်လိုက်သောအခါ ပိုက်ဆံတွေ ကြဲချနေသော ခွန်းသကို မြင်လိုက် ရသည်။

ထိုခဏမှာ မနက အိမ်ထဲမှ အပြေးအလွှားထွက်လာကာ . . .

"ဟဲ့ . . . အိထွေး နင်မကောက်နဲ့၊ နင်နဲ့မဆိုင်ဘူး၊ ဒီပိုက်ဆံတွေက မမအတွက် သူဌေးက ဆုချတာ၊ ပန်းတွေ ထိုးပေးတဲ့အတွက် ဆုချတာတဲ့၊ ငါ့ကို ပြောခိုင်းလိုက်တယ်"

"ဟုတ်လား . . . ဟိဟိ . . . အိထွေးကဖြင့် ငွေမိုးတွေများ ရွာသလား လို့ . . ."

"ဟိုမှာ ဝရန်တာမှာ သူဌေး ကြဲချလိုက်တာ နင်မျက်စိ မမြင်ဘူး လားဟဲ့ အိထွေးမရဲ့ . . ."

"အဟဲ . . . ပိုက်ဆံတွေမြင်ပြီး ပျာသွားလိုက်တာ သူဌေးကိုတောင် မမြင်မိဘူး"

အိထွေးက ပိုက်ဆံတွေကို လိုက်မကောက်ရဲတော့ဘဲ ပခုံး တွန့်ကာ ငြိမ်သွားခဲ့သည်။

ထားသည် အောက်နှုတ်ခမ်းလေးကို ဖိကိုက်လိုက်ရင်း သူ့ကို ကြည်းစွာ မော့ကြည့်နေလိုက်သည်။

သူကတော့ ဟိုးဝရန်တာအမြင့်ဆီမှာ ရပ်လျက်ပင် ထားကို လှောင်လိုသော မျက်ဝန်းများဖြင့် ငုံ့ကြည့်နေလိုက်ပြီးမှ ချာခနဲ လှည့်၍ ဝင်သွားတော့သည်။

ထားသည်လည်း စွတ်စိုလာသော မျက်ဝန်းတွေကို မျက် တောင် မြန်မြန်ခတ်၍ ခြောက်စေလိုက်ပြီး ထိုနေရာမှ လှည့်ထွက်လာခဲ့ သည်။

"မမ . . . မမ . . . ဒီမှာ ပိုက်ဆံတွေ ယူသွားဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



ပြန့်ကျဲနေသော ပိုက်ဆံတွေကို လိုက်ကောက်စုထပ်နေသော အိထွေးက ပိုက်ဆံထပ်ကို ကိုင်ကာ ထားနောက်သို့ ပြေးလိုက်လာသည်။ ထားက သူ့ကို လှည့်မကြည့်ဘဲ ...

"နင်ပဲ ယူလိုက်တော့ အိထွေး ..."

"ဟင် ... တ ... တ ... တကယ်၊ အမလေး ... ပျော်လိုက်တာ အမေရေ၊ နည်းတဲ့ ပိုက်ဆံမဟုတ်ဘူး အမေရဲ့"

○ ○ ○



♠ ♠ ♠

"ထား ... ထားသခင်လားဟင်"

"ဟင် ... ဒေါ်နန်း ..."

ထားသည် ဒေါ်နန်းကို ခွန်းသရဲ့ အိမ်တံခါးဝနားမှာ တွေ့ လိုက်ရတာမို့ အံ့ဩသွားမိသည်။ ဒေါ်နန်းကတော့ ထားကို 'ထားသခင်မှ ဟုတ်ပါလေစ' ဟု မယုံနိုင်သော မျက်ဝန်းများဖြင့် ကြည့်နေသည်။

"ဒေါ်နန်းက ဘယ်လိုက ဘယ်လို ..."

"ဒေါ်နန်းက မောင်ခွန်းသ ကောင်းစားကတည်းက ဒီအိမ်မှာအလုပ် လုပ်နေတာလေ၊ မောင်ခွန်းသက သူ ကောင်းစားတော့ ဒေါ်နန်းကို ရှာဖွေဆက်သွယ်ပြီး ခေါ်ယူခဲ့တာ၊ ဒေါ်နန်းနေတဲ့ ရွာအထိ လူလွှတ်ပြီး ခေါ်ခိုင်းခဲ့တာ၊ ဒေါ်နန်း ဒီမှာ အိမ်အလုပ်ကလေးတွေလုပ်ရင်း ကောင်းကောင်းမွန်မွန် နေရပါတယ်၊ ပြီးခဲ့တဲ့ နှစ်လလောက်ကမှ ရွာက နာတာရှည် အစ်မကို ပြုစုဖို့လိုတာနဲ့ မောင်ခွန်းသကို ခွင့်တောင်းပြီး ရွာခဏပြန်သွားတာ၊ ဒါနဲ့ ... သမီးကရော ဒီကို ဘယ်လိုရောက်လာတာလဲ ..."

ဒေါ်နန်းက ယူနီဖောင်းလေး ဝတ်ထားသော ထားသခင်ကို ကြည့်ရင်း နားမလည်နိုင်စွာဖြင့် မေးလာသည်။ ထားက ပြေဖျော့ကို



www.burmeseclassic.com

www.burmeseclassic.com



သိမ်ငယ်ဝန်လေးလှသော်လည်း မျက်နှာထားလေးကိုတော့ ဟန်ဆောင် တင်းထားကာ ...

"ထားလည်း ဒီမှာအလုပ်ဝင်နေတာ"

"ဟင် ... ဖြစ်ရလေ၊ သမီး ဘွားဘွားရော"

"ဆုံးပြီ ..."

"ဟယ် ... ဒေါ်နန်း စိတ်မကောင်းလိုက်တာကွယ်၊ ဒါနဲ့ နိုင်ငံခြားက သမီး အဖေဆိုတာကရော ..."

"ဖေဖေလည်း ဆုံးသွားပါပြီ၊ ထားတို့အိမ်တွေလည်း ရောင်းချလိုက်ရပြီ၊ အတိုချုပ်ပြောရရင် ဆင်းရဲသွားတယ်ပဲ ဆိုပါတော့ ထားတစ်ယောက်တည်း အဆောင်မှာနေရင်း အဆင်မပြေဖြစ်နေတဲ့ အချိန်မှာ ခွန်းသက သေသေချာချာ အကွက်ချပြီး ထားကို သူ့အိမ်မှာ အလုပ်လာလုပ်အောင် စီစဉ်ခဲ့တာပါ၊ သူက ထားကို ကလဲ့စားချေချင်နေခဲ့တာလေ ..."

"ဒီလိုတော့ ဟုတ်ပါ့မလားကွယ်၊ မောင်ခွန်းသက စိတ်ထားအေးကောင်းရှာပါတယ်၊ သူ့အလုပ်သမားတွေအပေါ်လည်း သိပ်ငဲ့ညှာတတ်တာ"

"ထားအပေါ်တော့ အဲ့ဒီလိုမဟုတ်ဘူး ဒေါ်နန်း ...၊ ဒါနဲ့ ထားနားမလည်နိုင်တာ တစ်ခုက ဒီခြောက်နှစ်လောက် အတောအတွင်းမှာ သူ ဘာဖြစ်လို့ ဒီလောက် ချမ်းသာသွားတာလဲ ..."

"အင်း ... အဲ့ဒါကိုပြောရရင် လူတစ်ယောက်ရဲ့ ထူးဆန်းတဲ့ ကြုံတွေ့အလှည့်အပြောင်းလို့ပဲ ပြောရမယ်ဆိုပါတော့ကွယ်၊ နောက်ဆုံးတစ်ခေါက် သမီးတို့ လာသွားပြီး သိပ်မကြာခင်မှာပဲ မော်ထဲသွားနေတဲ့ သူ့အဖေက သူ့ကိုလာခေါ်တယ်၊ သူ့အဖေက အသက်ကယ်ထားတယ်ဆိုတဲ့ လူတစ်ယောက်လည်း ပါတယ်၊ အဲ့ဒီလူ ငှက်ဖျားတွေတက်ပြီး သေလုဆဲဆဲအချိန်မှာ မောင်ခွန်းသအဖေက ကျောပိုးပြီး ဆေးရုံကို အချိန်မီ ပို့ပေးခဲ့တာတဲ့ ...၊ အဲ့ဒီလူက





ဆိုးလွန်း မိုက်လွန်းလို့ မိဘတွေက နှစ်ပေါင်းများစွာ စွန့်ပစ်ထားတဲ့သူ၊ ဒါပေမယ့် မိဘတွေဆုံးတော့ အမွေတွေ အများကြီး ရလိုက်တယ် ...၊

"အဲ့ဒီတုန်းက မောင်ခွန်းသအဖေကလည်း ကျောက်အောင်လာတယ်၊ ဟိုလူကလည်း အောင်လာတယ်၊ ဟိုလူက အမွေပါရတော့ ပိုချမ်းသာသွားတာပေါ့၊ အဲ့ဒီလိုနဲ့ သူတို့နှစ်ယောက် ပေါင်းပြီး စီးပွားရေးတွေ လုပ်နေတဲ့အချိန်မှာ မောင်ခွန်းသ အဖေက မောင်ခွန်းသကို နိုင်ငံခြားလွှတ်ပြီး ကျောင်းကောင်းကောင်းထားလိုက်တယ်၊ မောင်ခွန်းသ နိုင်ငံခြားမှာ ကျောင်းတက်နေတဲ့ အချိန်မှာ သူ့အဖေကလည်း ဒီမှာ စီးပွားတွေ ဖြစ်ထွန်းအောင်မြင်လာတယ် ...၊

"မောင်ခွန်းသ ပြန်လာတော့ သူတတ်ထားတဲ့ပညာနဲ့ သူ့အဖေ ရှာထားတဲ့ ဥစ္စာနဲ့ပေါင်းပြီး ပိုအောင်မြင်လာတယ်၊ ဘကြီးမိုးကိုလည်း ခေါ်ပြီး စောင့်ရှောက်ထားခဲ့တယ်လေ၊ ပြီးခဲ့တဲ့နှစ်ကတော့ ဘကြီးမိုးက ရဟန်းဘောင် ဝင်ချင်တယ်ဆိုလို့ ခွင့်ပြုလိုက်ရတယ်၊ မောင်ခွန်းသ အဖေကတော့ မနှစ်ကပဲ ကျောက်ကပ်ရောဂါနဲ့ ဆုံးတယ် ...၊

"ခုတော့ မောင်ခွန်းသ တစ်ယောက်တည်းပေါ့ကွယ်၊ သူ့ခများလည်း သမီးလိုပါပဲ၊ တစ်ကောင်ကြွက်လို့ ဆိုရမှာပေါ့ ..."

"သူ့ဘဝက တစ်ယောက်တည်းဆိုပေမယ့် ကျေနပ်ပျော်ရွှင်စရာတွေချည်းပါပဲ ဒေါ်နန်း၊ သူ့မှာ ငွေရှိတော့ ကြိုက်တာ လုပ်လို့ရတယ်၊ ထင်ရာစိုင်းလို့ ရတယ် ..."

"မောင်ခွန်းသက ငွေရှိတိုင်း ထင်ရာစိုင်းတဲ့ အစားထဲမှာတော့ မပါပါဘူးကွယ်"

"ထား မြင်တာကတော့ သူက အဲ့ဒီလို လူမျိုးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ခေါနန်းက ခေါင်းကို ဖြည်းညင်းစွာယမ်းနေသည်။ ခေါနန်းကတော့ ခွန်းသကို အကောင်းပဲ မြင်မှာပေါ့ ...။

"ဒါနဲ့ ခေါ်ညိုမြတို့ ဦးတင့်တို့ ... မိနှောင်းတို့ရော ဘယ်တွေရောက်နေကြပြီလဲ သမီး"

"သူတို့က ထားမှာ ပိုက်ဆံမရှိတော့ ထားကို ထားသွားပြီလေ လူဆိုတာက ငွေရှိတဲ့သူကိုမှ ကိုးကွယ်ချင်ကြတာလေ"

"လူတိုင်းတော့ အဲ့ဒီလိုမဟုတ်ပါဘူးကွယ် ..."

○ ○ ○



♠ ♠ ♠

"ထားသခင် ..."

ခြံထဲမှာ အေးအေးဆေးဆေး ထိုင်နေသော ထားသခင်သည် နောက်ဘက်ဆီမှ ထွက်ပေါ်လာသော ခွန်းသ၏အသံကြောင့် ဆတ်ခနဲ ထောင် လန့်တုန်သွားသည်။

ထားကို ဘယ်တုန်းကမှ သူ ဒီလိုလာမခေါ်ဖူးတာမို့ပင်။

ထားက သူ့ကို ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

သူက အဓိပ္ပာယ်တစ်မျိုးဆောင်သော အကြည့်မျိုးဖြင့် ထားကို ရပ်ကြည့်နေသည်။ အပေါ်နှုတ်ခမ်းကလည်း လွန့်လူးလျက် သရော်တာလား ... ရယ်သွမ်းသွေးချင်တာလား မသိသော မျက်နှာမျိုး ...။

"ကိုယ့်ကို ကူညီစမ်းပါ ထားသခင် ..."

"ဘာကူညီရမှာလဲ ..."

"ဒီမှာလေ ... ပြဿနာက ..."

သူက သူ့ခြေထောက်တွေကို လက်ညှိုးထိုးပြလိုက်သည်။

အမလေး ... ရွှံ့တွေ ... ရွှံ့တွေ။ နည်းတာမဟုတ်။

ဖိနပ်ရဲ့ မူရင်းအရောင်ကိုတောင် မမြင်ရတော့လောက်အောင် ပျစ်ပျစ် ရွှံ့တွေက ဖိနပ်တွေပေါ်မှာ ညစ်ပေပွနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ကျွန်မက ဘာလုပ်ရမှာလဲ ..."

"တဆိတ်လောက် ဒီပြဿနာကို ရှင်းပေးစမ်းပါ"

ထားသည် သူ့ဦးတည်ချက်ကို ရိပ်မိလာသည်။

"မင်းအတွက် အပမ်းမကြီးလောက်ပါဘူး၊ ဒါမျိုးက အလွယ်တကူ လုပ်ပေးလို့ရတဲ့အရာပါ၊ ဖိနပ်မှာ ပေနေတဲ့ ရွှံ့တွေကို ဟောဟိုက ရေပိုက်လေးနဲ့ ထိုးဆေးလိုက်ရုံပဲလေ ..."

ထားသည် နှလုံးသားတစ်ခုလုံး ဆတ်ဆတ်တုန်လာသည်အထိ ထင်ရပြီး မျက်နှာပြင်တစ်ခုလုံး ဖြန်းခနဲ ပူနွေးနီရဲလာကာ လက်သီးဆုပ် ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိရင်း ...

"ရှင် တော်တော် ကလေးဆန်ပါလား ခွန်းသ၊ ဒီအရွယ်ရောက်မှ ဆယ်ကျော်သက် ကလေးတွေလို မဆင်မခြင် ကလဲ့စားချေနေတာ ရှင် မရှက်ဘူးလား"

"မင်း ငါ့ကို ဝေဖန်စရာမလိုဘူး ထားသခင် ..."

"ဝေဖန်မခံချင်ရင် ရှင် ကျွန်မနဲ့ လာမပတ်သက်နဲ့လေ၊ ရှင်က စပြီး ကျွန်မနဲ့ပတ်သက်ဖို့ ကြိုးစားခဲ့တာမဟုတ်လား၊ နှစ်တွေ ကြာတဲ့ အထိ ရှင်က ကျွန်မကို မမေ့နိုင်ဘဲကိုး"

"ငါ့စိတ်ထဲမှာ အမုန်းဆိုတဲ့ ခံစားချက် ရှိနေသရွေ့ မင်းကို ဘယ် တော့မှ မမေ့ဘူး ထားသခင် ..."

"အဲ့ဒါ ရှင်ရှုံးနေတာပေါ့ ...၊ ကျွန်မကို ရှင့်စိတ်ထဲကနေ မထုတ် နိုင်သရွေ့ ရှင်ရှုံးနေတာပေါ့ ..."

"ငါ ဘယ်တော့မှ မင်းကိုမရှုံးဘူး၊ ငါ့ကို ဖိနပ်လာစီးပေးနေတဲ့ မင်းသာ နေ့တိုင်း အရှုံးနဲ့ရင်ဆိုင်နေရတာ"

"ကလေးသာသာ အရွယ်တုန်းက ကလေးအတွေးနဲ့ လုပ်ခဲ့မိတဲ့ ကိစ္စအပေါ် ရှင် ဒီလောက်အညှိုးအတေးတွေ ထားခဲ့လိမ့်မယ်လို့ ကျွန်မ လုံးဝမတွေးခဲ့ဘူး ခွန်းသ ..."

"ပြုလုပ်သူက မေ့ပစ်တတ်တာ ထုံးစံပဲလေ၊ ခံရတဲ့သူကတော့





ဘယ်တော့မှ မမေ့ဘူး၊ မင်းကြောင့် ငါဟာ ဖြူစင်ရိုးသားတဲ့ကလေး တစ်ယောက် ဘဝကနေ အညှိုးအတေးတွေ၊ နာကျင်မှုတွေ၊ သိမ် ငယ်မှုတွေ၊ ထိတ်လန့်မှုတွေနဲ့ နေနေရတဲ့ ကလေးဘဝကို ရောက်ခဲ့ ရတယ်၊ ငါ အရွယ် မရောက်ခင် ကိုယ့်ထမင်း ကိုယ်ရှာမစားတတ် သေးခင်မှာ ငါ့အဘိုးကို မင်းများ အလုပ်ဖြုတ်သွားလေမလားလို့ ပူပန် စိတ်နဲ့ အိပ်မပျော်တဲ့ ညတွေ၊ ကယောင်ချောက်ချား လန့်နိုး ရတဲ့ ညတွေကို ပိုင်ဆိုင်ခဲ့ရဖူးတယ် ...၊

"အဲ့ဒါတွေ မကသေးဘူး၊ ငါ လူပျိုပေါက်အရွယ် ရောက် လာတော့လည်း မင်းက လူပျိုတစ်ယောက်ရဲ့ ရှက်စိတ်နဲ့ လူပျို့ ဂုဏ်ကို တခြားသူတွေရှေ့မှာ ရိုက်ချိုးတဲ့လုပ်ရပ်ကို လုပ်ခဲ့တယ်၊ မင်း သူငယ်ချင်းတွေရှေ့မှာ၊ အို ... အားလုံးရှေ့မှောက် ဒူးထောက် ပြီး မင်းကို ဖိနပ်စီးပေးခဲ့ ရတဲ့ လူပျိုပေါက်လေးတစ်ယောက်က ဘယ်လိုခံစားသွား ရမယ်ဆိုတာကို မင်း စာနာမပေးခဲ့ဘူး၊ ငါ့ဘက် က လုံးဝ စဉ်းစားမပေးဘဲ ဆိုးရွားမိုက်မဲတဲ့ လုပ်ရပ်ကို မင်းလုပ် သွားခဲ့တယ်၊ ငါ့မှာ အပြစ်မရှိဘဲ ငါ့ပါးကို မင်းရိုက်သွားခဲ့တယ်၊ မင်း လုပ်ခဲ့တာတွေထက်စာရင် အခု ငါပြန် lesson ပေးတာက ပါးပါးလေးပဲ ရှိပါသေးတယ်၊ မင်း ဒီလောက် ဆတ်ဆတ်ခါ မနာသင့်သေးပါဘူး"

"ဩော် ... ဒါဆို ရှင်က ခုလိုလုပ်နေရတာတွေနဲ့တောင် မကျေနပ် သေးဘူး ဆိုပါတော့ ..."

"ဒီလောက်လေးနဲ့ ကျေနပ်လိုက်ရင် ငါရှုံးလို့ပဲလေ ..."

"ရှင်က အခုကတည်းက ရှုံးနေတာပါ"

ခွန်းသက ခွန်းတုံ့မပြန်တော့ဘဲ ထားကို လှောင်ပြောင် သရော်သော မျက်ဝန်းများဖြင့် စိုက်ကြည့်နေလိုက်ရင်း ...

"မင်းကို ငါ သနားတယ် ..."

"ဘာ ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းက သနားစရာကောင်းတယ်"

"မပြောနဲ့၊ ရှင် အဲ့ဒီစကားကို လုံးဝမပြောနဲ့၊ ကျွန်မက ရှင် သနားရမယ့်သူ မဟုတ်ဘူး၊ အဲ့ဒီစကားလုံးလေးနဲ့ ကျွန်မစိတ်ကို ရိုက်ချိုးနေတာ ကျွန်မသိတယ်"

ထားသခင်က ဒေါသဖြင့် မျက်လုံးစုံမှိတ်ကာ အော်လိုက်သည်။ ခွန်းသကတော့ ထားသခင်လို လှုပ်လှုပ်ရှားရှားမဖြစ်ဘဲ စိတ်လှုပ်ရှားမှုမရှိတဲ့ အေးစက်စက် မျက်နှာမျိုးဖြင့် ထားကို စိုက်ကြည့်ရင်း ...

"တကယ် သနားစရာလေး ဖြစ်နေလို့ ပြောတာပါ"

"ရှင့်ပါးစပ်ပိတ်ထား ...၊ ရှင် အရမ်းရိုင်းတယ်၊ ရှင်က လူရိုင်း ..."

"မင်းက အထည်ကြီးပျက် ..."

"ဘာ ..."

"အထည်ကြီးပျက်လေ၊ မင်း အခု အထည်ကြီးပျက်ဖြစ်ပြီး လောက ကြီးနဲ့ လူတွေနဲ့ အံမဝင်ဘဲဖြစ်နေတဲ့ ပုံစံက အရမ်းလည်း ရယ်စရာကောင်းသလို သနားဖို့လည်း ကောင်းနေတယ်ဆိုတာ မင်း ကိုယ်မင်း သုံးသပ်နိုင်ရဲ့လား ...၊

"ပိုက်ဆံချမ်းသာတုန်းက အနံကြီးကွင်းကျယ် လုပ်တတ်တဲ့ အကျင့်တွေက မင်းဘဝ ပြောင်းတာတောင် မင်းဆီမှာ ကပ်ပါလာ သေးတော့ မင်းပုံစံက ဆန်မရှိ အစားကြီးပုံစံ ပေါက်သွားရော ... လူကသာ ချုံကြားရောက်သွားပေမယ့် စိတ်က ဘုံဖျားမှာရှိတုန်း ... လူ့အောက်ကျရမယ့် ဘဝမျိုး ရောက်သွားတာတောင် အောင့် မကျို့ချင်တော့ မင်းမှာ ထမင်းမှန်မှန် စားရဖို့တောင် ခက်သွားပြီ ငါသာ အလုပ်ခေါ်ခန့်မထားရင် မင်းဘဝက မြောင်းထဲရောက် လောက်ပြီ ...၊ ငါ့အိမ်မှာ သက်သောင့်သက်သာ အလုပ်ကလေး လုပ်ပြီး ပိုက်ဆံများများ ယူ၊ ထမင်းကောင်းကောင်း စားနေရတဲ့ အတွက် မင်း ငါ့ကို ထိုင်တောင်ရှိခိုးသင့်နေပြီ ထားသခင် ..."

ထားသည် ကိုယ့်ကို အနစ်နာဆုံး စကားလုံးတွေဖြင့် ခပ်သ





သား ထိုးနှက်တိုက်ခိုက်နေသော ခွန်းသကို အံ့အံ့သြသြ စိုက်ကြည့်ရင်း နေသည်။ ဒေါသက ဂိတ်ဆုံးရောက်သွားပြီမို့ ဒေါသတောင် ဆက်နိုင်တော့ဘဲ လူက အားပြတ်ဆုတ်နစ် သွားပါသည်။

တကယ်ပဲလား ... ထားဟာ သူပြောတဲ့ အထည်ကြီးပျက် မျိုး ဝင်သွားပြီလား။

"ရှင်ပြောလို့ ကျေနပ်ရင် ကျွန်မ ပြောမယ် ခွန်းသ၊ အမှားအမှန်ကိုတော့ ကျွန်မက မငြင်းခုန်ချင်တော့ဘူး၊ ကျွန်မဆီမှာ ရှင့်အကြွေးတွေ ရှိနေခဲ့တယ်လို့ပဲ သတ်မှတ်ပြီး ဒီ ၆ လအတွင်းမှာ ရှင်ခိုင်းတာလုပ်ပြီး ရှင့်အကြွေးကို ပြန် ဆပ်ပေးမယ်၊ အဲ့ဒီလိုဆိုရင်တော့ ရှင် ကျေနပ်နိုင်မယ်ထင် ပါတယ်၊ ကဲ ... ပြော ... အခု ကျွန်မ ဘာလုပ်ပေးရမလဲ၊ ရှင့်ကို ခြေထောက်ဆေးခိုင်းမိတဲ့အတွက် ရှင့်ခြေထောက်ကို ပြန်ဆေးပေးစေချင်တယ် မဟုတ်လား၊ ကောင်းပြီ ... ခဏ စောင့်၊ ကျွန်မ ရေပိုက်သွားယူလိုက်ဦးမယ်၊ ဪ ... ဒါနဲ့ တစ်ခုတော့ သိချင်တယ်၊ အမြဲတမ်း ပန်းမွေ့ရာ ရွှေကော်ဇောပဲ နင်းနေတဲ့ သူက ခြေထောက်မှာ ဒီလောက် ရွှံ့များများပေအောင် ဘယ်လိုများ သက်စွန့်ဆံဖျား ကြိုးပမ်းခဲ့ရပါသလဲရှင်"

ခွန်းသက ပြုံးနေကျအတိုင်း သရော်တော်တော် ပြုံးလိုက်ရင်း ...

"တော်တော့်ကို စွန့်ခဲ့ရပါတယ်၊ အိမ်အပြန်လမ်းက ရွှံ့ဗွက်တွေ ထနေတဲ့ ရပ်ကွက်ဘောလုံးကွင်းထဲ ဝင်ပြီး ဗွက်အိုင်ထဲ နင်း လျှောက်ခဲ့ရတာလေ ... အဟွန်း ..."

"ဪ ... ဪ ... သူများကို ရွှံ့ပေဖို့အတွက် ကိုယ့်ကိုယ်ကို အရင် ရွှံ့ပေခံရဲ့တဲ့ ရှင့်သတ္တိကို လေးစားပါတယ်ရှင်"

ထားက သူ့ကို ငေါ့တော့တော့ပြန်ပြောပြီး ခြံထောင့်က နှင်းပင်တွေ ရေလောင်းသည့် ရေပိုက်အရှည်ကို ကောက်ယူပြီး ရေခေါင်း ခလုတ်ကို လှည့်ဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေပိုက်ကို သူ့ဆီ ဆွဲယူလာတော့ သူက မထိတရိ ပြုံး လက်ပိုက်ကာ ခေါင်းမော့ထားသည်။

ထားက သူ့ခြေရင်းမှာ ဝုတ်တုတ် ထိုင်ချလိုက်ပြီး သူ့ဖိနပ် ပေါ်က ရွှံ့တွေကို ရေပိုက်နှင့်ထိုးကာ သေချာစင်အောင် ဆေးပေးလိုက်လေ သည်။

ထိုခဏမှာ အဆုံးစွန်သော အောက်ကျခြင်းဆိုတာကို ထား နားလည်သွားသည်။ ကိုယ်နဲ့ရွယ်တူ ယောကျ်ားတစ်ယောက်ရဲ့ ခြေထောက် ကို ဆေးပေးရလေခြင်းဟူသော စိတ်က ထားကို ဝမ်းနည်းနာကျင်လာစေ သည်။ သူလည်း ဒီလိုခံစားခဲ့ရ မှာပေါ့။ ဒါပေမယ့် ရှင် ဒီလောက်ထိတော့ ကျွန်မကို ပြန်မရက် စက်သင့်ပါဘူး ခွန်းသရယ်၊ အဲဒီတုန်းက ကျွန်မက မရင့်ကျက်သေးတဲ့ ကလေးတစ်ယောက်လေ ...။ အပျိုပေါက်ကလေး တောင် ဖြစ်မလာခင်တုန်းကလေ။

ထားသည် ရင်ထဲမှာ နာလှသော်လည်း မျက်ရည်တော့ မကျပါ၊ ငယ်ငယ်တုန်းက မသိနားမလည်စွာ ချမ်းသာခဲ့ရပြီး အရွယ် ရောက်ချိန်မှာလည်း မသိနားမလည်စွာ ဆင်းရဲသွား ခဲ့ရတာမို့ ဘဝကြီးက တော်တော့်ကို အူကြောင်ကြောင်နိုင်သည်။

လောကအကြောင်း၊ လူတွေအကြောင်း နားမလည် ခင်တုန်း က ဘွားဘွားရဲ့ ဘုံမြှောက်ထားတဲ့ စကားတွေကို နားဝင်ကာ 'ငါ့ ထားသခင်' ဟု ဘဝင်လေဟပ်ခဲ့သော ထားသခင်ဟာ အမြဲတမ်း ပြည့်စုံ သည့် ဘဝမျိုးမှာပဲ နေထိုင်သွားရလိမ့်မည်ဟု ထင်ခဲ့တာပင် ...။ ထား နံဘေးကနေလူတွေ တဖြုတ်ဖြုတ်ပျောက်ကွယ်သွားကာ ထားတစ်ယောက် တည်း ခိုကိုးရာမဲ့ဖြစ်ကျန်ခဲ့ရသော အဖြစ်ကို မယုံနိုင်လွန်းလို့ အိပ်မက်များ လားဟု ထင်မိသော နေ့တွေ၊ အိပ်ရာက လန့်နိုးလာတိုင်း ကိုယ့်ကိုယ်ကို ရန်ကုန်က မဟော်ဂနီစံအိမ်ထဲမှာပဲ ရှိနေသေးသည်ဟု ကယောင်ချောက် ချား ထင်မြင်မိသော ညတွေ ...။ ဒီလိုနေ့ညတွေကို တစ်ယောက်တည်း ဖြတ်သန်းရင်း ပင်ပန်းလွန်းရတဲ့အထဲ ခွန်းသက ထပ်မံ နှိပ်စက်လာသော





ထားရဲ့ နှလုံးသားတွေဟာ ပွဲပွဲကျရလွန်းလို့ ပွဲစရာတောင် မကျန် အောင် အကုန်လုံး ကြေကျသွားခဲ့ပြီးပြီ။

ထားဘဝမှာ အမေဆိုတာလည်း ဘယ်ဆီဘယ်ဝယ်မှန်း မသိခဲ့ပါ။ အဖေဆိုတာကလည်း အသက်ထင်ရှား ရှိစဉ်တုန်းကတောင် အနားမှာ မရှိခဲ့ပါ။

ခုနေ အမေ့ကိုပြန်တွေ့ရင်တော့ ထားဘဝဟာ 'တစ်ယောက် တည်း မဟုတ်တော့ပါလား' ဟု အားတက်ပျော်ရွှင်မိမှာပင်။

"မင်း ... ငိုနေတာလား ထားသခင် ..."

ခွန်းသ အသံကြောင့် ခေါင်းငုံ့၍ ရွှံ့ဆေးနေသော ထားသခင် ခေါင်းမော့ကြည့်လိုက်သည်။ ခွန်းသက သရော်တော်တော် အပြုံးသဲ့သဲ့ ဖြင့် ထားကို ငုံ့ကြည့်နေသည်။

သူ့ခြေထောက်မှာ ရွှံ့စင်သွားပြီမို့ ထားက ရေပိုက်ကို မြေပြင်မှာချကာ မတ်တတ်ထရပ်လိုက်ပြီး သူ့မျက်နှာကို စေ့စေ့ကြည့်ကာ ...

"ငါမငိုဘူး ခွန်းသ ..."

"နင် ညာတာ ..."

"နင့်လိုပဲလို့ မမှတ်နဲ့လေ၊ နင့်တုန်းက ငိုခဲ့ပေမယ့် ငါကတော့ မငိုဘူး၊ ငါ့ဘဝအတွက် မျက်ရည်တွေ ကျခဲ့ရလွန်းလို့ နင့်အတွက် ကျစရာ မျက်ရည်လက်ကျန် မရှိတော့ဘူး"

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

တစ်နေပြီး တစ်နေ ဝင်သွားခဲ့သည်။

တစ်ရက်ပြီး တစ်ရက် ကုန်ဆုံးလာခဲ့သည်။

ထားသည် ရှိစုမဲ့စု အားမာန်ကလေးကို တင်းကာ ခွန်းသ ကလဲ့စားချေသော နေ့ရက်များစွာကို ကျော်ဖြတ်လာခဲ့ရသည်မှာ ၆ တိုင်ခဲ့ပြီ ဖြစ်သည်။

ထို ၆ လအတွင်းမှာ ထားက ကိုယ့်မာနတွေကို အတတ် ဆုံး ချိုးနှိမ်ကာ ခွန်းသ ခိုင်းစေသော အလုပ်တွေအားလုံးကို လုပ်ပေးခဲ့ သည်။ လူကြီးဆန်သလိုလိုနှင့် ကလေးဆန်လှသော ခွန်းသဟာ ဟိုး ရှေးတုန်းက ထားရဲ့ လုပ်ရပ်တွေကို အသေးစိတ် မှတ်မိလောက်အောင် မှတ်ဉာဏ်ကောင်းမွန်သည်။ ဟိုတုန်းက ထားလုပ်ခဲ့တဲ့အတိုင်း ပြန်လုပ် သူက ကျေနပ်သည်။

ကလဲ့စားချေတဲ့နေရာမှာ ဘယ်လောက် အသေးစိတ်လို သလဲဆိုရင် ထား ဆယ်နှစ်သမီးလောက်တုန်းက မြားပစ်တမ်း ကစားရင် သူ့ကို မြားကောက်ခိုင်းခဲ့တာကို မှတ်သားထားပြီး သူ တင်းနစ်ရိုက်ချိန် တင်းနစ်ဘောလုံး ကောက်ခိုင်း၏။ ဘတ်စကတ်ဘော ကစားရင် ဘော ကောက်ခိုင်း၏။





ထိုမျှမကသေး ... ထားက သူ့ကို လိမ္မော်သီးတွေ ကောက် ခဲ့တာမို့ လိမ္မော်သီးပေါ်ချိန်မှာ လိမ္မော်သီးတွေ ဝယ်လာကာ ထား မှ လွှတ်ချပြီး လိုက်ကောက်ခိုင်း၏။ လက်စားချေပုံက တိကျလွန်း သည်။

အိထွေးတို့ မနုတို့ကပင် သူ့လုပ်ရပ်တွေကို အံ့ဩကာ သူ့ ယ်ရာမှာ အတင်းပြောနေတာကို ထား အမှတ်တမဲ့ ကြားခဲ့ရသည်။

"သူဌေးလေးက စိတ်ထားကောင်းရက်သားနဲ့ မမထား အပေါ်ကျမှ တမင် နှိပ်စက်နေသလိုကြီးပဲနော်၊ မမထား သနားပါတယ်"

ထားတုန်းက သူ့အပေါ်မှာ တမင်ဆိုးခဲ့တာမဟုတ်။ လူတိုင်း ပေါ်မှာ ထားက ဆိုးခဲ့တာ။ သူကျတော့ ထားအပေါ်ကိုမှ တကူးတက နေခဲ့ရတာ ...။ သူ့ရဲ့ မောက်မာမှုတွေဟာ ထားသခင် တစ်ယောက် ည်းအတွက်သာ အထူးစပါယ်ရှယ် သီးသန့်။

ထားကတော့ အကြွေးဆပ်ရတာပဲလေဟု သဘောပိုက်ကာ ခံစားချက်မှမရှိသလို မျက်နှာမျိုးဖြင့် သူ့ခြေထောက်တွေကို ကိုင်ကာ အိတ်စွပ်ခြင်း၊ ချွတ်ခြင်း၊ ဖိနပ်စီးပေးခြင်း၊ ချွတ်ပေးခြင်းတို့ကို နေ့စဉ် ချိန်မှန်မှန် လုပ်ပေးခဲ့သည်။ သူ့ ဖိနပ်များစွာကို တိုက်ချွတ်သိမ်းဆည်း ခဲ့သည်။

တစ်ခါတစ်ရံမှာ သူနဲ့အတူ စက်ဘီးစီးသင်ခဲ့ဖူးသော မနက် လေးနှင့် စိန်ပန်းပြာတွေ ပြန့်ကျဲနေသော လမ်းကလေးကို သတိရလျှင် ဘာ့ ဘာကြောင့်မှန်း အဖြေရှာမရဘဲ ထား ဝမ်းနည်းလာတတ်သည်။

ပြီးတော့ ... နှင်းဆီနီများဖြင့် လှပနီစွေးခဲ့သော ပြင်ဦးလွင်က ဘာစံအိမ်ကြီးကို ထား ခဏခဏ အိပ်မက် မက်သည်။

အိပ်မက်ထဲမှာ ထားက မဟာစံအိမ်ကြီးထဲကို ရောက်ရှိနေ ဘ နှင်းဆီနီ နှစ်ပွင့်ကို နမ်းရှိုက်နေသည်။

www.burmeseclassic.com



♠ ♠ ♠

"ထား ... သွားတော့မယ် ဒေါ်နန်း"

"အေး ... အေး ... မကြာမကြာ လာလည်ပါ သမီးရယ်၊ ဖုန်းလည်း ဆက်ပါကွယ်၊ ဒေါ်နန်းလည်း သမီးအဆောင်ကို လာခဲ့ပါ့မယ်"

"မမ ... အိထွေးတို့ဆီ ခဏခဏ လာလည်နော် ..."

ထားက သူတို့ကို ခေါင်းတစ်ချက်ဆတ်ကာ နှုတ်ဆက်လိုက်သည်။ ထို့နောက် ထားပစ္စည်းတွေ တင်ထားသော ကားဆီသို့ လျှောက်လာခဲ့ရင်း အိမ်ကြီးကို သမင်လည်ပြန်တစ်ချက်ကြည့်မိပြီးမှ ချာခနဲ မျက်နှာလွှဲလိုက်ပြီး ခပ်သုတ်သုတ် လျှောက်လိုက်သည်။

ဒီအိမ်ကို နောက်တစ်ခေါက်ဆိုတာ ဘယ်တော့မှ မရှိတော့ဘူး ...။

ဒီအိမ်နဲ့ ဒီလူတွေကို ထားမလွမ်းဘူး ...။

ထားက ခြေလှမ်းကို ပို၍ သွက်လိုက်သည်။

"ထားသခင် ..."

ခေါ်သံကြောင့် ထားခြေလှမ်းတွေ တုံ့ရပ်သွား၏။

ထား လှည့်ကြည့်လိုက်၏။

ခွန်းသက အိမ်နေရင်း ဝတ်သည့် ချည်သားဘောင်း



ဘီ ဖြူရောင်ပွပွရဲ့ အိတ်တွေထဲကို လက်နှစ်ဖက်နှိုက်လျက် ထားဆီသို့ ခြေလှမ်းချင်း လျှောက်လာနေသည်။

ထား သူ့ကို ရပ်စောင့်နေလိုက်သည်။

သူက ဘောင်းဘီအိတ်ကို လက်နှိုက်လျက်ပင် ခြေကိုရွဲ့ချက် ထားရှေ့မှာ ရပ်လိုက်သည်။ ပြီးတော့ ထားကို မကြည့်ဘဲ မျက်နှာ ခပ်လွှဲလွှဲနှင့် ...

"ဒီလောက်နဲ့တော့ အကြွေးကျေပြီလို့ မထင်လိုက်ပါနဲ့ ထားသခင်"

ထားက သူ့မျက်နှာကို စိုက်ကြည့်နေလိုက်သည်။ ဒါ ဘာ အဓိပ္ပါယ်လဲ ...။

"တစ်ခု ကျန်နေသေးတယ်လေ ...၊ မင်း မှတ်မိဦးမှာပေါ့၊ ဟိုတုန်းက မင်းကို ငါ နောက်ဆုံးပြောခဲ့ဖူးတာ၊ တစ်နေ့ကျ မင်းဘဝကို ငါပိုင်စေရမယ်ဆိုတာ ..."

"လူတစ်ယောက်ရဲ့ ဘဝကို ရှင် ပိုင်ချင်တိုင်းပိုင်လို့ရမယ် ထင်သလား ..."

"မင်းတောင် ငါ့ကို သစ္စာဆိုခိုင်းခဲ့သေးတာ ..."

"ကလေးတုန်းက ကိစ္စတွေကို လာပြောမနေနဲ့ ...၊ ငါ့ဘဝကို နင် ဘယ်တော့မှ မပိုင်စေရဘူး ခွန်းသ ..."

"ကိုယ်ကတော့ ပြောပြီးရင် ပြောတဲ့အတိုင်းဖြစ်အောင် လုပ်တတ်တယ်၊ မင်း စောင့်ကြည့်နေလိုက်ပေါ့ ..."

ထားမှာ သူ့ကို ပြန်ပြောဖို့ စကားလုံးမရှိတော့ ...။

ထား သူ့ရှေ့ကနေ လှည့်ထွက်လာခဲ့သည်။ သူက ထားကို လှမ်းပြောပြန်သည်။

"ဪ ... ပြီးတော့ နောက်တစ်ခုရှိသေးတယ်၊ တစ်နေ့ကျရင် မင်းရိုက်ခဲ့တဲ့ ပါးကို မင်း သေချာပေါက် ပြန်နမ်းရလိမ့်မယ် ..."

ရှင် လဲသေလိုက် ခွန်းသ ...။

❍ ❍ ❍



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

"သူတို့ နင့်ကို လာလာရှာနေတာ အခေါက်ပေါင်း မနည်းတော့ ထားထား၊ ဒေါ်ညိုမြဆိုတဲ့ အန်တီကြီး ကြည့်ရတာလည်း နင့် အရေးတကြီး တွေ့ချင်နေတဲ့ပုံပဲ ...၊ ဦးတင့်ဆိုတဲ့ ဦးလေးကြီး လည်းလာတယ်၊ သူတို့နှစ်ယောက် အတူတူလာတဲ့ အခါလည်း လာတယ်"

ထား အဆောင် ပြန်ရောက်တော့ ဖြူခင်က ဆီးကြိုပြော သည်။ ကံကောင်းထောက်မ၍ ဖြူခင်နဲ့အတူနေသော အခန်းမှာ နေရာ လွတ်ရှိသေးတာမို့ ထားရဲ့ နေရေးကိစ္စ အဆင်ပြေသွားတာပင် ...။

"သူတို့က နင့်လိပ်စာကိုသိချင်ကြတာ၊ နင်ကလည်း ငါ့ကို ရှိမယ့် လိပ်စာ ပြောမသွားတော့ ငါလည်း နင့်ကို အကြောင်းကြား မပေးတတ်ဘူးလေ၊ သူတို့ပြောတော့ နင့် အမေကိစ္စ အရေးတကြီး အကြောင်းကြားချင်လို့တဲ့ ..."

'အမေ' ဆိုသော စကားလုံးကြောင့် အေးစက်ငြိမ် သက်နေ သော ထားနှလုံးသားက ဆတ်ခနဲ ခုန်လှုပ်နွေးပူလာသည်။

"အမေ ... အမေ့ကိစ္စ ဟုတ်လား၊ ဘာ ... ဘာပြောသွားလဲ ဖြူခင်၊ သူတို့ ဘာပြောသွားလဲ ..."





"တခြား ဘာမှတော့ ပြောမသွားဘူး၊ စာတစ်စောင်တော့ ပေးသွား ခဲ့တယ်၊ ဒီမှာ ..."

ထားက ဖြူခင်လှမ်းပေးသည့် စာအိတ်ကို ဆတ်ခနဲ ဆွဲယူ ကာ အမြန်ဖောက်ဖတ်လိုက်သည်။

*သမီး ထားသခင် ...*

*ဦးတင့်နဲ့ သမီး အမေနဲ့ ဆက်သွယ်မိတယ်၊ သမီး အမေက မကျန်းမာရှာဘူးတဲ့။*

*သမီးကိုလည်း သိပ်တွေ့ချင်နေတယ်။ သမီး တွေ့ချင်တယ် ဆိုရင် ဒေါ်ညိုဆီ ဖုန်းဆက်ပါ။*

*ဒေါ်ညို လိုက်ပို့ပေးမယ်၊ ဒေါ်ညို အခုအလုပ်လုပ်နေတဲ့ အိမ်ရဲ့ ဖုန်းနံပါတ် ပေးခဲ့တယ်။*

*ဒီစာကိုရရင် ဒေါ်ညိုဆီ ဖုန်းဆက်ပါ။*

*ဒေါ်ညိုမြ။*

စာရွက်လေးကို ပြန်ခေါက်လိုက်သော ထားရဲ့ လက်ကလေး တွေက မသိမသာတုန်နေသည်။

'အမေ' တဲ့ ...။

ထားအမေဟာ ခုချိန်ထိ သက်ရှိထင်ရှား ရှိနေသေးတယ်တဲ့။

ထားအတွက် 'အမေ' ဆိုသော စကားလုံးက စိမ်းလွန်း သည်။

အမေဆိုတာ ရှိနေလို့သာ ထားသခင်ကို မွေးထုတ်ပေးခဲ့တာ ဟု သဘောပေါက်ထားရုံကလွဲပြီး အမေ့ကို ထား မမြင်ဖူးခဲ့။ အမေ့ အကြောင်း ထား မကြားဖူးခဲ့။ အမေ့ဓာတ်ပုံလေးတောင်မှ ထားမှာ မြင်ခွင့် မရှိခဲ့ပါ။

ဘွားဘွားနဲ့ ဒက်ဒီဟာ ထား အမေအကြောင်းကို စကားထဲ ထည့်မပြောဖူးပါ။

ထားကွယ်ရာမှာ အမေ့အကြောင်းကို ဘွားဘွား ပြောနေတာ ကိုတော့ အမှတ်တမဲ့ ကြားခဲ့ရဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထား အမေဟာ ထား ၆ လ သမီးကတည်းက ထားကို ထားသွားခဲ့တာတဲ့ ...။

အဲဒါ တကယ်လား ...။

ဘယ်လိုပဲဖြစ်ဖြစ် 'အမေ' ဆိုတာ သက်ရှိထင်ရှား ရှိနေသေးရင်တော့ ထား မြင်ဖူးခွင့်လေးပဲဖြစ်ဖြစ် ရချင်သည်။

ကျောင်းက သူငယ်ချင်းတွေကို သူတို့အမေတွေနဲ့ တွေ့တိုင်း ထား အမေဆိုတာ ဘယ်လိုပုံမျိုးပါလိမ့်ဟု ထားက မှန်းဆကြည့်ခဲ့ရသည်။

ဆံပင်ရှည်ရှည်နဲ့၊ ဆံထုံးနဲ့ ထဘီဝတ်တဲ့ ခပ်ရိုးရိုး အမေလား၊ ဒါမှမဟုတ် ဆံပင်တို၊ ဆံပင်ကောက်နဲ့ ဘောင်းဘီ စကဒ် ဝတ်တတ်တဲ့ ယောဂျေ အမေမျိုးလား ... ထားစိတ်မှာ အမျိုးမျိုး စိတ်ကူးယဉ်ကြည့်ခဲ့ရသည်။

ဘွားဘွားက ထားမြစ်ထားလို့သာ အမေ့အကြောင်း မေးမြန်းပြောခွင့် မရှိခဲ့ပေမယ့် ထားစိတ်ထဲမှာတော့ အမေ ရှိနေခဲ့သည်။ အိပ်မက်တွေထဲမှာ တစ်ခါတစ်ခါ အမေ့ကိုတွေ့ရင်တောင် နိုးလာတော့ အမေ့မျက်နှာကို မမှတ်မိ။ ပုံဖော်လို့မရ။ ထားအဖြစ်က မွေးရာပါ မျက်မမြင် တစ်ယောက်က သူတစ်ခါမှ မမြင်ဖူးတဲ့ ပုံရိပ်တွေကို မှန်းဆတွေးတောနေသလိုပင် ...။

ခုတော့ ... အမေနဲ့ တွေ့ရတော့မယ်တဲ့ ...။

ဘာမှမရှိတော့တဲ့ ထားဘဝမှာ အမေ့ကိုသာ ပိုင်ဆိုင်ခွင့် ရခဲ့ရင် အရာရာအားလုံး ပြန်လည်ပြည့်စုံသွားလိမ့်မည်ဟု ထင်သည်။

○ ○ ○



♠ ♠ ♠

"အမလေး ... ငါ့သမီးလေး ... ငါ့သမီးလေး၊ အမေ့သမီးလေးက ချောလိုက် လှလိုက်တာကွယ်၊ သမီးက ဒီအရွယ်တောင် ရောက်နေပြီပဲ၊ သမီးကို တွေ့ရတာ အမေ အားရှိ လိုက်တာ၊ အမေ့ဘဝက သမီးကိုပဲ အားကိုးရတော့မှာ၊ ဟိုးအရင်ကတည်းက အမေကြားပါတယ်၊ သမီးက သူဌေးမလေးလို နေရတာဆို၊ ညည်းအဖေက အရမ်းချမ်းသာသွားလို့ ညည်းကို လိုလေသေးမရှိ ထောက်ပံ့ထားတာဆို ...၊ ဒီကောင့် မိန်းမက သိပ်ချမ်းသာတာတဲ့၊ ဒီကောင်ကော်တာပေါ့ ..."

ဒေါ်ညိုမြက သားအိမ်ခေါင်းကင်ဆာရောဂါ ခံစား နေရတဲ့ ထား အမေ ဒေါ်စမ်းအေးကို သနားစာနာလို့သာ ထားသခင်နဲ့ ပြန်ဆက်သွယ်ပေမယ့် ဒေါ်စမ်းအေးရဲ့ အောက်တန်းကျကျ အပြောအဆိုတွေ ကြားတော့ စိတ်ပျက်ရပါသည်။ သမီးကို ပြန်တွေ့တွေ့ချင်း ပြောနေတဲ့ စကားတွေက သိပ်မဟန်။

"ဒါနဲ့ ... ပြောစမ်းပါဦး သမီးရဲ့၊ ဒီကောင်သေတော့ ညည်း အမွေတွေ ဘယ်လောက်တောင် ရလိုက်သလဲ"

"မရ ... မရပါဘူး အမေရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"အို … ဘာလို့ မရရမှာလဲ၊ သူ့မိန်းမပစ္စည်း သူတစ်ဝက် ပိုင်တာပဲ အဲ့ဒီတစ်ဝက်ကို သမီးရရမယ်လေ၊ ဒီလို ငြိမ်ခံမနေနဲ့လေ၊ လုပ်စရာ ရှိတာ လုပ်ရမယ်လေ"

"မောနေပါ့မယ် မစမ်းရယ်၊ ဖြည်းဖြည်း ပြောပါ …"

"အို … ပြောရင်း မောသေရင်တောင် ပြောတော့ပြောရမှာပဲ မညို ရဲ့၊ ဒီလိုချည်း ငုံ့ခံနေလို့ ဖြစ်မလား၊ တရား စွဲသင့်ရင် စွဲ …"

"သူ့အမျိုးသမီးက နိုင်ငံခြားသူလေ မစမ်းရယ်၊ ပြီးတော့ ပစ္စည်း ဥစ္စာတွေကလည်း သူ့မိန်းမဘက်က ပါလာတာတွေလေ၊ ပြီးတော့ သူတို့က တရားဝင် လက်မှတ်ထိုးထားတာ မဟုတ်ဘူးတဲ့၊ မမေ ကြီး ဒေါ်ထားခင်ကြီးကလည်း ရှေ့နေတွေကို မေးစမ်းခဲ့ပါသေး တယ်၊ မေမေကြီးနဲ့ ရှေ့နေနဲ့ ပြောနေကြတာတွေကို ကျွန်မ ကြားခဲ့ရလို့ ခုလို ပြန်ပြောနိုင်တာပါ"

"ဒါ မဖြစ်သင့်ဘူး၊ ဒီလိုတော့ မဖြစ်သင့်ဘူး"

ပိန်ချုံးနေတဲ့ကြားကပဲ လည်ပင်းရိုးလေး ငေါထောင်လာ အောင် ဒေါသတွေကြီးနေသော အမေ့ကို ထားက တအံ့တသြ ငေးကြည့် နေမိသည်။ အဖေ့ကို ဒီကောင် ဒီကောင်ဟု သုံးနှုန်းပြောနေတာကို ထား မကြိုက်ပေမယ့် ဘာမှဝင်မပြောရဲပါ …။ မြို့သစ်ရဲ့ အစွန်အဖျား ဆင်ခြေ ဖုံးရပ်ကွက်ထဲက သစ်သားအိမ်စုတ်စုတ်လေးထဲမှာ နေနေရသည့် ပိန်ချုံး ညှိုးဖျော့လှသော အမေ့ကို သနားစိတ်သာ ပိုရသည်။

"အေးလေ … မတတ်နိုင်ဘူးပေါ့၊ ဒါပေမယ့် ဒီကောင်က သမီး အတွက် အိမ်တွေ ကားတွေ ဝယ်ပေးထားတယ် မဟုတ်လား အဲ့ဒါတွေ ရှိနေလို့ တော်သေးတာပေါ့ …"

"ဟို … အခု အဲ့ဒါတွေကလည်း …"

ဒေါ်ညိုမြက အခြေအနေမှန်ကို ပြောပြမည့်ဆဲဆဲမှာ ထား ဒေါ်ညိုမြကို အမူအရာဖြင့် တားမြစ်လိုက်ပါသည်။

ထား ချမ်းသာတာကို နှစ်ထောင်းအားရဖြစ်လျက် အားဆေး





ရှိနေသော အမေ့ကို အဖြစ်မှန်အား ပေးမသိချင်သေးပါ။ အမေ စိတ်ပျက် အားငယ်သွားမှာစိုးသည်။ ထားကို ဒေါ်ညိုမြ ပြောပြတာကတော့ အမေ့ ကင်ဆာရောဂါကို နောက်ကျမှ သိခဲ့လို့ ကင်ဆာဆဲလ်တွေက ပျံ့နေပြီတဲ့။ နေရလှ ၆ လပဲတဲ့။ ဒီ ၆ လအတွင်းမှာ အမေ့ကို စိတ်ချမ်းသာအောင် ထားချင်လှပါသည်။

အမေက သူ့အရိုးငေါငေါ လက်ကလေးဖြင့် ထား လက် ဆွဲကို လှမ်းကိုင်လိုက်ရင်း မျက်ရည်တွေ ကျလာကာ …

"ထားရယ် … သမီးလေးရယ်၊ အမေကလေ အရမ်းချမ်းသာချင် တာ သမီးရဲ့၊ ဒါပေမယ့် အမေ့ဘဝမှာ တစ်ခါမှ မချမ်းသာဖူးဘူး၊ နောက်ယောကျ်ားကလည်း အမေ့ကို ရှာမကျွေးတဲ့အပြင် နှိပ်တောင် နှိပ်စက်သေးတာ၊ ဆင်းရဲလိုက်တာလည်း သမီးမြင်တဲ့အတိုင်းပဲ …၊

"ခုတော့ အမေ ချမ်းသာဖူးတော့မယ်၊ သမီးလေးနဲ့ အတူ ချမ်းချမ်းသာသာ နေရတော့မယ်၊ ခုတင် မွေ့ရာလေးနဲ့ အိပ်ခွင့်ရပြီး နေ့တိုင်း တီဗီကြည့်နိုင်တဲ့ ဘဝ၊ ကိုယ်ပိုင် ကားလေး စီးသွားနိုင်တဲ့ ဘဝကို မသေခင် ရဖူးသွားချင်တာပါပဲ သမီးရယ်၊ အမေ့ကို ခေါ်သွားပါနော်၊ သမီး နေနေတဲ့ တိုက်ကြီးထဲကို ခေါ်သွားပါနော်၊ သမီး စီးနေတဲ့ ကားကြီးကို အမေလည်း စီးပါရစေနော်"

ထားက အမေ ကျေနပ်အောင် ခေါင်းတဆတ်ဆတ် ညိတ် ပြရင်း မျက်ရည်ကျရသည်။ အမေ့ကို ဘယ်လိုပြောရမှန်း မသိ။ အမေ့ဆန္ဒ ပြည့်အောင် ဘာလုပ်ပေးရမှန်း မသိပါ။

"အမေလေ ဆေးရုံ ခဏခဏတက်ရတယ် သမီးရဲ့၊ သူဌေးတွေ တက်တဲ့ ဟိုတယ်နဲ့တူတဲ့ ဆေးရုံကြီးတွေမှာ မတက်နိုင်တော့ အရမ်းဒုက္ခရောက်တယ် သမီးရဲ့၊ ဒီတစ်ခါ အမေ ဆေးရုံတက်ရင် ဟိုတယ်နဲ့တူတဲ့ အထူးကုဆေးရုံကြီးမှာ တက်မယ်နော်၊ အဲကွန်း ပါတဲ့ အခန်းကောင်းကောင်းယူပြီး နေမယ်နော် သမီး …နော်"

ဒါတစ်ခုကိုတော့ ထားမှာပါလာတဲ့ ပိုက်ဆံလေးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်မည်ထင်သည်။ ခွန်းသ အိမ်မှာလုပ်ခဲ့တုန်းက လခ တစ်သိန်းကျော်ရပြီး စားစရိတ် နေစရိတ် မကုန်တာမို့ ထား လက်ထဲမှာ ၆ သိန်းနီးပါး စုမိထားသည်။ ထားက အားတက်လာကာ ...

"စိတ်ချပါ အမေရဲ့၊ မနက်ဖြန်ကျရင် အမေ တက်ချင်တဲ့ ဆေးရုံကြီးကို တင်ပေးမယ်နော်၊ အမေ ဘာမှမပူနဲ့နော်၊ ဆေးရုံရောက်ရင် အမေ သက်သာသွားမှာပါ ..."

အမေ့ကို ချောမော့နှစ်သိမ့်ထားခဲ့ပြီး ထားက ဒေါ်ညိုနှင့်အတူ ပြန်လာခဲ့သည်။

ဒေါ်ညိုက သက်ပြင်းချရင်း ...

"သမီးရယ် ... နင့်မှာလည်း ပိုက်ဆံသိပ်ရှိတာ မဟုတ်ဘဲနဲ့ အဆင်ပြေပါ့မလား၊ ခုခေတ် ဆေးရုံစရိတ်ကလည်း ကြီးမှ ကြီးပဲနော်"

"ထား စုမိထားတဲ့ ပိုက်ဆံတွေနဲ့တော့ လောက်မယ်ထင်တာပါပဲ၊ အမေ့အသက်ကို ထားမှာရှိသမျှ အင်အားလေးနဲ့ ကယ်တင်ချင်လို့ပါ ဒေါ်ညိုရယ်"

○ ○ ○



♠ ♠ ♠

ထား ဘတ်စ်ကားပေါ်က တိုးဆင်းလိုက်ချိန်မှာ မိုး တဖွဲဖွဲကျလာသည်။

လက်ထဲက ထီးကို ခပ်မြန်မြန်ဖွင့်လိုက်ချိန်မှာ မိုးကပိုသည်းလာ လေပါပါလာသဖြင့် ထီး လွင့်ထွက်မသွားအောင် သေချာဆုပ်ကိုင်ထားရသည်။

ထားသည် ထီးကို တစ်ဖက်က ကိုင်၊ ကျန်လက် တစ်ဖက်က ပိုက်ဆံတွေ ထည့်လာသည့် စလင်းဘတ်အိတ်လေးကို ရေမစိုအောင် ခါးခွင်မှာ ပွေ့ထားရင်း (... ...)ပုဂ္ဂလိက အထူးကုဆေးရုံဝန်းထဲသို့ လျှောက်ဝင်လာခဲ့ပါသည်။

ဒီနေ့ အမေ ဆေးရုံက ဆင်းရမည့် နေ့ ...။

အမေ့ကို ဆေးရုံမှာတင်ထားခဲ့တာ ဒီနေ့ဆို ၁၀ ရက် ရှိပြီ။ ကောင်းကောင်းနေ၊ ကောင်းကောင်းစားရကာ နာ့စ်တွေကလည်း ဝင်ချည်ထွက်ချည် ဂရုစိုက်နေတာမို့ အမေက တော်တော် လန်းဆန်းလာသည်။ စိတ်ဆောင်သဖြင့် လူကပါ ကျန်းမာလာသယောင် ရှိသည်။

အမေ့ကို ခေါ်သွားစရာ အိမ်မရှိသဖြင့် ကြံရာမရ ဖြစ်နေသော



www.burmeseclassic.com

www.burmeseclassic.com



ထားသခင်က ဆေးရုံမှာပဲ အခန်းတစ်ခန်းကို တစ်နေ့ သုံးသောင်း အကျ
အကျခံကာ နေစေခဲ့တာပင် ...။

ဒါပေမယ့် ဒီနေ့ကတော့ ဆေးရုံက ဆင်းရမည့်နေ့ပင်
ထား ဒါ့ထက်ပိုပြီးလည်း ပိုက်ဆံမတတ်နိုင်တော့ ...။ ဘယ်လောက်တော
ကုန်ကျစရိတ် တက်နေပြီလဲဆိုတာတောင် မသိ ...။

ထားမှာရှိတဲ့ ပိုက်ဆံနဲ့တော့ မလောက်နိုင်ဘူးဆိုတာ သိ
မို့ ထားက အဆောင် ခဏပြန်ကာ ထားမှာရှိတဲ့ ဆိုဖာ၊ မှန်တင်
ကက်ဆက်နှင့် ခရီးဆောင်အိတ်တွေကို လျှော့ဈေးနှင့် အဆောင်က လူ
ကို ပြန်ရောင်းပစ်ခဲ့တာပင်။

ထားသည် 'လောက်ပါ့မလား' ဟု ရင်ထိတ်စွာဖြင့် ခမ်းနား
ကြီးမားသော ဆေးရုံကြီးထဲသို့ ဝင်လာပါသည်။

ဆေးရုံအခန်းထဲ ဝင်လာတော့ အမေက လန်းလန်းဆ
ဆန်း ဆီးကြိုသည်။

"သမီးရေ ... အမေတော့ ဒီဆေးရုံမှာ နေရတာ တော်တော် စိ
ချမ်းသာတယ်၊ အခန်းက ကောင်းလိုက်တာ၊ အဲကွန်းကလည်း
စိမ့်နေအောင်အေး၊ တီဗီကလည်း ကြည့်ရသေး၊ ဟီဟိ ... ဒီ
ပုံစံနဲ့သာ ဆေးရုံတက်ရမယ်ဆို ခဏခဏတောင် တက်လိုက်ချ
သေး ..."

အမေ့ကို ဆေးတိုက်နေသော နာ့စ်က ထားကိုလှည့် ကြည့
ရင်း ...

"အန်တီက ဆေးရုံက မဆင်းချင်သေးလို့တဲ့၊ ကျွန်မကို ဂျီ
နေတာ အစ်မရဲ့ ..."

ထားက အမေ့လက်တွေကို ဆုပ်ကိုင်ထားရင်း ...

"ဆရာဝန်ကြီးက ဒီနေ့ဆင်းဖို့ပြောသွားတာ အမေလည်း သိသား
အမေရယ် ..."





"အေးပါ ... အေးပါ၊ သိပါတယ်၊ ဆေးရုံက ဆင်းရင် သမီးအိမ်ကို
တန်းသွားမှာလား ..."

"ဟိုလေ ... အမေနေဖို့ အခန်းကို သေချာပြင်နေတာ မပြီး သေးဘူး
အမေရဲ့၊ ခဏတော့ အမေ့အိမ်မှာပဲ ပြန်နေရမယ်"

"ဟင် ... အမေ့အိမ်တော့ မပြန်ချင်ဘူး၊ အမေ အဲ့ဒီမှာ မနေချင်
တော့ဘူး ..."

"တစ်ရက်တလေပဲ အမေရယ်နော်"

"တစ်ရက်တည်းလား ..."

"အင်းပေါ့ ... အမေရဲ့"

"ဒါဆိုလည်း ပြီးရော၊ အခန်းကို မြန်မြန်ပြင်၊ တကတည်း စောစော
စီးစီးက ပြင်မထားဘူး"

အမေက အိပ်ရာပေါ် ပြန်လှဲပြီး စိတ်ကောက်သလို ပြောကာ
...အက်သို့ လှည့်၍ ငြိမ်နေသည်။

ထားတို့ ဆေးရုံက ဆင်းမှာမို့ ကားအကူအညီပေးဖို့ ရောက်
...သော ဦးတင့်က ထားကို မျက်ရိပ်ပြ၍ အခန်းပြင်ထွက်ခဲ့ဖို့ ခေါ်သည်။
...တင့်က သူဌေးတစ်ယောက်အိမ်မှာ ဒရိုင်ဘာ လုပ်နေတာမို့ သူဌေးကား
... ယူကာ ခဏတစ်ဖြုတ် လာကူညီလို့ ရနေတာပင်။ ဒါ့ကြောင့်လည်း
...မေက ထားကို ကားအကောင်း စားကြီး စီးနေတာဟု ယုံကြည်ပေတာ
...။

ထားက ဦးတင့်နှင့်အတူ အပြင်ထွက်လာကာ ...

"ဦးတင့် ... ဘာဖြစ်လို့လဲဟင်"

"စောစောကပဲ ဆေးရုံက ကုန်ကျစရိတ်စာရင်း လာပေး သွားတယ်
သမီး၊ အောက်ထပ်မှာ လာရှင်းပေးပါတဲ့၊ အားလုံးရှင်းပြီးမှ ဆေးရုံ
ဆင်းလို့ ရမှာတဲ့ ..."

ထားက ဦးတင့် လှမ်းပေးသည့် စာရွက်ကို လှမ်းယူကြည့်
...ိက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... များ ... များလိုက်တာ ..."

"ညည်းမှာရှိတဲ့ ပိုက်ဆံနဲ့ မလောက်ဘူးလား"

"မလောက်ဘူး၊ တစ်ဝက်လောက်ပဲ ထားမှာ ရှိတာ ...၊ ဒီလောက် များလိမ့်မယ်လို့လည်း မထင်ဘူးလေ ..."

"ဒီလိုဆေးရုံမျိုး တက်ရင် ဒီလောက်တော့ ရှိမှာပဲ၊ ကဲ ... ရော့ ... ရော့ ... ဦးတင့်လည်း ငါးသောင်းတော့ စိုက်ပါရစေ၊ ဒေါ်ညိုက လည်း ငါးသောင်း ပေးလိုက်တယ်၊ သူ ဒီနေ့ အိမ်ကထွက်မ လို့သာ မလာနိုင်ရှာတာ၊ ဦးတင့်ကို ပိုက်ဆံလာယူဆိုလို့ ဦးတင့် သွားယူလာရတာ ..."

ထားက ဦးတင့် ပေးသည့် ပိုက်ဆံ တစ်သိန်းကို ကိုင်ရင်း မျက်ရည်လည်လာသည်။

"ဦးတင့် ... ဦးတင့်တို့ ဒေါ်ညိုတို့ကို ထား အနိုင်ကျင့်ခဲ့တာ အထင်မှားခဲ့တာတွေအတွက် ခွင့်လွှတ်ပါနော်"

"ကိစ္စမရှိပါဘူး၊ ဒါတွေ ပြောမနေနဲ့တော့၊ အခုကိစ္စကိုပဲ ဘယ်လို ဖြေရှင်းမလဲ စဉ်းစားကြရအောင်"

"ဦးတင့် ခဏလေး အမေ့ကို စောင့်ကြည့်ပေးနော်၊ ထား အောက် ထပ်ဆင်းပြီး ပိုက်ဆံကိစ္စ ခဏဆိုင်းလို့ရမလား သွားညှိကြည့် လိုက်ဦးမယ်"

ထားက အောက်ထပ်သို့ ပြန်ဆင်းလာကာ ငွေရှင်းရမည့် ကောင်တာရှေ့မှာ သွားရပ်လိုက်ရင်း ...

"အစ်မ ... ကျွန်မက အခန်း (... ...)က လူနာရှင်ပါ"

"ဪ ... ခုနလေးပဲ ပိုက်ဆံလာရှင်းသွားတဲ့ အခန်းထင်တယ်"

"ရှင် ..."

"ခဏနော်၊ ကျွန်မ သေချာကြည့်ပေးမယ်"

ဝန်ထမ်း အမျိုးသမီးက ကွန်ပျူတာမှာ စစ်ဆေးလိုက်ပြီး...

"ပိုက်ဆံ ရှင်းပြီးသွားပြီ ညီမ၊ ဆင်းလို့ရပြီ"





"ဟို ... ဘယ် ... ဘယ်သူ ရှင်းသွားတာလဲဟင်"

"အမျိုးသား တစ်ယောက်ပဲ၊ ဪ ... ဟိုမှာ ကားရှိသေးတယ်၊ ပိုက်ဆံလာရှင်းပြီး အဲ့ဒီကားပေါ် တက်သွားတာ မြင်လိုက်တယ်၊ အဟင်း ... အမျိုးသားက ခပ်ချောချော လေးမို့လို့ အစ်မလည်း သေချာ သတိထားမိသွားတာ၊ ဟောဟိုက မာစီဒီး အမည်းရောင်ပဲ"

ဝန်ထမ်း အမျိုးသမီးက ကားပါကင်မှာ ရပ်ထားသော ကားကို ညွှန်ပြလိုက်သည်။ ဝင်ဝ ထွက်ဝ မျက်နှာစာကို မှန်များဖြင့် ကာရံထားတာမို့ ကားရပ်ထားသော နေရာကို လှမ်းမြင်နိုင်သည်။

အဲ့ဒီကားကို အမေ ဒီဆေးရုံမှာတက်နေသည့် ကာလ တစ်လျှောက်မှာ ထား မကြာမကြာ တွေ့မိသည်။ တစ်ခါတစ်ခါ ထိုကားဘေးမှ ဖြတ်လျှောက်လာရသည်။ တစ်ခါတလေတော့ ထိုကားက ထားဘေးမှ ဖြည်းဖြည်း ဖြတ်ကျော်ကာ ဆေးရုံဝင်း အပြင်ဘက်သို့ ထွက်သွားသည်။ ဒီဆေးရုံမှာ တက်နေတဲ့ လူနာရှင် တစ်ယောက်ရဲ့ ကားဖြစ်မည်ထင်သည်။ ဘယ်သူများပါလိမ့် ...။

ထားသည် နဝေတိမ်တောင် အူကြောင်ကြောင်လေး ဖြစ်လျက် ဆေးရုံအပြင်ဘက်သို့ ထွက်လာခဲ့မိလေသည်။

ထားသည် စိတ်လှုပ်ရှားလျက် ရပ်ထားသော ကား နားသို့ ချဉ်းကပ်လာပါသည်။ ကားက မှန်အမည်းတွေ တပ်ထားတာမို့ အတွင်းကို သေသေချာချာ မမြင်ရ။ ကားစက်နှိုးထားတာမို့ အထဲမှာ အဲကွန်းဖွင့်ကာ လူလည်းရှိနေပုံပင်။

ထားက ကားဘေးမှာ တွေတွေလေးရပ်ကာ ဘာလုပ်ရရင် ကောင်းမလဲဟု စဉ်းစားနေပါသည်။ ပြီးမှ ကားမှန်ကို လက်ဖြင့်ခေါက်ကာ အထဲက လူကို ခေါ်ကြည့်မည်ဟု လက်ရွယ်ဆဲ ...

"အမေ့ ..."

ကားတံခါးက ဖြုန်းခနဲ ပွင့်သွားကာ ထားလက်ကို အတွင်းမှ တစ်စုံတစ်ယောက်က လှမ်းဆွဲလိုက်သဖြင့် ထားခန္ဓာ ကိုယ်လေးက



www.burmeseclassic.com

www.burmeseclassic.com



ကားတွင်းသို့ အရှိန်ဖြင့် ဖင်ထိုင်ကျသွားသည်။ တစ်ချိန်တည်းမှာပင် ကားတံခါးကလည်း ဂျပ်ခနဲ ပြန်ပိတ်သွားပါသည်။

"လွှတ် ... လွှတ် ... ဒါ ဘာလုပ်တာလဲ"

ထားက အံ့သြလန့်ဖျပ်လျက် ထိုသူ့လက်မှ ရုန်းထွက်လိုက်သည်။ ကားတွင်းမှာ မွှေးပျံ့အေးမြနေပြီး အလင်းရောင် မှိန်ပျပျသာ ရှိသည်။ ထားက ရုန်းလိုက်စဉ်မှာ ထိုသူက လွှတ်ပေးလိုက်တာမို့ ထားက ထိုသူ့ကို ဒေါသဖြင့် ဆတ်ခနဲ လှည့်ကြည့်မိသည်။

"ဟင် ... ရှင် ... ခွန်းသ ..."

ထားက သူ့ကိုအတွေ့မှာ ထိတ်လန့်အံ့သြလျက် ကြက်သေသေကာ ကြောင်ကြည့်နေမိသည်။ ထားခန္ဓာကိုယ်လေးကလည်း ကားရဲ့ တစ်ဖက်ထောင့်ကို ကြောက်လန့်တကြား တိုးကပ်သွားသည်။

"ကိုယ့်ကို ကြောက်လို့လား၊ မကြောက်ပါနဲ့ ...၊ ကိုယ်က မင်းရန်သူ မဟုတ်ဘူးလေ၊ မင်းကို ကူညီမယ့်သူ၊ ခုနလေးကတောင် မင်း အခက်အခဲတွေ့နေမှန်းသိလို့ ကောင်တာမှာ ငွေသွားရှင်းပေးခဲ့သေးတယ်"

"ရှင် ... ရှင် ဘာလိုက်လုပ်တာလဲ၊ ကျွန်မနောက်ကို လိုက်ပြီး ဘာတွေ ကလဲ့စားချေချင်သေးလို့လဲ ..."

"တမင်တော့ မဟုတ်ပါဘူး၊ မတော်တဆ တိုက်ဆိုင်သွားတာပါ။ လွန်ခဲ့တဲ့ တစ်ပတ်လောက်က ဒီဆေးရုံမှာ လူနာ သတင်းလာမေးရင်း မင်း ဆေးရုံထဲ ဝင်သွားတာမြင်လို့ စုံစမ်းမိတာပါ၊ ပြီးတော့ မင်းများ အကူအညီလိုဦးမလားလို့ လာလာစောင့်ကြည့်နေမိတာ"

"ရှင် တော်တော် အားနေတယ်လား ..."

"အားတော့ မအားပါဘူး၊ ဒါပေမယ့် အချိန်ပေးဖို့လိုရင်တော့လည်း အချိန်ပေးဖို့ ဝန်မလေးတတ်ပါဘူး၊ သူတစ်ပါးကို ကူညီဖို့ဆို ပြီး ဝန်မလေးတတ်ဘူး၊ အထူးသဖြင့် မင်းကို ကူညီဖို့ဆို ကိုယ့်ဘက်က အမြဲတမ်း ရယ်ဒီပါ ..."





သူက ထားကို လှမ်းဆွဲစဉ်က ရွဲ့သွားသော သူ့ ရှပ်အကျႌကို သေချာဆွဲဆန့်ပြုပြင်ရင်း ထားကို တည်တည်ငြိမ်ငြိမ် ပြောနေသည်။ သူ့စကားလုံးတွေကသာ ထားကို နားကျင်စေပေမယ့် သူ့ရုပ်ကတော့ ရိုကြီးလူကောင်းဆန်စွာ ရှိနေသည်။ အဲ့ဒီလို ပုံစံက ပိုပြီး ကြောက်ဖို့ကောင်းသည်။

"ရှင် ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်တာလဲ ခွန်းသ ..."

"မင်းကိုကူညီတာပါ၊ ပြီးတော့ ဒီ့ထက်ပိုပြီး ကူညီချင်တဲ့ အကြောင်းလေးလည်း ပြောပြချင်လို့ပါ"

"ရှင်က ကူညီနေတာမဟုတ်ဘူး၊ ကျွန်မဘဝကို ထိုးစစ်ဆင်နေတာ၊ ကျွန်မ မာနကို ချေမှုန်းနေတာ ..."

"မဟုတ်ပါဘူး၊ ကိုယ်က မင်းကို ချစ်လို့ ကူညီတာပါ"

"ဘာ ..."

"မင်းကို ချစ်တယ်လေ၊ မင်းကို အရမ်းချစ်လို့ပါ"

သူက ထားမျက်ဝန်းတွေကို စိုက်ကြည့်ရင်း တစ်လုံးချင်း ပြောလိုက်သည်။ ဟင့်အင်း ... အဲ့ဒါ ချစ်တဲ့ မျက်ဝန်းတွေ မဟုတ်ဘူး ...။

ထားသည် သူ့မျက်ဝန်းအကြည့်တွေကြောင့် လက်မောင်းတစ်လျှောက်မှာ ဖျန်းခနဲ ကြက်သီးဖုလေးတွေ ထကာ စိမ့်နေအောင် ကြောက်သွားမိသည်။

အဲ့ဒီ မျက်ဝန်းတွေ ...

ထား ကောင်းကောင်းကြီး မှတ်မိနေတဲ့ မျက်ဝန်းတွေ ...။

စိန်ပန်းပြာတွေ ကြွေကျနေတဲ့ လမ်းကလေးနားမှာ ချစ်တယ်လို့ ပြောခဲ့တုန်းက ကြည့်ခဲ့ဖူးတဲ့ မျက်ဝန်းမျိုးတွေ။

ထားသည် အညှို့ခံနေရသူလို သူ့မျက်ဝန်းတွေနှင့် ရင်ဆိုင်ကြည့်လျက် ငြိမ်သက်နေမိပြီးမှ ချာခနဲ လှည့်ကာ ကားတံခါးလော့ခ်ကို ဖွင်းဆွဲလျက် တံခါးဖွင့်ထွက်ဖို့ ကြိုးစားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... သူက ထား လက်ကို ဆတ်ခနဲ လှမ်းဆွဲလိုက်သဖြင့် ထား ခန္ဓာကိုယ်လေးက သူ့ဘက်သို့ ပြန်လည် ထွက်သွားသည်။

"သွား ..."

ထားက သူ့ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်တာမို့ သူက နောက်သို့ လန်ကျသွားသည်။ ထားက ချာခနဲလှည့်ကာ ကားတံခါးဆီ လက်လှမ်းလိုက်ပြန်သည်။ သူက ဆတ်ခနဲ ပြန်ထ လာကာ ထားလက်ကို ဖမ်းဆွဲလိုက်ပြန်သည်။

သူက ထားနှင့် မျက်နှာချင်းဆိုင်လျက် ထားရဲ့ ပခုံးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက်ရင်း ထားမျက်နှာကို စေ့စေ့ကြည့်ကာ ...

"ငါ မင်းကိုအရမ်းချစ်တယ် ထားသခင်၊ ကိုယ့်ရဲ့ လက်ရှိ အနေအထားအရဆိုရင် မင်းနဲ့ တူသလား၊ တန်သလားလို့ ပြန်အမေး မခံရတော့ဘူး ထင်ပါတယ်နော်၊ ကိုယ်ကတော့ မင်းလို အဆင့် အတန်းမခွဲတတ်တော့ မင်းဘယ်ဘဝရောက်ရောက် ချစ်မှာပါပဲ ... မင်းဘဝကြီး တစ်ခုလုံး ကုန်းကောက်စရာ မရှိအောင် ဆင်းရဲမွဲပြာ ပြတ်နေလည်း ချစ်မှာပါပဲ ..."

သူ့မျက်ဝန်းတွေထဲမှာ အမုန်းတွေ နည်းတာမဟုတ်။ လှောင် ပြောင်သရော်သည့် အငွေ့အသက်လေးတွေလည်း ပါးပါးလေး တွဲခို နေသေးသည်။

"မင်းဘဝကို ငါ အပိုင်ရချင်တယ် ထားသခင် ..."

ထားက အံကြိတ် တောက်ခေါက်လျက် အားကုန် ရုန်းလိုက် သော်လည်း သူက ထားရဲ့ ပခုံးနှစ်ဖက်ကို တအားဖိ၍ ဆုပ်ညှစ်ထားသဖြင့် ဘယ်လိုမှ ရုန်းမရ။

"မင်း ငါ့ကို လက်ထပ်ပါ"

"ရှင် အိပ်မက် မက်မနေနဲ့ ..."

"မင်း လက်မထပ်လို့ မဖြစ်ဘူး ထားသခင်၊ မင်းအမေ အကြောင်း





ငါ အားလုံးစုံစမ်းပြီးပြီ၊ မင်း ငါ့ကိုလက်ထပ်ရင် ငါ့အိမ်မှာ ငါ့ဇနီး အဖြစ်နဲ့ ချမ်းချမ်းသာသာ နေရမယ်၊ မင်းအမေကိုလည်း ငါ့အိမ်မှာ ခေါ်ထားခွင့်ပြုမယ်၊ မင်း အမေကို စိတ်ချမ်းသာအောင် မင်း ထားလို့ရမယ်၊ အစွမ်းကုန် ဆေးကုပေးလို့ရမယ်၊ အဲ့ဒီအခွင့်အရေး ကြီးကို မင်း မလိုချင်ဘူးဆိုရင်တော့ မင်းက မိဘအတွက် စဉ်းစား မပေးတဲ့ သမီးမိုက် ဟုတ်ချင်ဟုတ်၊ မဟုတ်ရင်တော့ မင်း ရူးနေ တာပဲ ဖြစ်မယ်"

ရုန်းထွက်ဖို့ ကြိုးစားနေသော ထားရဲ့ ခန္ဓာကိုယ်လေးက ပျော့ခွေသွားသည်။

သူက ထားကို လွှတ်ပေးလိုက်ပြီး ...

"မင်း သေချာစဉ်းစားဦးပေါ့ ... ၊ စဉ်းစားလို့ အဖြေရရင်တော့ ကိုယ့်ဆီ ဖုန်းဆက်လိုက်ပေါ့၊ မင်း သွားနိုင်ပြီ ..."

သူက ကားတံခါး လော့ခ်ဖွင့်သည့် ခလုတ်ကို လှမ်းနှိပ်ပြီး ဘေးဘက်သို့ ခန္ဓာကိုယ်ကို ငုံ့ကိုင်းကာ ကားတံခါးကို တွန်းဖွင့်ပေးလိုက် သည်။

ထား ကားပြင်ရောက်တော့ မိုးရေစက်တွေက ထားကို ကြမ်းကြမ်း ဖြန်းပက်လိုက်သည်။

အပြင်မှာ မိုးတွေရွာနေတာပဲ ...

ကောင်းကင်ကို ထား မော့ကြည့်တော့ မိုးရေစက်ကြောင့် မျက်နှာက စပ်ဖျင်းဖျင်း ဖြစ်သွားသည်။

ထားသည် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ဆေးရုံဘက်သို့ ပြန်လျှောက်လာသည်။

သူ့ကားက ထားရဲ့ဘေးမှ ဖြတ်ကျော်လျက် ဆေးရုံဝန်း အပြင်ဘက်သို့ မောင်းထွက်သွားသည်။

ထားက အောက်နှုတ်ခမ်းကို ပြတ်လုမတတ် ဖိကိုက်လိုက် မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီ … ခွန်းသ …။

ရှင့်ကို ကျွန်မ လက်ထပ်မယ် …။

ကျွန်မကို ဇနီးမယားအဖြစ် ပိုင်ဆိုင်လိုက်ရတဲ့ အတွက် ရှင့်ဘဝမှာလည်း စိတ်ဆင်းရဲမှုတွေ ကြုံစေရမယ်။ ဝဋ်သိက္ခာပျက် အရှက် ရစေရမယ် …။

ရှင့်ကို ကျွန်မ စိန်ခေါ်လိုက်တယ် …။

○ ○ ○



အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

"သမီးလေးက ခုလို သူဌေးလေးနဲ့ လက်ထပ်ထားတယ်ဆိုတာ စောစောက ပြောရောပေါ့ကွယ်၊ ငါ့သမီးလေးကို ခုလို ကောင်းကောင်းမွန်မွန် ချမ်းချမ်းသာသာ ထားတဲ့ ငါ့သမက်လေး ကျန်းမာချမ်းသာပါစေကွယ်၊ ကြည့်ပါဦး အမေ နေရမယ့် အခန်းကလည်း တကယ့်ကို အပျံစား၊ ဒီအိပ်ခန်းက အမေ့အိမ်ထက်တောင် ပိုကျယ်နေသေး၊ ဓိမ်ကျလိုက်ပါဘိတော့အေ . . ."

ထားသခင်သည် ဝမ်းသာရွှင်မြူးနေသော အမေ့ကို ငြိမ်သက်စွာ ငေးကြည့်ရင်း နှမ်းဖျော့ဖျော့လေး ပြုံးနေခဲ့ပါသည်။

ဒီနေ့ဟာ ခွန်းသရဲ့ အိမ်ကြီးပေါ်သို့ အမေ့ကို ခေါ်လာသော နေ့ . . . ။

ထားသခင်ရဲ့ မင်္ဂလာဦးနေ့ . . . ။

မနေ့ကမှ ဒေါ်နန်းနဲ့ ကိုထွန်းနိုင်ကို သက်သေအဖြစ်ထားကာ တရားရုံးမှာ ထားနဲ့ ခွန်းသတို့ လက်ထပ်ခဲ့ကြသည်။

ထားသည် ပေါက်ကွဲ ဒေါသဖြစ်ဖို့တောင် အားမရှိတော့သလို စိတ်မာတက်ကျကာ နှုံးဖျော့နေသည်။ အမေပျော်နေတာကိုပဲ ကြည့်ကာ ထားရဲ့ နာကျင်စိတ်ကို ဖြေဖျောက်နေရသည်။

ပုညခင် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"မမထား ..."

အိထွေးက ထားရှိနေသည့် အမေ့အခန်းထဲသို့ဝင်လာကာ —

"ဟို ... မမထား၊ သူဌေးက အခန်းထဲကို လာခဲ့တော့တဲ့"

"ဟဲ့ ... ဟုတ်သားပဲ၊ သွားလေ ... အမေ့နားချည်း လာမနေနဲ့ အိပ်ချိန်ရောက်နေပြီ၊ ညည်းယောက်ျားနဲ့ သွားအိပ်တော့၊ သွား — သွား ..."

ထားက ခံစားချက်မဲ့နေသော မျက်နှာမျိုးဖြင့် ထိုင်ရာမှ ထရပ်လိုက်သည်။

"အမေ့အတွက် ဘာမှမပူနဲ့၊ အမေ နေကောင်းတယ်၊ မနုလည်း အမေနဲ့ လာအိပ်ပေးမယ် ပြောတယ်"

ထားသည် အမေ့အခန်းမှ လေးလံသော ခြေလှမ်းများဖြင့် ထွက်လာသည်။

"မမ ... မမ အဝတ်အစားတွေကို ဟိုဘက်က အဝတ်လဲခန်းထဲမှာ ထည့်ထားပါတယ်၊ အဲဒီကိုဝင်ပြီး အဝတ်လဲလိုက်ပါ မမ ..."

ထားသခင်က အိထွေး ခေါ်ဆောင်ရာသို့ လိုက်လာသည်။

အဝတ်လဲခန်းထဲသို့ ဝင်ကာ ညဝတ်အင်္ကျီအနီလေး ထား ထည်ကို ရွေးထုတ်လိုက်တော့ အိထွေးက ...

"မမ ... သူဌေးက မှာလိုက်တယ်၊ ညဝတ်အင်္ကျီ အနီရောင် မဝတ် ခဲ့ပါနဲ့တဲ့၊ မမဝတ်ဖို့ ဗီရိုထဲမှာ အဖြူရောင် ညဝတ်အင်္ကျီ ရှိတယ်တဲ့ မင်္ဂလာဦးညမှာ မမဝတ်ဖို့ ဝယ်ထားတာတဲ့၊ သူဌေးက မနေ့က ဂရုစိုက်လိုက်တာနော်၊ မမ သိပ် ကံကောင်းတာပဲ ..."

"သူဌေးက အနီရောင်ဆို အရမ်းမုန်းတာ မမရဲ့၊ အိထွေးတို့ အနီရောင်ဝတ်ရင်တောင် အဆူခံရတယ်၊ ဒီအိမ်မှာ ဘယ်သူမှ အနီရောင် မဝတ်ရဲဘူး"

ထားက နာခံစွာပင် အနီရောင် ညဝတ်ဂါဝန်လေးကို ပြန် ခေါက်သိမ်းလိုက်ပြီး အိထွေး လှမ်းပေးသည့် ဂါဝန်အဖြူလေးကို လှမ်းယူ လိုက်သည်။





"ဟီဟီ ... မမက လှလိုက်တာ၊ အဖြူရောင် သတို့သမီးလေး —"

အိထွေးက တဟီဟီ ရယ်ကျန်ခဲ့သည်။

ထားသခင်က အဖြူရောင် ညဝတ်ဂါဝန်ပါးပါးလေးကို ဝတ်ဆင်လျက် ခွန်းသစောင့်နေမည့် မင်္ဂလာခန်းဆီသို့ တရွေ့ရွေ့ လျှောက် လာသည်။

ထား မျက်ဝန်းတွေက အရောင်မှိန်ဖျော့နေသည်။

ဘာခံစားချက်မှ ရှိမနေသော ထားသခင်က မင်္ဂလာ ခန်းထဲ သို့ လှမ်းဝင်လာသည်။

ခေါင်းရင်း ခုတင်ဘောင်ကို မှီ၍ လက်ပိုက်ကာ ခြေဆင်း ထိုင်နေသော ခွန်းသက အပေါ်နှုတ်ခမ်းလေး လွန့်လူးပြုံးရင်း ထား ဝင်လာတာကို လှမ်းကြည့်နေသည်။ ပြီးတော့ ခုတင်ဘေးသို့ ခြေချကာ တော်တတ်ထရပ်လိုက်သည်။

ထားနဲ့ သူ ခပ်ခွာခွာလေး မျက်နှာချင်းဆိုင် ရပ်မိသည်။

"ကဲ ... မင်းရိုက်ခဲ့တဲ့ ပါးကို မင်း ပြန်နမ်းဖို့ အချိန်တန်ပြီ"

သူ့နှုတ်ဖျားက ရက်စက်သော စကားလုံးတွေ ထွက်ကျလာ သည်။

ထားက မငြင်းပါ။ မပေါက်ကွဲပါ။ ရန်မလုပ်ပါ။

ဘာဆို ဘာမှ မခံစားရသော မျက်နှာမျိုးဖြင့် သူ့နှင့် နီးအောင် ရှေ့တိုးလှမ်းသွားပြီး သူ့ပါးတစ်ဖက်ကို ထားရဲ့နှုတ်ခမ်းဖြင့် ထိတပ် လိုက်သည်။

သူ့လက်တွေက ထားကို ရစ်ပတ်လာသည်။

ထားရဲ့ အေးစက်တောင့်တင်းနေသော ခန္ဓာကိုယ်လေးက သူ့ရင်ခွင်ထဲသို့ မြုပ်ဝင်သွားသည်။

အဲဒီညက ထားသခင်ဟာ ခွန်းသရဲ့ ဇနီး ဖြစ်ခဲ့ရပါသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

"မမ ... သူဌေးဆီက ဖုန်းလာပါတယ်"

အိထွေးက ကော့ဒ်လက်ဖုန်းကို ယူလာပေးသဖြင့် ထား သခင်က ဖုန်းကို လှမ်းယူလိုက်သည်။

"ဟဲလို ..."

"ထား ... မင်း ညနေကျရင် ညစာစားပွဲတစ်ခု တက်ရမယ်၊ ကိုယ့် အလုပ်ကိစ္စတစ်ခု အောင်မြင်တဲ့ အထိမ်းအမှတ်အနေနဲ့ ကိုယ့် လုပ်ဖော်ကိုင်ဖက်တွေကို ညစာကျွေးမှာ၊ သူတို့ အားလုံး ဇနီးတွေ ခေါ်လာကြမှာ၊ မင်းလည်း ကိုယ်နဲ့အတူ လိုက်ရမယ်၊ ဒါပေမယ့် ကိုယ်က ညနေမှာ အရေးတကြီး ကိစ္စတစ်ခုရှိနေလို့ အိမ်ပြန်လာဖို့ အချိန်မရတော့ဘူး၊ ကုမ္ပဏီကနေပဲ ( ... ... ) ဟိုတယ်ကို တန်း လာခဲ့မယ်၊ မင်းလည်း အဲ့ဒီကိုပဲ လာခဲ့၊ အချိန်က ၆ နာရီ၊ အခန်း နံပါတ်က ( ... )၊ ဟိုကျမှ ဆုံမယ်၊ အိုကေနော် ..."

သူ ဖုန်းချသွားသည်။

ထားက နှုတ်ခမ်းတွန့်ရုံလေး မထိတရိ ပြုံးလိုက်သည်။

အိုကေလေ ... တွေ့ကြသေးတာပေါ့ ...။

○ ○ ○



♠ ♠ ♠

ခွန်းသသည် နာရီကို ငုံ့ကြည့်လိုက်၊ အခန်းဝဆီ လှမ်းကြည့် လိုက်ဖြင့် နည်းနည်း ချွေးပြန်နေပါသည်။

ထားသခင်က ခုထိ ရောက်မလာသေးပါ။

ဖိတ်ထားသည့် ဧည့်သည်တွေက စုံနေပြီ ...။

ဧည့်သည်တွေ ရှေ့မှာလည်း ဖုန်းမဆက်ချင်တာမို့ သူမဖုန်း ကို လှမ်းခေါ်ဖို့ ဝန်လေးနေသည်။

ခွန်းသက ဧည့်သည်တွေကို တောင်းပန်ပြုံးလေး ပြုံးပြ နေသည်။

"ဆောရီးဗျာ ...၊ ဧည့်ခံမယ့်သူက နောက်ကျနေတာတော့ မဟုတ် သေးဘူးနော်၊ ကျွန်တော်က ကုမ္ပဏီကနေ တန်းလာတာဆိုတော့ အမျိုးသမီးနဲ့က သပ်သပ်စီ လာရတာလေ၊ သူလည်း အချိန်မှန်ပြီး ထွက်လာပေမယ့် ရုံးဆင်းချိန်ဆိုတော့ လမ်းမှာ ကားတွေ ထရပ်ဖြစ် ဖြစ်နေပုံရတယ်"

"ဟုတ်တယ် ကိုစိုင်းရဲ့၊ ဒီအချိန်ဆို ကားသိပ်ကျပ်တာ၊ ကိစ္စမရှိ ပါဘူး၊ ကျွန်တော်တို့ကို အားမနာပါနဲ့ ..."

"ကိုစိုင်း အမျိုးသမီးက အရမ်းချောတယ်လို့ သတင်းကြားတယ်



www.burmeseclassic.com

www.burmeseclassic.com



နော်၊ ကျွန်မလည်း အရမ်းမြင်ဖူးချင်နေတာ၊ ကိုစိုင်းက မင်္ဂလာဆောင် မဖိတ်တော့ ခုထိ မမြင်ဖူးရသေးဘူးပေါ့ ...”

“ကျွန်တော်တို့က မင်္ဂလာမဆောင်ဖြစ်ဘူး၊ တရားရုံးမှာ လက်မှတ်ထိုးလိုက်တယ်လေ၊ အမျိုးသမီးက အေးအေး ဆေးဆေးသမားဆိုတော့ လူတွေအများကြီးနဲ့ မင်္ဂလာပွဲကြီး မလုပ်ချင်ဘူးတဲ့ဗျာ”

“ကိုစိုင်း အမျိုးသမီးက တော်လိုက်တာဗျာ၊ ကျုပ်တုန်းကတော့ ကျုပ်မိန်းမက ဆိုဒိုးနားမှာ မင်္ဂလာ အကြီးအကျယ်ဆောင်မှ ဖြစ်မယ်ဆိုလို့ မင်္ဂလာစရိတ်ရအောင် ရှာလိုက် ဖွေလိုက်ရတာလေ ... ဟား ... ဟား ...”

“ရှင်နော် ... လူရှေ့ဆို နှိပ်ကွပ်ပြီ”

သူ ဖိတ်ကြားထားသော စုံတွဲ လေးတွဲက ပေါ့ပေါ့ ပါးပါး ပြောဆိုရယ်မောလျက်ပင် ခွန်းသ၏ ဖနီးကို စောင့်နေကြပါသည်။ ခွန်းသကတော့ အလိုက်သင့်လေး ရောနှောရယ်မောနေရပေမယ့် အားနာ မျက်နှာပူလှပြီ။ ထားသခင်ကိုလည်း ဒေါသ ထွက်လှပြီ။

ထိုအချိန်မှာပဲ အခန်းဝဆီက ကျယ်လောင်သော အသံတစ်ခုကို ကြားလိုက်ရသည်။

“ယောက်ျား ...”

မြတ်စွာဘုရား ...။ ဒါ ထားသခင် အသံပါလား။

ခွန်းသနှင့်တကွ အခန်းထဲရှိ လူအားလုံးက အသံ လာရာသို့ ပြိုင်တူ လှမ်းကြည့်လိုက်ကြသည်။

ဘုရား ... ဘုရား ... ဒီမိန်းမ ဘယ်လိုဖြစ်လာတာပါလိမ့်။

ခွန်းသက ထားသခင်ကို ပါးစပ်အဟောင်းသားဖြင့် ကြောင်ကြည့်နေမိသည်။

သူမက ရှပ်အင်္ကျီအနီကွက်ပွပွကြီးနှင့် ဘောင်းဘီကို အနီဝတ်ကာ သူ့အလွန်မုန်းသော ကြိုးသိုင်းဒေါက်ဖိနပ် အနီကို စီးလျက်





အနီရဲရဲ ကြိုးရှည်ရှည်အိတ်ကို စလွယ်သိုင်း၍ လွယ်ထားသည်။ နှုတ်ခမ်းနီရဲရဲကိုဆိုးကာ ခေါင်းမှာ လျှာထိုးဦးထုပ် အနီရဲရဲကို ခပ်စောင်းစောင်း ဆောင်းထားသော သူမက လက် နှစ်ဖက်ကို ဆန့်တန်းလျက် ‘ယောက်ျား’ ဟု အသံကျယ်ကြီးဖြင့် ခေါ်ရင်း ခွန်းသဆီ ဦးတည်ပြေးလာနေသည်။

ခွန်းသက ဘာလုပ်ရမှန်းမသိဘဲ ကြောင်ကြည့်နေဆဲမှာ သူမက သူ့ကို အရှိန်ဖြင့် ပြေးဖက်လိုက်သဖြင့် အင့်ခနဲတောင် အသံမြည်ကာ နောက်သို့ ယိုင်သွားသည်။

သူမက သူ့ပေါင်ပေါ် တစောင်းလေး ချိပ်ထိုင်ကာ သူ့ပခုံးကို လှမ်းဖက်ထားလိုက်ရင်း ...

“ယောက်ျား ... မိန်းမ နောက်ကျသွားတာ ဆောရီးပဲ ယောက်ျားရယ်၊ မိန်းမကို မဆူရဘူးနော် ... ယောက်ျားနော်”

ဟု ချွဲပစ်စွာ ပြောလိုက်လေသောအခါ ...

တအံ့တသြ ကြည့်နေသူတွေအားလုံး ပြုံးစိစိဖြစ်သွားကြ၏။ ခွန်းသက ရောယောင်ပြုံးလိုက်ရင်း ...

“အဟင်း ... ကျွန်တော့် မိန်းမက ဒီလိုပဲဗျ၊ အရမ်းနောက်တတ်တာ၊ သူ့ အမြဲ ဒီလိုပဲ ရူးချင်ယောင်ဆောင်ပြီး နောက်တတ်တယ်၊ ဟင်း ... ဟင်း၊ ကဲ ... ကဲ ... ထား ... ကိုယ့် ကို နောက်မနေနဲ့တော့၊ ဧည့်သည်တွေအားနာစရာ၊ လာ လာ ... ဒီခုံမှာထိုင်၊ ဘာစားမလဲ၊ မှာကြရအောင် ...”

ထားသခင်က နီရဲနေသော နှုတ်ခမ်းလေးကို စူထော်ကာ ခွန်းသဘေးက ခုံမှာ ဝင်ထိုင်လိုက်ပြီး မီနူးစာအုပ်ကို ဆွဲယူ လှန်လှောနေသည်။

“အင်း ... ဘာစားရရင် ကောင်းမလဲဆိုတော့ ကဏန်း ... ကဏန်းစားမယ်”

ထားသခင်က လက်ချောင်း ဆယ်ချောင်းကို ကားပြီး ကော့ကာ ပြရင်း ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပင်လယ်စာ... ကောင်းသားပဲ၊ အမျိုးသမီးက ပင်လယ်စာ ကြိုက်ပုံရတယ်၊ ကျွန်တော်တို့လည်း ပင်လယ်စာပဲ မှာလိုက်မယ်"

"မှာပါ ... မှာပါ၊ ကြိုက်နှစ်သက်ရာ မှာကြပါ"

စားစရာတွေ မှာလိုက်ကြပြီး စကားစမြည် ဆက်ပြောနေကြပါသည်။

"ကိုစိုင်းရေ ခင်ဗျားတော့ မသိဘူး၊ ကျွန်တော်တော့ ပင်လယ်စာ သိပ်ကြိုက်တာ၊ ပင်လယ်စာ ဆိုတာကလည်း ကမ်းခြေသွားရင် စားမှ ပိုလတ်ဆတ်ပြီး အရသာ ရှိတာကိုးဗျ ..."

"ရှင့် သူငယ်ချင်းအကြောင်းကတော့ မပြောချင်တော့ဘူး ကိုစိုင်းရေ ...၊ ချောင်းသာကို တစ်နှစ် သုံးခေါက်လောက် သွားတယ် တစ်ခါကဆို ပင်လယ်စာတွေ စားပြီး မျက်နှာကြီးအမ်းပြီး ယားလာလို့ ပင်လယ်ထဲ ဆင်းစိမ်နေရတာ၊ အဲ့ဒါတောင်မှ ကျောက်ပုစွန်သည် လျှောက်လာတာလည်း မြင်ရော ရေထဲကနေ ပြေးတက်လာပြီး ပုစွန်သည်နောက်ကို ပြေးလိုက်တာ ..."

"ဟုတ်လား ... ဟား ... ဟား၊ တော်တော် အစားပုပ်တဲ့ လူကြီးပါလား ... ဟား ... ဟား ... အရမ်းရယ်ရတာပဲဟေ့"

အားလုံးက ပြုံးရုံသာပြုံးလိုက်ကြချိန်မှာ ထားသခင်က ဖြန်းခနဲ လက်ခုပ်လက်ဝါးတီးကာ အသံကျယ်ကြီးဖြင့် အော်ရယ်လိုက်တာမို့ အားလုံး ကြောင်သွားကြသည်။

ခွန်းသက ဒေါသဖြစ်လှသော်လည်း ဧည့်သည်တွေကို တောင်းပန်ပြုံးလေး ပြုံးပြပြီးနောက် ထားသခင်ကို ကြည့်ကာ နှုတ်ခမ်းပေါ် လက်ညှိုးကန့်လန့်ဖြတ်တင်ရင်း ...

"ရှူး ...၊ တိုးတိုး ...၊ ထား ... တော်တော့ကွာ၊ အဲ့ဒီ လောက်ကြီး နောက်မနေနဲ့၊ အိမ်ကျမှ ဆက်နောက်နော်"

ဟု ချိုချိုသာသာလေး လှမ်းပြောလိုက်သော်လည်း စိတ်ထဲမှာတော့ 'ငါ မင်းကိုသတ်ချင်တယ်' ဟု မြည်ဟည်းဟစ် အော်နေသည်။





"ကိုစိုင်း မိန်းမက တော်တော် ပျော်တတ်တာပဲနော်"

"ဟုတ်တယ်ဗျ ...၊ အိမ်မှာဆိုလည်း သူ ဒီလိုပဲလျှောက်နောက်နေတတ်တာ၊ အိမ်ကလူတွေမှာ သူ့ကြည့်ပြီး တစ်ချိန်လုံး ပါးစပ်မပိတ်ရဘူး၊ ကျွန်တော့် မိန်းမက လူရွှင်တော် သေလို့ ဝင်စားလာတာပဲ ဖြစ်မယ်"

ခွန်းသမှာ အပြုံးမပျက် ပြန်ပြောရင်း အဲကွန်းခန်းထဲမှာ ချွေးပြန်လာသည်။

မှာထားသော စားစရာတွေ တစ်မျိုးပြီးတစ်မျိုး ရောက်လာနေသည်။

ကဏန်းဟင်းပွဲ လာချပေးသောအခါ ဧည့်သည်တွေ အားလုံးက ကဏန်းခွံခွာသည့် ညှပ်ကိုကိုင်ကာ စနစ်တကျ သပ်သပ်ရပ်ရပ် စားသောက်နေကြသည်။

ထားသခင်ကတော့ ကဏန်းဟင်း လာချသည်နှင့် ...

"ဟာ ... ဝါးတီး၊ ဝါးတီးဆွဲမယ်"

ဟု ပြောပြီး ကဏန်းရဲ့ လက်မနှစ်ချောင်းကို လက်နှစ်ဖက်ဖြင့် ဆွဲဖြဲ ဖဲ့ရွဲ့လိုက်ပါသည်။

"ဂွတ်၊ ဂလွပ် ... ဗွပ် ဗွပ် ရွတ် ..."

ဟူသော အသံများသည် ထားသခင်ထံမှ အဆက်မပြတ် ထွက်ပေါ်လျက်ရှိ၏။ ထားသခင်သည် ကဏန်းကို ပယ်ပယ်နယ်နယ် ကိုင်တွယ်ဖဲ့ရွဲ့ကာ အတွင်းမှ အသားတွေကို လက်မဖြင့် ကော်ထုတ်၍ စားသုံးလျက်ရှိ၏။

အားလုံးက ထားသခင် စားနေပုံကို မသိချင်ယောင် ဆောင်နေချိန်မှာ ခွန်းသက စားပွဲခုံအောက်က ထားသခင်၏ ခြေထောက်ကို သော လှမ်းကန်လိုက်သော်လည်း ထားသခင်က အသာရှောင်လွှဲပြီး ကုလားထိုင်အောက်ခြေတန်းပေါ် ခြေတင်ထားလိုက်၏။

ဟင်းချိုပွဲများ လာချပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖူး … ဖူး … ရှတ် … ရှလူး … ရှူး …"

ဟူသော အသံကို ကြားရပြန်၏။

ထားသခင်ကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်။ ဟင်းချိုကို တဖူးဖူးမှုတ်လိုက်၊ တရှူးရှူး သောက်လိုက် လုပ်နေသည်။

ခွန်းသသည် အပြုံးမပျက်သော်လည်း အားလုံးရှေ့မှာ အရှက် ဟက်တက် ကွဲနေရပါသည်။

○ ○ ○



♠ ♠ ♠

"လာခဲ့ … မင်း လာခဲ့ …"

ခွန်းသမှာ အိမ်အထိရောက်အောင်တောင် မစောင့်နိုင်တော့ မြကျွန်းသာမှာ ကားထိုးရပ်ပြီး လူရှင်းနေသော အင်းယားကန်ဘောင် ဆီသို့ ထားသခင်ကို ဆွဲခေါ်လာသည်။

"ချွတ် … မင်းဖိနပ်ကို အရင်ချွတ်စမ်း …"

"ဘာလုပ်မလို့လဲ …"

"ရေထဲလွှင့်ပစ်မလို့ကွ၊ ငါ အဲ့ဒီလို အနီရောင် ကြိုးသိုင်းဖိနပ်မျိုးကို အရမ်းမုန်းတယ်၊ မင်းကိုယ်တိုင် စီးတာမပြောနဲ့၊ တစ်ယောက်ယောက်က ငါ့ရှေ့မှာ အဲ့ဒီလို ဖိနပ်မျိုး စီးလာတာမြင်ရင်တောင် ငါ့စိတ်တွေ ကယောင်ချောက်ချား ဖြစ်တယ်၊ အဲ့ဒီ ဖိနပ်ကို အခု လွှတ်ပစ်လိုက်၊ နောက်လည်း ဘယ်တော့မှ မစီးမိစေနဲ့ …"

"ဒီဖိနပ်ကို မြင်တိုင်း အနာပေါ် တုတ်ကျသလို ခံစားရလို့လား …"

"မင်း ပါးစပ်ပိတ်ထား …"

"ကျွန်မကတော့ ဒီဖိနပ်ကိုပဲ ကြိုက်တယ်၊ အနီရောင် ကြိုးသိုင်း ဖိနပ်မြင်တိုင်း ပျော်တယ်၊ ကျွန်မရဲ့ အောင်မြင်မှုကို သတိရတယ်"

"ထားသခင် … မင်း ပါးစပ်ပိတ်နော် …"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဒီနေ့ ကျွန်မကိုပွဲထုတ်ရတာ ပျော်ရဲ့လားဟင် ..."

"မင်း တော်တော် မိုက်တဲ့ မိန်းမပဲ၊ သူများ အရှက်ကို ခွဲချင်တာနဲ့ ကိုယ့်ကိုယ်ကို အရင်ဆုံး အောက်တန်းကျတဲ့ အဖြစ်မျိုးရောက်အောင် လုပ်ရတယ်လို့ကွာ ..."

"ရှင်တောင်မှ ကျွန်မကို ရှု့ဆေးခိုင်းချင်တာနဲ့ ရှင့်ကိုယ်ရှင် အရင်ရှု့ပေအောင် လုပ်ခဲ့သေးတာပဲ"

"မင်းက ငါ့ကို ကလဲ့စားချေတယ်ပေါ့ ..."

"ဒါပေါ့ ...၊ ရှင်က ကျွန်မကိုမုန်းလို့ ကလဲ့စားချေတယ်၊ အဲ့ဒီတော့ ကျွန်မက ရှင့်ကို ပြန်မုန်းသွားပြီး ကလဲ့စား ပြန်ချေတယ်၊ ပြီးရင် ရှင်က ကျွန်မကို ထပ်မုန်း၊ ထပ်ကလဲ့ စားချေ၊ ဒီလိုနဲ့ပဲ ကလဲ့စားချေတဲ့ သံသရာကြီးက လည်နေမှာပဲပေါ့ ..."

ထားသခင်က လက်ညှိုးလေး တစ်ချောင်းထောင်၍ ထိုလက်ညှိုးလေးကို ဝိုင်းလှည့်ပြရင်းပြော၏။

ခွန်းသက ထားသခင်ရဲ့ မထိတရိ လုပ်နေပုံကို ခါးထောက်ရပ်ကြည့်နေရင်း ...

"အေး ... တစ်ခုတော့ရှိတယ်၊ အဲ့ဒီလို သံသရာလည်နေမယ့် ကလဲ့စားဆိုတဲ့ ကျိန်စာကို ပျက်ပြယ်စေချင်ရင် အလွယ်လေးပဲ ..."

"ဆိုစမ်းပါဦး သူဌေးလေးရယ် ..."

"မင်းနဲ့ငါ ချစ်သွားကြဖို့ပဲ ..."

"ရှင် သွားသေလိုက် ..."

"မင်းက ငါ့ကိုချစ်ရင်၊ ငါကလည်း မင်းကိုချစ်ရင် အဲ့ဒီ ကျိန်စာပြယ်သွားမှာပဲ"

"ရှင့်ကို ချစ်ဖို့ ဝေးသေးတယ်"

"ကောင်းပြီလေ ... ဒါဆိုလည်း ဒီလိုပဲ မသေမချင်း တစ်ယောက်တစ်ပြန် ကလဲ့စားချေသွားကြတာပေါ့ ..."

"အိုကေလေ ... ခုလောလောဆယ်တော့ ကျွန်မ ဘဝကို မတရား





သဖြင့် ပိုင်ဆိုင်ထားတဲ့ ရှင့်ကို ကျွန်မက အမျိုးမျိုး ကလဲ့စားချေနေမှာပဲ၊ ကျွန်မကို ဇနီးမယားတော်ထား ရတဲ့အတွက် ရှင့်ဘဝမှာ စိတ်ဆင်းရဲမှုတွေ၊ သိက္ခာကျ အရှက်ရမှုတွေချည်း ကြုံစေရမယ်၊ ခုလောလောဆယ် တောင်မှ ကျွန်မမှာ ရှင့်ကိုနိုင်မယ့် အကွက်လေးတစ်ခု ရှိနေတယ်၊ ဒီမှာသေသေချာချာကြည့်၊ ကျွန်မက အနီရောင်ကြိုးသိုင်းဖိနပ်လေး စီးထားတယ်လေ၊ ဒီလိုဖိနပ်မျိုးလေး စီးထားတာတွေ့ရင် ရှင့်စိတ်တွေ ကယောက်ကယက် ဖြစ်တယ်ဆိုလို့ ရှင့်ရှေ့မှာ ကျွန်မ လျှောက်ပြမယ်၊ ရှင် သေသေချာချာကြည့်ထား ..."

ထားသခင်က ခါးတစ်ဖက်ထောက်လျက် မော်ဒယ် ပုံစံမျိုးဖြင့် ခွန်းသရှေ့မှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ပြလိုက်သည်။ အနီးရောင်ဝိုက်မှာ အလင်းရောင် မှိန်ဖျော့နေသော်လည်း ဖိနပ်နီနီကိုတော့ ထင်ထင်ရှားရှား မြင်နေရသည်။

"တောက်၊ မင်း အဲ့ဒီဖိနပ် ချွတ်လိုက်စမ်း ..."

"မချွတ်ဘူး၊ အမြဲစီးမှာ ..."

ထားသခင်က ခွန်းသရှေ့ကနေ နောက်တစ်ခေါက် ဖြတ်လျှောက်လာပြန်သည်။

"အေး ... မင်းမချွတ်ရင် ငါနဲ့တွေ့မယ်"

ခွန်းသက ထားသခင်ရဲ့ လက်ကို လှမ်းဆွဲချုပ်ကိုင်ထားပြီး ခါးကိုင်းကာ ထားသခင်ရဲ့ ဖိနပ်ကို ချွတ်ဖို့ ကြိုးစားလိုက်၏။

"ချွတ် ... မင်း အခုချွတ် ..."

"ဟ ... ဟ ... ရှင် ချွတ်လို့ရရင် ချွတ်လိုက်စမ်းပါ"

ထားသခင်က ခြေထောက်တစ်ဖက်စီကို ဆတ်ခနဲ ဆတ်ခနဲ ရုန်းကန်နေတာမို့ ခွန်းသမှာ ဘယ်ခြေထောက်ကိုမှ အမိအရ ဆွဲကိုင်မထားနိုင်ဘဲ ရှန်းရင်းဆန်ခတ်ဖြစ်လျက် ချွေးပြိုက်ပြိုက်ကျလာသည်။

"ကဲ ... မိပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



ခွန်းသက ထားသခင်ရဲ့ ခြေထောက်နှစ်ဖက်ကို အမိအရ ချုပ်ကိုင်နိုင်ချိန်မှာ ဖိနပ်တစ်ဖက်ပြီးတစ်ဖက် ဆွဲဖြုတ်ချွတ်လိုက်ပြီး ရေထဲသို့ လွှင့်ပစ်လိုက်လေသည်။

"ကဲ ... သွားစမ်းကွာ"

"ဟင် ... ကျွန်မ ဖိနပ်၊ ကျွန်မ ဖိနပ် ခုပြန်ဆယ်ပေးစမ်းပါ ဒါ ကျွန်မရဲ့ အောင်မြင်မှု ဖိနပ်ရှင့်"

"မဆယ်ပေးနိုင်ဘူး၊ မင်း သတ္တိရှိရင် မင်းဘာသာ ရေထဲဆင်းဆယ် ..."

ခွန်းသက ခပ်ပြတ်ပြတ်ပြောပြီး ချာခနဲ လှည့်ကာ ကျောခိုင်း ရပ်နေလိုက်သည်။

ထိုခဏမှာ တိတ်ဆိတ်သွား၏။

သူမထံမှ ဘာသံမှ မကြားရတော့ ...။ မင်း အခု ဘာတတ် နိုင်သေးလဲ ထားသခင်၊ ရေထဲကိုတော့ မင်း မဆင်းရဲဘူး မဟုတ်လား ...

ခွန်းသက မထီတရီ အပြုံးဖြင့် လက်ပိုက်ရပ်နေလိုက်သည်။ ထိုခဏမှာ ကန်ဘက်ဆီက ရေသံ တဗွမ်းဗွမ်းကို ကြားလိုက်ရလေသည်။

"ဟာ ..."

ရေထဲဆင်းသွားကာ ဖိနပ်ကို မမိမကမ်း လှမ်းဆယ်နေသော ထားသခင်ကို မြင်လိုက်ရတာမို့ ခွန်းသက အထိတ်တလန့် အော်လိုက်သည်။

"ဟာ ... ဟေ့၊ ဒါ ... ဘာလုပ်တာလဲ၊ လာခဲ့စမ်း ... ပြန်တက်ခဲ့စမ်း အရူးမ ..."

"မတက်ဘူး၊ ဒီဖိနပ် ရေထဲမျောသွားရင် ရှင် ကျေနပ်သွားမှာပေါ့၊ ကျွန်မ မရရအောင် ပြန်ယူမယ်"

ထားသခင် ရှေ့တိုးသွားနေတာကို လှမ်းကြည့်ရင်း ခွန်းသ ချောက်ချားလာသည်။ ဘုရားရေ ... ရေနစ်သေတော့မှ ငါ့ပယောဂ ဖြစ်တော့မှာပဲ ...။





ရေက ရင်ခေါင်းနားရောက်နေပြီ။ ဖိနပ်ကို မမိသေး ...။

ထိုအချိန်မှာ ထားသခင်ရဲ့ ခန္ဓာကိုယ်က ယိမ်းယိုင်သွားကာ ရေထဲသို့ ဗွတ်ခနဲ မြုပ်သွားသည်။

"ဟာ ... ရေနစ်တာလား၊ ဟေ့ ... ရေနစ်နေတာလား"

ခွန်းသက ကယောင်ကတမ်း လှမ်းအော်မေးသည်။ ထားသခင်က လက်နှစ်ဖက်ဖြင့် ရေကို တဗွမ်းဗွမ်းယက်ရင်း ခေါင်းပြန်ပေါ်လာသည်။

ခွန်းသက ရေစပ်သို့ ပြေးသွားကာ ...

"ဟေး ... ထားသခင် မင်း ရေနစ်နေလား"

"ဟုတ်တယ်ဟဲ့ ... ဟုတ်တယ်၊ ရေနစ်နေတယ်ဟဲ့ တော်းရဲ့"

ဟု ဗလုံးဗထွေး ပြန်အော်ရင်း ပြန်မြုပ်သွားတော့မှ ခွန်းသက ရေထဲသို့ပြေးဆင်းလာကာ ထားသခင်ကို လှမ်းဆွဲလိုက်သည်။ ထားသခင်က အဆွဲမခံဘဲ ...

"နင် ငါ့ကို ဆယ်စရာ မလိုဘူး၊ ငါ့ဖိနပ်ကိုပဲ ရအောင် သွားဆယ်၊ ဖယ် ... ဖယ် ..."

ဟု ပြောရင်း ရုန်းနေသေးသည်။

"ငြိမ်ငြိမ်နေ ... အရူးမရဲ့"

ကမ်းစပ်နှင့် သိပ်မဝေးသောနေရာမို့ ထားသခင် အရပ်နှင့်ဆိုလျှင် ရောက်လို့ မမီသေးသော်လည်း ခွန်းသအရပ်နှင့်တော့ မီနေသေးသည်။ ခွန်းသက ဖွတ်ရုန်းနေသော ထားသခင်ကို ရေတိမ်ဘက်သို့ ဆွဲခေါ်လာပါသည်။

ကမ်းစပ်ရောက်တော့ ရန်ဖြစ်ဖို့တောင်အားမရှိဘဲ နှစ်ယောက်သား မောဟိုက်နေလေသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

ခွန်းသ အိပ်ရာက နိုးလာတော့ မိုးမလင်းသေး ...။

နာရီကြည့်မိတော့ ညဥ့် ၂ နာရီပဲ ရှိသေးသည်။

ဘေးကိုကြည့်မိတော့ ထားသခင်ကို မတွေ့ရပါ။

ဒီအချိန်ကြီး ဘယ်ထသွားနေပါလိမ့် ...။

သူ့အမေအခန်းများ သွားနေသလား ...။

ခွန်းသက သိချင်လာတာမို့ အိပ်ရာမှထလာခဲ့ကာ အခန်းပြင်သို့ ထွက်လာခဲ့သည်။

အိမ်ထဲမှာ မီးရောင် ဝါဖျော့ဖျော့လေးတွေသာ လင်းနေပြီး တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

သူ အောက်ထပ်သို့ ဆင်းမည်ပြင်ဆဲမှာ အိမ်ရှေ့ ဝရန်တာဘက်သို့ ထွက်သည့် တံခါးက ခပ်ဟဟပွင့်နေတာကို မြင်လိုက်ရသည်။

သူ ... အောက်ထပ်သို့ မဆင်းတော့ဘဲ ဝရန်တာဘက်သို့ လျှောက်လာခဲ့သည်။

ဝရန်တာဘက်မှ ရှိုက်သံသဲ့သဲ့ ကြားရသည်။

ဟနေသော တံခါးမှ သူ လှမ်းကြည့်မိတော့ ဒူးကွေးထောင်၍ ဒူးကို လက်ဖြင့်ပွေ့ကာ ငြိမ်ငြိမ်သက်သက်လေး ထိုင်နေသည့် ထားသခင်ကို လှမ်းမြင်ရသည်။





သူ သက်ပြင်းသဲ့သဲ့ ချမိသည်။

ထားသခင်ဟာ မျက်နှာဖုံးစွပ်နဲ့ မိန်းကလေးပေပဲ။

နေ့ဘက်တွေမှာ ရန်စွယ်ငေါငေါ ရှိသလောက် ညရောက်ချင်တော့ တစ်နေရာ တစ်ထောင့်ထောင့်မှာ ခိုး၍ မျက်ရည်ကျနေတတ်သည်။

သူ့အမေကလည်း မသက်သာ ...။

ငွေပုံအောရ၍ ကုသော်လည်း အတွင်းကလီစာအတော် များများအထိ ပျံ့နှံ့တွယ်ငြိနေပြီဖြစ်သော ကင်ဆာကို မတိုက်ခိုက်နိုင်တော့ပါ ...။

ဒီရက်ပိုင်းတွေမှာ သူ့အပူနဲ့သူ ရှိနေခဲ့တဲ့ ထားသခင်ဟာ ...သရှေ့ရောက်ရင်တော့ ဘာမှမဖြစ်သလို မျက်နှာထားမျိုးဖြင့် နေတတ်သည်။ မျက်နှာထားက တင်းထားရတာ မပင်ပန်း ဘူးလားလည်း မသိပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဒင်းကိုတော့ ငါ အရှုံးမပေးဘူးဟု အမြဲ မောင်းတင်ထား...ပါသည်။

ခွန်းသက တံခါးထောင့်အကွယ်လေးမှာ ရပ်၍ သူမကို ...ကြည့်နေရင်း ရင်ထဲ တစ်နေရာက ဘာမှန်းမသိသည့် ခံစားမှုတစ်မျိုးကို ...လိုက်ရပါသည်။

ရင်ထဲမှာ စူးခနဲ ကျင်ခနဲ ...။

သူကြည့်နေဆဲမှာ သူမက မတ်တတ်ထရပ်လိုက်သည်။

သူ လန့်သွားကာ အိပ်ခန်းဘက်သို့ အမြန်ပြန်လှည့်လာခဲ့ပြီး ...ဘောက်ကို ကျောခိုင်း၍ အိပ်ချင်ယောင် ဆောင်နေလိုက်သည်။

သူမက ခုတင်တစ်ဖက်စွန်းမှာ ညင်သာစွာ လဲလျောင်းလိုက်သည်။ ခဏနေတော့ အသက်ရှူသံ မှန်မှန်ကြားရပြီး သူမ အိပ်ပျော်သွားသည်။

သူကတော့ ပြန်အိပ်မရတော့ဘဲ မိုးလင်းခါနီးအထိ ...ကြောင်နေခဲ့ရပါသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

ခွန်းသနှင့် ထားသခင်တို့ လက်ထပ်ပြီး ၆လအကြာတွင် ထားသခင်၏ မိခင် ဆုံးသွားခဲ့လေသည်။

လုံး၀ အသံမထွက်ဘဲ မိခင်ဓာတ်ပုံရှေ့မှာ ကျုံ့ကျုံ့လေး ထိုင်ရင်း မျက်ရည်ပေါက်ကြီးတွေ လိမ့်ဆင်းလာနေသော သူမကို ငေးကြည့်ရင်း သူ ဘာလုပ်ပေးရမှန်း မသိပါ။

တစ်ခုခုလေး ပြောဆို နှစ်သိမ့်ပေးချင်သော်လည်း သူပြော မှ ပိုစိတ်ဆင်းရဲသွားမှာ စိုးရတာမို့ မလှမ်းမကမ်းကသာ ကွက်ကြည့် ကွက်ကြည့် လုပ်နေရပါသည်။

ဒေါ်နန်းကတော့ ခပ်တိုးတိုး ညည်းညူနေသည်။

"ခုလိုကျတော့လည်း သူ့ခမျာ သနားစရာလေးပါကွယ်၊ ဒီအ လေး တစ်ယောက်နဲ့ ပြန်တွေ့ရပြန်တော့လည်း ကြာကြာ အ မနေရရှာဘူးလေ၊ ဘ၀တွေ … ဘ၀တွေ တော်တော်ဆန်းကြယ် ဘ၀တွေပဲ၊ အရင်တုန်းက ထားသခင်နဲ့များ တခြားစီပါပဲကွယ်"

အရင်တုန်းက ထားသခင်တဲ့ …။

ထားသခင် ၁၀ နှစ်အရွယ် …၊ ၁၆ နှစ်အရွယ် …၊ ၂၂ နှစ် အရွယ် … စသဖြင့် အရွယ်မျိုးစုံ ပုံရိပ်တွေဟာ သူ့မှတ်ဉာဏ်ထဲမှာ





သူ့နှလုံးသားထဲမှာ မတူညီသော ခံစားချက်များစွာဖြင့် ရောထွေးတည်ရှိ နေခဲ့သည်။

ပြီးတော့ … စိန်ပန်းပြာတွေ ကြွေကျနေသည့် လမ်းသွယ် လေးရဲ့ မြင်ကွင်းကလည်း သူ့အာရုံထဲမှာ စွဲစွဲမြဲမြဲ ရှိနေသည်။

နံနက်ခင်း …

လမ်းကလေး …

စက်ဘီးတစ်စီး …

နှင်းဆီနီ …။

ရက်စက်တဲ့ စကားလုံး …။

ခြိမ်းခြောက်မှု …။

သစ္စာဆိုခဲ့ရသော စကား …။

အရာအားလုံးဟာ မတူညီသော ခံစားချက်များဖြင့် သူ့ ရင်ဘတ်ထဲမှာ ရောထွေးတည်ရှိနေသည်။

သူ … ထားသခင်ကို ငေးကြည့်နေဆဲမှာ ထားသခင်က မျက်ရည်စတွေကို ပင့်သုတ်ရင်း သူ့ဘက်သို့ အမှတ်တမဲ့ လှည့်ကြည့်လာ သည်။

သူ့ကိုမြင်သည်နှင့် သူမ မျက်လုံးတွေက ဖျတ်ခနဲ အရောင် ပြောင်းသွားသည်။

စိမ်းကား စူးရှသော ထိုအကြည့်ကြောင့် သူ့ရင်ထဲမှာ ထိတ် ခနဲ ဖြစ်သွားခဲ့ရပါသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

အဲ့ဒီနေ့က နိုဝင်ဘာမိုးတွေ ဖြိုင်ဖြိုင်ရွာနေခဲ့သည်။

အပြင်ဘက်မှာ လေရော မိုးပါ သည်းနေသဖြင့် မှန်တံခါးတွေ အားလုံးကို စေ့ပိတ်ထားရသည်။

မှန်တံခါးရဲ့ အပြင်ဘက်မှာ သစ်ပင် သစ်ကိုင်းတွေ ယိမ်းထိုးနေတာကို မြင်ရသည်။

အဲ့ဒီအချိန်မှာပဲ ထားသခင်က စာချုပ်နှစ်စောင်ကို ကိုင်လျက် ခွန်းသရှေ့မှာ ရပ်လာခဲ့ကာ ...

"ကျွန်မကို ကွာရှင်းပေးပါ ခွန်းသ ..."

ထိုစကားကြောင့် ရင်ထဲမှာ အေးခနဲ ဖြစ်သွားသော်လည်း ခွန်းသက သူမကို ခပ်တည်တည် ပြန်ကြည့်ရင်း ...

"ကွာမပေးနိုင်ဘူး၊ မင်းကို ကိုယ်ပိုင်တယ်"

"ကျေးဇူးပြုပြီး ကွာပေးပါ ခွန်းသ ..."

"ကွာမပေးဘူးလို့ ပြောပြီးပြီလေ ..."

"ကျွန်မ ရှင့်ကိုလက်ထပ်ခဲ့တာ ကျွန်မ အမေကြောင့်ဆိုတာ ရှင်လည်းသိမှာပါ၊ ခု အမေဆုံးတာလည်း တစ်လပြည့်ပြီးပြီ၊ ရှင်နဲ့ ကျွန်မ ဆက်ပေါင်းနေစရာလည်း ဘာအကြောင်းမှ မရှိတော့ပါဘူး





ကျေးဇူးပြုပြီး ကျွန်မကို လွတ်မြောက်ခွင့် ပေးပါတော့ ခွန်းသ ..."

"မင်းထပ်ပြောလည်း ဘာမှမထူးဘူး ..."

ခွန်းသက ဘာမှဆက်မပြောတော့ဘဲ အနားက ကွာရှင်းစာချုပ်စာစောင်ကို ဆွဲယူ လွှင့်လျှောလိုက်ပါသည်။

"ခွန်းသ ..."

သူမအသံက အေးစက်ပြတ်တောက်လွန်းသည်။

သူက ညှော်ခန်းက ဆိုဖာပေါ်မှာ ထိုင်နေသူမို့ ရပ်နေသော သူမကို လှမ်းမော့ကြည့်လိုက်သည်။

"ရှင့်ကို ကျွန်မ စကားနည်းနည်း ပြောခွင့်ပြုပါ ခွန်းသ၊ တစ်ဖက်သတ် စွပ်စွဲချက်တွေ နာကြည်းမှုတွေနဲ့ပဲ နေနေတဲ့ ရှင့်ကို ကျွန်မဘက်ကလည်း ပြန်ပြီး ထုချေခွင့်ပြုပါ ...၊

"မိန်းကလေးတစ်ယောက်ရဲ့ ဘဝမှာ အနာကျင်ရဆုံးကိစ္စ နှစ်မျိုးရှိတယ်၊ အဲ့ဒါကတော့ အပျိုဦးအရွယ်လေးမှာ စိတ်ကူးယဉ်တောင့်တဖူးတဲ့ ချစ်တယ်ဆိုတဲ့ စကားလုံးကို အချစ်မပါဘဲ ရိုင်းရိုင်းစိုင်းစိုင်း အပြောခံလိုက်ရခြင်းနဲ့ ကိုယ့်ကို မချစ်တဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်လိုက်ရခြင်းပဲ ...၊

"ငယ်ဘဝဒဏ်ရာကြောင့် ရှင့်ဘဝမှာ အနီရောင်ကိုကြောက်ခဲ့သလိုပဲ ကျွန်မဘဝမှာလည်း ပထမဦးဆုံး ကြားခွင့်ရခဲ့တဲ့ ရိုင်းစိုင်းတဲ့ချစ်စကားကြောင့် အဲ့ဒီစကားမျိုး လာပြောတဲ့လူတိုင်းကို သံသယနဲ့ပဲ ကြည့်ခဲ့မိတယ်၊ အချစ်ဆိုတာကို မယုံကြည် မခံစားနိုင်လောက်အောင် ကျွန်မ နှလုံးသားတွေ မာကျောလာခဲ့ရတယ်၊ အချစ်ဟာ ဘာလဲ၊ ခုချိန်ထိ ကျွန်မ မသိဘူး၊ နားမလည်ဘူး၊ မခံစားနိုင်ခဲ့ဘူး ကျွန်မအတွက်တော့ ချစ်တယ်ဆိုတဲ့ စကားလုံးက အရမ်းကြောက်စရာကောင်းတယ် ...၊

"လောကကြီးမှာ ငါ ဘာမှ မသိနားမလည်ဘဲ ချစ်သွားခဲ့ရတယ်၊ ငါ ဘာမှ မသိနားမလည်ဘဲ ဆင်းရဲသွားခဲ့ရတယ်၊ နင်လာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ငါ့ဘဝကို အထည်ကြီးပျက်လို့ သရော်ခဲ့တယ်၊ လူကသာ ချုံကြားရောက်သွားပေမယ့် စိတ်က ဘုံဖျားက မဆင်းဘူးလို့ နင်ပြောခဲ့တယ် ...၊

"အဲဒီလိုမှ အားတင်းမနေရင် ငါ နေ့တိုင်း မိုးလင်းကမိုးချုပ် ထိုင်ငိုနေဖို့ပဲ ရှိတော့တာပေါ့၊ သူများ ရူးကျွေးတဲ့ ထမင်း စားနေတဲ့ သူတစ်ယောက်ကို နင့်ထမင်း နင်ရှာစားတော့ ဆိုပြီး ကံကြမ္မာက ဘုံဖျားကနေ တွန်းချပစ်လိုက်လို့ လက်တွေ့ဘဝထဲ နဝေတိမ်တောင် အူကြောင်ကြောင် ရောက်လာခဲ့ရတာ ငါ့အပြစ်လား ...၊

"အဲဒီလို ငါ့ဘဝ ပြောင်းလဲသွားတဲ့အချိန်မှာ နင်က ငါ့ကို ဆီးကြို ကလဲ့စားချေခဲ့တယ် ...၊

"ငါ နင့်ခြေထောက်ကို ကိုင်ခဲ့တယ်၊ နင့်ကို နေ့စဉ် များစွာ ဖိနပ်စီးပေးခဲ့တယ်၊ နင့် ဖိနပ်တွေကို တိုက်ပေးခဲ့တယ်၊ ငါ့ဘဝကို ပိုင်ချင်တဲ့ နင့်ကို လက်ထပ်ခဲ့တယ်၊ နင့်ဇနီးအဖြစ် ဖြ လ နေခဲ့တယ်၊ ဒီလောက်နဲ့ ကြေပါတော့ ခွန်းသ ...၊

"ငါ့ကို လွှတ်ပေးလိုက်ပါတော့ ...၊ နင့်ဆီက လွတ်မြောက်ခွင့် ရဖို့အတွက် ငါ ဘာပဲလုပ်ရလုပ်ရ လုပ်ပါ့မယ်၊ နင့်ရှေ့မှာ ဒူးထောက်ဆိုလည်း ထောက်ပါ့မယ်၊ ငါ့ကိုတော့ ကွာရှင်းပေး ခွန်းသရယ်၊ ကလဲ့စားသံသရာကို ဒီမှာပဲ ရပ်ပစ်လိုက်ရအောင်ပါ ..."

ထားသခင်က ခွန်းသခြေရင်းမှာ ဒူးထောက်ထိုင်ချလျက် ခွန်းသရဲ့ ခြေဖမိုးတွေကို လက်နှစ်ဖက်ဖြင့် အုပ်ကိုင်လိုက်ရင်း တောင်းပန်လေသည်။

ခွန်းသက ပူနွေးနေသော ထားသခင်ရဲ့ လက်တွေကို သတိပြုမိသွားကာ ခြေထောက်တွေကို နောက်ဆုတ်ပစ်လိုက်ရင်း ...

"မင်း ဖျားနေတယ် ထင်တယ်"





"ကျွန်မကို ကွာရှင်းပေးပါ ..."

"အိုကေ ... အိုကေ ... တော်ပြီ၊ မင်း ထပ်မတောင်းပန်နဲ့တော့ ကိုယ် လက်မှတ်ထိုးပေးမယ်"

ခွန်းသက သူမလက်ထဲက စာချုပ်နှစ်စောင်ကို လှမ်းယူပြီး လက်မှတ်ထိုးပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

သူမက စာချုပ် တစ်စောင်ကို ထားခဲ့ပြီး တစ်စောင်ကို ကောက်ယူကာ ထိုင်ရာမှ ထရပ်လိုက်သည်။

"ကျွန်မကို ခွင့်ပြုပါဦး"

"မင်း ဘယ်သွားမလို့လဲ ..."

သူမက မဖြေဘဲ အဝတ်အစားတွေထားသည့် အခန်းဘက်သို့ လှည့်ထွက်သွားတာမို့ ခွန်းသက နောက်မှ လိုက်လာခဲ့သည်။

သူမက အသင့်ပြင်ထားသည့် ကျောပိုးအိတ် တစ်လုံးကို ကောက်ပြီး လွယ်ပိုးလိုက်သည်။

"ဟော ... ဒါ ဘယ်သွားမလို့လဲ၊ မင်း ဖျားနေတယ်လေ၊ နောက်နေ့မှ သွားပါလား ..."

သူမက ခွန်းတို့မပြန်ဘဲ အခန်းထဲမှ ထွက်လာသည်။

ထို့နောက် ထီးအမည်းကြီးတစ်ချောင်းကို ဖွင့်ဆောင်းလျက် မိုးရေထဲသို့ လျှောက်ထွက်သွားလေသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

ခွန်းသသည် မိုးရေထဲမှာ ကျောပိုးအိတ်ကိုလွယ်၍ တစ်လုံးချင်း လျှောက်နေသော ထားသခင်နောက်မှ ကားကို ဖြည်းဖြည်းမောင်းရင်း လိုက်ပါလာပါသည်။

သူမက ဘတ်စ်ကားလည်း တက်မစီး၊ ကားလည်း ငှားဘဲ မိုးရေထဲမှာ စိမ်ပြေနပြေ လျှောက်နေသည်။

ဘေးမှဖြတ်သွားသော ကားတွေကြောင့် ရေတွေ ပက်စင်လာတာကိုတောင် မသိသလို ပုံစံဖြင့် ဆက်လျှောက်နေသည်။

တစ်ချက် တစ်ချက်မှာ ခန္ဓာကိုယ်က မသိမသာ ယိုင်ယိုင်သွားသည်။

သူ လှမ်းကြည့်နေစဉ်မှာပဲ သူမခန္ဓာကိုယ်လေးက ပလက်ဖောင်းပေါ်သို့ ညွတ်ခွေကျသွားသည်။

သူ ... ကားကို ရပ်ပစ်ခဲ့ပြီး သူမဆီ ပြေးသွားလိုက်သည်။

သူ ပွေ့ယူလိုက်ချိန်မှာ သူမ ခန္ဓာကိုယ်လေးက သူ့လက်ပေါ်မှာ ခွေခေါက်၍ ပါလာသည်။

○ ○ ○



♠ ♠ ♠

ထားသခင် သတိရလာချိန်တွင် နွေးထွေးသော ဆေးရုံအခန်းတစ်ခုမှာ ရောက်နေမှန်း သိလိုက်ရသည်။

ထားရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဆေးရုံဝတ်စုံကို ဝတ်ဆင်ထားသည်။

ခုတင်ခြေရင်း ခုံပေါ်မှာ ထားရဲ့ ကျောပိုးအိတ်ကလေးကို တင်ထားသည်။ ပြီးတော့ ... ထား ခေါင်းအုံးနားမှာ ဖုန်းလေး တစ်လုံး ...။

ထားက ဖုန်းလေးကို ကောက်ယူကြည့်မိချိန်မှာ ဖုန်းသံမြည်သဖြင့် ထားက ဖွင့်ကိုင်လိုက်ပါသည်။

"ဟဲလို ..."

"ဟဲလို ... ဟုတ်ကဲ့၊ ကျွန်တော် ထွန်းနိုင်ပါ၊ ဆရာက ဖုန်းဆက်ပြောခိုင်းလို့ပါ၊ မထားသခင် နေကောင်းရင် ပြင်ဦးလွင်က မဟာစံအိမ်ကို သွားလိုက်ပါတဲ့ ..."

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

ထားသခင်သည် 'မဟာစံအိမ်'ဟု ရေးထားသော တောက်ပပြောင်လက်သည့် ကြေးဆိုင်းဘုတ်ကြီးရှေ့မှာ ရပ်တန့်ရင်း ဆေးအသစ်သုတ်ထားသဖြင့် နီရဲတောက်ပနေသော အိမ်ကြီးကို လှမ်းမျှော်ကြည့်မိသည်။

ဒီအိမ်ကြီးကို နောက်ဆုံး ရောင်းပစ်ခဲ့သည့် အချိန်တုန်းကတော့ ကြေးဆိုင်းဘုတ်မှာလည်း ကြေးညှိတက်ကာ ညိုညစ်နေခဲ့သည်။ ခြံထဲက မြက်ခင်းတွေဟာလည်း မညီညာသော မြက်ရိုင်းတောကြီး ဖြစ်နေခဲ့သည်။ ဆေးနီများ ကွာကျနေသော အိမ်ကြီးကလည်း ခုလို လှပမနေခဲ့ပါ။

အိမ်ကြီးကို ဝယ်ယူလိုက်တဲ့ လူတွေက အသစ်မွမ်းမံပြင်ဆင်ထားလို့သာ ဒီလိုတောက်ပသစ်လွင်နေတာ ဖြစ်မည်။

ခွန်းသဟာ ဘာဖြစ်လို့ ထားကို ဒီကိုလာခိုင်းခဲ့ပါလိမ့်။ သူ မလာခိုင်းလည်း ဒီခြံကို အလွမ်းပြေလာကြည့်ဖို့ ထားမှာ ဆန္ဒရှိသည်။

ခြံတံခါးကို လှမ်းကြည့်မိတော့ တံခါးက သော့ခတ်မထား ခပ်ဟဟ ပွင့်နေသည်။ ခြံထဲမှာတော့ ထားတို့ ပိုင်ဆိုင်စဉ်ကလိုပဲ ညီညာစိမ်းစိုသော မြက်ခင်းကို တွေ့ရသည်။





ထားက ခြံတွင်းသို့ ခပ်ဖြည်းဖြည်းလှမ်းဝင်လိုက်လျှင် မွှေးပျံ့သော နှင်းဆီနံ့ကို ရှူရှိုက်မိလေသည်။

"ဟယ် ... နှင်းဆီတွေ ...၊ နှင်းဆီတွေ များလိုက်တာ ..."

နှင်းဆီနီ အခင်းကြီးကို လှမ်းအတွေ့မှာ ထားက ပျော်ရွှင်စွာ ရေရွတ်လိုက်မိသည်။

ခြံထဲမှာလည်း ဘယ်သူမှ ရှိမနေတာမို့ ထားက နှင်းဆီပင်တွေ ကြားမှာ လျှောက်ပြေးနေလိုက်မိသည်။ ထား စိတ်သည် လွန်ခဲ့တဲ့ နှစ်များစွာတုန်းကလို ပြန်လည် လန်းဆန်းနုပျိုလာသည်။

အဲဒီနောက် ထားက အိမ်ကြီးဘက်သို့ လျှောက်လာမိသည်။

အိမ်တံခါးကလည်း ပွင့်လျက်ပါပဲလား ...။

အိမ်ရှေ့မှာ စက်ဘီးတစ်စီးကို ဒေါက်ထောက်၍ ရပ်ထားတာ မြင်ရသည်။

အိမ်ထဲမှာ လူရှိနေသလား ...

ထားက သိချင်စိတ်ဖြင့် အိမ်ရှေ့ တံခါးဝမှာ သွားရပ်ပြီး ...

"အိမ်ရှင်တို့ ... အိမ်ရှင်တို့"

ဟု ခေါ်လိုက်သော်လည်း အတွင်းက တုံ့ပြန်သံ မကြား။

ထား ရှေ့တစ်လှမ်းတိုးလျက် အိမ်ထဲသို့ လှမ်းကြည့်လိုက်သည်။

အို ... များလိုက်တဲ့ နှင်းဆီပန်းအိုးတွေ ...

ထား ရှိစဉ်တုန်းကလိုပါပဲလား ...။

အိမ်ခန်းကျယ်ကြီးထဲက များပြားတဲ့ပန်းအိုးတွေထဲမှာ နှင်းဆီနီ ပွင့်ပေါင်းများစွာ ထိုးစိုက်ထားသည်။

ထားသည် နှင်းဆီတွေကို လက်နှင့် ဖွဖွထိတွေ့ကြည့်ရင်း [illegible]ခုံတစ်ရာကို ကူးစက်ခံစားလာရသလို ရင်ထဲမှာ နွေးထွေး[illegible]မော[illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com



ထားသည် တွန့်ဆုတ်မနေတော့ဘဲ အပေါ်ထပ်သို့ ရဲရဲတင်းတင်း လှမ်းတက်လာသည်။

အပေါ်ထပ်မှာလည်း ပန်းတွေ ပြည့်လို့ပါပဲ။

ထားက ထား နေခဲ့ဖူးသည့် အိပ်ခန်းတံခါးကို ဖွင့်ကြည့်လိုက်သောအခါ ခုတင်ဘေး စားပွဲလေးပေါ်က ပန်းအိုးလေးထဲမှာ စိုက်ထားသည့် အလှဆုံး နှင်းဆီနီနှစ်ပွင့်ကို မြင်လိုက်ရလေသည်။

နှင်းဆီနီ နှစ်ပွင့်ကို ထား ငုံ့နမ်းလိုက်ချိန်မှာ နှစ်ပေါင်းများစွာ အကျဉ်းကျနေခဲ့သော၊ ကျိန်စာသင့်နေခဲ့သော၊ အဖြေ ရှာမရဘဲ ငုပ်လျှိုးပုန်းကွယ်နေခဲ့သော 'ချစ်စိတ်' သည် ထား၏ နှလုံးသားထဲသို့ အတားအဆီးမဲ့စွာ ဝင်ရောက်လာနိုင်ခဲ့သည်။

အေးစက်မာကျောနေခဲ့သော ထား၏ နှလုံးသားတစ်စုံသည် ထိုချစ်စိတ်ဖြင့် နူးညံ့နွေးထွေးသွားခဲ့ရသည်။

အခန်းပြတင်းကို ဖွင့်လိုက်သောအခါ လမ်းသွယ်လေးကို လှမ်းမြင်ရသည်။

ပြီးတော့ ကွေ့ကောက်သော လမ်းကလေးပေါ်ကို နင်းတက်လာနေသော စက်ဘီးလေးတစ်စီးကို မြင်ရသည်။

ထားသည် ပန်းနှစ်ပွင့်ကို ကိုင်လျက် အိမ်ပေါ်မှ ပြေးဆင်းလာခဲ့သည်။ အဆင်သင့်ရှိနေသော စက်ဘီးလေးကို အရှိန်ဖြင့် တွန်း၍ တက်လိုက်ပြီး ထိုလမ်းလေးဆီသို့ အားသွန်၍ နင်းထွက်လာပါသည်။

တစ်ယောက်ကို တစ်ယောက် လှမ်းမြင်ရချိန်မှာ စက်ဘီးပေါ်ကနေ ပြိုင်တူဆင်းလိုက်ပြီး စက်ဘီးတွေကို လှဲချပစ်လျက် တစ်ယောက်ရှိရာ တစ်ယောက် ပြေးလာခဲ့သည်။

မျက်နှာချင်းဆိုင် ရပ်မိတော့ ခွန်းသက ထားရဲ့ မျက်လုံးတွေကို နူးညံ့စွာ စိုက်ကြည့်လာခဲ့သည်။

သူ့မျက်ဝန်းထဲမှာ မျက်ရည်ကြည်လေးတွေ ဝေ့ဝဲနေခဲ့သည်။





"ထားကို ကိုယ်အရမ်းချစ်တယ် ..."

ဒီလမ်းလေးပေါ်မှာပဲ ...

ဒီတစ်ခါတော့ ... စစ်မှန်သော ချစ်စကားကို ခွန်းသက ဆိုလေသည်။

သူ့မျက်ဝန်းထဲမှာ မုန်းတီးမှုတွေ မရှိ၊ ရက်စက်မှုတွေ မရှိ၊ နာကြည်းမှုတွေ မရှိ ...။

သူ့မျက်ဝန်းတွေဟာ ချစ်စိတ်ဖြင့် နူးညံ့တောက်ပ နေကြသည်။

သူ့ရဲ့ စစ်မှန်သောချစ်စကားက ထားတို့နှစ်ယောက်ကြားက ကျိန်စာကို ပျက်ပြယ်သွားစေခဲ့သည်။

"ကျွန်တော့်ဘဝကို မမထားသခင်က ပိုင်ဆိုင်ပါသည်၊ မမထားသခင်အား သေသည်အထိ သစ္စာစောင့်သိပါမည်"

ခွန်းသက တီးတိုးရေရွတ်တော့ ထားက ပြုံးရသည်။

"ဒီအိမ်နဲ့ ဒီခြံကို ထားနဲ့ လက်ထပ်တဲ့နေ့က ကိုယ်ပြန်ဝယ်ခဲ့တာလေ၊ ဘာဖြစ်လို့ ပြန်ဝယ်မိသလဲဆိုတာ အဲ့ဒီတုန်းက ကိုယ့်ကိုယ်ကိုတောင် နားမလည်နိုင်ခဲ့ဘဲ ဒီခြံကြီးကို အရင်ကအတိုင်းဖြစ်အောင် ပြန်ပြီး ပြုပြင်ခိုင်းခဲ့တာ"

သူက ထား တစ်ခါမှမမြင်ဖူးခဲ့သော မျက်နှာမျိုးဖြင့် ထားကို ကြည့်ရင်း ခပ်တိုးတိုး ပြောပြနေပါသည်။

"ကိုယ် ... အခု အနီရောင်ကို မကြောက်တော့ဘူး ထား"

"ထားလည်း 'ချစ်တယ်' ဆိုတဲ့ စကားကို ကြားရမှာ မကြောက်တော့ဘူး၊ ချစ်ရမှာလည်း မကြောက်တော့ဘူး"

ကျွန်မက တိုးတိုးလေး ပြန်ပြောပြတော့ မောင်က ကျွန်မ လက်ထဲက နှင်းဆီနီ နှစ်ပွင့်ကို နမ်းသည်။ ပြီးတော့ ... ကျွန်မကို နမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီဆိုတာ...
ဆူးတွေရှိတတ်ပေမယ့်
တခြား တခြား ပန်းတွေလိုပဲ
ဖူးရာကနေ ပွင့်ရတယ်...။
အစွမ်းကုန် ပွင့်နေချိန်မှာ
အစွမ်းကုန် မွှေးပျံ့ကြတယ်...။
ပြီးရင်တော့လည်း
တခြားသော ပန်းတွေလိုပဲ ပွင့်ဖတ် ကြွေကျ မြေခ ရတာပါပဲ...။
ကျွန်မက နှင်းဆီပါ မောင်...
ဆူးကို မကြောက်ပါနဲ့...
အချိန်မီ မောင် နမ်းရှိုက်ရဖို့ပဲ လိုပါတယ်...။

BURMESE CLASSIC .com

ပုညခင်
15.6.2011
8 : 20 Pm



www.burmeseclassic.com